# LIVING COLOR

စီးပွားရေး · ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန် · သတင်းမဂ္ဂဇင်း

No. 134, September, 2006

## မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး အပြောင်းအလဲ



www.foreverspace.com.mm

www.foreverspace.com.mm

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.foreverspace.com.mm

LIVING COLOR
HOLLYWOOD
SINGAPORE
YANGON

**This magazine is founded and managed**

**by board of directors of Myanmar Partners Think Tank Group in June, 1995**

**underlicensed of Living Color.**

**RECYCLE**

**KEEP THE WORLD GREEN.**


၁။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်း၊ သတင်းဆောင်းပါး၊ ဆောင်းပါးနှင့် အခြားဖော်ပြချက်အားလုံး ကလောင်အမည် ဖော်ပြထားသည်ဖြစ်စေ၊ ကလောင်အမည် မဖော်ပြဘဲထားသည်ဖြစ်စေ LIVING COLOR အယ်ဒီတာအဖွဲ့၏ အာဘော်ဖြစ်သည်။

၂။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကို LIVING COLOR မဂ္ဂဇင်းမှ ရရှိကြောင်း ဖော်ပြ၍ လွတ်လပ်စွာ ကိုးကားနိုင်ပါသည်။

၃။ ဤစာအုပ်၏ 'ဈေးကွက်စီးပွားရေးသတင်း' ကဏ္ဍတွင် ဖော်ပြထားသော သတင်းများ(အထူးသဖြင့် ဘောင်ခတ်ဖော်ပြသော သတင်းများ) ကို နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေနေသော မီဒီယာတစ်ခုခုပေါ်မှ အပိုဒ်လိုက်သော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ဘာသာပြန်ဆိုဖော်ပြခြင်းကို လုံးဝ(လုံးဝ) တားမြစ်ပါသည်။ ဘာသာပြန်ဆိုဖော်ပြလိုပါက LIVING COLOR ၏ ခွင့်ပြုချက် ရယူရမည်ဖြစ်ပါသည်။

www.foreverspace.com.mm

## EDITORIAL

# လူပုဂ္ဂိုလ်နှင့်အကြောင်းအရာ

ဝိပဿနာတရားကိုအားထုတ်ရာတွင် နိဗ္ဗာန်တည်းဟူသော အေးငြိမ်းရာသို့ ခန့်မှန်းရောက်ရှိနိုင်ရန် ပဓာနကျသော အချက်မှာ ပညတ်ဟုခေါ်သော ပုဂ္ဂိုလ်/ သတ္တဝါကိုစွဲ၍ဖြစ်ပေါ်သော အမည်နာမများကိုကျော်လွန်၍ လက်တွေ့ခံစားသိရှိနိုင်သော လက်ငင်းအခြေအနေကို အာရုံပြုမိရန် လိုအပ်လှပေသည်။ လောကီဖြစ်သော လူ့ဘောင်တွင် ဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်တို့ကို သုံးသပ်ရာတွင်လည်း လူပုဂ္ဂိုလ်ကိုကျော်လွန်၍ အကြောင်းအရာကို သီးခြားစဉ်းစားအာရုံပြုနိုင်သည်နှင့်အမျှ ယထာဘူတကျသော သုံးသပ်ချက် သို့မဟုတ် အဖြေများ ထွက်ပေါ်နိုင်ပေသည်။

ဥပမာအားဖြင့် ယခုကဲ့သို့သော သတင်းစာအယ်ဒီတာ့အာဘော်များကိုကြည့်ပါ။ အယ်ဒီတာ့အာဘော်များသည် ရေးသူအမည်ဖော်ပြလေ့မရှိသော စာစောင်အယ်ဒီတာအဖွဲ့၏အာဘော်ကို ထင်ဟပ်သည့် ဖော်ပြချက်များဖြစ်ရာ စာရေးသူ လူလုံးဝင်မပြမိရန် အရေးကြီးသကဲ့သို့ စာဖတ်သူများက ရေးသူမည်သူမည်ဝါဖြစ်သည်ဆိုသောအချက်ထက် ဖော်ပြသော အကြောင်းခြင်းရာသက်သက်ကို စဉ်းစားရန် လိုအပ်လှပေသည်။ ရေးသူမည်သူမည်ဝါဖြစ်သည်ဟု စဉ်းစားသည်နှင့်အမျှ လူပုဂ္ဂိုလ်ဆိုင်ရာ အကြောင်းအချက်များကို အဆိုပါရေးသားဖော်ပြချက်တွင် ဖြည့်စွက်ဖတ်ရှုခြင်းကိုဖြစ်ပေါ်စေပြီး အစွဲအလမ်းမကင်းသော သုံးသပ်ချက်များ ဖြစ်ပေါ်စေနိုင်ပေသည်။

ယနေ့လူ့ဘောင်တွင်ဖြစ်ပေါ်နေသော ပြဿနာအတော်များများမှာ ဆက်ဆံရေးမပြေလည်မှုကို အခြေခံ၍ ဖြစ်ပေါ်လေ့ရှိသည်ဟု စိတ်ပညာသီအိုရီများက ဆိုသည်။ လူ့ဘောင်တွင်ဖြစ်ပေါ်နေသော အကြောင်းအရာ၊ အခက်အခဲ၊ မပြေလည်မှု အတော်များများကို လူပုဂ္ဂိုလ်မပါဝင်စေဘဲ သုံးသပ်လျှင် အမြဲလိုအဖြေရှိသည်ကို တွေ့နိုင်ပေသည်။ ဖြစ်ရပ်များ၊ အခြေအနေများတွင် လူပုဂ္ဂိုလ်ကို ထည့်သွင်းကောက်ယူသောအခါ အစွဲအလမ်းမကင်းသော (Bias) သုံးသပ်ချက်များဖြစ်သွားပြီး အဖြေမှန်နှင့် အမြဲတစေဝေးကွာသွားစေခဲ့သည်ကို တွေ့ရပါသည်။

လူပုဂ္ဂိုလ်မပါဘဲ အကြောင်းအရာသက်သက်ကို အာရုံပြုနိုင်သည်နှင့်အမျှ ပြဿနာအတော်များများတွင် ကျွန်ုပ်တို့အားလုံး လက်ခံနိုင်သောအဖြေများ ရှိနေသည်ကို ကိစ္စရပ်အတော်များများ၌ သတိထားကြည့်လျှင် သိနိုင်ပါသည်။ ထိုသို့ဆိုလျှင် ကျွန်ုပ်တို့သည် အခြေအနေအရပ်ရပ်ကို ချဉ်းကပ်ရာတွင် လူပုဂ္ဂိုလ်နှင့်အကြောင်းအရာ ခွဲခြားရှုမြင်ရန် မည်မျှ မည်မျှအရေးကြီးကြောင်း များစွာထင်ရှားလှသည်ဖြစ်ရာ စာဖတ်သူများအား စမ်းသပ်ကြည့်ကြရန် အထူးပင်တိုက်တွန်းလိုခြင်း ဖြစ်ပါသည်။

**အယ်ဒီတာ**

၅–၈–၂၀၀၆

www.foreverspace.com.mm

# မာတိကာ


၃ **အယ်ဒီတာ့အာဘော်**

၅ **ယခုလ သတင်းအညွှန်း**

၆ **ယခုလ အကြိုက်ဆုံးကြော်ငြာ**

၈ **မြန်မာ့စီးပွားရေးသတင်း**

၁၀ **မျက်နှာဖုံးဆောင်းပါး**

မြန်မာ–တရုတ် နယ်စပ်ကုန်သွယ်ရေးအပြောင်းအလဲ

Associated News

'အားလုံးကို လိုင်စင်လုပ်ပေးနိုင်ရင် ပိုပြီးအဆင်ပြေသွားမှာပါ'

မြဝတီနယ်စပ်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ

ဒေါ်သင်းသင်းနှင့်တွေ့ဆုံခြင်း သာမိုးကြည်အောင်

၁၄ **တွေ့ဆုံဆွေးနွေး**

၁၆ **မြန်မာ့စီးပွားရေးအမြင်**

မြန်မာ့စက်မှုလုပ်ငန်းများနှင့် အနာဂတ် အဂ္ဂ

၁၉ စီပီအိုင်၊ ငွေဖောင်းပွမှုနှင့် ဂျီဒီပီ–ဒီဖလေတာ

ဒေါက်တာမောင်မောင်စိုး (ဘောဂဗေဒ)

၆၄ အလေးထားဂရုပြုရတော့မည့် ပုဂ္ဂလိကသစ်ထုတ်လုပ်ငန်း

သစ်ရိုင်း

၇၂ **မြန်မာ့စီးပွားရေးမြင်ကွင်း**

ရန်ကုန်ကုန်စည်ဈေးကွက် သန်းထိုက်သူ၊ သစ်ထွဋ်

၇၆ ကြက်သွန်နီစီးပွားရေး သန်းထိုက်သူ

၈၂ လယ်ယာကဏ္ဍတိုးတက်ရေးနှင့် ဇီဝမြေသြဇာ သစ်ထွဋ်












www.foreverspace.com.mm

# မာတိကာ








၈၅ ကိုယ်ပိုင်ဘာသာရပ်သင် သင်တန်းများနှင့် ကျောင်းသား၊ မိဘ၊ ဆရာ သုံးပွင့်ဆိုင်သဘောထား — ကျော်ကျော်မင်း

၉၀ ခရီးသွားလုပ်ငန်းသင်တန်းများ ဖွံ့ဖြိုးလာမှုနှင့် အနာဂတ် — ကျော်ဆန်းမင်း၊ ဇာလီကျော်

၉၆ Vinyl ကြော်ငြာလုပ်ငန်းအလားအလာ — သန်းထိုက်သူ

၁၀၃ ကုန်ဈေးနှုန်း

၁၀၉ ရက်စွဲမှတ်တမ်း

၁၁၁ ထင်ရှားကျော်ကြား မြန်မာ့စီးပွား

၁၁၄ ဈေးဝယ်လမ်းညွှန်

၁၁၆ ကာတွန်း

ဒါရိုက်တာအောင်ကြူကြူ — စိုးသော်တာ

၁၃၂ မြန်မာပြည်တွင်လုပ်သည်

၁၃၄ တစ်ဦးတည်း ကိုယ်စားလှယ်

၁၃၅ ဘယ်ပစ္စည်းဘာ့ကြောင့်

၁၄၀ ကုမ္ပဏီနှင့် စက်မှုလက်မှုလုပ်ငန်းများမိတ်ဆက်

IDEA

၁၄၂ အတွေးအမြင်

ကမ္ဘာ့မိသားစုရုပ်ပုံလွှာ (၁) — ကျော်ဝင်း

၁၄၈ လူ့အပြုအမူ — ထိုက်အောင်

၁၅၀ လူငယ်နှင့် လက်ဖက်ရည်ဆိုင်ထိုင်ခြင်း — ကိုပေါင်

၁၅၂ စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါး စစ်ဗျူဟာကျမ်း (၃၆)ခ — လူထုစိန်ဝင်း

၁၅၄ ကျွန်တော်ပန်းချီကုန်သည် (၄၆) — ဦးလှဝင်း(လေသူရဲတစ်ဦး)

www.foreverspace.com.mm

# လုပ်ငန်းမှတ်တမ်း

## Board of Editors

Chief Editor – ကျော်မင်းဆွေ
Editor In Charge (Production) – မင်းဇင်
Editor In Charge (On Duty) – ကျော်နိုင်
Editor In Charge (News) – မျိုးညွန့်မောင်
Senior Executive Editors – ကျော်နိုင်၊ အောင်ကျော်မင်း၊ ဘုန်းမြင့်ဦး၊ အောင်ကျော်စိုး၊ ရဲမင်းဦး၊ ဉာဏ်လင်း
Executive Editors – နွေးအိငြိမ့်၊ ခိုင်ချိုဇော်ဝင်းတင်၊ ဇင်ဇင်သော်၊ နွဲ့ကေခိုင်၊ ခင်စပယ်
Research & Development Editor – သီရိဇော်
Chief Reporter – သောင်းထိုက်
Staff Reporters – တင်လင်း၊ ထားထားမြင့်၊ စိုးယုဝေ၊ ကေခိုင်ကျော်၊ သန်းထိုက်သူ၊ သစ်ထွဋ်၊ သာမိုးကြည်အောင်၊ ကျော်ဆန်းမင်း၊ ကျော်ကျော်မင်း၊ နိုင်မင်းဝေ၊ ဇာလီကျော်

## Art Director

စိုးသော်တာ

## DTP Department

Supervisor – မခိုင်
Staff Operators – မင်းမင်းသူ၊ ငုဝါခိုင်၊ ဆွေဇင်အိ၊ စောအိလိုင်းဂျာ၊ ကျော်လင်းဇော်

## Accountant

အေးအေးဆင့်
Assistant – မျိုးဇာနည်

## Advertising Department

General Manager – ဖေအောင်ဇင်
Manager (Marketing) – ကျော်သူမြင့်အောင်
Assistant Manager (Design & Planning) – ဇာနည်ဝင်း
Assistant Manager (Admin & Marketing) – စန်းသီတာ
Senior Marketing Assistants–စောဂေးနေထူး၊ စောဆာကီးလား
Marketing Assistants–ဖြူဖြူသီ၊ စောမောင်မောင်လေး

## Printing

Manager – စောမိုးဇက်

## Production

Manager – တင်ဝင်းထွဋ်
Assistant – ဟန်မြင့်

## Admin

Office Superintendent – အောင်ကျော်ဆန်း
Assistant – မိုးကျော်လွင်၊ ပြည့်ဖြိုးအောင်
Receptionist – စုအိန္ဒြေဦး

## Distribution Department

**Logistics Media Services**

**Cover Design –** မောင်မောင်ဇော်
**Cover Logo –** အောင်မင်း၊ ဘဌေးကြည်၊ မြင့်မောင်ကျော်
**Illustrator –** soe thaw dar ၊ Pe Thit Ti

## Publisher

ဦးရဲနိုင်ဝင်း (မြဲ– ၃၇၅၅)
အမှတ် ၇၀(တ)၊ ငွေဝတ်မှုန်ရိပ်သာ၊
ရွှေတောင်ကြား၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

## Printer

Living Color ပုံနှိပ်တိုက် (မြဲ–၀၆၃၄၈)
အမှတ် ၂၇၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။

## Office

အမှတ် ၂၇၀၊ 1-C၊ (ပ–ထပ်)၊ Lucky Nice Tower၊
ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၂၆၃၀၂၊ ၅၀၄၄၉၆၊ ဖက်စ်–၅၂၆၃၀၂

## E-mail

Chief Editor - c-editor@myanmarpartners.com.mm
News Room - myanfo@myanmarpartners.com.mm
Marketing - paz@myanmarpartners.com.mm

## Web Site - www.foreverspace.com.mm

Photographer – K.M.S (Super King), P.A.Z, အောင်အောင်
B/W Film – PERFECT
Binding – သစ္စာ စာအုပ်ချုပ်

## Upper Myanmar Distributor

ထွန်းဦးစာပေ၊ မန္တလေး။
Cover Permission – ၅၄၀၇၄၄၀၆၀၈
Circulation – ၁၀၀၀
Price – ၁၀၅၀ ကျပ်
Copyright – Living Color
**( ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန် )**

## ကျေးဇူးတင်လွှာ

ဤမဂ္ဂဇင်းပါ သတင်း၊ ဆောင်းပါးနှင့် ကုန်ဈေးနှုန်းများအတွက် အကူအညီပေးခဲ့ကြသော OK အီလက်ထရောနစ်၊ ဂမုန်းပွင့်ကုန်တိုက်၊ ကျောက်မြောင်းစတိုး၊ ဘုရင့်နောင် ကုန်စည်ဒိုင်၊ ရွှေအိုးဆန်ဆိုင် (သင်္ကန်းကျွန်း)၊ ဦးဘစိန် အဆင့်မြင့်လျှပ်စစ်၊ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်၊ Mr.Slim, Ever Fine, KMD Computer Center, Client Focus Technology Group, စာပေလောက(၃) တို့နှင့် ညောင်ပင်လေးဈေး၊ မင်္ဂလာဈေးမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်းဆရာနှင့် မိတ်ဆွေသင်္ဂဟများ၊ ပုံနှိပ်၊ ဖလင်၊ စာအုပ်ချုပ်အဖွဲ့၊ ရောင်းဝယ်သူများ၊ ငှားရမ်းသူများ၊ ဖတ်ရှုအားပေးသူများနှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီသူအားလုံးကို Myanmar Partners Think Tank Group မှ ကျေးဇူးတင်ရှိပါသည်။

## NEWSMAKER OF THE MONTH

# ယခုလသတင်းအညွှန်း

'ယခုလ သတင်းအညွှန်း'ကဏ္ဍကို လတစ်လအတွင်း ဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့် သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကို မူတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သော သတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအား သတိပြုမိစေလို၍ ဖော်ပြခြင်း ဖြစ်ပါသည်။ **အကြောင်းအရာ ရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာအဖွဲ့၏အာဘော် ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းဇာစ်မြစ်၏ အာဘော်အတိုင်း ဖြစ်ပါသည်။**

အမျိုးသားညီလာခံက ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အခန်းခေါင်းစဉ် ၁၅ ရပ်ကို ချမှတ်ထားကြောင်း၊ ပြီးခဲ့သည့်ညီလာခံ၌ လွှတ်တော်အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုအပိုင်း၊ နိုင်ငံသားများ၏ အခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့နှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ်များက အကြံပြုချက်များ တင်ပြခဲ့ကြပြီးဖြစ်ရာ လာမည့်အမျိုးသားညီလာခံ၌ အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်တော့မည်ဖြစ်ကြောင်း၊

သို့ဖြစ်၍ ယခုဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းအခြေအနေကို ပြန်လည်သုံးသပ်ရမည်ဆိုပါက လုပ်ငန်းတစ်ရပ်လုံး၏ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဟု ပြောနိုင်ပြီဖြစ်ကြောင်း။

၂၀၀၆ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၇ တွင် ဖော်ပြပါရှိသော အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အစည်းအဝေး ၅/ ၂၀၀၆ တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ပြောကြားချက်များမှ ကောက်နုတ်ဖော်ပြထားခြင်းဖြစ်သည်။


www.foreverspace.com.mm

# ADVERTISING OF THE MONTH

# ယခုလ အကြိုက်ဆုံးကြော်ငြာ

ယခုလအကြိုက်ဆုံးကြော်ငြာအဖြစ် ယနေ့ပုံနှိပ်မီဒီယာများတွင် ဖော်ပြလျက်ရှိသော ENERVON-C အားဆေးကြော်ငြာကို ရွေးချယ်လိုက်ပါသည်။ အဆိုပါ ကြော်ငြာတွင် ကြော်ငြာလိုသည့် ဆေး၏အာနိသင်နှင့် မည်သို့သောက်သုံးရမည်ကို ပရိသတ်၏စိတ်ထဲတွင် စွဲထင်ကျန်ရစ်အောင် သွယ်ဝိုက်ကာ ဖော်ပြထားသည့်အတွက် ယခုကဲ့သို့ ရွေးချယ်လိုက်ရခြင်းဖြစ်သည်။ အဆိုပါကြော်ငြာကို Myanmar Spa Today Far East Advertising Ltd. က ဖန်တီးတင်ဆက်ထားခြင်းဖြစ်သည်။

**အယ်ဒီတာ**



www.foreverspace.com.mm

# မြန်မာ့စီးပွားရေးသတင်း

**B U S I N E S S N E W S**

အမှတ် ၁၃၄

၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ

## မာတိကာ


- **မြန်မာနိုင်ငံ၏ ကြေးနန်းဆက်သွယ်ရေးအတွက် Optical Fibre များ မိုင်သောင်းချီ၍ အသုံးပြုမည်**
- **အာဆီယံဗီဇာကင်းလွတ်ခွင့်စာချုပ်၌ မူလအဖွဲ့ဝင်ခြောက်နိုင်ငံ သဘောတူလက်မှတ်ရေးထိုး**
- **မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း e-Resource Centre တည်ထောင်မည်**
- **ဟိုတယ်မန္တလေးနှင့် လေဆိပ်မင်းသားကြီးဟိုတယ် အိုလံပစ်အုပ်စု ပြောင်းလဲလုပ်ကိုင်**
- **အီလက်ထရွန်နစ်ဗီဇာစနစ် မကြာမီ အကောင်အထည်ပေါ်လာမည်**
- **ကမ္ဘာ၊ ဗုဒ္ဓဟူးဂြိုဟ်နှင့် နေတို့ တစ်တန်းတည်းကျမည်**
- **ယုဇနပလာဇာ မြေညီထပ်ဆိုင်ခန်းများ လေလံကြမ်းခင်းဈေး ကျပ်သိန်း ၅၀၀ ခန့်ပေါက်**
- **UAE ၌ မြန်မာဟိုတယ်ဝန်ထမ်း၂၀၀၀ ကျော်တာဝန်ထမ်းဆောင်**
- **အောင်ဘာလေထီလက်မှတ်ကို Online မှ ဝယ်ယူနိုင်သည့်စနစ်စတင်**


## GMS ဒေသတွင်းနိုင်ငံများ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် အာရှဖွံ့ဖြိုးရေးဘဏ်ကူညီ

**ရန်ကုန်၊ ဇူလိုင် ၅**

မြန်မာနိုင်ငံအပါအဝင် မဟာမဲခေါင်ဒေသခွဲ(GMS)နိုင်ငံများနှင့် GMS နိုင်ငံများအတွင်းပူးပေါင်း၍ ဒေသတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် အာရှဖွံ့ဖြိုးဘဏ် (ADB)၏ အကူအညီဖြင့် ၂၀၀၆ ခုနှစ်လယ်မှ စတင်စီမံကိန်းများရေးဆွဲရန်ရှိသည်ဟု ဇူလိုင် ၅ ရက်နေ့တွင် ထိုင်းနိုင်ငံမှလာသောသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

စီမံကိန်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ ယဉ်ကျေးမှု အပြန်အလှန်ဖလှယ်ရေးနှင့် သဘာဝဝန်းကျင်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး စသည့်စီမံချက် ၂၉ ခုပါဝင်မည်ဖြစ်ကြောင်း၊ စီမံကိန်းပစ်မှတ်သည် ၂၀၁၅ ခုနှစ်မတိုင်မီ အဆိုပါဒေသတွင်း၌ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်ပြီး ယင်းစီမံကိန်းကြောင့် လာမည့် ၂၀၁၅ ခုနှစ်မတိုင်မီကာလအတွင်း GMS နိုင်ငံများအနေနှင့် ခရီးသွားလုပ်ငန်းတစ်ခုတည်းမှာပင် အမေရိကန်ဒေါ်လာ ၆၀ ဘီလီယံရရှိနိုင်ဖွယ်ရှိသည်ဟု ၎င်းသတင်းကဆိုသည်။ မဟာမဲခေါင်ဒေသခွဲအတွင်းပါဝင်သည့် နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ဖြစ်သည်။

www.foreverspace.com.mm



# သမိုင်းဝင် အရှေ့ဖွားစောရွာတွင် ရက်ကန်းသည်အိမ်ခြေ ငါးလုံးသာ ကျန်ရှိ

**ရန်ကုန်၊ ဩဂုတ် ၁၁**

ပုဂံဒေသဝန်းကျင်တွင် ရှေးနှစ်ပေါင်းများစွာကတည်းက ရက်ကန်းပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်ခဲ့သည့် အိမ်ခြေနှစ်ရာရှိ သမိုင်းဝင် အရှေ့ဖွားစောရွာတွင် ယခုအခါ ရက်ကန်းရက်သည့် အိမ်ခြေပေါင်း ငါးလုံးသာ ကျန်ရှိတော့သည်ဟု ဩဂုတ်လ ၉ ရက်နေ့၌ အဆိုပါရွာသို့ ရောက်ရှိခဲ့သည့် ဧည့်လမ်းညွှန်တစ်ဦးက ပြောကြားသည်။

သမိုင်းဝင် အရှေ့ဖွားစောရွာသားများသည် ရှေးယခင်က မိမိတို့ယာခင်းများမှ စိုက်ပျိုးသည့်ဝါများဖြင့် ရက်လုပ်ထားသော ကျား၊ မဝတ်လုံချည်များ၊ စောင်များကို ကိုယ်တိုင်ရက်လုပ်၍ ဝတ်ဆင်သည့်အပြင် နိုင်ငံခြားသားများ လာရောက်ဝယ်ယူလျှင်ပင် ရောင်းနိုင်ခဲ့ကြကြောင်း၊ ယခုအခါ ယင်းရွာသူရွာသားများသည် ရက်ကန်းမှရက်လုပ်သည့် ချည်ထည်များကို မသုံးစွဲတော့ဘဲ နိုင်ငံခြားမှ အဝတ်အထည်များကိုသာ ဝတ်ဆင်သုံးစွဲနေကြကြောင်း၊ ယာခင်းများတွင်လည်း ဝါထက်တွက်ခြေကိုက်သည့် နေကြာနှင့်မြေပဲကို ပိုမိုစိုက်ပျိုးလာသည့်အတွက် ဝါစိုက်ပျိုးမှုနှင့် ရက်ကန်းလုပ်ငန်းကို ယခင်ကကဲ့သို့ ဆောင်ရွက်နိုင်ခြင်းမရှိတော့သဖြင့် ဒေသထွက်ချည်ကြမ်းကို ဈေးကြီးပေးဝယ်နေရကြောင်း၊ ရက်ကန်းစင်အချို့ကို နိုင်ငံခြားသားများ လာရောက်ကြည့်ရှုလိုလျှင် ကျသင့်သည့်ငွေကောက်ခံ၍ အလုပြဓာတ်ပုံရိုက်ရန်အတွက်သာ ထားရှိကြကြောင်း အဆိုပါဧည့်လမ်းညွှန်က ထပ်လောင်းပြောကြားသည်။

# မြန်မာနိုင်ငံ၏ ကြေးနန်းဆက်သွယ်ရေးအတွက် Optical Fibre များ မိုင်သောင်းချီ၍ အသုံးပြုမည်

**နေပြည်တော်၊ ဇူလိုင် ၁၇**

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍရှိ ကြေးနန်းဆက်သွယ်ရေးလမ်းကြောင်းများအတွက် ယခင်ကအသုံးပြု နေသော Analog ဆက်ကြောင်းများအစား နောက်ဆုံးပေါ် Optical Fibre ခေါ် ဖိုင်ဘာကြိုးမျှင်များ မိုင်သောင်းချီ အစားထိုးပြီး အသုံးပြုသွားမည်ဟု ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ဇူလိုင်လ ၁၇ ရက်နေ့က နေပြည်တော်၌ ကျင်းပသော အစည်းအဝေးတစ်ခု၌ ပြောကြားသည်။

မြန်မာနိုင်ငံသည် ယခင်က ကြေးနန်းဆက်သွယ်ရေးတွင် Analog ဆက်ကြောင်းများကိုအသုံးပြုပြီး နောက်တစ်ဖန် Digital Microwave ဆက်သွယ်ရေးစနစ်ကိုအသုံးပြုခဲ့ကြောင်း၊ သို့သော် ယခုအခါတွင် ကြေးနန်းဆက်သွယ်ရေးအတွက် Optical Fibre များဖြင့်သာ အစားထိုးဆက်သွယ်လာရာ မိုင် ၄၀၀၀ ကျော်အထိ လမ်းကြောင်းချပြီးဖြစ်ကြောင်း ဝန်ကြီးက ရှင်းပြသည်။

Optical Fibre များကို ကမ္ဘာ့နိုင်ငံများတွင် ကြေးနန်းဆက်သွယ်ရေးအတွက် ကြားခံပစ္စည်းတစ်ခုအဖြစ်အသုံးပြုကြပြီး အဆိုပါအရာဝတ္ထုသည် အခြားကြေးနန်းဆက်သွယ်ရေးပစ္စည်းများထက် အသုံးပြုရလွယ်ကူပြီး ပါးလွှာ၍ကွေးဆန့်နိုင်သောအစွမ်းသတ္တိရှိသည်။ Optical Fibre ကို ကြားခံဆက်သွယ်ရေးပစ္စည်းများအပြင် မီးပေးခြင်းနှင့် အာရုံခံကိရိယာများတွင် သုံးစွဲလေ့ရှိသည်။

**ထားထားမြင့်**

# ရသ မဂ္ဂဇင်းတစ်စောင် ထပ်မံထွက်ရှိ

**ရန်ကုန်၊ ဩဂုတ် ၈**

မြန်မာနိုင်ငံတွင် အရေအတွက် အနည်းငယ်သာကျန်ရှိတော့သည့် ရသ ဦးစားပေးမဂ္ဂဇင်း ဈေးကွက်သို့ ပန်းအလင်္ကာ အမည်ရှိ ရသမဂ္ဂဇင်းတစ်စောင် စက်တင်ဘာလမှ စတင်အသစ်ဝင်ရောက်ရန်ရှိကြောင်း အဆိုပါမဂ္ဂဇင်းတာဝန်ခံ အယ်ဒီတာ ဦးမင်းချမ်းမွန်က ပြောကြားသည်။

ယင်းမဂ္ဂဇင်းတွင် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးကဏ္ဍများ၌ ကလောင်ဩဇာကြီးမားသည့် နာမည်ရကလောင်ရှင်များစွာ ပါဝင်ပြီး ယခင် ၁၉၈၀ ဝန်းကျင်က ရှုမဝ မဂ္ဂဇင်းအယ်ဒီတာဟောင်းတစ်ဦးကလည်း ပံ့ပိုးကူညီမှုပေးသွားရန်ရှိကြောင်း ရသ စာပေအသိုင်းအဝိုင်းမှ သတင်းများ ရရှိသည်။

အဆိုပါမဂ္ဂဇင်းကို ယခုနှစ်အတွင်းက စက္ကူအရည်အသွေးမြင့်မားစွာဖြင့် စတင်ထုတ်ဝေခဲ့သည့် အလင်္ကာဝတ်ရည် စာပေလုပ်ငန်းမှ ထုတ်ဝေခြင်းဖြစ်သည်။

Associated News

www.foreverspace.com.mm

# အာဆီယံဗီဇာကင်းလွတ်ခွင့်စာချုပ်၌ မူလအဖွဲ့ဝင်ခြောက်နိုင်ငံ သဘောတူလက်မှတ်ရေးထိုး

**နေပြည်တော်၊ ဇူလိုင် ၂၈**



အာဆီယံ ၁၀ နိုင်ငံအတွင်း ဒေသတွင်းသွားလာရာ၌ ဗီဇာကင်းလွတ်ခွင့်ရရှိရေးစာချုပ်ကို ပြီးခဲ့သည့် (၃၉) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၌ မူလအဖွဲ့ဝင်နိုင်ငံခြောက်နိုင်ငံသာ သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က ဇူလိုင်လ ၂၈ ရက်နေ့က နေပြည်တော်၌ ပြောကြားသည်။

လက်မှတ်ရေးထိုး သဘောတူစာချုပ်ချုပ်ခဲ့သောနိုင်ငံများမှာ အာဆီယံမူလအဖွဲ့ဝင်ခြောက်နိုင်ငံဖြစ်သည့် ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်နှင့် ဘရူနိုင်းနိုင်ငံတို့ဖြစ်ကြပြီး ၁၉၉၇ ခုနှစ်မှ အာဆီယံအဖွဲ့ဝင်ဖြစ်လာသည့် မြန်မာနိုင်ငံအပါအဝင် ထပ်တိုးလေးနိုင်ငံမှာ အာဆီယံဗီဇာကင်းလွတ်ရေးစာချုပ်တွင် ပါဝင်နိုင်ခြင်းမရှိသေးကြောင်းလည်း ယင်းနေ့က နေပြည်တော်တွင်ကျင်းပသည့် ဟိုတယ်လုပ်ငန်းရှင်များအစည်းအဝေးမှ သတင်းများအရ သိရသည်။

Associated News

# အီလက်ထရွန်နစ်စွန့်ပစ်ပစ္စည်းဈေးကွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြု

**သတင်းဆောင်းပါး – ကျော်ဆန်းမင်း၊ ဓာတ်ပုံ–အောင်အောင်**

**ရန်ကုန်မြို့တော်ရှိ ၂၈ လမ်းနှင့် ၂၉ လမ်းတစ်ဝိုက်တွင် အီလက်ထရွန်နစ်အသုံးအဆောင်စွန့်ပစ်ပစ္စည်းများကို ရောင်းဝယ်ရာဈေးကွက်တစ်ခု ပေါ်ပေါက်သည်မှာ အချိန်အနည်းငယ်ကြာမြင့်လာပြီးနောက် ဈေးကွက်ကျယ်ပြန့်လာသည့်အပြင် ဓာတုစွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်ရန်စနစ်များ မဆောင်ရွက်နိုင်သေးချိန်တွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျော့ကျရေးကို အထောက်အကူပြုကြောင်း သဘာဝပတ်ဝန်းကျင်ရေးရာ စောင့်ကြည့်လေ့လာသူတစ်ဦးက ပြောကြားသည်။**

အဆိုပါဈေးကွက်တွင် မော်တာကွိုင်ကြိုးဟောင်း၊ ပန်ကာဒလက်ဟောင်းမှစ၍ မိုဘိုင်းဖုန်းခွံဟောင်း၊ Laptop အဟောင်းအပျက်ထိ ရရှိနိုင်ပြီး ပစ္စည်း၏ မျက်မြင်အပြင်ပန်းအခြေအနေကို ကြည့်၍ တစ်ပြေးညီဈေးနှုန်းသတ်မှတ်ထားသည့် တူရာပစ္စည်းပုံအတွင်းမှ ကြိုက်နှစ်သက်ရာရွေးချယ်နိုင်သည့်စနစ်ကို အသုံးပြုရောင်းချလေ့ရှိကြောင်း အဆိုပါဈေးကွက်အတွင်းမှ ဈေးကွက်ကျွမ်းကျင်သူတစ်ဦးဖြစ်သူ ဦးမြတ်လေးက ပြောကြားသည်။

"ကျွန်တော်တို့ ပစ္စည်းအများဆုံးရတာကတော့ အီလက်ထရွန်နစ်ပစ္စည်းပြုပြင်ရေးဆိုင်တွေကနေပြီး အပုံလိုက်ဖြတ်ပြီး ဝယ်တာမျိုးပဲ။ နောက်ပြီး ရပ်ကွက်ထဲ လက်လီလိုက်ကောက်တဲ့ နယ်လှည့်အဝယ်တော်တွေလည်းရှိတယ်။ ဈေးကွက်ထဲကို ပစ္စည်းအဟောင်း အဆင်မပြေလို့ လာရောင်းတာပါဆိုပြီး လာရောင်းတာလည်းရှိတယ်။ ဒါပေမဲ့ သူခိုးလက်ခံဖြစ်မှာစိုးလို့ ဝယ်ရဲတဲ့ဆိုင်က ဝယ်ပြီး လက်ရှောင်တဲ့ဆိုင်က ရှောင်တယ်။ နည်းလမ်းကတော့ အစုံပါပဲ" ဟု ၎င်းတို့၏ပစ္စည်းစုဆောင်းပုံကို ဦးမြတ်လေးက ရှင်းပြသည်။

အီလက်ထရွန်နစ်ပြုပြင်ရေးဆိုင်များမှ ဝယ်ယူပါက နားလည်တတ်ကျွမ်းသူများထံမှ ဝယ်ရသည့်အတွက် ဈေးအနည်းငယ်မြင့်ကြောင်း၊ နယ်လှည့်

အဝယ်တော်ကြက်များသည် ပစ္စည်းအရနည်းသည့်အခါများရှိသော်လည်း ပစ္စည်းတစ်မျိုးလျှင် နှစ်ဆခန့်မြတ်ကြောင်း၊ မည်သည့်နည်းလမ်းဖြင့် ဝယ်ယူရရှိသည့်ပစ္စည်းဖြစ်စေ အနည်းဆုံးအမြတ်ထက်ဝက်ရရှိကြောင်း ၎င်းကပြောကြားသည်။

"ထက်ဝက်ရတယ်ဆိုတာ ကျွန်တော်တို့က တစ်စစီဖြုတ်ရောင်းတာလေ၊ ကောင်းရင်တော့ အလုံးလိုက်ပေါ့။ တစ်စစီဖြုတ်ရောင်းတော့ နည်းနည်းစီ နည်းနည်းစီမြတ်တာ စုပေါင်းလိုက်တော့ အရင်းငါးရာဆို အမြတ်ငါးရာသေချာပေါက်ကျန်တယ်" ဟု ၎င်းကပင် ဆက်လက်ရှင်းပြသည်။

ကွန်ပျူတာကီးဘုတ်အဟောင်းတစ်ခုကို ဝယ်ယူသူကျောင်းသားငယ်တစ်ဦးက "ကျွန်တော်က ဒီ Keyboard ကို ပြင်သုံးမလို့ မဟုတ်ပါဘူး။ ကွန်ပျူတာမဝယ်နိုင်သေးတော့ ဒီ ၁၅၀၀ တန် Keyboard ဟောင်းလေးဝယ်ပြီး အိမ်မှာ လက်ကွက်ကျင့်လို့ရတာပေါ့" ဟု ၎င်းဝယ်ယူသည့် ရည်ရွယ်ချက်ကို ပြောပြသည်။

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ရှိ National အီလက်ထရွန်နစ်ပြုပြင်ရေးလုပ်ငန်းမှ ဝန်ထမ်းတစ်ဦးကလည်း ၎င်းတို့ဆိုင်၌ ပိုလျှံသည့်ပစ္စည်းများကို ရောင်းချပြီး လိုအပ်သည့်ပစ္စည်းများကိုလည်း အဆိုပါဈေးကွက်အတွင်းမှပင် ပြန်လည်ရှာဖွေဝယ်ယူကြောင်း၊ မောင်ခိုင်လမ်းတစ်လျှောက်တွင် အီလက်ထရွန်နစ် အပိုပစ္စည်းအရောင်းဆိုင်များရှိသော်လည်း အဟောင်းဈေးကွက်အတွင်းရှိ ပစ္စည်းအချို့သည် ယင်းဆိုင်များတွင် မရရှိနိုင်သည့်အပြင် ရရှိသည့်တိုင် ဈေးနှုန်းကွာခြားကြောင်း၊ တစ်ခါတစ်ရံတွင် အဟောင်းဈေးကွက်မှ Original ပစ္စည်းတို့သည် မောင်ခိုင်လမ်း(ဗိုလ်ရွဲလမ်း)ဆိုင်များရှိတရုတ်၊ ယိုးဒယားအပိုပစ္စည်းများထက် အရည်အသွေး ပိုမိုကောင်းမွန်တတ်ကြောင်း ပြော ကြားသည်။

အီလက်ထရွန်နစ် စွန့်ပစ်ပစ္စည်းများတွင် သံဆိပ်၊ ခဲဆိပ် စသည်တို့အပြင် အဆိပ်သင့်စေနိုင်သည့် ဓာတုဗေဒပစ္စည်းများ ပေါင်းစပ်ဖွဲ့စည်းထားသဖြင့် ယင်းပစ္စည်းများကို ထုခွဲချေဖျက်ရောင်းချခြင်း၊ နေ့စဉ်ကိုင်တွယ်ရောင်းချခြင်းပြုလုပ်နေရသူများသည် ကျန်းမာရေးရှုထောင့်မှကြည့်လျှင် အလွန်အန္တရာယ်ကြီးကြောင်း ကျန်းမာရေးအသိအမြင်ရှိသူတစ်ဦးက သုံးသပ်ပြောကြားသည်။

မြန်မာနိုင်ငံ၌ အီလက်ထရွန်နစ်ပစ္စည်း စွန့်ပစ်ရန်၊ ဖျက်ဆီးရန် နေရာ

**ရန်ကုန်မြို့တွင်းရှိ အီလက်ထရွန်နစ်ပစ္စည်းအရောင်းဆိုင်တစ်ခု**



# စင်ကာပူ၌ မြန်မာလူငယ် တစ်သိန်းကျော်ရှိ

**ရန်ကုန်၊ ဇူလိုင် ၂၉**

အရှေ့တောင်အာရှနိုင်ငံများအတွင်း စီးပွားရေးနှင့်ပညာရေးဖွံ့ဖြိုးတိုးတက်မှုအရှိဆုံး စင်ကာပူနိုင်ငံ၌ သွားရောက်အလုပ်လုပ်ကိုင်နေကြသူများနှင့် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များတွင် ပညာဆည်းပူးနေသူ မြန်မာလူငယ် စုစုပေါင်း တစ်သိန်းကျော်ရှိသွားပြီဖြစ်ကြောင်းသိရသည်။

စင်ကာပူနိုင်ငံ၌ သွားရောက်အလုပ်လုပ်ကိုင်နေကြသူ မြန်မာလူငယ်များအနက် IT ကုမ္ပဏီများတွင် IT ပညာရှင်အဖြစ် တာဝန်ထမ်းဆောင်နေကြသည့် လူငယ်အမြောက်အမြားရှိသကဲ့သို့ ပညာဆည်းပူးနေကြသူ မြန်မာလူငယ်များတွင်လည်း ပါရဂူဘွဲ့ (Ph.D) အဆင့် စာတမ်းပြုစုနေကြသူလူငယ်များပင် ရှိနေကြကြောင်း မကြာသေးမီက စင်ကာပူနိုင်ငံ၌ သုတေသနဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခဲ့သူ မန္တလေးတိုင်း ကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးရဲမြတ်သူက ပြောကြားသည်။

www.foreverspace.com.mm

မရှိသေးသည့်တိုင် အီလက်ထရွန်နစ် စွန့်ပစ်ပစ္စည်းဈေးကွက်တည်ရှိနေခြင်းသည် ပစ္စည်းများကို ပြန်လည် လည်ပတ်သုံးစွဲနေကြခြင်းဖြစ်၍ စွန့်ပစ်ရန်နေရာ လုံးဝမရှိသည့် အခြေအနေထက် များစွာကောင်းမွန်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အီလက်ထရွန်နစ်အပိုပစ္စည်းရှားပါးမှုကို ဖြေရှင်းရာနေရာတစ်ခုဖြစ်နေသည့် ယင်းဈေးကွက်သည် သုံးစွဲသူရော ရောင်းချသူအတွက်ပါ အဆင်ပြေစေသည့် ဈေးကွက်တစ်ခုဖြစ်ရာ ပိုမိုကျယ်ပြန့်လာဦးမည့်သဘောရှိနေပေသည်။ သို့သော် ပစ္စည်းတစ်ခုသည် အသုံးပြုခံသက်တမ်းနှင့် အသုံးပြုမှုပမာဏပေါ်မူတည်၍ လုံးဝစွန့်ပစ်ရမည့်အနေအထားသို့ ရောက်ရှိလာဦးမည်ဖြစ်ရာ ထိုကာလတွင် လုံးဝသုံးမရတော့မည့် ယင်းစွန့်ပစ်ပစ္စည်းများအတွက် ဖြေရှင်းရန်နည်းလမ်းကောင်းတစ်ခု လိုအပ်လာမည်ဖြစ်သည်။

# မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း e-Resource Centre တည်ထောင်မည်

**ရန်ကုန်၊ ဇူလိုင် ၃၁**

ကိုယ်ပိုင်အင်တာနက် Account မရှိသေးသည့်ခရီးသွားကုမ္ပဏီများနှင့် အင်တာနက်အသုံးပြုလိုသူအသင်းဝင်များအတွက် အင်တာနက်အသုံးပြုနိုင်မည့် e-Resource Centre တစ်ခုကို မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း ရုံးခန်း၌ မကြာမီတည်ထောင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အသင်းအတွင်းရေးမှူးဦးဘုန်းသန့်က Living Color သို့ ပြောကြားသည်။

အဆိုပါ e-Resource Centre ၌ ADSL မြန်နှုန်းမြင့် အင်တာနက်စနစ်တပ်ဆင်ထားမည်ဖြစ်ပြီး လောလောဆယ် ကွန်ပျူတာတစ်လုံးဖြင့် အသုံးပြုနိုင်မည်ဖြစ်ကာ နောင်တွင် ကွန်ပျူတာအရေအတွက်တိုးချဲ့၍ Network ချိတ်ဆက်အသုံးပြုနိုင်ကြမည်ဖြစ်ကြောင်း၊ e-Resource Centre အတွင်း အင်တာနက်၊ E-mail အသုံးပြုမှုသာမက အင်တာနက်မှ မိမိရယူလိုသည့်အချက်အလက်များကို Download ပြုလုပ်ကာ Print ထုတ်ခြင်း၊ CD ဖြင့် သိမ်းဆည်းခြင်း စသည်တို့ကို ဆောင်ရွက်ခွင့်ပြုမည့်အပြင် ပြည်တွင်းပြည်ပမှ ခရီးသွားလုပ်ငန်းဆိုင်ရာ စာအုပ်စာတမ်းများကိုလည်း စုဆောင်းထားရှိမည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းကို ၂၀၀၀ ပြည့်နှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ယခုအခါ အသင်းဝင်ဦးရေ ၄၀၀ ကျော်ရှိသွားပြီဖြစ်ကာ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲများ မကြာခဏပြုလုပ်ကျင်းပခြင်း၊ စာအုပ်ထုတ်ဝေခြင်း၊ နိုင်ငံတကာခရီးသွားပြပွဲများသို့သွားရောက်ရန် စီစဉ်ပေးခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိသည်။

# တစ်ဆင့်ခံကုန်သွယ်ရေး ဖွံ့ဖြိုးမှု ဆောင်ရွက်ရန်ရှိ

**ရန်ကုန်၊ ဇူလိုင် ၂၅**

အာရှဒေသတွင် အင်အားကြီးမားသော နိုင်ငံကြီးနှစ်ခုဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြားတွင် တည်ရှိသော မြန်မာနိုင်ငံသည် တစ်ဆင့်ခံကုန်သွယ်ရေး (Transit Trade) အရ အလွန်အရေးပါသောဒေသတစ်ခုဖြစ်သောကြောင့် ယင်းကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဦးက ပြောကြားသည်။

ရန်ကုန်မြို့တွင် ဇူလိုင်လ ၂၄ ရက်က ပြုလုပ်သော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သီးသန့်သတင်းစာရှင်းလင်းပွဲတွင် ဦးမျိုးဦးက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ပထဝီဝင်အနေအထားအရ အရေးပါသော မြန်မာနိုင်ငံသည် အာဆီယံ၏ တံခါးပေါက်တစ်ခုအဖြစ်ဆိုနိုင်ကြောင်း၊ တစ်ဆင့်ခံကုန်သွယ်ရေးစနစ်ကျင့်သုံးလာပါက အောင်မြင်နိုင်ရန်ရှိကြောင်း၊ တစ်ဆင့်ခံကုန်သွယ်ရေးဖြစ်ပေါ်လာရန်အတွက် အစိုးရပိုင်းကဆောင်ရွက်ရန် လိုအပ်သကဲ့သို့ လုပ်ငန်းရှင်များဘက်မှလည်း တစ်ဆင့်ခံကုန်သွယ်ရေးကုမ္ပဏီများ တည်ထောင်လုပ်ကိုင်ရန်လိုအပ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအများအပြားတွင် အဆိုပါကုန်သွယ်ရေးစနစ်ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေပြီဖြစ်သော်လည်း မြန်မာနိုင်ငံတွင်မူ အခြေအနေအရပ်ရပ်ကြောင့် ဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း ဦးမျိုးဦး၏အဆိုအရ သိရသည်။

Mass Peafowl News

www.foreverspace.com.mm



# ဟိုတယ်မန္တလေးနှင့် လေဆိပ်မင်းသားကြီးဟိုတယ် အိုလံပစ်အုပ်စု ပြောင်းလဲလုပ်ကိုင်

**ရန်ကုန်၊ ဩဂုတ် ၁**



မန္တလေးမြို့တွင် ဖွင့်လှစ်ထားရှိသည့် ဟိုတယ်မန္တလေး (Hotel Mandalay) နှင့် လေဆိပ်မင်းသားကြီးဟိုတယ် (The Prince Airport Hotel) တို့ကို အိုလံပစ်အုပ်စုက ငှားရမ်းလုပ်ကိုင်မည်ဖြစ်ကြောင်း ဟိုတယ်မန္တလေးမှ ဝန်ထမ်းတစ်ဦးက ဇူလိုင်လကုန်ပိုင်းတွင် ပြောကြားသည်။

ယင်းဟိုတယ်များကို AK Group က ပိုင်ဆိုင်ကြောင်း အဆိုပါပုဂ္ဂိုလ်က ဆိုသည်။ ဟိုတယ်မန္တလေးသည် ၃၇ လမ်းနှင့် ၃၈ လမ်းကြား၊ ၇၈ လမ်းတွင် တည်ရှိပြီး ပြီးခဲ့သည့် ၂၀၀၆ ခုနှစ် ဇန်နဝါရီလမှ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ လေဆိပ်မင်းသားကြီးဟိုတယ်သည် ယခင် မန္တလေး ချမ်းမြသာစည်လေဆိပ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။

AK Group သည် မန္တလေးမြို့တွင် ဟိုတယ်လုပ်ငန်းများအပြင် စားသောက်ဆိုင်လုပ်ငန်းများ၊ ဂေါက်ကွင်းလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်ဟု အဆိုပါပုဂ္ဂိုလ်ကဆိုသည်။ ယခု ငှားရမ်းသည့် အိုလံပစ်အုပ်စုသည် ရန်ကုန်မြို့တွင် အိုလံပစ်ဟိုတယ်အမည်ဖြင့် ဟိုတယ်နှစ်ခုကို လုပ်ကိုင်လျက်ရှိသည်။ မန္တလေးမြို့ရှိ ဟိုတယ်များကို ယခုလာမည့် ဩဂုတ်လဆန်းပိုင်းတွင် ဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိကြောင်း ၎င်းက ဆိုသည်။

**နန္ဒအောင်**

# စပါးမျိုးစပ်စိုက်ပျိုးမှုကြောင့် အထွက်နှုန်းထင်သလောက်မတိုး

**သတင်းဆောင်းပါး – သစ်ထွန်း**

**စိုက်ပျိုးရေးနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတွင် လယ်ယာသီးနှံအထွက်တိုးရေး၊ ဝမ်းစာဖူလုံရေး၊ ပြည်ပပို့ကုန်မြှင့်တင်ရေး စသည့်အချက်များမှာ အရေးပါသောကဏ္ဍအဖြစ်ပါဝင်နေရာ လက်ရှိအခြေအနေတွင် စပါးမျိုးများပေါင်းစပ်စိုက်ပျိုးမှုကြောင့် အထွက်နှုန်းထင်သလောက်မတိုးဘဲ အရည်အသွေးမှာလည်း ပြည်ပပို့ကုန်ဈေးကွက်မဝင်ဖြစ်နေရကြောင်း မြန်မာစပါးမျိုးများကို လေ့လာလျက်ရှိသည့် စိုက်ပျိုးရေးပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။**

စိုက်ပျိုးသီးနှံအောင်မြင်ရေးအတွက် မြေကြီး၊ မျိုးစေ့၊ မြေဩဇာ သုံးခုစလုံးတွင် အရည်အသွေးမြင့်ပစ္စည်းများဖြစ်ရန် အရေးကြီးသည်။ မြေကြီး၏ အဆီဓာတ်ပြည့်ဝမှု (PH Level မြင့်မားမှု)၊ အရည်အသွေးမြင့်ထွက်နှုန်းကောင်းမျိုးစေ့အသုံးပြုမှု၊ အပင်ရှင်သန်နိုင်ရန် အထောက်အပံ့ပေးနိုင်သည့်မြေဩဇာကို ရွေးချယ်သုံးစွဲနိုင်မှု စသည့်အချက်များမှာ အရည်အသွေးမီသီးနှံအထွက်တိုးရေးအတွက် မရှိမဖြစ်လိုအပ်ချက်များဖြစ်ပြီး အဆိုပါသုံးချက် တညီတညွတ်တည်း အရည်အသွေးပြည့်မီရန်လိုအပ်ကြောင်း စိုက်ပျိုးရေးပညာရှင်များ၏အဆိုအရ သိရသည်။

"အခုလက်ရှိ စိုက်ပျိုးနေတဲ့ စပါးမျိုးတချို့က ထွက်သင့်သလောက်မထွက်တာကိုတွေ့ရတယ်။ အဲဒီလို ဘာလို့မထွက်ရသလဲကြည့်တဲ့အခါ တောင်သူတွေက ဟိုမျိုးနဲ့စပ် ဒီမျိုးနဲ့စပ်လုပ်ကြလို့ အရင်တုန်းက တင်းတစ်ရာလောက်ထွက်တဲ့ စပါးမျိုးက အခု တင်း ၇၀ တောင် အနိုင်နိုင်ဖြစ်နေတာ တွေ့ရတယ်။ အထွက်တိုးဖို့ဆိုရင် မျိုးက အရေးကြီးတယ်။ မျိုးကောင်းမျိုးသန့်စပါးတွေကို ရှာဖွေသွင်းယူကြဖို့လိုတယ်" ဟု စိုက်ပျိုးရေးဆက်စပ်ပစ္စည်းများရောင်းချသည့် စူပရင်းကုမ္ပဏီများအုပ်စုမှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာစိန်

www.foreverspace.com.mm



**မျိုးကောင်းမျိုးသန့်စပါးများ ရှာဖွေတင်သွင်းရန် လိုအပ်သည်**

မြင့်က စပါးမျိုးများ၏ အထွက်နှုန်းအခြေအနေကို ရှင်းပြသည်။

စပါးမျိုးရွေးချယ်ရာတွင်လည်း စိုက်ပျိုးမည့်မြေအခြေအနေကိုလိုက်၍ စမ်းသပ်စိုက်ခင်းများ အရင်စိုက်ပျိုးလေ့လာပြီး သင့်တော်မည့်စပါးမျိုးကို ရွေးချယ်စိုက်ပျိုးနိုင်ရန်လိုအပ်ကြောင်း၊ အခြားနေရာတွင် စိုက်၍အောင်မြင်သော်လည်း မိမိစိုက်ခင်းတွင်အောင်မြင်မည်ဟု သေချာစွာဆုံးဖြတ်၍မရကြောင်း၊ သဲဆန်သောမြေ၊ စေးသောမြေ၊ ဖွယ်သောမြေ အစရှိသည့် မြေအနေအထားအရ မျိုးကိုရွေးချယ်စိုက်ပျိုးခြင်း၊ မြေဆီလွှာမလိုအပ်ပဲ ပြုန်တီးခြင်း ကာကွယ်နိုင်မည်ဖြစ်ကြောင်း ဧရာဝတီတိုင်းရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောကြားသည်။

"မျိုးတွေက အမျိုးမျိုးရှိတယ်။ မိုးများတဲ့အရပ်၊ ရေဝပ်နိုင်တဲ့အရပ်၊ မိုးနည်းတဲ့အရပ်၊ စိုစွတ်မှုနည်းပါးတဲ့အရပ်၊ စိုက်ပျိုးဆည်ရေရရှိမှုအခြေအနေအရ အကြမ်းခံသည့်မျိုး၊ နုသော်လည်း အထွက်နှုန်းကောင်းတဲ့မျိုးတွေက အများကြီး၊ ကိုယ်က အဲဒါတွေ ဘာမှ သေချာသုတေသနမပြုတာတို့၊ ကိုယ်မလုပ်နိုင်လည်း စိုက်ပျိုးရေးပညာရှင်တွေဆီက အကူအညီတောင်းတာတို့ ဘာတို့ လုပ်သင့်တယ်"ဟု အဆိုပါ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူက မျိုးရွေးချယ်စိုက်ပျိုးသင့်သည့် အခြေအနေကို ရှင်းပြသည်။

"အခု ကျွန်တော်တို့ ဇီဝမြေသြဇာစက်ရုံရှိတဲ့ ပုသိမ်က ပသွယ်ချောင်းဘေးက သဲနည်းနည်းဆန်တဲ့မြေဧက ၃၀ လောက်ရှိတယ်။ ဒါနဲ့ တရုတ်က တကယ်အထွက်နှုန်းကောင်းတဲ့ စပါးမျိုးကိုသွင်းလာပြီး အဲဒီမြေမှာစမ်းစိုက်တယ်။ စိုက်တဲ့နေရာမှာ ဇီဝမြေသြဇာကိုသုံးပြီးစိုက်တယ်။ အဲဒီမှာ ဘာတွေတွေ့ရလဲဆိုတော့ တစ်ဧကထွက်နှုန်းက တင်း ၁၅၀ လောက်နီးပါး ထွက်တာတွေ့ရတယ်။ ဒီမျိုးက တရုတ်မှာ တင်း ၂၀၀ ကျော် ထွက်တယ်လို့ပြောတယ်။ ပညာရှင်တွေကလည်း ကျွန်တော်တို့ ဒီ့ထက် ထပ်စိုက်ကြည့်ရင် ၁၈၀ လောက် ထွက်နိုင်တယ်လို့ပြောတယ်။ အဲဒါကိုကြည့်ရင် အထွက်တိုးဖို့က မျိုးရဲ့အရေးပါမှုနဲ့ မြေသြဇာအရည်အသွေးမြင့်မှုက မြေအနေအထားအားနည်းမှုကို ကျော်လွှားသွားနိုင်တယ်လို့ တွက်ဆနိုင်တယ်" ဟု ဒေါက်တာစိန်မြင့်က အထွက်နှုန်းတွင် မျိုးအရေးပါပုံကို ရှင်းပြသည်။

ယခုလက်ရှိ မြန်မာနိုင်ငံတွင် ထွက်ရှိလျက်ရှိသော ဆန်၏အရည်အသွေးကို စဉ်ဆက်မပြတ်လေ့လာချက်များအရ

# ဒဂုံ-ဧရာ အဝေးပြေးယာဉ်ရပ်နားစခန်းသို့ ရခိုင်ကားဂိတ်များ ပြောင်းရွှေ့မည်

**ရန်ကုန်၊ ဩဂုတ် ၁၁**

ရန်ကုန်မြို့တော်နှင့် ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်များသို့ ကုန်းလမ်းခရီးဖြင့် အဓိကပို့ဆောင်ဆက်သွယ်ပေးရာ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ဒဂုံ–ဧရာပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းအတွင်းသို့ ရခိုင်ပြည်နယ်သို့ သယ်ယူပို့ဆောင်ပေးသည့် အဝေးပြေးကားဂိတ်များကိုပါ မကြာမီပြောင်းရွှေ့နေရာချသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအခွန်ဌာန လက်ထောက်ဌာနမှူး ဦးမင်းလွင်က Living Color သို့ ပြောကြားသည်။

ဒဂုံ–ဧရာပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ၂၀၀၃ ခုနှစ် ဧပြီလအတွင်း တည်ထောင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (အဝေးပြေး) လက်အောက်ရှိ ကားဂိတ်ပေါင်း ၄၈ ဂိတ်မှ ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်များသို့ နေ့စဉ်ပျမ်းမျှ အဝေးပြေးကား ၁၂၀ စီးခန့် ထွက်ခွာပြေးဆွဲပေးလျက်ရှိသည်ဟု ၎င်းကဆိုသည်။

ဆန်၏အလျား တဖြည်းဖြည်းတိုလာပြီး လုံးပတ် ပိုတုတ်လာသည်ကို တွေ့ရကြောင်း၊ ယင်းအချက်ကို သတိပြုမိရန်လိုအပ်ကြောင်း၊ အဓိကမှာ မျိုးများပေါင်းစပ်မှုကြောင့် ယခုကဲ့သို့ဖြစ်လာရကြောင်း၊ နိုင်ငံတကာ ဆန်ဈေးကွက်တွင်မူ ဆန်အလျားရှည်ပြီး အလုံးသေးသွယ်သောဆန်အမျိုးအစားမှ ဈေးကွက်ဝင်အမျိုးအစားဖြစ်ကြောင်း မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးမှ တာဝန်ရှိသူတစ်ဦး၏အဆိုအရ သိရသည်။

မြန်မာနိုင်ငံတွင် မျိုးစေ့ဥပဒေကို လည်းရေးဆွဲပြဋ္ဌာန်းနိုင်ရန် သက်ဆိုင်ရာမှ ရေးဆွဲလျက်ရှိရာ ဥပဒေရေးဆွဲပြဋ္ဌာန်းပြီးပါက မျိုးစေ့များ စနစ်တကျအသုံးပြုရေးနှင့် တင်ပို့မှု၊ တင်သွင်းမှုများ များစွာ စနစ်ကျလာမည်ဖြစ်သည်။ အရည်အသွေးမျိုးစေ့များအသုံးချရေးအတွက် စိုက်ပျိုးသူတောင်သူများအား စည်းရုံးပညာပေးရေးမှာ များစွာအရေးပါကြောင်း၊ အချို့တောင်သူများမှာ မျိုးစေ့အစွဲအလမ်းရှိကြောင်း၊ ထိုသူများကို အထွက်တိုးမျိုးစေ့များ အသုံးပြုရေး တိုက်တွန်းအကြံပေးရန်လိုအပ်ကြောင်း၊ စမ်းသပ်စိုက်ခင်းများသို့ တောင်သူများကို လေ့လာစေ၍ ၎င်းတို့၏ယုံကြည်မှုကို ရရှိနိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးပညာရှင်တစ်ဦးက အကြံပြုပြောကြားသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံတစ်ခုဖြစ်သည့် အားလျော်စွာ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (GDP)၏ ၄၂.၇ ရာခိုင်နှုန်းကို ဖြည့်တင်းပေးလျက်ရှိပြီး လက်ရှိပို့ကုန်တန်ဖိုးအားဖြင့် ၁၄.၅ ရာခိုင်နှုန်းပါဝင်လျက်ရှိသည့်အပြင် နိုင်ငံ၏စုစုပေါင်းအလုပ်လုပ်သူဦးရေ၏ ၆၃ ရာခိုင်နှုန်းသည် လယ်ယာကဏ္ဍတွင် ပါဝင်လုပ်ကိုင်လျက်ရှိရာ သီးနှံအထွက်တိုးရေး အထူးလိုအပ်ကြောင်း သိသာမည် ဖြစ်သည်။ သို့ဖြစ်၍ အရည်အသွေးမီလယ်ယာသီးနှံများတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် အဓိကအချက်တစ်ချက်ဖြစ်သည့် အရည်အသွေးမြင့်မျိုးစေ့များ ရရှိစိုက်ပျိုးနိုင်ရန် များစွာလိုအပ်မည်ဖြစ်သည်။

# အီလက်ထရွန်နစ်ဗီဇာစနစ် မကြာမီ အကောင်အထည်ပေါ်လာမည်

**နေပြည်တော်၊ ဇူလိုင် ၂၈**

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရေးအတွက် အထောက်အပံ့အဖြစ် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနသည် Electronic Visa အပါအဝင် အခြားလိုအပ်ချက်များအားလုံးကို ဖြည့်ဆည်းပေးရန် အဆင်သင့်ရှိကြောင်း ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်က ဇူလိုင်လ ၂၈ ရက်နေ့က နေပြည်တော်တွင် ကျင်းပသည့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် ပြောကြားသည်။

အဆိုပါအခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်အတွက် Data-Centre များ ဆောက်လုပ်ထားပြီဖြစ်ပြီး ကွန်ပျူတာထဲတွင် အသင့်သုံးရန်ထည့်သွင်းသည့်အဆင့်မှ လုပ်ငန်းတစ်ရပ်အတွက် အသုံးချနိုင်သည့်အဆင့်သို့ ပြောင်းလဲသွားရန်စီစဉ်နေကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံတွင် ၂၀၀၄ ခုနှစ် ဇူလိုင်လအတွင်း www.visa.gov.mm မှ တစ်ဆင့် Electronic Visa စနစ်ကို စမ်းသပ်လက်ခံဆောင်ရွက်ပေးခဲ့ဖူးကြောင်းလည်း ယင်း Website ကို တာဝန်ယူရေးဆွဲခဲ့သည့် Inforithm Maze ကုမ္ပဏီနှင့် နီးစပ်သူများထံမှ သိရှိရသည်။

Credit Card ဖြင့် ဒေါ်လာ ၃၀ ပေးသွင်းရပြီး ဗီဇာငြင်းပယ်ခြင်းခံရပါက ပြန်လည်ထုတ်ယူခြင်းမရနိုင်သည့် ယခင် ဗီဇာစနစ်၏လုံခြုံရေးစနစ်များကို Myanmar Electornic Trust က လုံခြုံမှုနှင့် မှန်ကန်မှုရှိစေရေး ဝန်ဆောင်မှုပေးရန် လွန်ခဲ့သော နှစ်နှစ်ခန့်က စီစဉ်ခဲ့ဖူးကြောင်း Living Color က စုံစမ်းသိရှိရသည်။

Electronic Visa စနစ် ပြန်လည်အကောင်အထည်ဖော်လာပါက မြန်မာနိုင်ငံသို့ ဝင်ရောက်လိုသူများသည် ယခင်ထက် ပိုမိုလျင်မြန်လွယ်ကူလာမည်ဖြစ်ပြီး မြန်မာ့ခရီးသွားလုပ်ငန်းတိုးတက်မှု အထောက်အကူဖြစ်နိုင်ကြောင်းလည်း ခရီးသွားလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

Associated News

www.foreverspace.com.mm

www.foreverspace.com.mm



# စရိတ်အသက်သာဆုံး Thai Air Asia လေကြောင်း စတင်ပြေးဆွဲ၊ လေယာဉ်လက်မှတ်မဲ့ဝန်ဆောင်မှု Online မှဝယ်ယူနိုင်

**သတင်းဆောင်းပါး – သစ်ထွဋ်**

**မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲလျက်ရှိသည့် လေကြောင်းလိုင်းများအနက် ပထမဆုံးသော Budget လေကြောင်းလိုင်းဖြစ်သည့် Thai Air Asia လေကြောင်းလိုင်းမှာ ဩဂုတ်လ ၁၆ ရက်နေ့မှ စတင်ပြေးဆွဲမည်ဖြစ်ရာ Online စနစ်ဖြင့် လေယာဉ်လက်မှတ်မဲ့ဝန်ဆောင်မှုကို ရရှိနိုင်မည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းမှ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr.Tassapon Bijleveld က ပြောကြားသည်။**

Thai Air Asia အနေဖြင့် ဘန်ကောက်–ရန်ကုန်ခရီးစဉ်ကို ဒေသစံတော်ချိန်ဖြင့် ထွက်ခွာချိန် နံနက် ၇နာရီ ၁၅ မိနစ်၊ ဆိုက်ရောက်ချိန် နံနက် ၈ နာရီတွင်လည်းကောင်း၊ ရန်ကုန်–ဘန်ကောက်ခရီးစဉ်ကို ထွက်ခွာချိန် နံနက် ၈ နာရီ ၃၅ မိနစ်၊ ဆိုက်ရောက်ချိန် နံနက် ၁၀ နာရီ မိနစ် ၂၀ ဖြင့်လည်းကောင်း နေ့စဉ်ပြေးဆွဲမည်ဖြစ်ရာ ခရီးစဉ်တစ်ကြောင်းအတွက် ခရီးသည်တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၂၀ သတ်မှတ် ရောင်းချပေးမည်ဖြစ်ကြောင်း အမှုဆောင်အရာရှိချုပ်က ရှင်းလင်းပြောကြားသည်။

အဆိုပါလက်မှတ်တစ်စောင် အမေရိကန်ဒေါ်လာ ၂၀ နှုန်းကို စက်တင်ဘာလကုန်အထိ ရောင်းချပေးမည်ဖြစ်ပြီး နောက်ပိုင်းတွင် အရောင်းမြှင့်တင်ရေးအစီအစဉ်များအရ ဈေးနှုန်းကို နှစ်ပတ်တစ်ကြိမ်ခန့် ပြောင်းလဲရောင်းချသွားမည်ဖြစ်ရာ ကုမ္ပဏီ၏ Website ၊ ဒေသဆိုင်ရာသတင်းစာနှင့် ဂျာနယ်များတွင် ရောင်းချမည့်အစီအစဉ်များ ထည့်သွင်းကြော်ငြာမည်ဖြစ်ကြောင်း ၎င်း၏အဆိုအရ သိရသည်။

"ကျွန်တော်တို့လေကြောင်းလိုင်းအနေနဲ့ အာဆီယံဒေသတွင်းမှာ လူတိုင်းလေယာဉ်စီးနိုင်ဖို့ဆိုတဲ့ရည်ရွယ်ချက်နဲ့ စရိတ်သက်သာတဲ့ ဒီလေကြောင်းလိုင်းကို ပြေးဆွဲတာပါ။ အခုပြေးဆွဲတဲ့ ခရီးစဉ်ရဲ့ ခရီးသည်ရရှိမှုအပေါ်ကြည့်ပြီး မန္တလေးနဲ့ ညောင်ဦးမြို့တွေကိုပါ ပြေးဆွဲသွားဖို့ရှိပါတယ်"ဟု Mr.Tassapon Bijleveld က လေကြောင်းလိုင်းပြေးဆွဲသည့်အခြေအနေကို ရှင်းလင်းပြောကြားသည်။

Thai Air Asia လေယာဉ်လက်မှတ်များကို Online စနစ်ဖြင့်လည်း ဝယ်ယူရရှိနိုင်ရာ www.airasia.com သို့ ဝင်ရောက်၍ သွားရောက်လိုသည့် ဒေသ ကာလအပိုင်းအခြား၊ ဝယ်ယူမည့် လက်မှတ်အရေအတွက်နှင့် လစ်လပ်သောခရီးစဉ်ကို ရှာဖွေဖြည့်စွက်၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း၊ လေယာဉ်လက်မှတ်တန်ဖိုးအသေးစိတ်ကို ဖတ်ရှုပြီး ကိုယ်ပိုင် Credit Card နံပါတ်ကို ဖြည့်သွင်း၍ ကြိုတင်စာရင်းသွင်းနံပါတ်ကို ရယူနိုင်ကြောင်း အဆိုပါလေကြောင်းလိုင်း၏ တရားဝင်ထုတ်ပြန်ချက်အရ သိရသည်။ Online စနစ်ဖြင့် လက်မှတ်ဝယ်ယူသူများအနေဖြင့် လက်မှတ်မဲ့ဝန်ဆောင်မှုကိုရရှိပြီး ဈေးနှုန်းသက်သာသော လေယာဉ်ခနှုန်းထားဖြင့် စီးနင်းနိုင်မည်ဖြစ်သည်။ ထိုသို့ Online မှဝယ်ယူနိုင်ရန်အတွက် နိုင်ငံတကာ အသိအမှတ်ပြု Visa, Master သို့မဟုတ်

## ကမ္ဘာ၊ ဗုဒ္ဓဟူးဂြိုဟ်နှင့် နေတို့ တစ်တန်းတည်းကျမည်

**ရန်ကုန်၊ ဩဂုတ် ၁၃**

လူသားတို့နေထိုင်ရာ ကမ္ဘာဂြိုဟ်၊ နေမိသားစုဝင် ဗုဒ္ဓဟူးဂြိုဟ်နှင့် သူရိယနေမင်းတို့သည် လာမည့် ၂၀၀၆ ခုနှစ် နိုဝင်ဘာလအတွင်း နေပတ်လမ်းပေါ်၌ တစ်တန်းတည်းကျရောက်မည်ဖြစ်ရာ မြန်မာနိုင်ငံမှ မြင်တွေ့ရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့ အမှုဆောင် ဦးသိန်းမြင့်က Living Color သို့ ပြောကြားသည်။

ထိုသို့ ကမ္ဘာဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်နှင့် နေတို့ တစ်တန်းတည်းကျရောက်မှုသို့တည်းမဟုတ် ကမ္ဘာနှင့် နေအကြား ဗုဒ္ဓဟူးဂြိုဟ်ဖြတ်သန်းမှုကို အားကောင်းသော နေရောင်ကာမှန်ပြောင်းများဖြင့် ကြည့်ရှုမှသာ မြင်တွေ့နိုင်မည်ဖြစ်ကြောင်း၊ အလားတူ ၂၀၀၄ ခုနှစ်အတွင်းကလည်း ကမ္ဘာဂြိုဟ်၊ သောကြာဂြိုဟ်နှင့် နေတို့ တစ်တန်းတည်းကျရောက်မှုကို မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံအတော်များများမှ မြင်တွေ့ခဲ့ကြရကြောင်း ၎င်းက ဆိုသည်။

www.foreverspace.com.mm






American Express Credit Card သို့မဟုတ် Debit Card လိုအပ်ရာ မြန်မာအများစု လက်မှတ်ကိုယ်တိုင် ဝယ်ယူရန် အခက်အခဲရှိနေသေးသည်ဟု လေယာဉ်လက်မှတ်ကိုယ်စားလှယ်တစ်ဦး၏အဆိုအရ သိရသည်။

အဆိုပါလေကြောင်းလိုင်းဖြင့် ခရီးသွားရောက်သူများအတွက် အစားအသောက်၊ ရုပ်သံဖျော်ဖြေရေးအစီအစဉ်၊ မဂ္ဂဇင်း၊ သတင်းစာဝန်ဆောင်မှု စသည့်အစီအစဉ်များမှာ စရိတ်လျှော့နည်း လေကြောင်းလိုင်းဖြစ်သည့်အတွက် ရရှိမည်မဟုတ်ကြောင်း၊ အစားအသောက်ကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း အမှုဆောင်အရာရှိချုပ်၏ အဆိုအရ သိရသည်။

လေယာဉ်စီးနင်းသူခရီးသည်တစ်ဦးလျှင် ခုနစ်ကီလိုဂရမ်အလေးချိန်ပမာဏရှိ အထုပ်အပိုးဝန်စည်စလယ်များကို မိမိနှင့်အတူ တစ်ပါတည်း ယူဆောင်ခွင့်ပြုမည်ဖြစ်ပြီး လေယာဉ်ပေါ်သို့ ဝန်စည်စလယ်တင်ဆောင်မှုပမာဏ ၁၅ ကီလိုဂရမ်သယ်ဆောင်ခွင့်ရရှိမည်ဖြစ်၍ ၎င်းထက်ပိုမိုသော အလေးချိန်ပမာဏအတွက် တစ်ကီလိုဂရမ်တွင် အမေရိကန် ဒေါ်လာ လေးဒေါ်လာ အပိုထပ်ဆောင်း ပေးဆောင်ရမည်ဖြစ်သည်။ Thai Air Asia အနေဖြင့် ခရီးသည်လိုက်ပါမည့် အနေအထားတွင်သာ ဝန်စည်စလယ်များ တင်ဆောင်ခွင့်ပြုမည်ဖြစ်ပြီး ကုန်သီးသန့် တင်ဆောင်မှုကို ဝန်ဆောင်မှုပေးမည်မဟုတ်ကြောင်း အဆိုပါလေကြောင်းကုမ္ပဏီ၏ တရားဝင်ထုတ်ပြန်ချက်အရ သိရသည်။

လေယာဉ်ခရီးသွားရောက်မည့် အသက် နှစ်နှစ်နှင့် နှစ်နှစ်အထက် ကလေးငယ်များအတွက် ပုံမှန်လေယာဉ်ခနှုန်းထားအတိုင်း ပေးဆောင်ရမည်ဖြစ်ပြီး အသက်မှန်ကန်မှု စစ်ဆေးရန်အတွက် မွေးစာရင်းမိတ္တူလိုအပ်ကြောင်း စုံစမ်းသိရှိရသည်။ လေယာဉ်စီးခရီးသည် ရက်တရက်ပြောင်းလဲပြင်ဆင်မှုအတွက် အမေရိကန်ဒေါ်လာ ၁၄ ဒေါ်လာ ကျသင့်မည်ဖြစ်ပြီး မူလခရီးသည်၏ ပြောင်းလဲခွင့်ပြုကြောင်း အထောက်အထား တင်ပြရမည်ဖြစ်ကာ လေယာဉ်မထွက်မီ ခြောက်နာရီအထိ ခရီးသည်အမည်ပြောင်းလဲမှုကို ဆောင်ရွက်ရမည်ဖြစ်သည်။

Thai Air Asia ၏ ဘန်ကောက်–ရန်ကုန် ပထမဆုံးခရီးစဉ်ကို ဩဂုတ်လ ၁၆ ရက်နေ့တွင် စတင်ပြေးဆွဲမည်ဖြစ်ရာ ထိုင်းနိုင်ငံသားများအနေဖြင့် မြန်မာနိုင်ငံရှိ တန်ခိုးကြီးဘုရားများကို လာရောက်ဖူးမြော်နိုင်ရန် ပိုမိုမျှော်လင့်ထားပြီး ယခင်လေယာဉ်လက်မှတ်ခဈေးနှုန်း မြင့်မားမှုကြောင့် မြန်မာနိုင်ငံသို့ မလာရောက်နိုင်သူ ထိုင်းနိုင်ငံသားများ ပိုမိုလာရောက်ဖွယ်ရှိကြောင်း အမှုဆောင်အရာရှိချုပ်က ရှင်းလင်းပြောကြားသည်။

“ဒီလို ဈေးနှုန်းသက်သာတဲ့ လေကြောင်းလိုင်းက ဘန်ကောက်ကို ပြေးဆွဲပေးမယ်ဆိုတော့ ဈေးဝယ်ထွက်ချင်တဲ့လူတွေအတွက် အများကြီးအဆင်ပြေတယ်။ အထူးသဖြင့် အမျိုးသမီးတွေအတွက် မိမိဝယ်လိုတဲ့ပစ္စည်းကို ဘန်ကောက်မှာ လေယာဉ်ခသက်သာစွာနဲ့ သွားဝယ်လို့ရပြီပေါ့”ဟု Talents & Models အေဂျင်စီ၏ဦးဆောင်သူ ဒေါ်တင်မိုးလွင်က ဆိုသည်။

ယခုကဲ့သို့ Online စနစ်ဖြင့် ဝယ်ယူနိုင်ပြီး ဈေးနှုန်းသက်သာသော လေကြောင်းလိုင်းသစ်တစ်ခု မြန်မာနိုင်ငံတွင် နေ့စဉ်ပြေးဆွဲလာခြင်းဖြင့် ဒေသတွင်းပို့ဆောင်ရေးလုပ်ငန်းများ မြန်ဆန်စေပြီး လေယာဉ်စီးနင်းနိုင်သူ ပိုမိုတိုးပွားလာဖွယ်ရှိကြောင်း၊ မကြာမီကလည်း အာဆီယံဒေသတွင်းနိုင်ငံများအချင်းချင်း ဗီဇာကင်းလွတ်မှုဖြင့် ရက်သတ္တနှစ်ပတ်သွားရောက်နိုင်မည့် အစီအစဉ်တစ်ရပ်ကို သဘောတူညီချက်ရရှိခဲ့ရာ အာဆီယံဒေသတွင်း နိုင်ငံများအကြား ရင်းနှီးမှုပိုမိုတိုးတက်လာဖွယ်ရှိကြောင်း ခရီးသွားလာရေးဝန်ဆောင်မှုလုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။

Thai Air Asia လေကြောင်းလိုင်းကို စရိတ်သက်သာသော Budget လေကြောင်းလိုင်းအဖြစ် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ပြေးဆွဲခဲ့ပြီး Air Asia လေကြောင်းကုမ္ပဏီ၏အဖွဲ့ဝင် လေကြောင်းလိုင်းဖြစ်သည်။

■

www.foreverspace.com.mm



# ယုဇနပလာဇာ မြေညီထပ်ဆိုင်ခန်းများ လေလံကြမ်းခင်းဈေး ကျပ်သိန်း ၅၀၀ ခန့် ပေါက်

**ရန်ကုန်၊ ဩဂုတ် ၁၂**

ရန်ကုန်မြို့၏ စီးပွားရေးအချက်အချာကျသည့် ယုဇနပလာဇာ မြေညီထပ်ရှိ ဆိုင်ခန်းများကို ယုဇနဆောက်လုပ်ရေး ကုမ္ပဏီက ဈေးပြိုင်စနစ်ဖြင့် ရောင်းခဲ့ရာ ကြမ်းခင်းဈေး ကျပ်သိန်း ၅၀၀ နီးပါးခန့် ဈေးပေါက်ခဲ့ကြောင်း လေလံဆွဲယူသူ အချို့၏အဆိုအရ သိရှိရသည်။

ယုဇနပလာဇာမြေညီထပ်ရှိ အရောင်းဆိုင်ခန်းများကို မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ဩဂုတ်လ ပထမပတ်အတွင်း စတင်ရောင်းချခဲ့ရာ အစရက်၌ ဆိုင်ခန်းရှစ်ခန်းမှ ၁၀ ခန်းခန့်သာ ရောင်းချရလျက်ရှိကြောင်း၊ ကြမ်းခင်းဈေးမှာမူ မထင်မှတ်သောနှုန်းထားများဖြင့် လေလံဆွဲယူကြရာ ယုဇနပလာဇာရှိ အခြားအထပ်များရှိ ဆိုင်ခန်းဈေးနှုန်းများပါ တက်ရိပ်ပြခဲ့ပြီး စံချိန်တင်အောင် ဈေးမြောက်လျက်ရှိကြောင်း ယုဇနပလာဇာဈေးအရောင်းဆိုင်ရှင်အများစု၏အဆိုအရ သိရသည်။ ယခုလက်ရှိ ကြမ်းခင်းဈေးပေး၍ လေလံဆွဲယူသွားသည့် ဆိုင်ခန်းများ၏ လက်ရှိပေါက်ဈေးမှာ ကျပ်သိန်းတစ်ထောင်နီးပါးသို့ ရောက်ရှိသွားရာ ယုဇနပလာဇာနှင့် စီးပွားရေးလုပ်ငန်းဆက်စပ်လျက်ရှိသည့် အဆင့်မြင့်မင်္ဂလာဈေးရှိ ဈေးဆိုင်ခန်းများပါ ၂၀ ရာခိုင်နှုန်းခန့် တက်ရိပ်ပြပြောင်းလဲခဲ့ကြောင်း အဆင့်မြင့်မင်္ဂလာဈေးမှ အထည်အလိပ်အရောင်းဆိုင်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ယုဇနပလာဇာမြေညီထပ်ရှိဆိုင်ခန်းများ လေလံဆွဲရာတွင် ကြမ်းခင်းဈေးကို မထင်မှတ်သည့်ဈေးနှုန်းများ ပေးဆွဲခဲ့ခြင်းကြောင့် ဆိုင်ခန်းအရောင်းအဝယ်များ အပြောင်းအလဲကြီးမားစွာဖြစ်ပေါ်ခဲ့ကြောင်း ယုဇနပလာဇာမှ စုံစမ်းသိရှိရသည်။

# မြန်မာနှင့် စင်ကာပူတွင် လစာရ လက်တွေ့သင်တန်းပါရှိသည့် ခရီးသွားလုပ်ငန်းဒီပလိုမာသင်တန်း ဖွင့်မည်

**ရန်ကုန်၊ ဩဂုတ် ၂**

မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့တွင် စာတွေ့လေးလစီသင်ကြားပြီးနောက် လစာရ အလုပ်သင် လက်တွေ့လုပ်ငန်းခွင် ရှစ်လကို စင်ကာပူနိုင်ငံတွင် တက်ရောက်နိုင်ရန်စီစဉ်ထားသည့် Twinning Programme ဖြစ်သော Tourism and Hospitality Management ဒီပလိုမာ သင်တန်းကို စက်တင်ဘာလတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း MAA စီးပွားရေးသင်တန်းကျောင်းမှ မန်နေဂျင်းဒါရိုက်တာ ဦးညဏ်ထွန်းအောင်က ပြောကြားသည်။

အဆိုပါသင်တန်းကို နိုင်ငံတကာစာရင်းကိုင်ဒီပလိုမာနှင့် ဒီဂရီဘွဲ့သင်တန်းများ ဖွင့်လှစ်ထားသည့် MAA Business Centre နှင့် စင်ကာပူနိုင်ငံရှိ Nan- yang Institute of Management တို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ကြောင်းနှင့် အဆိုပါသင်တန်းတက်ရောက်ရန်အတွက် IELTS ရမှတ် ၅.၅ (သို့) TOEFL ရမှတ် ၅၂၅ ရှိရမည်ဖြစ်ပြီး ယင်းလက်မှတ်များ ရရှိမထားပါက Nanyang အင်္ဂလိပ်စာ အဆင့် ၄ အောင်မြင်ရန်လိုအပ်ကြောင်း ၎င်းထံမှ သိရှိရသည်။

ဒီပလိုမာသင်တန်း ၁၆ လတွင် 1st Semester လေးလကို မြန်မာနိုင်ငံမှ MAA Business Centre တွင် သင်ယူရမည်ဖြစ်ပြီး 2nd Semester လေးလကို စင်ကာပူနိုင်ငံ Nanyang Institute of Management တွင် ဆက်လက်သင်ယူရမည်ဖြစ်ကြောင်း၊ အဆိုပါသင်တန်းကာလ ရှစ်လပြီးဆုံးပါက Paid Internship ခေါ် လစာရ အလုပ်သင်အဖြစ် လက်တွေ့လုပ်ငန်းခွင် ရှစ်လဆင်းရမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်အတွင်း အခြေခံလစာနှင့် အချိန်ပိုကြေးများလည်းရရှိမည်ဖြစ်ကြောင်း အဆိုပါကျောင်းမှ သိရှိရသည်။

MAA Business Centre သည် မြန်မာနိုင်ငံတွင် နိုင်ငံတကာစာရင်းကိုင်ဒီပလိုမာနှင့် ဒီဂရီဘွဲ့များဖြစ်သည့် LCCI,

www.foreverspace.com.mm



CAT ACCA တို့ကို ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ၁၉၉၆ ခုနှစ်မှ စတင်တည်ထောင်ခဲ့ကြောင်းနှင့် ACCA အောင်မြင်ပြီးသူ ၁၅ ဦးနှင့် CAT အောင်မြင်ပြီးသူ ၂၁၀ ဦး ရှိပြီဖြစ်ကြောင်း ကျောင်းတာဝန်ရှိသူများထံမှ သိရှိရ (သတင်းဖော်ပြပြီး The Voice Weekly Vol.2, No.39) သည်။

**COURSE FEES**

| | Deposit | Full Payment | Instalment Plan | | | |
|---|---|---|---|---|---|---|
| DTHM 16 months course | S$ 500 | S$ 8,500 | 1 | S$ 4,500 1st month | | S$ 4,200 3rd month |
| | | | 2 | S$ 4,000 1st month | S$ 2,450 3rd month | S$ 2,450 4th month |
| English course | S$200 | | - | | | |

* In Singapore

- School Uniform = 150 S$
- Medical Exam = 60 S$
- Nanyang Student Pass = 50 S$
- ICA Student Visa = 100 S$
- Embassy Endorsement (Passport) = 150 S$

*** Notes : Course Fees Include :
(Tution fee, Registration fee, Visa application, Sponsorship fee, Exam fee, Foreign student admin fee, Lecture notes, Course materials.)

# မူပိုင်ခွင့်ဥပဒေကို ၂၀၁၆ ခုနှစ်မှ လိုက်နာကျင့်သုံးမည့် မြန်မာနိုင်ငံသည် အိန္ဒိယကုန်ကြမ်းကိုအသုံးပြု၍ ဆေးဝါးများတီထွင်ထုတ်လုပ်ရန် အခွင့်အလမ်းများရှိ

**ဒေါက်တာမောင်မောင်လေး**

**ရန်ကုန်၊ ဩဂုတ် ၁**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) နှင့် ကမ္ဘာ့အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်အဖွဲ့အစည်း (WIPO) တို့မှ သတ်မှတ်ထားသည့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေ (Intellectual Property Law) ထုတ်ပြန်ပြဋ္ဌာန်းရန် ဖွံ့ဖြိုးမှုအနည်းဆုံး အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံများနည်းတူ ၂၀၁၆ ခုနှစ်အထိ အခွင့်အရေးရရှိနေသေးသော မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံမည့်ဆေးဝါးများတွင် ကုန်ကြမ်းများပါလာသဖြင့် ယင်းကုန်ကြမ်းကို အသုံးပြု၍ လုပ်ငန်းရှင်များ တီထွင်ကြံဆရန် အခွင့်အလမ်းများ ရှိနေသေးသည်ဟု မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ဇူလိုင် ၂၁ ရက်နေ့တွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ တင်သွင်းမည့်ဆေးဝါးများတွင် ကုန်ကြမ်းအပါအဝင် ရောဂါအစုံကုသနိုင်ရန် ဆေးဝါးအမယ်အစုံပါဝင်သည့်အတွက် ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချရန် မြန်မာကုန်သည်များနှင့် လာရောက်ဆွေးနွေးခဲ့သည့်နောက်ပိုင်း မြန်မာကုန်သည်များဘက်မှ အရည်အသွေးပြည့်၍ ဘေးအန္တရာယ်ကင်းသောဆေးဝါးများကို အလိုရှိကြောင်း ၎င်းက ပြောကြားသည်။ အိန္ဒိယမှထုတ်လုပ်သည့်ဆေးဝါးနည်းပညာအများစုသည် မူလက အမေရိကန်ပြည်ထောင်စုရှိ ဓာတ်ခွဲခန်းများမှ ရယူခဲ့သော်လည်း ၂၀၀၅ ခုနှစ်မှစ၍ အိန္ဒိယနိုင်ငံသည် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဥပဒေကို သဘောတူလက်မှတ်ထိုးလိုက်သဖြင့် အိန္ဒိယနိုင်ငံတွင် ဆေးဝါးထုတ်လုပ်ရန် အခက်အခဲရှိလာခဲ့ကြောင်း၊ သို့ဖြစ်၍ အိန္ဒိယမှ ဆေးဝါးအပါအဝင် ဆေးဝါးကုန်ကြမ်းများ မြန်မာနိုင်ငံသို့ တင်သွင်းရောင်းချနေမှုကို မြန်မာလုပ်ငန်းရှင်များဘက်မှ အခွင့်ကောင်းယူ၍ မည်သည့်နိုင်ငံ၏နည်းပညာနှင့်မဆို ထုတ်လုပ်သွားရန် အခွင့်အလမ်းများရှိနေသဖြင့် အမိအရဆုပ်ကိုင်ရန်လိုအပ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ■

www.foreverspace.com.mm



# UAE၌ မြန်မာဟိုတယ်ဝန်ထမ်း ၂၀၀၀ ကျော် တာဝန်ထမ်းဆောင်

**ရန်ကုန်၊ ဩဂုတ်**

အာရပ်စော်ဘွားများပြည်ထောင်စု (UAE) ၏ အထင်ကရမြို့တော်ဖြစ်သော ဒူဘိုင်းမြို့ရှိ ဟိုတယ်အသီးသီး၌ တာဝန်ထမ်းဆောင်နေကြသော မြန်မာဝန်ထမ်း ၂၀၀၀ ဦးကျော်ရှိနေကြောင်း ယင်းမြို့ရှိ ဟိုတယ်တစ်ခုတွင် အလုပ်လုပ်ကိုင်နေသူ ဦးကျော်ကျော်က ပြောကြားသည်။

မြန်မာဟိုတယ်ဝန်ထမ်းများမှာ အထွေထွေလုပ်သားမှ မန်နေဂျာအဆင့်အထိ ရာထူးအသီးသီးတွင် တာဝန်ယူလုပ်ကိုင်နေကြသော်လည်း နိုင်ငံတကာအသိအမှတ်ပြု ဟိုတယ်လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သင်တန်းဆင်းအောင်လက်မှတ်နှင့် ဒီပလိုမာရရှိထားသူဦးရေမှာ နည်းပါးသဖြင့် မန်နေဂျာနှင့်အထက် အဆင့်မြင့်ရာထူးများတွင် တာဝန်ယူလုပ်ကိုင်နေကြသူမရှိသလောက်နည်းပါးကြောင်း ၎င်းက ဆိုသည်။

# ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များ ရန်ကုန်မြို့တွင် မြေနေရာရှာဖွေ

**ရန်ကုန်၊ ဩဂုတ် ၁၁**

ကိုရီးယား–မြန်မာ ချစ်ကြည်ရေးအသင်း၏ လှုံ့ဆော်မှုကြောင့် ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်အချို့သည် ရန်ကုန်မြို့တော်တွင် ကိုရီးယားစားသောက်ဆိုင်များ တည်ထောင်ဖွင့်လှစ်ရန် မြေနေရာများကို ရှာဖွေလျက်ရှိကြောင်း ပြည်ပခရီးသွားလုပ်ငန်းရှင်အချို့ထံမှ ဩဂုတ်လ ဒုတိယပတ်အတွင်းက သိရသည်။

ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များသည် ရန်ကုန်မြို့လယ်နှင့် ဗဟန်းမြို့နယ်ဆရာစံလမ်းတစ်ဝိုက်ရှိ မြေနေရာများကို နှစ်ခြိုက်သဘောကျနေကြကြောင်း၊ ရန်ကုန်မြို့လယ်ခေါင်သည် နိုင်ငံခြားသံရုံးများနှင့် ကုမ္ပဏီများ တည်ရှိနေခြင်းနှင့် ဆရာစံလမ်းပတ်ဝန်းကျင်သည် ကမ္ဘာလှည့်ခရီးသည်များ ပုံမှန်လာရောက်သည့်စားသောက်ဆိုင်များရှိနေခြင်းတို့ကြောင့် ယင်းနေရာများတွင်ရှိသော မြေလွတ်နှင့် ဆိုင်ခန်းများကို နှစ်ရှည်ငှားရမ်းရန် ရှာဖွေနေကြကြောင်း ၎င်းတို့အဆိုအရ သိရသည်။

ကိုရီးယားလုပ်ငန်းရှင်များ ထိုကဲ့သို့ လာရောက်ဖွင့်လှစ်လိုခြင်းမှာ မြန်မာနိုင်ငံရှိ ကိုရီးယားကုမ္ပဏီများမှ ဝန်ထမ်းများသည် ၎င်းတို့ ရိုးရာအစားအစာများကို အားလပ်ရက်များတွင် လာရောက်စားသောက်နိုင်ကြရန်၊ ကိုရီးယားတေးသီချင်းများကို သီဆိုနိုင်ရန်နှင့် ကိုရီးယားယဉ်ကျေးမှုနှင့် ရိုးရာအစားအစာများကို မြန်မာပြည်သူလူထုနှင့် အကျွမ်းတဝင်ဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် လာရောက်ဖွင့်လှစ်လိုကြခြင်းဖြစ်ကြောင်း အဆိုပါခရီးသွားလုပ်ငန်းရှင်များက ပြောကြားသည်။

# မြို့တော်အငြိမ့်အဖွဲ့ နယ်မြို့များ၌ ဖျော်ဖြေတင်ဆက်လျက်ရှိ

**ရန်ကုန်၊ ဇူလိုင် ၂၈**

ရန်ကုန်မြို့တော်နေ မြို့တော်သူ မြို့တော်သားများ စိတ်လက်ကြည်နူး အပန်းဖြေနိုင်ကြရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဖွဲ့စည်းထားသော မြို့တော်အငြိမ့်အဖွဲ့သည် ယခုအခါ နယ်မြို့များတွင် လိုက်လံဖျော်ဖြေကပြနေရကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူး ဦးလှမြင့်ဆွေက Living Color သို့ ပြောကြားသည်။

မင်းသမီးနှင့် လူရွှင်တော်များအပါအဝင် ဝန်ထမ်းအင်အား ၆၀ ခန့်ဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် အဆိုပါအငြိမ့်အဖွဲ့မှာ တစ်ချိန်က ရန်ကုန်မြို့တော်အတွင်းရှိ အများပြည်သူစုဝေးရာ ပန်းခြံများနှင့် မြို့တော်ခန်းမရှေ့တို့၌ အခါအားလျော်စွာ ဖျော်ဖြေတင်ဆက်ခွင့်ရခဲ့သော်လည်း ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် ရန်ကုန်မြို့တော်အတွင်း ဖျော်ဖြေတင်ဆက်နိုင်ခြင်းမရှိသဖြင့် နယ်မြို့များက လာရောက်ငှားရမ်းမှုကို လက်ခံပြီး လိုက်လံဖျော်ဖြေကပြနေရကြောင်း၊ ထိုသို့ ဖျော်ဖြေကပြတင်ဆက်ခွင့်ရမှသာ ဝန်ထမ်းများအနေဖြင့် ထိုက်သင့်သည့် အနုပညာကြေးများ ခံစားခွင့်ရရှိကြမည်ဖြစ်ကြောင်း၊ အခြေအနေပေးပါက ယခင်ကကဲ့သို့ ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်း လူစည်ကားရာနေရာများတွင် အခမဲ့ ဗလာပွဲများအဖြစ် ဖျော်ဖြေတင်ဆက်ကပြသွားရန် ရည်ရွယ်ထားကြောင်း ၎င်းက ဆိုသည်။

www.foreverspace.com.mm



# MP4 Player များ ဝယ်လိုအားတက်

ရန်ကုန်၊ ဩဂုတ် ၁၃

မြန်မာလူငယ်များ ခေတ်ပေါ်အသုံးအဆောင်သဘောမျိုးဖြင့်ဝယ်ယူမှုကြောင့် MP4 Player များ ရောင်းအားမြင့်တက်လျက်ရှိရာ တစ်လလျှင် MP4 Player ၄၀ ခုခန့် ရောင်းချရလျက်ရှိကြောင်း ရန် ကုန်မြို့ သိမ်ဖြူလမ်းရှိ Lucky Birds ကွန်ပျူတာအရောင်းဆိုင်မှ စုံစမ်းသိရှိရသည်။

ကမ္ဘာကျော် Apple ကုမ္ပဏီထုတ် iPod ကုန်အမှတ်တံဆိပ် MP4 Player များနှင့် အသွင်သဏ္ဍာန်တူ ထုတ်လုပ်ထားသည့် တရုတ်နိုင်ငံလုပ် iVideo အမည်ရှိ MP 4 များ ဈေးကွက်အတွင်း အများအပြားဝင်ရောက်လျက်ရှိရာ iPod ထက် ဈေးနှုန်းများစွာသက်သာမှုကြောင့် ဝယ်ယူသုံးစွဲသူ များပြားလာကြောင်း Lucky Birds မှ အရောင်းဝန်ထမ်းတစ်ဦး၏အဆိုအရ သိရသည်။ MP4 Player တွင် Function အသစ် များစွာပါဝင်ရာ ယခင် MP3 သုံးစွဲသူများပါ MP4 များ ဝယ်ယူလာကြကြောင်း၊ ယခုကဲ့သို့ ဝယ်ယူမှုမြင့်တက်လာသော်လည်း အမှန်တကယ်ပါဝင်သော Function အားလုံးကို အသုံးချနိုင်မည့်သူနည်းပါးပြီး အများစုမှာ Fancy အသုံးအဆောင်အနေဖြင့်သာ ဝယ်ယူကြကြောင်း အဆိုပါဝန်ထမ်းတစ်ဦးက ဆိုသည်။ လက်ရှိဈေးကွက်အတွင်းရှိ MP4 Player များမှာ ပါဝင်သည့် Function အနည်းအများနှင့် ပုံရိပ်ကိုကြည့်ရှုနိုင်သည့် Screen အကြီးအသေးပေါ်မူတည်ပြီး ကျပ် ၇၀,၀၀၀ မှ တစ်သိန်းခွဲထိ ဈေးပေါက်လျက်ရှိကြောင်း သိရသည်။

■

# အောင်ဘာလေထီလက်မှတ်ကို Online မှ ဝယ်ယူနိုင်သည့်စနစ် စတင်

ရန်ကုန်၊ ဇူလိုင် ၂၄

မိုးယံရွှေလမင်းနှင့် မြတ်ဆုကုဋေ၊ မြတ်ခွန်နှင့် အောင်သန်းဆု၊ အောင်ဆုထူးပိုင် စသည့် နာမည်ကြီးထီဆိုင်များမှ အောင်ဘာလေထီလက်မှတ်များကို Online ပေါ်တွင် ရွေးချယ်၍မှာယူပါက Door to Door လိုက်လံပို့ဆောင်ပေးသည့် ဝန်ဆောင်မှုကို Work Group PC Center မှ ပထမဦးဆုံးစတင်ဝန်ဆောင်မှုပေးလျက်ရှိကြောင်း အဆိုပါ Center မှ ဒေါ်နှင်းသန္တာထူးက Living Color သို့ ပြောကြားသည်။

ဝယ်ယူလိုသူများသည် မိမိနှစ်သက်ရာထီဆိုင်မှ နှစ်သက်ရာထီလက်မှတ်ကို www.myanmarhte.com နှင့် www.aungberley.com တို့တွင် ရွေးချယ်ပြီး Website ပါ E-mail လိပ်စာ သို့မဟုတ် ဖုန်းဖြင့် အကြောင်းကြားပါက အိမ်တိုင်ရာရောက် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊ ထီတစ်စောင်လျှင် ၁၆၀ ကျပ်နှုန်းဖြင့် မှာယူနိုင်ပြီး ထီစောင်ရေ သတ်မှတ်ချက်မထားရှိဘဲ နှစ်သက်သလို စတင်ဝယ်ယူနိုင်ကြောင်း ၎င်းကဆိုသည်။

ကျပ်သိန်း ၅၀၀ ထီဆုပေါက်ခဲ့ပါက ထီဆိုင်များမှပေးမည့် ကျပ်သိန်း ၆၅၀ အပြင် အဆိုပါ Online ထီဆိုင်မှလည်း သိန်း ၅၀ အပိုဆုပေးမည်ဖြစ်၍ စုစုပေါင်းကျပ်သိန်း ၁၂၀၀ ရရှိမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

# တီကောင်မြေဩဇာသုံးစွဲခြင်းဖြင့် ဓာတုမြေဩဇာ သုံးစွဲခြင်းကို ၉၀ ရာခိုင်နှုန်းလျှော့ချနိုင်

ရန်ကုန်၊ ဇူလိုင် ၂၀

ဗိုလ်မှူးတင်မောင်စိုး

စိုက်ပျိုးရေးကဏ္ဍများတွင် တီကောင်စွန့်ပစ်မြေဩဇာသုံးစွဲခြင်းဖြင့် ဓာတုမြေဩဇာသုံးစွဲခြင်းကို ၉၀ ရာခိုင်နှုန်းခန့် လျှော့ချသွားနိုင်မည်ဖြစ်ကြောင်း မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ ညွှန်ကြားရေးမှူး (စီမံ) ဗိုလ်မှူးတင်မောင်စိုးက ဇူလိုင်လအစောပိုင်းတွင် ပြောကြားသည်။ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းများအတွက် တီကောင်မွေးမြူရေးနှင့် တီကောင်စွန့်ပစ်မြေဩဇာ စမ်းသပ်ထုတ်လုပ်မှုများ အောင်မြင်မှုရရှိခဲ့သည်ဟု ၎င်းထံမှ သိရသည်။ မြန်မာနိုင်ငံတွင် ယင်းလုပ်ငန်းကျယ်ပြန့်နိုင်ရေးအတွက် နည်းပညာများဖြန့်ဝေပေးသွားမည်ဖြစ်သည်ဟုလည်း ၎င်းကဆိုသည်။ အဆိုပါမြေဩဇာထုတ်လုပ်မှုလုပ်ငန်းကို အိန္ဒိယနိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံအချို့တွင် စီးပွားဖြစ်မွေးမြူလျက်ရှိသည်။ မြေဆီလွှာအတွင်း ရှင်သန်နေထိုင်သော တီကောင်တွင် အမဲသား၌ ပါဝင်သည့် ပရိုတိန်းဓာတ်ထက် ပရိုတိန်းနှစ်ဆပါဝင်၍ ကြက်ခြံ၊ ဘဲခြံများတွင် တိရစ္ဆာန်အစာအဖြစ်သုံးစွဲသင့်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

www.foreverspace.com.mm

# MRTV-3 ဂြိုဟ်တုမှ ဖမ်းယူသူများ Symbol Rate ပြောင်းလဲဖမ်းယူရမည်

ရန်ကုန်၊ သြဂုတ် ၁၁

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ထုတ်လွှင့်လျက်ရှိသည့် MRTV-3 ရုပ်မြင်သံကြားအစီအစဉ်များကို ဂြိုဟ်တုမှ တိုက်ရိုက် ဖမ်းယူကြည့်ရှုသူများအတွက် Symbol Rate ပြောင်းလဲဖမ်းယူရမည် ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင် ထုတ်ပြန်ထားသည်။

ရုပ်သံပြတ်သားမှုနှင့် ကြည်လင်မှု ရှိစေရန် ရည်ရွယ်၍ Symbol Rate ကို ပြောင်းလဲထုတ်လွှင့်မည်ဖြစ်ကြောင်း၊ ယခင် ဖမ်းယူသည့် Symbol Rate 12.5 Msym/sec နေရာတွင် Symbol Rate 15.0 Msym/sec သို့ ပြောင်းလဲထည့်သွင်းဖမ်းယူနိုင်မည်ဖြစ်ကြောင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ စုံစမ်းသိရှိရသည်။ MRTV-4 ရုပ်သံအစီအစဉ်မှာမူ ယခင် Symbol Rate အတိုင်း ဖမ်းယူနိုင်မည်ဖြစ်သည်။ ရုပ်သံလွှင့် Station နှင့် ဝေးလံသောဒေသများတွင် ဂြိုဟ်တုမှဖမ်းယူသည့် စနစ်ဖြင့် ရုပ်သံအစီအစဉ်များကို ပြတ်သားကြည်လင်စွာ ဖမ်းယူနိုင်သည့်နည်းလမ်းတစ်ခု ဖြစ်သည်။

# အိန္ဒိယမှပေးအပ်ချီးမြှင့်မည့် နက္ခတ္တဗေဒဒီပလိုမာသင်တန်း ဖွင့်လှစ်

**ရန်ကုန်၊ ဇူလိုင် ၃၀**

အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့ရှိ ဘန်ဂေါနက္ခတ္တဗေဒတက္ကသိုလ်မှ ပေးအပ်ချီးမြှင့်မည့် Siddhanta Jyotish Diploma Course နက္ခတ္တဗေဒဒီပလိုမာသင်တန်းကို မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့တွင် ပထမဦးဆုံးအကြိမ် ဖွင့်လှစ်ပို့ချသင်ကြားလျက်ရှိကြောင်း မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့ အမှုဆောင်အဖွဲ့ဝင် ဦးသိန်းမြင့်က ပြောကြားသည်။

အဆိုပါဒီပလိုမာသင်တန်းကို ဇွန်လအတွင်း စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ ဝေဒသုတေသနအဖွဲ့ဝင် ၂၀ ဦး တက်ရောက်သင်ယူလျက်ရှိကြောင်း၊ သင်တန်းတွင် မြန်မာနိုင်ငံမှ နက္ခတ္တဗေဒပညာရှင်များက ဘန်ဂေါနက္ခတ္တဗေဒတက္ကသိုလ်မှ ပြဋ္ဌာန်းသည့် သင်ရိုးညွှန်းတမ်းများအတိုင်း စာတွေ့လက်တွေ့ သင်ကြားပေးလျက်ရှိကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံမှ နက္ခတ္တဗေဒပညာရှင်တစ်ဦးဖြစ်သူ ဦးဒဂုန်သည် အဆိုပါ ဘန်ဂေါနက္ခတ္တဗေဒတက္ကသိုလ်မှ ပေးအပ်ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို ယမန်နှစ်က လက်ခံရရှိခဲ့သည်။

# ပျဉ်းမနားသုံးဘီးဆိုင်ကယ် အများစု သက်တမ်း ခြောက်လသာကျန်

**ရန်ကုန်၊ ဇူလိုင် ၇**

နေပြည်တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ ပျဉ်းမနားဒေသတွင် သုံးဘီးနောက်တွဲဆိုင်ကယ်အများစု၏ လိုင်စင်သက်တမ်းမှာ ဇူလိုင်လမှစ၍ သက်တမ်းခြောက်လသာ ကျန်ရှိရာ ဆက်လက်သက်တမ်းတိုးရန် ဆိုင်ကယ်ပိုင်ရှင်များက လိုလားလျက်ရှိကြောင်း ပျဉ်းမနားဒေသခံများမှစုံစမ်းသိရှိရသည်။

ပျဉ်းမနားဒေသတွင် လိုင်စင်မဲ့ဆိုင်ကယ်များကို စီမံချက်ဖြင့် စစ်ဆေးအရေးယူလျက်ရှိပြီး လိုင်စင်သက်တမ်းရှိဆိုင်ကယ်များကို ဇူလိုင်လအထိ စီးနင်းခွင့်ပြုရာမှ စီးနင်းခွင့်ကို လိုင်စင်သက်တမ်းအလိုက် ခွင့်ပြုခဲ့သော်လည်း သက်တမ်းတိုးခြင်းကိုမူ ခွင့်မပြုတော့ကြောင်း ပျဉ်းမနားဒေသခံအချို့က ရှင်းပြသည်။ ဆိုင်ကယ်အများစုကို ယခုကဲ့သို့ လိုင်စင်သက်တမ်းကုန်ဆုံးသည်အထိသာ စီးနင်းခွင့်ပြုထားခြင်းကြောင့် သုံးဘီးဆိုင်ကယ်အများစုလည်း ထပ်မံ၍ လိုင်စင်သက်တမ်းတိုးခွင့်ပြုမည်၊ မပြုမည်ကို သုံးဘီးဆိုင်ကယ်ပိုင်ရှင်များ စိတ်ဝင်စားနေကြကြောင်း ပျဉ်းမနားဒေသမှ သုံးဘီးဆိုင်ကယ်ပိုင်ရှင်တစ်ဦးက ဆိုသည်။ ပျဉ်းမနားဒေသတွင် သုံးဘီးဆိုင်ကယ်လိုင်စင်များ ချထားပေးမှုမှ သတ်မှတ်ချက်ပြည့်မီသွားပြီဖြစ် (ခေတ်မြန်မာ Weekly Vol.3, No.39 တွင် သတင်းဖော်ပြပြီး)သည်။

ပျဉ်းမနားဒေသတွင် သုံးဘီးနောက်တွဲဆိုင်ကယ်များမှာ ခရီးသည်တင်ဆောင်ပြေးဆွဲမှုကြောင့် တစ်နေ့လျှင် ဝင်ငွေကျပ်တစ်သောင်းကျော် ရရှိလျက် ရှိသည်။

www.foreverspace.com.mm

# မြန်မာနိုင်ငံ၌ လာမည့် ၁၀ နှစ်အတွင်း ကျားကောင်ရေ ၅၀ ရာခိုင်နှုန်း တိုးစေရန် WCS ဆောင်ရွက်မည်

**ရန်ကုန်၊ ဩဂုတ် ၅**

ကမ္ဘာပေါ်၌ သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးနှင့် ပညာပေးရေးလုပ်ငန်းများကို အဓိက ဆောင်ရွက်လျက်ရှိသည့် အမေရိကန်အခြေစိုက် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) သည် Tiger Forever Initiative စီမံချက်အရ လာမည့် ၁၀ နှစ်အတွင်း မြန်မာနိုင်ငံအပါအဝင် ကျားထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နေသော နိုင်ငံများတွင် ကျားကောင်ရေ ၅၀ ရာခိုင်နှုန်းအထိ တိုးပွားလာစေရန် ယခုနှစ် ၂၀၀၆ ခုနှစ်မှ စတင်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့အစည်းနှင့်ပူးပေါင်း၍ မြန်မာနိုင်ငံ၌ ကျားထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နေသည့် ဟူးကောင်းကျားထိန်းသိမ်းရေးနယ်မြေမှ အုပ်ချုပ်ရေးမှူး ဦးမြင့်မောင်က Living Color သို့ ပြောကြားသည်။



**ကျားကောင်ရေ ၅၀ရာခိုင်နှုန်းတိုးပွားလာစေရန် ဆောင်ရွက်သွားမည်ဟုဆိုသည်**

ကမ္ဘာပေါ်၌ အကြီးဆုံး ကျားထိန်းသိမ်းရေးနယ်မြေဖြစ်ပြီး ဧရိယာစုစုပေါင်း ၈၄၁၈ စတုရန်းမိုင် ကျယ်ဝန်းသည့် ဟူးကောင်းကျားထိန်းသိမ်းရေးနယ်မြေအတွင်း ကျားကောင်ရေ ၁၀၀ ခန့်သာ သဘာဝအတိုင်း နေထိုင်ကျက်စားလျက်ရှိကြောင်း ကွင်းဆင်းကောက်ယူခဲ့သည့် စစ်တမ်းများနှင့် ကင်မရာထောင်ချောက်မှတ်တမ်းများကိုကိုးကား၍ သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနနှင့် WCS တို့၏ ထုတ်ပြန်ချက်အရ သိရသည်။

ဟူးကောင်းကျားထိန်းသိမ်းရေးနယ်မြေသည် ကျားသတ္တဝါများသာမက ဆင်၊ ကျားသစ်၊ ဝက်ဝံ၊ တောကျွဲ၊ ဆတ်၊ ဂျီ၊ ဖက်ဂျီ၊ တောကြောင်၊ မျောက်လွှဲကျော်၊ တောင်ဆိတ် စသည့် သားရိုင်းတိရစ္ဆာန်မျိုးစုံပါ နေထိုင်ကျက်စားလျက်ရှိသဖြင့် မုဆိုး တို့ပျော်စံရာဒေသ (Hunter's Paradise) ဟုပင် တင်စားခေါ်ဆိုခဲ့ကြကြောင်း၊ ကျားမျိုးမပြုန်းတီးစေရန်အတွက် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ကျားထိန်းသိမ်းရေးရဲတပ်ဖွဲ့ကို ၂၀၀၄ ခုနှစ်က ဖွဲ့စည်းခဲ့ပြီး အမဲပစ်မုဆိုးများကို စောင့်ကြပ်ကြည့်ရှု ဖမ်းဆီးအရေးယူလျက်ရှိကြောင်း၊ ဒေသခံမုဆိုးများထက် အခြားဒေသများမှလာရောက်သော စီးပွားဖြစ်အမဲလိုက် မုဆိုးများ၏ အန္တရာယ်ကို အထူးစောင့်ကြည့်ကာကွယ်နေရကြောင်း ၎င်းကရှင်းပြသည်။ WCS သည် မြန်မာနိုင်ငံအပြင် ကျားတွေ့ရှိရာ အာရှနိုင်ငံများဖြစ်သော အိန္ဒိယ၊ ရုရှား၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ လာအိုနှင့် ထိုင်းနိုင်ငံတို့တွင်လည်း သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကျားထိန်းသိမ်းပညာပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ Tiger Forever Initiative စီမံချက်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ဟူးကောင်းကျားထိန်းသိမ်းရေးနယ်မြေ၏ မြောက်ဘက် ကျားကောင်ရေ အများဆုံးရှာဖွေတွေ့ရှိရာ မူလဟူးကောင်းချိုင့်ဝှမ်းဘေးမဲ့တောအတွင်းရှိ ဧရိယာ စတုရန်းကီလိုမီတာ ၂၀၀၀ ခန့်ကို အထူးဇုန်အဖြစ်သတ်မှတ်ကာ ဂရုတစိုက်ကာကွယ်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း၊ မကြာမီ စတုရန်းမိုင် ၂၄၆၀ အကျယ်အဝန်းရှိ မူလဟူးကောင်းချိုင့်ဝှမ်း ဘေးမဲ့တောဧရိယာနှင့် ဟူးကောင်းကျားထိန်းသိမ်းရေးနယ်မြေတစ်ခုလုံးအထိပါ အဆင့်ဆင့်တိုးမြှင့်ထိန်းသိမ်းကာကွယ်သွားမည်ဖြစ်ကြောင်း WCS (မြန်မာနိုင်ငံအစီအစဉ်) မှ Tiger Coordinator ဦးစောထူးသာပိုက ရှင်းပြသည်။

■

www.foreverspace.com.mm

# သဘာဝဓာတ်ငွေ့များကို ပိုက်လိုင်းသွယ်တန်းရောင်းချရေးနှင့် ဓာတ်ငွေ့ရည်ထုတ်လုပ်ရေးအတွက် မလေးရှားကုမ္ပဏီနှင့် MOI ရေးထိုး

**ရန်ကုန်၊ ဩဂုတ် ၁၃**

မြန်မာနိုင်ငံမှထွက်ရှိမည့် သဘာဝဓာတ်ငွေ့အရင်းအမြစ်များကို အိမ်နီးချင်းနိုင်ငံများသို့ ပိုက်လိုင်းများဖြင့် ပို့လွှတ်ရောင်းချနိုင်ရေးနှင့် သဘာဝဓာတ်ငွေ့ရည်(Liquefied Natural Gas- LNG) အဖြစ် ပြောင်းလဲထုတ်လုပ်ရောင်းချသွားရေးအတွက် စွမ်းအင်ဝန်ကြီးဌာနနှင့် မလေးရှားနိုင်ငံမှ Petrolieum National Berhad (PETRONAS) ကုမ္ပဏီတို့ ဩဂုတ်လ ၉ ရက်နေ့တွင် Memorandum of Intent (MOI) လက်မှတ်ရေးထိုးကြကြောင်း စွမ်းအင်စီမံကိန်းဦးစီးဌာန၏ တရားဝင်သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါစီမံကိန်းနှစ်ခုအတွက် စီးပွားရေးတွက်ခြေကိုက်မှုနှင့် အတတ်ပညာပိုင်းဆိုင်ရာ ဖြစ်နိုင်စွမ်းလေ့လာမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပူးတွဲလေ့လာမှုလုပ်ငန်းများကို စွမ်းအင်ဝန်ကြီးဌာနနှင့် PETRONAS ကုမ္ပဏီတို့မှ ပညာရှင်များ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

မြန်မာနိုင်ငံ၌ တွေ့ရှိထားပြီးဖြစ်သည့် သဘာဝဓာတ်ငွေ့များနှင့် နောက်ထွက်ရှိမည့် သဘာဝဓာတ်ငွေ့အရင်းအမြစ်များကို သဘာဝဓာတ်ငွေ့ရည် LNG အဖြစ် ပြောင်းလဲထုတ်လုပ်ရောင်းချနိုင်မည်ဆိုပါက မြန်မာနိုင်ငံအတွက် အကျိုးများစွာ ဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်အရ သိရသည်။

# နေပြည်တော်နှင့် ပျဉ်းမနားရှိဆိုင်ကယ်များ အခြားမြို့များတွင် သက်တမ်းတိုး

**ရန်ကုန်၊ ဩဂုတ် ၄**

အစိုးရဝန်ကြီးဌာနများ ရုံးစိုက်ရာ နေပြည်တော်နှင့် ပျဉ်းမနားမြို့ရှိ ဆိုင်ကယ်များအားလုံးမှာ ပျဉ်းမနားမြို့ က.ည.နရုံးမှ သက်တမ်းတိုးပေးထားသော ဆိုင်ကယ်များမဟုတ်ဘဲ တပ်ကုန်း၊ လယ်ဝေးလိုင်စင်ရုံးများမှ သက်တမ်းတိုးပေးထားသော တပ်ကုန်း၊ လယ်ဝေးမြို့ အမည်ခံဆိုင်ကယ်များသာဖြစ်ကြောင်း ပျဉ်းမနားမြို့မှ ဆိုင်ကယ်ပိုင်ရှင်တစ်ဦးဖြစ်သူ ဦးကျော်သိန်းက ပြောကြားသည်။

ထိုသို့ဖြစ်ရခြင်းမှာ နေပြည်တော်နှင့်ပျဉ်းမနားမြို့ရှိ ဆိုင်ကယ်များကို ပျဉ်းမနားမြို့ က.ည.နရုံးက ယခုနှစ်ဆန်းမှစတင်၍ ဆိုင်ကယ်လိုင်စင်သက်တမ်းတိုးခြင်း မဆောင်ရွက်ပေးတော့ဘဲ တပ်ကုန်း၊ လယ်ဝေး စသောမြို့များသို့ နယ်ပြောင်းပေးခြင်းကိုသာ ပြုလုပ်ပေး၍ဖြစ်ကြောင်း ၎င်းကဆိုသည်။ ထို့ကြောင့် နေပြည်တော်နှင့် ပျဉ်းမနားမြို့ရှိ ဆိုင်ကယ်များမှာ တပ်ကုန်း၊ လယ်ဝေးမြို့အမည်ခံ ဆိုင်ကယ် ဖြစ်သွားကာ၊ အဆိုပါဆိုင်ကယ်များ နေပြည်တော်နှင့် ပျဉ်းမနားမြို့တွင် စီးနင်းခွင့်ကိုမူ ခွင့်ပြုထားကြောင်း ၎င်းက ရှင်းပြသည်။

လယ်ဝေး၊ တပ်ကုန်းမြို့အမည်ခံဖြစ်သော်လည်း ဆိုင်ကယ်နံပါတ်မှာ မတလနံပါတ်များသာဖြစ်ပြီး ထိုမြို့ က.ည.နရုံးတွင် သက်တမ်းတိုးရာ၌ အခြားမြို့များနည်းတူ ဆိုင်ကယ် အက္ခရာနံပါတ်စုံဖြစ်ပါက ၂နှစ်၊ မအက္ခရာဖြစ်ပါက သုံးနှစ်အသီးသီး သက်တမ်းတိုးပေးခဲ့ခြင်း ဖြစ်သည်။

ယခင်က နေပြည်တော်နှင့် ပျဉ်းမနားမြို့ကို သက်ဆိုင်ရာက ဆိုင်ကယ်ကင်းမဲ့ဇုန်အဖြစ် ဇူလိုင်လမှ စတင်ဆောင်ရွက်ရန်စီစဉ်ခဲ့သော်လည်း ယခုမူ ဆက်လက်စီးနင်းခွင့်ပြုထားခဲ့ခြင်းဖြစ်သည်။ ထိုသို့ ဆိုင်ကယ်ကင်းမဲ့ဇုန်အဖြစ်ဆောင်ရွက်ရန် အစီအစဉ် မပြုလုပ်သေးခြင်းမှာ နေပြည်တော်ရှိ တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်နေသော ဆောက်လုပ်ရေးကုမ္ပဏီတို့သည် ယင်းတို့၏ဝန်ထမ်းများ သွားလာရေးအတွက် ဆိုင်ကယ်ကိုသာ အားထားနေကြရပြီး နေပြည်တော်ရှိ တည်ဆောက်ရေးလုပ်ငန်းများမပြီးစီးသေး၍ ဆောက်လုပ်ရေးလုပ်ငန်းများ အဆင်ပြေစေရန် အချိန်ဆွဲထားခြင်းဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

သို့သော် ဆိုင်ကယ်ကင်းမဲ့ဇုန် စီမံကိန်းကို တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးသွားချိန်တွင် ဆက်လက်အကောင်အထည်ဖော်ဖွယ်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

Associated News

■

www.foreverspace.com.mm



# အမျိုးသားပြတိုက်နှင့် အမျိုးသားစာကြည့်တိုက် နေပြည်တော်တွင်တည်ဆောက်ရန် မြေနေရာရွေးချယ်

**ရန်ကုန်၊ ဩဂုတ် ၁၃**

ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ အမျိုးသားပြတိုက်နှင့် အမျိုးသားစာကြည့်တိုက်တို့ကို အဆောက်အအုံတစ်ခုတည်းတွင် ပူးပေါင်းတည်ဆောက်ရန် နေပြည်တော်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မြေနေရာရွေးချယ်လျက်ရှိကြောင်း အဆိုပါဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ဩဂုတ်လ ဒုတိယပတ်အတွင်း ပြောကြားသည်။

အဆိုပါပြတိုက်နှင့် စာကြည့်တိုက် ပူးတွဲတည်ဆောက်မည့် အဆောက်အအုံပုံစံငယ်သုံးမျိုးကို မြန်မာအင်ဂျင်နီယာများက ဒီဇိုင်းရေးဆွဲ၍ သက်ဆိုင်ရာသို့ အဆိုပြုတင်ပြထားပြီးဖြစ်ကြောင်း၊ ယင်းပုံစံငယ်သုံးခုမှတစ်ခုကို ရွေးချယ်၍ တည်ဆောက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ အဆိုပြုပုံစံငယ်များတွင် ပြတိုက်ကို မြေညီထပ်မှ စတင်ထားရှိပြီး ယင်း၏အပေါ်၌ စာကြည့်တိုက်ထားရှိရန် ဒီဇိုင်းရေးဆွဲအဆိုပြုထားကြောင်း ၎င်း၏အဆိုအရ သိရသည်။ အဆောက်အအုံဆောက်လုပ်ရာတွင် အချိန်ပေးတည်ဆောက်ရမည်ဖြစ်သောကြောင့် ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်နှင့် အမျိုးသားစာကြည့်တိုက်တို့ကို လက်ရှိတည်ရှိသောနေရာများမှ ပြောင်းရွှေ့ရန်မရှိသေးကြောင်း အဆိုပါအရာရှိ၏အဆိုအရ သိရသည်။

# အချိုရည်ဈေးနှုန်း ပြောင်းလဲခြင်းမှာ ကိုးနှစ်အတွင်း အထူးခြားဆုံးဖြစ်

**ရန်ကုန်၊ ဩဂုတ် ၁၄**

နိုင်ငံခြားဖြစ်အချိုရည်များ မြန်မာဈေးကွက်အတွင်း အဝင်လျော့ကျသွားသည့်အတွက် ယင်းအချိုရည်ဈေးနှုန်းများမှာ ခေါက်ချိုးနီးပါးတက်ရိပ်ပြသွားခဲ့ရာ ကိုးနှစ်အတွင်း အထူးခြားဆုံးဖြစ်ကြောင်း ရန်ကုန်မြို့ရှိ အချိုရည်အရောင်းဆိုင်လုပ်ငန်းရှင်တစ်ဦးက Living Color သို့ ပြောကြားသည်။

ထိုကဲ့သို့ နိုင်ငံခြားဖြစ်အချိုရည်ဘူးများအဝင်ရပ်တန့်နေချိန်တွင်ဈေးကွက်အတွင်း နာမည်ရနိုင်ငံခြားဖြစ်အချိုရည်အတုများလည်း ဈေးကွက်အတွင်းတွင် တွေ့ရလျက်ရှိကြောင်း ၎င်းကဆိုသည်။

ရန်ကုန်မြို့တော် ညောင်ပင်လေးဈေးရှိ အချိုရည်လက်ကားဆိုင်များ၏ ပြောကြားချက်အရ ပြည်တွင်းဖြစ် အချိုရည်များသည် ယမန်နှစ်ကထက် ထက်ဝက်ခန့်သာ ရောင်းအားရှိကြောင်းသိရသည်။ ■

# မလေးရှားတွင် မူးယစ်ဆေးဝါးမှုနှင့် စပ်လျဉ်းသော မြန်မာအလုပ်သမားတစ်ဦး သေဒဏ်မှလွတ်မြောက်

**ရန်ကုန်၊ ဇူလိုင် ၉**

မလေးရှားနိုင်ငံ၏ တည်ဆဲဥပဒေအရ မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သော တရားခံများကို သေဒဏ်ပြစ်ဒဏ်ပေးလေ့ရှိသော်လည်း မူးယစ်ဆေးဝါးအမှုနှင့် ဆက်စပ်၍ မလေးရှားနိုင်ငံအတွင်း၌ ထိန်းသိမ်းအရေးယူမှုပြုထားသော မြန်မာအလုပ်သမားတစ်ဦးကိုမူ ထောင်ဒဏ်နှင့် ကြိမ်ဒဏ်သာ ချမှတ်အပြစ်ပေးခဲ့ကြောင်း ဇူလိုင်လ ၆ ရက်နေ့ထုတ် မလေးရှား The Star သတင်းစာတွင် ဖော်ပြချက်အရ သိရသည်။ မလေးရှားနိုင်ငံရောက် မြန်မာအလုပ်သမားတစ်ဦးဖြစ်သူ အသက် ၃၀ နှစ်အရွယ်ရှိ ဟူစိန်မိုဟာမက်ကို ၂၀၀၃ ခုနှစ် မေလ ၉ ရက်နေ့တွင် ဆေးခြောက် ၈၀၈.၃၆ ဂရမ်နှင့်အတူ မလေးရှားနိုင်ငံ ဆမ်ပန်းအန်ပက်မြို့တွင် မလေးရှားရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ပြီး တရားရုံးတွင် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုနှင့် တရားစွဲဆိုခဲ့ကြောင်း၊ တရားရုံးတွင် သုံးနှစ်နီးပါး အမှုရင်ဆိုင်ခဲ့ရပြီး ၂၀၀၆ ခုနှစ် ဇူလိုင်လဆန်းရောက်မှ အမိန့်ချမှတ်နိုင်ခြင်းဖြစ်ကြောင်း၊ တရားသူကြီးက မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုကို မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိမှုသို့ ပြောင်းလဲပေးခဲ့ပြီး သေဒဏ်အစား ထောင်ဒဏ် ၁၀ နှစ်နှင့် ကြိမ်ဒဏ် ၁၀ ချက် ချမှတ်ခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြထားသည်။

Mass Peafowl News

www.foreverspace.com.mm

# မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ် ဖုန်ရင်ရာဇီ ဆီးနှင်းတောင် တက်ရောက်မည်

**ရန်ကုန်၊ ဇူလိုင် ၃၀**



**ဖုန်ရင်ရာဇီဆီးနှင်းတောင်၏အလှ** (ဓာတ်ပုံ–ကျော်သူ (W.K.A) )

မြန်မာနိုင်ငံ၏ ခြေလျင်နှင့်တောင်တက်သမိုင်းတွင် မည်သူတစ်ဦးတစ်ယောက်မျှ ခြေချတက်ရောက်ခဲ့ဖူးခြင်းမရှိသေးသော တောင်ထိပ်တစ်ခု (Virgin Peak) ဖြစ်သည့် ကချင်ပြည်နယ် ပူတာအိုမြို့နယ် အိန္ဒိယနယ်စပ်အနီးရှိ အမြင့်ပေ ၁၄၀၈၀ မြင့်မားသော ဖုန်ရင်ရာဇီဆီးနှင်းတောင်ထိပ်သို့ မြန်မာနိုင်ငံခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်၏ဦးဆောင်မှုဖြင့် တက္ကသိုလ်ကောလိပ်အသီးသီးမှ လက်ရွေးစင် ခြေလျင်နှင့်တောင်တက်အဖွဲ့ဝင်များပါဝင်မည့် တောင်တက်အဖွဲ့သည် လာမည့် ဒီဇင်ဘာလအတွင်း ပထမဦးဆုံးအကြိမ်အဖြစ် တက်ရောက်ကြမည်ဖြစ်ကြောင်း အဆိုပါ အဖွဲ့ချုပ်မှ နည်းစနစ်မှူး ဦးသက်ထွန်းက Living Color သို့ ပြောကြားသည်။

အဆိုပါတောင်ထိပ်သို့ တက်ရောက်နိုင်ရန်အတွက် ဇူလိုင်လအတွင်းက ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြင်းမထိတောင် (၅၈၆၂ ပေ)နှင့် ဆင်တောင်(၆၀၂၀ ပေ) တောင်ထိပ်များသို့ လေ့ကျင့်တက်ရောက်ခဲ့ကြပြီး စက်တင်ဘာလအတွင်း၌ မန္တလေးတိုင်းအတွင်းရှိ ပုပ္ပားတောင် (၄၉၈၁ ပေ)သို့ပါ လေ့ကျင့်တက်ရောက်ကြမည်ဖြစ်ကြောင်း၊ အဆိုပါဖုန်ရင်ရာဇီဆီးနှင်းတောင်ထိပ်သည် ၂၀၀၃ ခုနှစ်က မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်နှင့် ရန်ကုန်တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်းတို့တက်ရောက်ခဲ့ကြသည့် ဖန်ဂရန် ဆီးနှင်းတောင်ထိပ် (၁၄၉၅၀ ပေ)နှင့် မလှမ်းမကမ်းတွင်တည်ရှိပြီး ပူတာအိုမြို့မှ တောင်ထိပ်သို့ အသွားအပြန် နှစ်ပတ်ခန့် ကြာမြင့်မည်ဖြစ်ကြောင်း၊ အဆိုပါ တောင်တက်ခရီးသို့လိုက်ပါရန် လေ့ကျင့်ထားသူများအနက်မှ လက်ရွေးစင်တောင်တက်အဖွဲ့ဝင် ၃၀ ဦးခန့်သာ စိစစ်ရွေးချယ်၍ လိုက်ပါခွင့်ပြုမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

# စက်မှုဇုန်စီမံကိန်းသုံးခု ၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်မည်

**ရန်ကုန်၊ ဩဂုတ် ၁၃**

မြန်မာနိုင်ငံရှိ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တွင် စက်မှုဇုန်စီမံကိန်းသစ်သုံးခုကို လာမည့် ဘဏ္ဍာရေးနှစ်ဖြစ်သည့် ၂၀၀၇ ခုနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း အမှတ် (၁) စက်မှုဝန်ကြီးဌာန၏ တရားဝင်ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ စက်မှုဇုန်သုံးခုကို ကရင်ပြည်နယ်အတွင်းရှိ မြဝတီ၊ ဘားအံနှင့် မွန်ပြည်နယ် မော်လမြိုင်မြို့နယ်တို့တွင် တည်ထောင်သွားရန်ရှိကြောင်း ယင်းထုတ်ပြန်ချက်အရ သိရသည်။ ယင်းစက်မှုဇုန်များ ထူထောင်ပြီးပါက နိုင်ငံသားများအပါအဝင် နိုင်ငံခြားသားများကိုလည်း ပါဝင်ရင်းနှီးမြှုပ်နှံခွင့်ပြုမည်ဖြစ်ရာ ဈေးကွက်အရင်းအနှီးများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ မြန်မာနိုင်ငံအတွင်းသို့ ပိုမိုစီးဝင်လာနိုင်မည်ဖြစ်ကြောင်း ကုန်သည်တစ်ဦးက သုံးသပ်သည်။

မြန်မာနိုင်ငံအနှံ့အပြားတွင် ထူထောင်ပြီး စက်မှုဇုန် ၁၉ ခုရှိပြီးဖြစ်ရာ အဆိုပါစက်မှုဇုန်သစ်များ ထပ်မံ၍ ထူထောင်ပြီးပါက စက်မှုဇုန်စုစုပေါင်း ၂၂ခု ရှိလာမည်ဖြစ်သည်။ ယခုထူထောင်မည့် စက်မှုဇုန်သစ်များတွင် ထိုင်းကုမ္ပဏီများနှင့် ပူးတွဲတည်ထောင်သွားရန် အလားအလာရှိကြောင်း နိုင်ငံတကာသတင်းတစ်ရပ်၏အဆိုအရ သိရသည်။

■

www.foreverspace.com.mm



# မိန်းမလှကျွန်းတောင်ဘက် ကျွန်းမြေ၏ဧရိယာ တိုးလျက်ရှိ

**ဘိုကလေး၊ ဩဂုတ် ၃**

မြန်မာနိုင်ငံရှိ ဒီရေတောများနှင့် မိကျောင်းများအား သဘာဝအတိုင်း ထိန်းသိမ်းထားရှိရာ ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်ရှိ မိန်းမလှကျွန်းသည် ဧရာဝတီမြစ်ပို့ချမှုကြောင့် ၁၂ နှစ်တာကာလအတွင်း ကျွန်း၏တောင်ဘက်ဖျား၌ အလျား ခြောက်ဖာလုံမှ ရှစ်ဖာလုံခန့်အထိ ကျွန်းမြေဧရိယာတိုးလာခဲ့ကြောင်း မိန်းမလှကျွန်းဘေးမဲ့တောမှ အုပ်ချုပ်ရေးမှူး ဦးစိုးလွင်က Living Colorသို့ ပြောကြားသည်။

ဧရာဝတီမြစ်၏ နှစ်စဉ်ပို့ချမှုကြောင့် ကျွန်းတစ်ခုလုံး၏ မြေမျက်နှာပြင် အနိမ့်အမြင့်မှာ ထူးခြားစွာပြောင်းလဲမှုမရှိသော်လည်း ကျွန်း၏တောင်ဘက်ဖျားတွင်မူ မိန်းမလှကျွန်းအား ဘေးမဲ့တောအဖြစ် သတ်မှတ်ကြေညာပြီး စတင်ထိန်းသိမ်းကာကွယ်ခဲ့သည့် ၁၉၉၄ ခုနှစ်မှ ယခု ၂၀၀၆ ခုနှစ်အထိ ၁၂ နှစ်တာကာလအတွင်း ကျွန်းမြေဧရိယာ ခြောက်ဖာလုံမှ ရှစ်ဖာလုံ (တစ်မိုင်ခန့်)အထိ တိုးလာသည်ကိုတွေ့ရကြောင်း၊ မူလက သဲသောင်များအဖြစ် တဖြည်းဖြည်းပို့ချခဲ့ရာမှ နုန်းမြေနှင့်ကျွန်းအဖြစ် အဆင့်ဆင့်ပေါ်ထွန်းလာခဲ့ပြီး ယခုအခါ ဒီရေတောဂေဟဗေဒစနစ် (Mangrove Ecosystem) များပင် ပေါ်ထွန်းနေပြီဖြစ်ကြောင်း၊ ယခုအခါ ယင်းကျွန်းမြေသစ်ပေါ်၌ ကမ်းခြေငှက်မျိုးစိတ်များကို လေ့လာသုတေသနပြုလုပ်နိုင်ရန် ငှက်ကြည့်မျှော်စင်တစ်ခုတည်ဆောက်ထားပေးကြောင်း ၎င်းကဆိုသည်။



မိကျောင်းများကို သဘာဝအတိုင်း ထိန်းသိမ်းကာကွယ်ထားသည်

မြန်မာနိုင်ငံ၌ ဒီရေတောဂေဟဗေဒစနစ်၊ မိကျောင်းနှင့် ရေချိုရေငန်စပ်လိပ်နှင့် ငါးမျိုးစိတ်များကို တစ်နေရာတည်းတွင် လေ့လာသုတေသနပြုနိုင်သည့် ဧရိယာ ၅၂.၇၈ စတုရန်းမိုင်ကျယ်ဝန်းသော မိန်းမလှကျွန်းသည် မူလက အရှေ့ဘက်ကမ်းရှိ ပျဉ်ဒရယ်ကြိုးဝိုင်းနှင့် အနောက်ဘက်ကမ်းရှိ ကဒုံကနိကြိုးဝိုင်းတို့ကဲ့သို့ သဘာဝကြိုးဝိုင်းအဖြစ်တည်ရှိခဲ့ပြီး သစ်တောဦးစီးဌာနသဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနက ၁၉၉၄ ခုနှစ်ဇန်နဝါရီလ ၅ ရက်နေ့ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၉၄ အရ ဘေးမဲ့တောအဖြစ်ထိန်းသိမ်းကာကွယ်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ အဆိုပါကျွန်းအတွင်း ဒီရေတောသစ်မျိုး ၄၀ ခန့်အပါအဝင် သစ်ပင်မျိုးစိတ် ၉၀ ခန့်၊ ပရဆေးပင် ၅၃ မျိုး၊ သစ်ခွမျိုးစိတ် ၁၁ မျိုးပေါက်ရောက်လျက်ရှိပြီး ရေချိုရေငန်စပ် မိကျောင်း၊ လိပ်၊ ဖွတ်၊ ဆတ်၊ ဒရယ်၊ တောကြောင်၊ ခွေးအ၊ ဖျံ၊ လင်းပိုင် အပါအဝင်တောရိုင်းတိရစ္ဆာန်မျိုးစိတ် ၁၈ မျိုး၊ ကုန်းငှက်နှင့်ကမ်းခြေငှက်မျိုးစိတ်ပေါင်း ၁၆၁ မျိုး စသည်တို့ သဘာဝအတိုင်း ရှင်သန်လျက်ရှိကြောင်း သစ်တောဦးစီးဌာန၏ တရားဝင်ထုတ်ပြန်ချက်များအရ သိရသည်။ ■

# စူပရင်းကုမ္ပဏီ၏ ဒုတိယမြောက် ဇီဝဓာတ်မြေသြဇာစက်ရုံ တည်ဆောက်မည်

**ရန်ကုန်၊ ဩဂုတ် ၁၃**

စူပရင်းကုမ္ပဏီများအုပ်စု၏ ဒုတိယမြောက် ဇီဝဓာတ်မြေသြဇာစက်ရုံကို ရှမ်းပြည်နယ်တောင်ပိုင်း အင်းလေးဒေသတွင် တည်ဆောက်မည်ဖြစ်ကြောင်း ၎င်းကုမ္ပဏီ၏ အကြီးအကဲဖြစ်သူ ဒေါက်တာစိန်မြင့်က ပြောကြားသည်။ ယင်းစက်ရုံသည် အင်းလေးကန်အတွင်းရှိ မှော်ဒိုက်များနှင့်အသုံးပြု၍ ဇီဝဓာတ်မြေသြဇာထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ ဇီဝဓာတ်မြေသြဇာထုတ်လုပ်နိုင်မှုပမာဏကို မတွက်ချက်နိုင်သေးကြောင်း ၎င်းက ဆိုသည်။ စူပရင်းကုမ္ပဏီများအုပ်စုသည် မြန်မာနိုင်ငံ၌ ရေသန့်လုပ်ငန်းများ၊ အင်ဂျင်နီယာလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများဖြန့်ဖြူးခြင်းနှင့် ဇီဝမြေသြဇာ ထုတ်လုပ်ခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ■

www.foreverspace.com.mm



# နယ်စပ်ကုန်သွယ်ရေး ကုန်သွယ်မှုတိုးတက်သော်လည်း ရသင့်သည့်အခွန်မရရှိ

**ရန်ကုန်၊ ဩဂုတ် ၁၃**

နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် နှစ်စဉ်ကုန်သွယ်မှုတန်ဖိုး တိုးတက်သော်လည်း အမှန်တကယ်ရသင့်သည့် အခွန်အခများထက် လျော့နည်းရရှိလျက်ရှိရာ များစွာနစ်နာလျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ တရားဝင်ထုတ်ပြန်ချက်အရ သိရသည်။

နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖြစ်သည့် မြန်မာ–ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးစခန်းတွင် ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်၌ မြန်မာဘက်မှ အခွန်ကောက်ခံရရှိမှုမှာ အမေရိကန်ဒေါ်လာ ၇၇၈.၁၃ သန်းရှိခဲ့ပြီး ထိုင်းနိုင်ငံဘက်မှ ကောက်ခံရရှိငွေမှာ အမေရိကန်ဒေါ်လာ ၂၂၁၅.၃၄ သန်းရှိခဲ့ရာ အခွန်ကောက်ခံမှုကွာခြားငွေမှာ အမေရိကန်ဒေါ်လာ ၁၄၃၇.၂၁ သန်းရှိသဖြင့် မြန်မာနိုင်ငံမှ အခွန်ကောက်ခံရာတွင် အခွန်တိမ်းရှောင်မှုများ ဖြစ်ပေါ်လျက်နေသဖြင့် နိုင်ငံအတွက် နစ်နာလျက်ရှိကြောင်း စီးပွား/ကူးသန်းဝန်ကြီးဌာနထုတ် Commerce ဂျာနယ်တွင် အဆိုပါဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက တရားဝင်ထုတ်ဖော်ပြောကြားခဲ့သည်။ အလားတူ မြန်မာ–တရုတ်နယ်စပ်မှ ကုန်သွယ်ရေးစခန်းဖြစ်သည့် မူဆယ် (၁၀၅) မိုင်နယ်စပ်ကုန်သွယ်ရေးစခန်းတွင်လည်း ရသင့်သည့် အခွန်ထက်လျော့နည်းနေကြောင်း အဆိုပါတာဝန်ရှိသူက ဆက်လက်ပြောကြားသည်။ နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် အခွန်ကောက်ခံရရှိငွေ ကွာခြားချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

**မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်း**

ကန်ဒေါ်လာသန်းပေါင်း

| ဘဏ္ဍာရေးနှစ် | မြန်မာ | ထိုင်း | ကွာခြားချက် |
|---|---|---|---|
| ၂၀၀၂–၂၀၀၃ | ၅၃၁.၈၀ | ၁၄၄၂.၈၀ | ၉၁၁.၀၀ |
| ၂၀၀၃–၂၀၀၄ | ၆၈၇.၈၇ | ၁၆၉၁.၁၇ | ၁၀၀၃.၈၀ |
| ၂၀၀၄–၂၀၀၅ | ၇၇၈.၁၃ | ၂၂၁၅.၃၄ | ၁၄၃၇.၂၁ |

**မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးစခန်း**

| ဘဏ္ဍာရေးနှစ် | မြန်မာ | တရုတ် | ကွာခြားချက် |
|---|---|---|---|
| ၂၀၀၂–၂၀၀၃ | ၆၉၆.၁၀ | ၁၀၇၉.၇၀ | ၃၈၃.၆၀ |
| ၂၀၀၃–၂၀၀၄ | ၇၈၀.၅၅ | ၁၀၅၂.၉၀ | ၂၇၂.၃၅ |
| ၂၀၀၄–၂၀၀၅ | ၈၃၇.၇၉ | ၁၂၀၉.၀၀ | ၃၇၅.၆၁ |

# ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်လွှာ ပုံစံသစ်သို့ပြောင်း

**ရန်ကုန်၊ ဇူလိုင် ၂၈**

ဩဂုတ်လလယ်မှစတင်၍ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားမှု၊ လက်ခံစိစစ်မှုမှ လိုင်စင်ခွင့်ပြုသည်အထိ လုပ်ငန်းအဆင့်ဆင့်တွင် ကွန်ပျူတာပရိုဂရမ်အသစ်များနှင့် အွန်လိုင်းစနစ်ကျင့်သုံးဆောင်ရွက်မည်ဖြစ်၍ ပရိုဂရမ်နှင့် လိုက်လျောညီထွေသည့် လျှောက်လွှာပုံစံအသစ်များဖြင့် ပြောင်းလဲလျှောက်ထားရမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ တရားဝင်ထုတ်ပြန်ချက်အရ သိရသည်။

ယခုကဲ့သို့ ပရိုဂရမ်အသစ်များဖြင့် ဆောင်ရွက်မည်ဖြစ်ရာ ယခင်လိုင်စင်လျှောက်ထားရာတွင် ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများထက် ယခုပုံစံတွင် စာရွက်စာတမ်းအရေအတွက်လျော့နည်းသွားမည်ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

ထို့အပြင် ပို့ကုန်သွင်းကုန်လိုင်စင်များအတွက် ETCC (ပို့ကုန်သွင်းကုန်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ)၊ EISC (ပို့ကုန်သွင်းကုန်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ) နှင့် ကုန်သွယ်မှုမူဝါဒကောင်စီများသို့ တင်ပြရမည့် အမှာစာနှင့် ဇယားများကို ကွန်ပျူတာပရိုဂရမ်နှင့် အစီရင်ခံစာပြုစုတင်ပြရမည်ဖြစ်ရာ ယင်းစနစ်နှင့် လိုက်လျောညီထွေသည့် ပို့ကုန်သွင်းကုန်လျှောက်လွှာပုံစံအသစ်များဖြင့် လျှောက်ထားရမည်ဖြစ်ကြောင်း အဆိုပါဌာနမှ စုံစမ်းသိရှိရသည်။

www.foreverspace.com.mm



## ပို့ကုန်သွင်းကုန်လိုင်စင်များ လျှောက်ထားရာတွင် ပူးတွဲတင်ပြရသည့်အထောက်အထားများ ယခင်နှင့် ယခုနှိုင်းယှဉ်ချက်

| စဉ် | အကြောင်းအရာ | ပူးတွဲတင်ပြရသည့်အထောက်အထားစာရွက်စာတမ်းများ | |
|---|---|---|---|
| | | ယခင် | ယခု |
| ၁ | ၂ | ၃ | ၄ |
| ၁။ | ပို့ကုန်လိုင်စင်လျှောက်ထားခြင်း | (၁) ကုမ္ပဏီမှတ်ပုံတင်<br>(၂) ထုတ်ကုန်သွင်းကုန်မှတ်ပုံတင်<br>(၃) UMFCCI အသင်းဝင်မှတ်ပုံတင်<br>(၄) ကုမ္ပဏီ Letter Head ဖြင့် လျှောက်လွှာ<br>(၅) ၆ ကျပ်တန်တံဆိပ်ခေါင်းကပ် ပို့ကုန်လျှောက်လွှာ<br>(၆) Proforma Invoice မူရင်း<br>(၇) Sale Contract<br>(၈) လျှောက်ထားသည့်ပစ္စည်းနှင့် ပတ်သက်သည့်ဌာနဆိုင်ရာ ထောက်ခံစာများ | (၁) ကုမ္ပဏီ Letter Head ဖြင့် လျှောက်လွှာ<br>(၂) ပို့ကုန်လိုင်စင်လျှောက်လွှာပုံစံ<br>(၃) Invoice/ Sale Contract<br>(၄) ဈေးနှုန်းထောက်ခံချက်<br>(၅) သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ၏ထောက်ခံချက်၊ လိုအပ်သော ပို့ကုန်ပစ္စည်းများအတွက် ဌာနဆိုင်ရာထောက်ခံချက်<br>(၆) အခြားတင်ပြချက် |
| ၂။ | သွင်းကုန်လိုင်စင်လျှောက်ထားခြင်း | (၁) ကုမ္ပဏီမှတ်ပုံတင်<br>(၂) ထုတ်ကုန်သွင်းကုန်မှတ်ပုံတင်<br>(၃) UMFCCI အသင်းဝင်မှတ်ပုံတင်<br>(၄) ကုမ္ပဏီ Letter Head ဖြင့် လျှောက်လွှာ<br>(၅) ၆ ကျပ်တန်တံဆိပ်ခေါင်းကပ် သွင်းကုန်လိုင်စင်လျှောက်လွှာ<br>(၆) Proforma Invoice မူရင်း<br>(၇) Sale Contract<br>(၈) Bank Pass Book<br>(၉) Bank Credit နှင့် Debit<br>(၁၀) Export လိုင်စင်မူရင်းနှင့် မိတ္တူ<br>(၁၁) အကောက်ခွန်ထုတ်ကုန်ကြေညာလွှာ (Export Declaration) မူရင်းနှင့် မိတ္တူ<br>(၁၂) Bill of Lading မိတ္တူ (For Export)<br>(၁၃) Invoice မိတ္တူ (For Export)<br>(၁၄) Export ရငွေ(ကိုယ်ပိုင်)အတွက်<br>(၁၅) လျှောက်ထားလာသောပစ္စည်းများနှင့်ပတ်သက်သည့် ဌာနဆိုင်ရာ ထောက်ခံစာများ | (၁) ကုမ္ပဏီ Letter Head ဖြင့် လျှောက်လွှာ<br>(၂) Invoice / Sale Contract<br>(၃) ဝင်ငွေအထောက်အထား<br>(၄) ဈေးနှုန်းထောက်ခံချက်<br>(၅) သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ၏ထောက်ခံချက်၊ လိုအပ်သော သွင်းကုန်ပစ္စည်းများအတွက် ဌာနဆိုင်ရာထောက်ခံချက်<br>(၆) အခြားတင်ပြချက် |

www.foreverspace.com.mm

# City & Guilds (UK)မှ အောင်လက်မှတ် ချီးမြှင့်မည့် ကွန်ပျူတာစာရင်းကိုင်သင်တန်း ဖွင့်လှစ်

**ရန်ကုန်၊ ဩဂုတ် ၉**

အင်္ဂလန်အခြေစိုက် City & Guilds (UK) ၏ IT ဆိုင်ရာ အသက်မွေးဝမ်းကျောင်းဒီပလိုမာသင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ရန်ကုန်မြို့ Ocean Gate Training Centre တွင် City & Guilds (UK) ၏ ကွန်ပျူတာစာရင်းကိုင်သင်တန်းကို မကြာမီ ထပ်မံတိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ယင်းသင်တန်းကျောင်းမှ CEO ဦးသိန်းစိုးက Living Color သို့ ပြောကြားသည်။

အဆိုပါ ကွန်ပျူတာစာရင်းကိုင်သင်တန်းတွင် Peach Tree Software ကို အသုံးပြု၍ Computerized Accounts Environment, Entering and Recording Data, Sales and Purchase Ledgers, Nominal Ledgers, Reporting, Audit and Management Controls စသည့် အကြောင်းအရာများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းကာလမှာ နှစ်လကြာမြင့်မည်ဖြစ်ပြီး စာမေးပွဲဖြေဆိုအောင်မြင်ပြီးပါက City & Guilds (UK) မှ ပေးအပ်ချီးမြှင့်မည့် Certificate in Computerised Accounts အောင်လက်မှတ်ကို ရရှိမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်လိုသူများအတွက် မှတ်ပုံတင်ကြေး ၅၀၀၀ ကျပ်နှင့် သင်တန်းကြေး ၂၅၀၀၀ ကျပ် ကျသင့်မည်ဖြစ်ပြီး စာမေးပွဲတိုက်ရိုက်ဖြေဆိုလိုသူများအတွက် မှတ်ပုံတင်ကြေး ၁၀၀၀၀ ကျပ်ကျသင့်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

အဆိုပါသင်တန်းကျောင်းတွင် City & Guilds (UK) ၏ Diploma in Data Processing and Information Systems နှင့် Certificate in Web Page Design သင်တန်းများကို ဖွင့်လှစ်ပို့ချလျက် ရှိပြီး ယခုထပ်မံဖွင့်လှစ်ပို့ချမည့် Certificate in Computerised Accounts သင်တန်းသည် တတိယမြောက် နိုင်ငံတကာ အသိအမှတ်ပြု အသက်မွေးဝမ်းကျောင်းသင်တန်းဖြစ်သည်။

# မြန်မာ-တရုတ် ပုံမှန်ကုန်သွယ်ရေး ပဲတီစိမ်းအဓိကထား ရောင်းဝယ်

**ရန်ကုန်၊ ဇူလိုင် ၁၆**

မြန်မာနှင့် တရုတ် နှစ်နိုင်ငံကြား ကုန်သွယ်မှုမှာ နွေးကွေးလျက်ရှိသော်လည်း ပုံမှန်ကုန်သွယ်ရေးကဏ္ဍတွင် မြန်မာနိုင်ငံထွက်ပဲတီစိမ်းများကို အဓိကထား၍ ရောင်းဝယ်လျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရှိရသည်။

ပြီးခဲ့သည့် ဇွန်လအတွင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော တရားဝင်စာရင်းများအရ မြန်မာ–တရုတ် နှစ်နိုင်ငံ နယ်စပ်မူဆယ်သို့ တန်ချိန် ၁၈,၀၀၀ ခန့် တင်ပို့ခဲ့ကြောင်း၊ မူဆယ်သို့ မန္တလေးမှတစ်ဆင့် တင်ပို့နေခြင်းဖြစ်ကြောင်း သိရှိရသည်။

မန္တလေးဒေသသို့ ယခုရက်ပိုင်းအတွင်း နေ့စဉ်ပျမ်းမျှ ပဲတီစိမ်းအိတ်သုံး သောင်းခွဲခန့် ဝင်ရောက်နေပြီး ပျော်ဘွယ်၊ ရမည်းသင်းဘက်မှ အဓိကဝင်ရောက်နေကြောင်းနှင့် ရန်ကုန်အပါအဝင် ပဲခူး၊ သနပ်ပင်တို့မှလည်း ဝင်ရောက်လျက်ရှိကြောင်း မန္တလေးမြို့မှလာသော သတင်းများအရ သိရှိရသည်။

ရန်ကုန်ကုန်စည်ဒိုင်တွင် ဇူလိုင် ၁၄ ရက်နေ့ပေါက်ဈေးများအရ ပဲတီစိမ်းသုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၇၀,၀၀၀ ခန့် ရှိနေပြီး မန္တလေးသို့ ပဲတီစိမ်းများ တင်ပို့လျက်ရှိကြောင်းလည်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ သိရှိရသည်။

ဇွန်လဆန်းတွင် မန္တလေး၌ ပဲတီစိမ်းရွှေဝါမှာ သုံးတင်းဝင်တစ်အိတ်လျှင် ၅၄,၀၀၀ ကျပ်မှ ဇွန်လနောက်ဆုံးပတ်အတွင်း ၆၇,၀၀၀ ကျပ်ထိ ဈေးမြင့်လာခဲ့ပြီး ပဲတီစိမ်းကြီးမှာ သုံးတင်းဝင် တစ်အိတ်လျှင် ၅၅,၀၀၀ ကျပ်ထိ ဈေးရလာကြောင်း မန္တလေးမှ ပဲကုန်သည်ကြီးများအဆိုအရ သိရသည်။

မြန်မာ–တရုတ် မူဆယ်နယ်စပ်မှ ပြန်လည်ရောက်ရှိလာသူတစ်ဦး၏ အဆိုအရ မြန်မာနိုင်ငံနှင့် တရုတ်နှစ်နိုင်ငံကြား ကုန်သွယ်မှုမှာ ယခုရက်ပိုင်း ကျဆင်းနေသည်ဟုဆိုနိုင်သော်လည်း ကောက်ပဲသီးနှံများ အများအပြား မူဆယ်သို့ တင်ပို့နေကြပြီး ပဲတီစိမ်းမှာ အဓိကအများဆုံး ရောင်းဝယ်နေသော သီးနှံဖြစ်ကြောင်း သိရသည်။

Associated News

# အင်းလေးဒေသထွက် Ruby Winery ဝိုင် ပြည်ပစျေးကွက်သို့ တင်ပို့မည်

**ရန်ကုန်၊ ဩဂုတ် ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဒေသရှိ ရွှေလဖုန်းကျေးရွာ၌ Ruby Dragon Co., Ltd.က စက်ရုံတည်ထောင်ထုတ်လုပ်လျက်ရှိသော စပျစ်ဝိုင်အမှတ်တံဆိပ်သုံးမျိုးကို လာမည့် ၂၀၀၈ ခုနှစ်မှစတင်၍ ဥရောပစျေးကွက်သို့ ပထမဦးဆုံး စတင်တင်ပို့နိုင်မည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဦးဆလိုင်းခင်မောင်က Living Color သို့ ပြောကြားသည်။

မြန်မာနိုင်ငံ၌ ပြင်သစ်နည်းပညာ ကိုအသုံးပြု၍ နိုင်ငံတကာအဆင့်မီ ပထမဦး ဆုံးထုတ်လုပ်လျက်ရှိသည့် အဆိုပါစပျစ်ဝိုင်များကို Red Mountaing အမှတ်တံဆိပ် 750 ml ဝင်ပုလင်းဖြင့် Rose၊ White နှင့် Red ဟူ၍ အမျိုးအစားသုံးမျိုး ဖြင့် ပြည်ပစျေးကွက်သို့ ထုတ်လုပ်တင်ပို့ဖြန့်ချိသွားမည်ဖြစ်ကြောင်း၊ ဈေးနှုန်းမှာ တစ်ပုလင်းလျှင် အမေရိကန်ဒေါ်လာ ရှစ်ဒေါ်လာခန့် သတ်မှတ်လျာထားပြီး စွမ်းအားပြည့်ထုတ်လုပ်မည်ဆိုပါက စက်ရုံမှ တစ်နှစ်လျှင် ဝိုင်ပုလင်းအရေအတွက် ငါးသိန်းထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

Ruby Dragon Co., Ltd. သည် ထိုသို့ စပျစ်ဝိုင်ထုတ်လုပ်နိုင်ရန်အတွက် ၂၀၀၃ ခုနှစ်မှစတင်ပြီး ယင်းဒေသအတွင်း မြေဧက ၁၀၀ ပေါ်၌ စပျစ်ပင်ပေါင်း နှစ်သိန်းတစ်သောင်းကို စနစ်တကျစိုက်ပျိုးခဲ့ပြီး ၂၀၀၈ ခုနှစ်မတိုင်မီ စိုက်ဧက ၁၀၀ ထပ်မံတိုးချဲ့စိုက်ပျိုးသွားရန်လျာထားကြောင်း၊ ဝိုင်သည် ယမကာအမျိုးအစားများတွင် ပုံမှန်သောက်သုံးပါက ကျန်းမာရေးကို အထောက်အကူပြုစေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

# ရုပ်ရှင်အစည်းအရုံးအခြေခံအလွှာလိုက် အဖွဲ့ဝင်ကတ်များ သီးခြားအမှတ်စဉ်ဖြင့် ထုတ်ပေးမည်

**ရန်ကုန်၊ ဇူလိုင် ၁၄**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကို အခြေခံလွှာ ဆယ်လွှာဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်ရာ အလွှာအလိုက် အစည်းအရုံးအဖွဲ့ဝင်ကတ်များကို သီးခြားအမှတ်စဉ်ဖြင့် ထုတ်ပေးသွားမည်ဖြစ်ကြောင်း မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းဖေက ဇူလိုင်လ ဒုတိယပတ်အတွင်း Living Color သို့ ပြောကြားသည်။

အလွှာအလိုက် အစည်းအရုံးအဖွဲ့ဝင်ကတ်များထုတ်ပေးရာတွင် ယခင်က အဖွဲ့အစည်းတစ်ခုလုံး အမှတ်အလိုက် ကတ်များထုတ်ပေးခဲ့သော်လည်း ယခုအခါ အလွှာဆယ်လွှာမှ သီးခြားအမှတ်စဉ်ဖြင့် ထုတ်ပေးမည်ဖြစ်ရာ ကတ်အမှတ်စဉ်ကို အနုပညာဝါစဉ်အလိုက် ဦးစားပေးသတ်မှတ်ပေးမည်ဖြစ်ကြောင်း၊ ရုပ်ရှင်အနုပညာရှင်များအနေဖြင့် အစည်းအရုံးသို့ လျင်မြန်စွာ အကြောင်းကြား၍ အစည်းအရုံးသို့ဝင်ရောက်ရန် တိုက်တွန်းလိုကြောင်း ဦးမြင့်သိန်းဖေက ပြောကြားသည်။ အဆိုပါဝင်ခွင့်လျှောက်လွှာများ ကို တစ်စောင်လျှင် ၂၀၀ ကျပ်ဖြင့် ဝယ်ယူဖြည့်စွက်လျှောက်ထားရမည်ဖြစ်ပြီး တင်ပြသည့် အချက်အလက်များကို အစည်းအရုံးဖွဲ့စည်းရေးစိစစ်ရေးကော်မတီက စိစစ်ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အသင်းဝင်တစ်ဦးလျှင် ဝင်ကြေးအဖြစ် ကျပ် ၅၀၀၀ ပေးသွင်းရမည်ဖြစ်ပြီး နှစ်နှစ်တစ်ကြိမ် သက်တမ်းတိုးကြေး ကျပ် ၂၀၀၀ ပေးသွင်းရမည်ဖြစ်ကြောင်း အစည်းအရုံးမှ အလုပ်အမှုဆောင်ဒါရိုက်တာ ဦးအောင်စိုးဦးက ရှင်းပြသည်။ အစည်းအရုံးဝင်များ၏ အချက်အလက်များကို ကွန်ပျူတာအတွင်း မှတ်သားသိမ်းဆည်းထားမည်ဖြစ်ပြီး အစည်းအရုံးဝင်ပြီး နောက်ပိုင်း အချက်အလက်များကိုပါ Update ထည့်သွင်းမှတ်သားနိုင်ရန် စီစဉ်ထားကြောင်း ဦးမြင့်သိန်းဖေက ဆိုသည်။

ယခင်ရုပ်ရှင်အစည်းအရုံးဝင်ကတ်ပြားဟောင်းကိုင်ဆောင်ထားသူများလည်း အခြေခံလွှာဝင်ခွင့်နှင့် ကတ်ပြားအသစ် ကို ထုတ်ယူနိုင်ရန်အတွက် ပြန်လည်လျှောက်ထားရန်လိုအပ်ကြောင်း၊ ကတ်ပြားသစ်၏သက်တမ်းကို နှစ်နှစ်သတ်မှတ်ထားကြောင်း ၎င်း၏အဆိုအရသိရသည်။

■



www.foreverspace.com.mm

www.foreverspace.com.mm

# မျက်ပါးရပ်ထွက် ရွှေဆိုင်းများ ရန်ကုန်မှ မှာယူမှုနည်းပါး၍ မန္တလေးဈေးကွက်ကိုသာ အားကိုးနေရ

**ရန်ကုန်၊ ဩဂုတ် ၁၃**

အထက်မြန်မာနိုင်ငံတွင် အနုပညာလုပ်ငန်းဖြင့် ကျော်ကြားသည့် မန္တလေးမြို့တော်ရှိ မျက်ပါးရပ်ကွက်မှ ထုတ်လုပ်သော ရွှေဆိုင်းများကို ရန်ကုန်မှ မှာယူမှုနည်းသွားသဖြင့် မန္တလေးဝန်းကျင်ရှိ တန်ခိုးကြီးဘုရားများဈေးကွက်ကိုသာ အားကိုးနေရသည်ဟု ဩဂုတ်လ ၉ ရက်နေ့က မျက်ပါးရပ်ရှိ ရွှေဆိုင်းလုပ်ငန်းရှင်များက ပြောကြားသည်။

ရန်ကုန်ရှိ တန်ခိုးကြီးဘုရားများဖြစ်ကြသော ရွှေတိဂုံ၊ ဆူးလေ၊ ဗိုလ်တထောင် စသည့် စေတီတို့တွင် ရွှေဆိုင်းကပ်လှူခြင်းလုပ်ငန်းသည် ယခုနှစ်တွင် မိုးရွာသွန်းမှု ပိုများလာသဖြင့် လုပ်ငန်းဆောင်ရွက်သူ နည်းနေသေးကြောင်း၊ ရွှေဆိုင်းများကို ရွှေမချမီ စစ်စီး (သစ်စေး) ဦးစွာသုတ်ရကြောင်း၊ စစ်စီးသည် မိုးများလျှင်မခြောက်ဘဲ စစ်စီးခြောက်မှသာ ရွှေချ၍ရသဖြင့် မိုးများလျှင် စစ်စီးချရန်ခက်ခဲနေသောကြောင့် ရန်ကုန်ရှိ တန်ခိုးကြီးဘုရားများမှ မှာယူမှုနည်းခြင်းဖြစ်ကြောင်း၊ ရာသီဥတုသာယာပြီး ခြောက်သွေ့မှုရှိသည့် မန္တလေး မဟာမုနိဘုရားရှိ အရောင်းဆိုင်တစ်ဆိုင်တွင် တစ်လလျှင် နှစ်လက်မပတ်လည် ရွှေဆိုင်းစည်းရေ ၈၀၀၀ အထိ မှာယူကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

# တစ်မျိုးသားလုံး၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှုတန်ဖိုး ၂၀၀၅ -၂၀၀၆ ဘဏ္ဍာနှစ်တွင် ၁၁ ရာခိုင်နှုန်းကျော် တိုးတက်ဟုဆို

**ရန်ကုန်၊ ဇူလိုင် ၉**

လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အဓိကအားထားနေရဆဲဖြစ်သော မြန်မာနိုင်ငံတွင် ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ် တစ်မျိုးသားလုံး၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှုတန်ဖိုးမှာ ၁၁.၈ ရာခိုင်နှုန်းထိ တိုးတက်မြင့်မားလာကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ပြောကြားသည်။

၂၀၀၆ ခုနှစ် ဇွန်လနောက်ဆုံးပတ်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော သရက်သီး၊ ဖရဲသီးနှင် သခွားမွှေး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် ဝန်ကြီးက ပြောကြားခြင်းဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍမှ ထုတ်လုပ်မှုတန်ဖိုး တိုးတက်မြင့်မားလာခြင်းနှင့်အညီ ကုန်သွယ်မှုပမာဏမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားလာခဲ့ပြီး ယခင်ဘဏ္ဍာရေးနှစ်တွင် သရက်သီးပြည်ပတင်ပို့မှု ကန်ဒေါ်လာ လေးသန်းကျော်ဖိုးရှိရာမှ သုံးဆကျော်၊ ဖရဲသီး လေးသန်းဖိုးမှ နှစ်ဆနီးပါးနှင့် သခွားမွှေး နှစ်ဆခန့် တိုးတက်မြင့်မားလာကြောင်း၊ ဒေသခံပြည်သူများပါ ဝင်ငွေတိုးတက်ရေးအတွက် ဈေးကွက်ဝင် ရာသီသီးနှံများကို မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်၊ အင်တောကျောက်ဂူ၊ မိုင်းပြင်း၊ နောင်ရိုးတစ်ဝိုက်တွင် ဧကသိန်းချီ၍ စိုက်ပျိုးနေပြီဖြစ်ရာ မကြာမီနှစ်များအတွင်း အသီးအပွင့်ခံစားရတော့မည်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားသည်။

ကမ္ဘာပေါ်တွင် သစ်သီးဝလံ ဟင်းသီးဟင်းရွက်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံအပါအဝင် နိုင်ငံအများစုမှ နှစ်စဉ် တိုးချဲ့ထုတ်လုပ်လျက်ရှိပြီး ဗီယက်နမ်နိုင်ငံသည် သစ်သီးဝလံ ဟင်းသီးဟင်းရွက် ပြည်ပတင်ပို့မှုမှ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၇၉ သန်းထိ ဝင်ငွေရရှိနေကြောင်း၊ ထုတ်လုပ်မှု တိုးတက်လာသော မြန်မာ့သစ်သီးဝလံများကိုလည်း မျိုးကောင်းမျိုးသန့်စိုက်ပျိုးမှု၊ သီးပွင့်ချိန်တွင် ပြုစုနည်းပညာပေးခြင်း၊ ဆွတ်ခူးချိန်ထုပ်ပိုးသယ်ဆောင်မှုနည်းပညာပေးခြင်း၊ ပြည်တွင်းဈေးကွက်နှင့် ပြည်ပဈေးကွက်ရှာဖွေပြီး ဈေးကောင်းရအောင်ပြုလုပ်ခြင်း၊ ဈေးကွက်သို့ အပြည့်အဝမပို့နိုင်ခြင်းနှင့် ဈေးနိမ့်ခြင်းများ မဖြစ်ပေါ်နိုင်စေရန် တန်ဖိုးမြှင့်စားသောက်ကုန် (Value Added) များ ပြင်ဆင်ထုတ်လုပ်ရောင်းချခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် အားပေးကူညီသွားမည်ဖြစ်ကြောင်း အဆိုပါအစည်းအဝေးတွင် ဝန်ကြီးက ထည့်သွင်းပြောကြားသည်။ ■

www.foreverspace.com.mm



# နေပြည်တော်သို့ ပို့ကုန်လိုင်စင်လျှောက်ထားရန်မလိုဘဲ မူဆယ်သို့ တိုက်ရိုက်သယ်ယူခွင့်ပြုမည်

**ရန်ကုန်၊ ဇူလိုင် ၂၁**

မြန်မာနိုင်ငံ၏ ပထမဆုံး နယ်စပ်ကုန်သွယ်ရေးဇုန်ဖြစ်သည့် မူဆယ် (၁၀၅) မိုင်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိသော မြန်မာနိုင်ငံထွက် ပဲအမျိုးမျိုး၊ ပြောင်း၊ နှမ်း အပါအဝင် လယ်ယာထွက်ကုန်များကို နေပြည်တော်သို့ ပို့ကုန်လိုင်စင်လျှောက်ထားရန်မလိုဘဲ သယ်ယူနိုင်ပြီဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဇူလိုင်လ ၂၅ ရက်နေ့ ရက်စွဲဖြင့် တရားဝင် သတင်းထုတ်ပြန်ကြေညာသည်။

မြန်မာနိုင်ငံတွင်းမှ တစ်ဖက်နိုင်ငံသို့ တင်ပို့ခြင်းမပြုရန် ကန့်သတ်ထားသောကုန်ပစ္စည်းများမှလွဲ၍ ကျန်ပို့ကုန်ပစ္စည်းများအားလုံးကို ယခုအခါ လိုင်စင်မပြုလုပ်ရသေးမီ မန္တလေးနှင့် ပြင်ဦးလွင်ကြား (၁၆)မိုင် (ထုံးဘို)စခန်းတွင် ကုန်ပစ္စည်းကြေညာပြီး မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ရှိ ပွဲရုံများသို့ ဆက်လက်သယ်ယူနိုင်ပြီဖြစ်ကြောင်း၊ တရုတ်ကုန်သည်များနှင့် ကြိုက်ဈေးရရှိပါက မူဆယ်တွင် ပို့ကုန်လိုင်စင် လျှောက်ထားနိုင်ပြီဖြစ်ကြောင်းလည်း ယင်းထုတ်ပြန်ချက်က ဆိုသည်။

မန္တလေးကုန်စည်ဒိုင်အတွင်းရေးမှူး ဦးမြမောင်၏အဆိုအရ မန္တလေးမှ မူဆယ်သို့ ပဲ၊ ပြောင်း၊ နှမ်း တင်ပို့လိုသူများသည် ယခင်က ရန်ကုန်ရှိ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနသို့ နယ်စပ်ပို့ကုန်လိုင်စင်လျှောက်ထားရပြီး ဇူလိုင်လဆန်းမှစတင်၍ နေပြည်တော်သို့ လိုင်စင်ပြောင်းလဲလျှောက်ထားနေရကြောင်း သိရှိရသည်။

အဆိုပါနယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ ပို့ကုန်လိုင်စင်ခွင့်ပြုချက်ရရှိပါက ယင်းပို့ကုန်လိုင်စင်၊ သယ်ယူမည့်ကားနံပါတ်တို့ တွဲဖက်၍ မန္တလေးရှိ ဒေသအာဏာပိုင်များထံ ခွင့်ပြုစာရရှိရန် ထပ်မံလျှောက်ထားရပြီး ယင်းခွင့်ပြုစာပါရှိနေမှသာ (၁၆) မိုင်စခန်း၊ ရေပူစခန်း စသည့် စစ်ဆေးရေးဂိတ်များက ခွင့်ပြုကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

Associated News

# So Good တံဆိပ်ကြက်သား Door to Door စနစ်ဖြင့် ဖြန့်မည်

**ရန်ကုန်၊ ဇူလိုင် ၂၂**

မြန်မာနိုင်ငံတွင် တိရစ္ဆာန်မွေးမြူရေးနှင့် အစားအစာလုပ်ငန်းများ အင်အားကြီးမားစွာ လုပ်ကိုင်လျက်ရှိသည့် Maykha Industries Limited မှ So Good တံဆိပ် ထုပ်ပိုးပြီးကြက်သားများကို ဈေးကွက်တွင်းရှိ အရောင်းဆိုင်များသို့ Door to Door စနစ်ဖြင့် စတင်ဖြန့်ချိနေပြီဖြစ်ကြောင်း Maykhaမှ ဈေးကွက်မန်နေဂျာ ဦးကျော်စိုးလှိုင်က ပြောကြားသည်။

So Good တံဆိပ် ကြက်သားများမှာ ခြေထောက်၊ ခေါင်းနှင့် ကိုယ်တွင်းကလီစာများမပါရှိဘဲ အသားသီးသန့်ကို အိတ်အကြည်ဖြင့် ထုပ်ပိုးထားကြောင်း၊ လတ်ဆတ်သန့်ရှင်းစေရန် ဖြန့်ပြီးနောက်တစ်ရက် ညနေပြန်သိမ်းစနစ်ဖြင့် လောလောဆယ် ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း၊ ဈေးကွက်အတွင်း ဝယ်နိုင်စွမ်းအားကို ရရှိပြီးပါက တစ်နေ့ကုန်သလောက် ပမာဏသာ အရောင်းဆိုင်များသို့ ပေးပို့မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

So Good တံဆိပ် ကြက်သားများမှာ ကိုယ်တိုင်သားဖောက်မွေးမြူ၍ ထုတ်လုပ်ထားပြီး ကြက်ခြံများနှင့် ထုတ်လုပ်ရေးစက်ရုံအားလုံးတွင် ဇီဝပိုးမွှားကာကွယ်ရေးစနစ် (Biosecurity System) အသုံးပြုကြောင်း၊ သက်ဆိုင်ရာအာဏာပိုင်များမှ ရောဂါကင်းရှင်းကြောင်း စစ်ဆေးပြီး လက်မှတ်များလည်း ရယူထားပြီးဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

Maykha Industries Limited သည် ကြက်သားပေါက်များကို မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးပေးလျက်ရှိပြီး မကြာမီ ကြက်သားထွက်ကုန်ပစ္စည်းများကိုလည်း ဆက်လက်ထုတ်လုပ်ဖြန့်ဖြူးသွားနိုင်ရန် ရည်ရွယ်ထားကြောင်း ၎င်း၏အဆိုအရ သိရသည်။

LIVING COLOR MAGAZINE
526302 , 504496

www.foreverspace.com.mm

# MCC ခန်းမ၌ တစ်နှစ်လျှင် ကျောက်မျက်ပြပွဲ ငါးကြိမ် လက်ခံကျင်းပမည်

**ရန်ကုန်၊ ဩဂုတ် ၁၀**

မြန်မာနိုင်ငံ၏ အကြီးဆုံးနှင့် ခေတ်အမီဆုံး အထွေထွေစုဝေးခန်းမကြီး ဖြစ်သော ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၌ တစ်နှစ်လျှင် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာပြပွဲ ငါးကြိမ်ခန့် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါခန်းမကို တာဝန်ယူစီမံခန့်ခွဲလျက်ရှိသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူး ဦးလှမြင့်ဆွေက Living Color သို့ ပြောကြားသည်။

ထိုသို့ လက်ခံကျင်းပရာ၌ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ကကြီးမှူးကျင်းပသည့် ပြပွဲနှစ်ကြိမ်နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက ကြီးမှူးကျင်းပသည့် ပြပွဲသုံးကြိမ်ခန့် နှစ်စဉ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း၊ ယခင်က အဆိုပါ ကျောက်စိမ်းနှင့်ကျောက်မျက်ရတနာပြပွဲများကို ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ နှစ်စဉ် လက်ခံကျင်းပခဲ့ရာမှ ၂၀၀၆ ခုနှစ်မှ စတင်ပြီး ယင်းထက် နေရာပိုမိုကျယ်ဝန်းသည့် မြန်မာ့ကွန်ဗင်းရှင်းစင်တာ (MCC) သို့ ပြောင်းရွှေ့ကျင်းပခဲ့ကြခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

မြန်မာကွန်ဗင်းရှင်းစင်တာ၌ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ကကြီးမှူးကျင်းပသော ၂၀၀၆ ခုနှစ် မိုးရာသီ ကျောက်စိမ်းအထူးရောင်းချပွဲကို ဇွန်လ ၂၀ ရက်မှ ဇူလိုင် ၂ ရက်နေ့အထိ ပထမဦးဆုံး ကျင်းပခဲ့ပြီး မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ ကျောက်မျက်ရတနာပြပွဲကို ဩဂုတ်လ ၂၈ ရက်မှ စက်တင်ဘာလ ၁ ရက်နေ့အထိလည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ နှစ်လယ်ကျောက်စိမ်းရောင်းချပွဲကို အောက်တိုဘာလ ၁၉ ရက်မှ ၃၁ ရက်နေ့အထိလည်းကောင်း လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

# City & Guilds အင်ဂျင်နီယာ ဒီပလိုမာအောင်မြင်ပြီးသူများ ဩစတြေးလျနှင့် မလေးရှားရှိ Swineburne တက္ကသိုလ်တွင် Foundation တစ်နှစ်လျှော့၍ တက်ရောက်နိုင်

**ရန်ကုန်၊ ဩဂုတ် ၈**

မြန်မာနိုင်ငံ၌ City & Guilds (UK) ၏ အင်ဂျင်နီယာ ဒီပလိုမာရရှိပြီးသူများအနေဖြင့် ဩစတြေးလျနိုင်ငံနှင့် မလေးရှားနိုင်ငံရှိ Swineburne University တွင် Foundation တစ်နှစ်လျှော့ပေ၍တက်ရောက်ခွင့်ရရှိနိုင်မည်ဖြစ်ကြောင်း TECH Training Centre မှ ဒါရိုက်တာ ဒေါ်မြတ်လေးဝေက Living Color သို့ ပြောကြားသည်။

City & Guilds ဒီပလိုမာကို ဂုဏ်ထူး သို့မဟုတ် Credit ရရှိခဲ့သူဖြစ်ပါက Foundation တစ်နှစ်အပြင် စာသင်နှစ် ပထမတစ်နှစ်နှင့် ဒုတိယနှစ်ဝက် စုစုပေါင်း နှစ်နှစ်ခွဲသင်တန်း တက်ရောက်ရန်မလိုဘဲ သင်တန်းကာလ နှစ်နှစ်ခွဲဖြင့် အင်ဂျင်နီယာဘွဲ့ ရရှိမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

အဆိုပါတက္ကသိုလ်သို့ တိုက်ရိုက်တက်ရောက်လိုသူများအနေဖြင့် IELTS ရမှတ် ၅.၅ သို့မဟုတ် TOEFL ရမှတ် ၅၂၅ ရရှိထားရမည်ဖြစ်ကြောင်း၊ အဆိုပါရမှတ်များမရှိပါက Placement Test ဖြေရမည်ဖြစ်ပြီး လိုအပ်ပါက အင်္ဂလိပ်စာသင်တန်းတက်ရောက်ရမည်ဖြစ်ကြောင်း၊ Swineburne University မှ အင်ဂျင်နီယာဘွဲ့ ရယူလိုပါက Foundation (အခြေခံ) တစ်နှစ်နှင့် သင်တန်းနှစ် လေးနှစ် တက်ရောက်ရမည်ဖြစ်ပြီး Mechanical, Mechatronic, Electronic, Electrical Power, Civil Engineering ဘွဲ့ဒီဂရီများရယူနိုင်ကြောင်း ၎င်းက ဆိုသည်။

City & Guilds Engineering သင်တန်းကို ၁၉၉၈ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံတွင် စတင်ဖွင့်လှစ်ခဲ့ပြီး နှစ်စဉ် ဇွန်လနှင့် ဒီဇင်ဘာလတွင် စာမေးပွဲများ ကျင်းပလျက်ရှိကာ အဆိုပါ အင်ဂျင်နီယာ ဒီပလိုမာများကို အင်္ဂလန်နိုင်ငံမှ တိုက်ရိုက်ချီးမြှင့်ပေးခြင်းဖြစ်သည်။

■

www.foreverspace.com.mm



# မလေးရှားက ထုတ်ပေးမည့် ဆိုက်ရောက်ဗီဇာ တစ်လသက်တမ်းပြည့်လျှင် ပြန်လည်ပြုလုပ်ရမည်

**ရန်ကုန်၊ ဩဂုတ် ၁၃**

မလေးရှားအစိုးရက ၂၀၀၇ ခုနှစ် ခရီးသွားနှစ်ကို အရှိန်မြှင့်ရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံပေါင်း ၂၃ နိုင်ငံမှ ခရီးသည်များအား ထုတ်ပေးမည့် ဆိုက်ရောက်ဗီဇာမှာ တစ်လသက်တမ်းသာဖြစ်ကြောင်း၊ သက်တမ်းပြည့်ပါက နိုင်ငံတွင်းမှ ထွက်ခွာပြီး တစ်ဖန်ပြန်ဝင်လာကာ ရင်းဂစ် ၁၀၀ ဖြင့် အဆိုပါဆိုက်ရောက်ဗီဇာအား ပြန်လည်ပြုလုပ်ကြရမည်ဖြစ်ကြောင်း မလေးရှား ပြည်ထဲရေးဝန်ကြီး ဒါတွက်ခ်ဆာရီရာဒီရှိတ်ခ်က ပြောကြားသည်။

မြန်မာနိုင်ငံသားများအပါအဝင် နိုင်ငံပေါင်း ၂၃ နိုင်ငံမှ နိုင်ငံသားများအား စက်တင်ဘာ ၁ ရက်နေ့မှ စတင်ထုတ်ပေးမည့် အဆိုပါ ဆိုက်ရောက်ဗီဇာသည် လေဆိပ်မှလာရောက်သူများအတွက်သာဖြစ်ကြောင်း၊ ဗီဇာပြုလုပ်ရာ၌ ရင်းဂစ် ၁၀၀ ကုန်ကျမည်ဖြစ်ရာ သက်ဆိုင်ရာနိုင်ငံများ၌ ပြုလုပ်သည်ထက် ပိုမိုကုန်ကျနိုင်စရာရှိကြောင်း၊ ယင်းသို့စီစဉ်ရသည့် ရည်ရွယ်ချက်မှာ ခရီးသွားလုပ်ငန်းအရှိန်အဟုန်မြှင့်တင်သည့်သဘောအပြင် မိမိနိုင်ငံအတွင်း၌ပင် ခရီးသည်များ ငွေသုံးစေချင်သောကြောင့်လည်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ယင်းအစီအစဉ်သည် မလေးရှားဗီဇာလျှောက်ရခက်ခဲသည့် တရုတ်လူမျိုးများအတွက် များစွာအဆင်ပြေစေမည်ဖြစ်သည်။ အကယ်၍ မလေးရှားနိုင်ငံ၏ လုံခြုံရေးကို ခြိမ်းခြောက်မည့် အရိပ်အယောင်များမတွေ့ရပါက နောင်နှစ်တွင်လည်း ယင်းအစီအစဉ်ကို ဆက်လက်စီစဉ်ထားရှိပေးမည်ဖြစ်ကြောင်း သိရသည်။

# သံရည်ကျိုစက်ရုံများအတွက် ကန်ဒေါ်လာငါးသန်းဖိုး စက်ပစ္စည်းများတင်သွင်း

**ရန်ကုန်၊ ဩဂုတ် ၉**

ပုဂ္ဂလိကပိုင် စက်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများတွင် ပြည်တွင်း၌ အကြီးဆုံးစက်ရုံများဖြစ်သော မန္တလေး၊ မုံရွာ၊ တောင်ကြီး(အေးသာယာ) စက်မှုဇုန်များရှိ သံရည်ကျိုစက်ရုံတွင် တပ်ဆင်အသုံးပြုမည့် စက်ပစ္စည်းကိရိယာထုတ်လုပ်သည့် စက်များကို ပြည်ပနိုင်ငံများမှ အမေရိကန်ဒေါ်လာ ငါးသန်းဖိုးဝယ်ယူတင်သွင်းခဲ့ကြောင်း အမှတ် (၂) စက်မှုဝန်ကြီးဌာန ထုတ်လုပ်ရေးနှင့် ရောင်းချဖြန့်ဖြူးရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထိုစက်ရုံများတွင် သွန်းလောင်းသံအလုပ်ရုံ၊ သံပုံထောင်းအလုပ်ရုံနှင့် စက်ခုတ်စားအလုပ်ရုံများရှိပြီး အဆိုပါ အလုပ်ရုံများအတွက် စက်ပစ္စည်းထုတ်စက်ကြီးများကို ဂျပန်၊ တရုတ်၊ ဂျာမနီ စသောနိုင်ငံမျိုးစုံမှ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း ယခုအခါ စက်ပစ္စည်းအားလုံးရောက်ရှိလာပြီဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါ စက်ရုံများရှိ သွန်းလောင်းသံအလုပ်ရုံ၊ သံပုံထောင်းအလုပ်ရုံ၊ စက်ခုတ်စားအလုပ်ရုံများအတွက် ပြည်ပမှ ဝယ်ယူတပ်ဆင်အသုံးပြုရသော စက်ပစ္စည်းထုတ်စက်ကြီးများတွင် အဓိက စက်အစိတ်အပိုင်းများကိုသာ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ထိုစက်ကြီးများတွင် တပ်ဆင်အသုံးပြုရန်နှင့် ယင်းစက်ကြီးများနှင့် တွဲဖက်အသုံးပြုရသော စက်ပစ္စည်းအချို့ကို ပြည်တွင်းစက်ရုံများမှာပင် ထုတ်လုပ်အသုံးပြုလျက်ရှိကြောင်း၊ အချို့စက်ပစ္စည်းများကို အမှတ် (၂) စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံများမှ ယာယီငှားရမ်းအသုံးပြုလျက်ရှိကြောင်း၊ ထိုသို့ ပြုလုပ်ခြင်းမှာ စက်ပစ္စည်းများအားလုံးကို ပြည်ပမှ ဝယ်ယူပါက ဈေးနှုန်းကြီးမြင့်မှုကြောင့် ကုန်ကျစရိတ်သက်သာစေရန် ပြည်တွင်းမှ ထုတ်လုပ်သည့် စက်ပစ္စည်းများကို တွဲဖက် အသုံးပြုရခြင်းဖြစ်ကြောင်း ယင်းက ပြော ကြားသည်။

အဆိုပါစက်ရုံများကို ၂၀၀၄ ခုနှစ် နှစ်ဆန်းပိုင်းမှ စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ သွန်းလောင်းသံ အလုပ်ရုံ၌ ပြင်ပမှ အပ်ထည်မျိုးစုံကို တွင်ကျယ်စွာထုတ်လုပ်ပေးနေပြီဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

Associated News

www.foreverspace.com.mm



# ဒဂုံ-ဇေယျာ အဝေးပြေးယာဉ်ရပ်နားစခန်း၌ ပွဲရုံနှင့် တည်းခိုဆောင်များ တိုးချဲ့ဆောက်လုပ်

**ရန်ကုန်၊ ဩဂုတ် ၁၁**

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ဒဂုံ–ဇေယျာပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နား စခန်းဝင်းအတွင်း၌ ပွဲရုံ၊ ကုန်သိုလှောင်ရုံ နှင့် တည်းခိုဆောင်များ တိုးချဲ့တည် ဆောက်ရန် မြေကွက်များ သတ်မှတ် ဖော်ထုတ်ရောင်းချလျက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာန လက်ထောက်ဌာနမှူး ဦးမင်းလွင်က Living Color သို့ ထုတ်ဖော်ပြောကြားသည်။

ဧရိယာအကျယ်အဝန်းစုစုပေါင်း ၁၃၄.၄၁၃ ဧကရှိသော အဆိုပါပွဲရုံနှင့် ယာဉ်ရပ်နားစခန်းဝင်းအတွင်းရှိ လက်ရှိ တည်ဆောက်ဖွင့်လှစ်ပြီးဖြစ်သော အဝေး ပြေးကားဂိတ်နှင့် ဆိုင်ခန်းများပါဝင်သည့် အဆောက်အအုံ လေးလုံးအပြင် ပေ ၄၀× ၆၀ အကျယ်အဝန်းရှိ လယ်ယာ ထွက်ကုန်ပစ္စည်းပွဲရုံ မြေကွက် ၂၇၀ ကွက်၊ လယ်ယာသုံးစက်ကိရိယာပစ္စည်းပွဲရုံ မြေကွက် ၁၅၃ ကွက်၊ ကုန်မာနှင့်အထွေ ထွေကုန်ပစ္စည်းပွဲရုံ မြေကွက် ၂၂၂ ကွက်၊ ရေထွက်ပစ္စည်းပွဲရုံမြေကွက် ၁၁၈ ကွက်၊ ကုန်သိုလှောင်ရုံမြေကွက် ၃၄ ကွက်နှင့် တည်းခိုဆောင်ဆောက်လုပ်ရန်အတွက် မြေကွက် ၂၁ ကွက် စုစုပေါင်း မြေကွက် ၈၁၈ ကွက်ကို ဖော်ထုတ်နေရာချ ရောင်း ချပေးလျက်ရှိကြောင်းနှင့် မြေကွက်တစ် ကွက်၏တန်ဖိုးမှာ ကျပ်သိန်း ၅၀ သတ် မှတ်ထားကြောင်း ၎င်းကဆိုသည်။

ဒဂုံ–ဇေယျာပွဲရုံနှင့် အဝေးပြေးယာဉ် ရပ်နားစခန်းကို ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီအခွန်ဌာနက ၂၀၀၃ ခုနှစ် ဧပြီလတွင် တာဝန်ယူဖွင့်လှစ်ခဲ့ပြီး ဇေယျာဝတီတိုင်းအတွင်းရှိ မြို့နယ်အသီးသီး သို့ အဝေးပြေးကားဂိတ်ပေါင်း ၄၈ ဂိတ်မှ နေ့စဉ်ပျမ်းမျှ အဝေးပြေးယာဉ် ၁၂၀ စီးခန့် ထွက်ခွာပြေးဆွဲလျက်ရှိသည်။

# နိုင်ငံတကာ ပညာရေးဆွေးနွေးပွဲများ ခန့်မှန်းထားသလောက် မြန်မာလူငယ်ထုအား ဆွဲဆောင်နိုင်ခြင်းမရှိ

**ရန်ကုန်၊ ဇူလိုင် ၃၁**

အာရှနှင့် အနောက်နိုင်ငံအချို့တို့မှ တက္ကသိုလ်၊ ကောလိပ်များအနေနှင့် နိုင်ငံ ရပ်ခြားပညာရေးကို ပိုမိုတန်ဖိုးထားလာ ကြသော မြန်မာကျောင်းသားများအား ၎င်းတို့၏တက္ကသိုလ်၊ ကောလိပ်များ၌ ပညာသင်ယူကြစေရန် ကြော်ငြာသည့် သဘောဖြင့် ရန်ကုန်နှင့် မန္တလေးမြို့ကြီး များ၌ ဆွေးနွေးပွဲများကျင်းပကာ ဆွဲဆောင် ကြသော်လည်း ပညာသင်စရိတ်မှာ ငွေ ကြေးအတော်အတန်ရှိထားသော ကျောင်း သားမိဘများပင် မတတ်နိုင်လောက်အောင် ကြီးမြင့်လွန်းသဖြင့် မှန်းဆထားသလောက် မဆွဲဆောင်နိုင်ကြောင်း အဆိုပါဆွေးနွေး ပွဲသို့ တက်ရောက်လေ့လာခဲ့သူ ကျောင်း သားတစ်ဦး၏အဆိုအရ သိရသည်။

ရန်ကုန်ရှိ ဟိုတယ်ကြီးတစ်ခု၌ စင်ကာပူကျောင်းတစ်ကျောင်းက အစား အစာနှင့် အဖျော်ယမကာသင်တန်းအပါ အဝင် ပညာရေးဟောပြောပွဲကျင်းပရာ တက်ရောက်နားထောင်မည့်သူ ၁၀၀ ဦး ထက်မနည်းရှိလိမ့်မည်ဟု မူလကမှန်းဆ ထားသော်လည်း တကယ်တမ်းတက် ရောက်နားထောင်သူမှာ ၁၅ ဦးခန့်သာ ရှိနေသေးကြောင်း၊ ယင်းဆွေးနွေးပွဲကို

www.foreverspace.com.mm



တာဝန်ယူကျင်းပပေးသော မြန်မာဘက်မှ ကိုယ်စားလှယ်တစ်ဦးက ယင်းဟိုတယ်မှ စည့်ကြိုများ၊ စားပွဲထိုးများနှင့် အစားအသောက် တာဝန်ယူသူများကို အကူအညီတောင်းကာ ဝင်ထိုင်ခိုင်းရသည်အထိ ဆွေးနွေးပွဲများကို လာရောက်သူနည်းပါးသွားကြောင်း ယင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သူတစ်ဦးက ဆိုသည်။

ပညာရေးဆွေးနွေးပွဲကျင်းပပြီး နှစ်ပတ်အတွင်း အသေးစိတ်လာရောက်စုံစမ်းသူ ငါးဦး၊ ခြောက်ဦးရှိကြောင်း၊ သို့သော်မိဘနှင့် တိုင်ပင်ရဦးမည်ဆိုကာ ပေါ်မလာကြတော့ကြောင်း ကိုယ်စားလှယ်တစ်ဦးက ၎င်း၏အတွေ့အကြုံကို ပြောပြသည်။

ပညာရေးဆွေးနွေးပွဲများကို တက်ရောက်လေ့လာသည့် လူငယ်တစ်ဦးက "ယခင်က (ပညာရေး)ဆွေးနွေးပွဲများကို တော်တော်စိတ်ဝင်စားခဲ့ကြောင်း၊ Scholarship တစ်ဝက်ပေးသော်လည်း အိမ်က သတ်မှတ်ထားသည့် ငွေပမာဏနှင့် မည်သို့မျှ ပညာသင်၍ရမည်မဟုတ်ကြောင်း၊ နိုင်ငံခြားပညာသင်ရန် အခြားနည်းလမ်းများရှာကြံရမည်၊ ကျောင်းများကိုတော့ အင်တာနက်မှ စုံစမ်း၍လည်းရသည်"ဟု ပြောဆိုခဲ့သည်။

နိုင်ငံရပ်ခြားပညာသင်သွားနိုင်ကြသူအားလုံး၏ ၉၀ ရာခိုင်နှုန်းကျော်မှာ ပြည်ပရှိ ဖောင်ဒေးရှင်းများ၊ အဖွဲ့အစည်းများက ချီးမြှင့်သော ပညာသင်စရိတ်နှင့် ပညာသင်နေကြသူများဖြစ်သည့်အလျောက် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံမှ ကျောင်းသားများအနေဖြင့် ပညာသင်ဆုပေးတတ်ကြသည့် ယင်းအဖွဲ့အစည်းများကိုသာ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ချဉ်းကပ်နေကြရသည်ကို တွေ့ရသည်။

LIVING COLOR MAGAZINE
526302 , 504496

# နေပြည်တော်အနီး၌ နွားမွေးမြူရေး ဦးစားပေး ဆောင်ရွက်မည်

**ရန်ကုန်၊ ဇူလိုင် ၂၀**

နွားမွေးမြူရေးလုပ်ငန်း တိုးတက်စေရန်နှင့် ပြည်ပမှတင်သွင်းရသည့် နို့ထွက်ပစ္စည်းပမာဏလျော့ကျစေရန် ရည်ရွယ်၍ နေပြည်တော်အနီးတစ်ဝိုက်၌ နွားမွေးမြူရေးလုပ်ငန်းကို ပထမဦးစားပေးအစီအစဉ်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နို့စားနွားမွေးမြူရေးနှင့် နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်ရောင်းချသူများအသင်း အတွင်းရေးမှူး ဒေါက်တာခင်လှိုင်က ဇူလိုင်လ ပထမပတ်အတွင်း ပြောကြားသည်။

အဆိုပါနွားမွေးမြူရေးလုပ်ငန်းကို တပ်ကုန်း သို့မဟုတ် အေလာမြို့တောင်ဘက်အနီးတွင် ဇုန်သတ်မှတ်ရန်လျာထားကြောင်း နွားမွေးမြူရေးလုပ်ငန်းသာမက နို့ချက်စက်ရုံပါ တည်ဆောက်ရန်စီစဉ်နေကြောင်း၊ နွားမွေးမြူလိုသူများအနေဖြင့် ကြိုတင်စီစဉ်ထားပြီး စီမံကိန်းများ အကောင်အထည်ဖော်ပြီးပါက အကြောင်းကြားမည်ဟု သိရှိရသည်။

နွားမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံအထက်ပိုင်းမှ မြဘုရင်၊ ယူနီစန်၊ မိတ္ထီလာတောမ နို့ဆီချက်လုပ်ငန်းနှင့် ရန်ကုန်မှ GM နွားနို့လုပ်ငန်းတို့က ကြိုတင်လေ့လာမှုများ ပြုလုပ်လျက်ရှိကြောင်း ၎င်းကဆိုသည်။

မြန်မာနိုင်ငံတွင် ကျွဲ၊ နွားကောင်ရေ ၁၄ သန်းခွဲခန့်ရှိပြီး ယင်းအနက် နို့စားနွားကောင်ရေ ၀.၅၅ သန်းပါဝင်ကြောင်း၊ နိုင်ငံတစ်ဝန်းလုံးတွင် နို့စားနွားမွေးမြူရေးခြံအရေအတွက်မှာ နွားနှစ်ကောင်မှ ငါးကောင်ကြားမွေးမြူသည့်ခြံ ၉၀၀၀ ခန့်၊ နွားခြောက်ကောင်မှ အကောင် ၂၀ ကြားမွေးမြူသည့်ခြံ ၁၅၀၀ ခန့်၊ အကောင် ၂၀ အထက်မွေးမြူသည့်ခြံ ၃၀၀ ခန့်ရှိကြောင်း မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ တရားဝင်ထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။

---

# BIMSTEC နိုင်ငံများ၏ လွတ်လပ်သော ကုန်သွယ်မှုဇရိယာထူထောင်ရေး လာမည့်နှစ် ဖေဖော်ဝါရီတွင် အပြီးသတ်ဆွေးနွေးမည်

**ရန်ကုန်၊ ဩဂုတ် ၁၃**

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း နိုင်ငံများ၏ နည်းပညာနှင့် စီးပွားရေး ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အဖွဲ့ဝင်နိုင်ငံများ (BIMSTEC)၏ လွတ်လပ်သော ကုန်သွယ်မှုဇရိယာထူထောင်ရေး အတွက် အပြီးသတ်သဘောတူညီချက်ကို လာမည့်နှစ် ဖေဖော်ဝါရီလအတွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြီးခဲ့သည့် ဩဂုတ်လ ၁၁ ရက်နေ့က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပပြီးစီးသွားခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးများအဆင့် အစည်းအဝေး အပြီး သတင်းထုတ်ပြန်ခဲ့သည်။

၁၉၉၇ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် အဆိုပါဘင်းစတက်အဖွဲ့ဝင်နိုင်ငံတွင်

www.foreverspace.com.mm

မြန်မာနိုင်ငံအပါအဝင် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့ ပါဝင်ပြီး ဘင်းစတက်နိုင်ငံများ၏ ပထမဦးဆုံးအကြိမ်ထိပ်သီးညီလာခံကို ပြီးခဲ့သည့် ၂၀၀၄ ခုနှစ်၌ထိုင်းနိုင်ငံ ဖူးခက်တွင် ကျင်းပခဲ့သည်။ ယခုလာမည့် ဒုတိယအကြိမ် ဘင်းစတက်နိုင်ငံများ၏ ထိပ်သီးညီလာခံကို အိန္ဒိယနိုင်ငံတွင် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်သည်။

ဘင်းစတက်နိုင်ငံများ၏ လွတ်လပ်သောကုန်သွယ်မှုဧရိယာ ထူထောင်ခြင်းဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုတိုးပွားလာဖွယ်ရှိသည်ဟု အဆိုပါသတင်းက ဆိုသည်။ အထူးသဖြင့် ဒေသတွင်းနိုင်ငံများအတွင်း ပို့ဆောင်ရေး၊ စွမ်းအင်ကဏ္ဍ၊ လုံခြုံရေး၊ ခရီးသွားလုပ်ငန်းများအတွက် ပူးပေါင်းလုပ်ကိုင်သွားမည် ဖြစ်သည်။

ဘင်းစတက်နိုင်ငံများ၏ လွတ်လပ်သောကုန်သွယ်မှုဧရိယာ ထူထောင်ခြင်းဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ တိုးပွားစေခြင်းအပြင် ဒေသတွင်း၌ လူမှုစီးပွားဖွံ့ဖြိုးမှုတိုးမြှင့်ရေးနှင့် ယှဉ်ပြိုင်မှုများကို မြှင့်တင်ပေးရာရောက်မည်ဖြစ်သည်။

# Organic စနစ် စိုက်ပျိုးနည်း ပိုမိုအသုံးပြုသင့်

**ရန်ကုန်၊ ဩဂုတ် ၁၄**

ဥရောပနိုင်ငံအများစုနှင့် အချို့နိုင်ငံများတွင် Organic စနစ်ဖြင့် စိုက်ပျိုးထားသည့်သီးနှံများကို ဝယ်ယူစားသုံးလာကြခြင်းကြောင့် ဒေသတွင်းပို့ကုန်သီးနှံလုပ်ငန်းရှင်များအနေဖြင့် Organic စနစ် စိုက်ပျိုးနည်းကို အသုံးပြုနိုင်ရန် ကြိုးပမ်းသင့်ကြောင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောကြားသည်။

Organic စနစ်ဖြင့် စိုက်ပျိုးထားသောသီးနှံများမှာ အခြားစနစ်ဖြင့် စိုက်ပျိုးထားသည့်သီးနှံများ၏ ရောင်းဈေးထက်ပိုမိုရရှိသောကြောင့် ဒေသတွင်းအိမ်နီးချင်းနိုင်ငံများတွင် Organic စိုက်ခင်းများ တည်ထောင်စိုက်ပျိုးလျက်ရှိရာ အောင်မြင်မှုများရရှိလျက်ရှိကြောင်း ပုဂ္ဂလိကစိုက်ပျိုးရေးလုပ်ငန်းရှင်တစ်ဦးကဆိုသည်။ နှမ်းကို ဂျပန်ကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်း၍ ရှမ်းပြည်နယ်တွင် Organic စနစ်ဖြင့် ယခင်က စိုက်ပျိုးခဲ့ရာ အောင်မြင်မှုများရရှိခဲ့သော်လည်း နောက်ပိုင်းတွင် နှမ်းကို ပြည်ပတင်ပို့ခွင့်မပြုခဲ့ကြောင်း၊ ယခုလက်ရှိတွင် ဂျာမနီနိုင်ငံမှလည်း ယင်းစနစ်ဖြင့် သီးနှံများ စိုက်ပျိုးလိုကြောင်း၊ ကမ်းလှမ်းမှုများရှိနေရာ စိုက်ပျိုးသူများအနေဖြင့် အဆိုပါစနစ်ကို အသုံးပြုစိုက်ပျိုးသင့်ကြောင်း စိုက်ပျိုးရေးပညာရှင်တစ်ဦးက ဆိုသည်။

Organic သီးနှံများ စိုက်ပျိုးရာတွင် ဓာတ်ကြွင်းအာနိသင်ရှိသည့် မြေသြဇာများမပါရှိရေးမှာ အရေးပါသကဲ့သို့ စိုက်ပျိုးမြေသည် ယခင်ဓာတ်မြေသြဇာသုံးမြေဖြစ်ပါက ဓာတ်ကြွင်းအာနိသင်ရှိမရှိ လေ့လာပြီးမှ စိုက်ပျိုးရန်လိုအပ်ပြီး စိုက်ပျိုးချိန်တစ်လျှောက်တွင်လည်း သဘာဝနည်းအတိုင်းသာ ပြုစုပျိုးထောင်ရန်လိုအပ်ကြောင်း အဆိုပါပညာရှင်က ပြောကြားသည်။

# Myanmar Zircon Co., Ltd. အား CGH၏ Medical Associate အဖြစ် ခန့်အပ်

**ရန်ကုန်၊ ဩဂုတ် ၆**

Myanmar Zircon Co., Ltd. အား မြန်မာနိုင်ငံ၏ Medical Associate အဖြစ် ခန့်အပ်၍ မြန်မာနိုင်ငံမှ ဆရာဝန်များနှင့် Changi General Hospital (CGH) ဆရာဝန်များဆေးကုသမှုနှင့် ဆေးပညာဆိုင်ရာ နီးနှောဖလှယ်ပွဲများကို ကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း Myanmar Zircon Co.,Ltd. မှ CEO ဖြစ်သူ ဒေါက်တာသန်းထွဋ်က ပြောကြားသည်။

အဆိုပါ Medical Associate အဖွဲ့ဝင်အဖြစ် ခန့်အပ်ခြင်း အခမ်းအနားကို ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်တွင် ဩဂုတ်လ ၆ ရက်နေ့က ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ တာဝန်ရှိသူများ၊ ပြည်သူ့ဆေးရုံကြီးများမှ ဆရာဝန်ကြီးများ၊ အထူးကုဆေးရုံ၊ ဆေးခန်းများမှ ဆရာဝန်များ တက်ရောက်ခဲ့ကြောင်း၊ Myanmar Zircon Co., Ltd. မှတစ်ဆင့် ဆေးပညာနှင့် ပတ်သက်သောသတင်းအချက်အလက်များ၊ ဗဟုသုတများကို ပြည်သူလူထုထံ ကျန်းမာရေးအသိပညာပေးခြင်း၊ အချင်းချင်းနီးနှောဖလှယ်ခြင်း၊ ဆွေးနွေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

Changi ဆေးရုံသို့ လွှဲပြောင်းပေးအပ်သောလူနာများကို Myanmar Zircon Co., Ltd. က ဆေးကုသမှုနှင့် ပတ်သက်သော သတင်းအချက်အလက်များပေးခြင်း၊ ခရီးသွားလာရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်းနှင့် CGH ရှိ ဆရာဝန်များနှင့် ရက်ချိန်းယူပေးခြင်း အစရှိသည်တို့ကို ဝန်ဆောင်ပေးလျက်ရှိကြောင်း ၎င်းတို့အဆိုအရ သိရသည်။ ■

www.foreverspace.com.mm



# တရုတ် SIMAO DEFU ကုမ္ပဏီ ၂၀၃၅ ခုနှစ်၌ 'ဝ' အထူးဒေသတွင် ရော်ဘာတန်ချိန် တစ်သိန်းကျော် ထုတ်လုပ်မည်

**ရန်ကုန်၊ ဇွန် ၂၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အခြေစိုက် SIMAO DEFU COMMERCIAL TRADING ကုမ္ပဏီက ရှမ်းပြည်နယ် အမှတ် (၂) 'ဝ' အထူးဒေသဇုန်အတွင်းရှိ လောက်ကိုင် အထူးဒေသတွင် ရော်ဘာစိုက်ခင်းများ စိုက်ပျိုးရင်းနှီးမြှုပ်နှံလျက်ရှိရာ ၂၀၃၅ ခုနှစ်တွင် အဆိုပါစိုက်ခင်းများမှ ရော်ဘာတန်ချိန် ၁၁၅၂၀၀ ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားကြောင်း အဆိုပါကုမ္ပဏီ၏ တာဝန်ရှိသူတစ်ဦးဖြစ်သူ Mr. Wang Xueping က Living Color သို့ ပြောကြားသည်။

မြန်မာနိုင်ငံအစိုးရနှင့်ပူးပေါင်း၍ ရှမ်းပြည်နယ် 'ဝ' အထူးဒေသဇုန်ရှိ လောက်ကိုင် အထူးဒေသတွင် တရုတ်ယွမ် ၂၉၀ သန်းတန်ဖိုးရှိ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရင်းနှီးမြှုပ်နှံမှုကို ၂၀၀၅ ခုနှစ် နိုဝင်ဘာ ၈ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ရော်ဘာပင်များစိုက်ပျိုးရန် ငါးနှစ်အချိန်ယူရမည်ဖြစ်ပြီး ရော်ဘာစိုက်ခင်း ဧက ၂၀၀၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း၊ ၂၀၃၅ ခုနှစ်တွင် တရုတ်ယွမ် ၁၃၈၂.၄ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် တစ်သိန်းကျော် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် အဆိုပါရော်ဘာပင်များမှ တရုတ်ယွမ် ၁၅၀ သန်းတန်ဖိုးရှိ ရော်ဘာသစ်ထုထည် ၁၅၀၀၀၀ ကုဗမီတာ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း Mr.Wang Xueping က ထပ်လောင်းပြောကြားသည်။

SIMAO DEFU COMMERCIAL TRADING ကုမ္ပဏီကို ၂၀၀၄ ခုနှစ် စက်တင်ဘာလတွင် စတင်တည်ထောင်ခဲ့၍ နယ်စပ်ကုန်သွယ်ရေးနှင့် တရုတ်ပြည်မကြီး ကုန်သွယ်ရေးကို ဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် အကြီးစားစက်ပစ္စည်းများ၊ နေ့စဉ်သုံး အခြေခံလူသုံးကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ ကျောက်မျက်ရတနာ၊ သစ်တောကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာများကို ဦးစားပေးဆောင်ရွက်နေသော နိုင်ငံခြားကုန်သွယ်မှုကုမ္ပဏီကြီးတစ်ခု ဖြစ်သည်။


Mass Peafowl News

ROYAL Express

- မြန်မာပုံနှိပ်မီဒီယာလောကအတွင်းမှ လစဉ် အပတ်စဉ်ထုတ် မဂ္ဂဇင်း၊ စာစောင်များကို အိမ်တိုင်ရာရောက်အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးနေသည့် ဝန်ဆောင်မှုလုပ်ငန်းဖြစ်ပါသည်။
- Myanmar Partners Think Tank Group မှ ထုတ်ဝေဖြန့်ချိနေသော Living Color မဂ္ဂဇင်း၊ The Voice Weekly နှင့် ခေတ်မြန်မာ Weekly တို့ကိုလည်း အိမ်အရောက်ပို့ဝန်ဆောင်မှုပေးခဲ့သည့် လုပ်ငန်းဖြစ်ပါသည်။
- Living Color Media အနေဖြင့် Royal Express ၏ ဝန်ဆောင်မှုအပေါ် များစွာကျေနပ်မှုရှိပါသည်။
- Royal Express Services Group နှင့် စိတ်ချယုံကြည်စွာ ဆက်သွယ်ဆောင်ရွက်ကြည့်စေလိုပါကြောင်းတိုက်တွန်းလိုပါသည်။

အမှတ်(၁၁၄)၊ ပထမထပ်၊ ၄၉လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၂၉၇၉၀၉၊ ၀၉-၅၁၁၀၃၇၆၊ ဖက်(စ်) - ၂၉၇၉၀၉

www.foreverspace.com.mm









# မြန်မာ - တရုတ်

## နယ်စပ်ကုန်သွယ်ရေးအပြောင်းအလဲ

Associated News





www.foreverspace.com.mm



**မြန်မာနိုင်ငံအတွင်း ပြောင်းလဲဖြစ်ပေါ်လာခဲ့သော ဈေးကွက်စီးပွားရေးစနစ်၏ရလဒ်အဖြစ် အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်မှတစ်ဆင့် ကုန်သွယ်မှုပမာဏသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာလျက်ရှိရာ မြန်မာ–တရုတ် နယ်စပ်ကုန်သွယ်ရေးသည် အအောင်မြင်ဆုံးဖြစ်ခဲ့ပြီး အချိုးအကွေ့များစွာကိုလည်း ဖြတ်သန်းခဲ့ရသည်။**

တရုတ်–မြန်မာ နယ်စပ်ကုန်သွယ်ရေးသည် ၁၉၈၀ ပြည့်လွန်နှစ်များအတွင်း ယူနန်ပြည်နယ်၏ စက်မှုဖွံ့ဖြိုးမှုနှင့်အတူ ဖြစ်ပေါ်ခဲ့ပြီး ၁၉၈၈ ခုနှစ်အထိ မှောင်ခိုစီးပွားရေးအဖြစ် လုပ်ကိုင်ခဲ့ကြသည်။ ဒုတိယအချိုးအကွေ့မှာ ဈေးကွက်စီးပွားရေးစနစ်သို့ စတင်ကူးပြောင်းသည့် ၁၉၈၉ ခုနှစ်တွင် စတင်ခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးကို လူတိုင်းတရားဝင်လုပ်ကိုင်နိုင်သောအဆင့်သို့ ကူးပြောင်းခဲ့သည်။ ၁၉၉၂ ခုနှစ်ခန့်တွင် နယ်စပ်မှ သစ်တင်ပို့မှုများ အကြီးအကျယ်ဖြစ်ထွန်း၍ တတိယအချိုးအကွေ့တစ်ခုသို့ ရောက်ရှိခဲ့သည်။ ထိုကာလတွင် တစ်နိုင်ကုန်သည်များ တဖြည်းဖြည်းပျောက်ကွယ်သွားပြီး လုပ်ငန်းရှင်ကြီးများ၊ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့များ စတင်ကြီးစိုးလာခဲ့သည်ကို တွေ့ရသည်။ ၁၉၉၄ တွင် နယ်စပ်သစ်တင်ပို့မှုများကို အရေးယူခဲ့ရာတွင် စတုတ္ထအချိုးအကွေ့တစ်ခုကိုရောက်ရှိခဲ့ပြီး ၁၉၉၇ နောက်ပိုင်း သွင်းကုန်ထုတ်ကုန်လိုင်စင်များ တင်းကျပ်လိုက်ချိန်မှစ၍ မှောင်ခိုလုပ်ငန်းများ ပြန်လည်ပေါ်ပေါက်လာခဲ့ပြီး ပဉ္စမအချိုးအကွေ့တစ်ခုကို ရောက်ရှိခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် နယ်စပ်မှောင်ခိုလုပ်ငန်းအပေးအယူများကို အရေးယူရာတွင် ဆဋ္ဌမမြောက် အချိုးအကွေ့တစ်ခုကို မြင်တွေ့ခဲ့ရပြီး လွန်ခဲ့သော ၂၀၀၆ ဖွန်လတွင် မှောင်ခိုစီးပွားရေးလုပ်ငန်းများကို ထပ်မံအရေးယူရာတွင် သတ္တမမြောက်အချိုးအကွေ့တစ်ခုသို့ ရောက်ရှိခဲ့သည်။ ယခုအခါ နယ်စပ်ကုန်သွယ်ရေးပမာဏ ကျဆင်းသွားနေသော်လည်း စနစ်ကျနသော ပုံသဏ္ဍာန်သစ်တစ်ခု ပေါ်ပေါက်လာရေးကို အစိုးရမှ ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ယခင်ခေတ်အခါက အကောက်ခွန်မဲ့ မှောင်ခိုကုန်သွယ်မှုအဖြစ် လုပ်ကိုင်ခဲ့သော နယ်စပ်ဒေသကုန်သွယ်ရောင်းဝယ်မှုများသည် ၁၉၉၅ ခုနှစ်မှစတင်၍ တရားဝင် နယ်စပ်ကုန်သွယ်ရေးအဖြစ် လုပ်ကိုင်လာနိုင်ခဲ့ပြီး ယခုအခါ အဆိုပါနယ်စပ်ကုန်သွယ်ရေးကို ပိုမိုခိုင်မာသောဘဏ်စနစ်များ အသုံးပြုကာ ပုံမှန်ကုန်သွယ်ရေးအဖြစ် ပြောင်းလဲရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာနိုင်ငံ၏ အရင်းနှီးဆုံး အိမ်နီးချင်းနိုင်ငံနှင့် နယ်စပ်ချင်းကုန်သွယ်ဆက်ဆံမှုပြုရာ မူဆယ်ဒေသသည် East-West Corridor ခေါ် အရှေ့အနောက်စီးပွားရေး စင်္ကြံလမ်းကြောင်းပေါ်တွင်ပါ အချက်အချာကျစွာ တည်ရှိနေသည်ဖြစ်၍ Trasit ကုန်သွယ်မှုလုပ်ငန်းများအတွက်ပါ များစွာအရေးပါလာမည်ဖြစ်ရာ ခေတ်မီကုန်သွယ်ရေးဇုန်ကြီးဖြစ်လာမည့် မူဆယ် (၁၀၅)မိုင်ကို လေ့လာခြင်းဖြင့် နယ်စပ်ကုန်သွယ်ရေးကို ထိထိရောက်ရောက် အသုံးပြု၍ နိုင်ငံ့ဝင်ငွေတိုးတက်ရရှိအောင် ကြံဆနိုင်ခြင်း၊ တရားမဝင်ဆောင်ရွက်ရမှုများကို အမှန်အတိုင်းသိမြင်၍ နိုင်ငံအတွက် အခွန်ငွေကို အမှန်တကယ်ရရှိသော ကုန်သွယ်မှုပမာဏအတိုင်းရရှိခြင်း စသော အကျိုးကျေးဇူးများရှိမည်မှာ အသေအချာပင်ဖြစ်သည်။

မြန်မာနိုင်ငံအစိုးရသည် နှစ်နိုင်ငံချစ်ကြည်ရေးတိုးတက်စေရန်၊ နှစ်နိုင်ငံကုန်သွယ်မှုတိုးတက်စေရန်၊ နယ်စပ်ကုန်သွယ်မှုကို ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းပေါ်သို့ ကူးပြောင်းရောက်ရှိစေရန်၊

www.foreverspace.com.mm




နိုင်ငံမှ ရသင့်ရထိုက်သောအခွန်အခများ အပြည့်အဝရရှိစေရန် အစရှိသောရည်ရွယ်ချက်များဖြင့် နယ်စပ်ကုန်သွယ်ရေး တိုးတက်စေရန် အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် ပမာဏများပြားလာသော နယ်စပ်ကုန်သွယ်မှုများမှ နိုင်ငံအတွက် အခွန်အခများ စနစ်တကျရရှိလာနိုင်ရေးအလို့ငှာ ပုံမှန်ကုန်သွယ်ရေးဖြင့် ပြောင်းလဲပုံဖော်လျက်ရှိပြီး ဘဏ်စနစ်များဖြင့် ဆောင်ရွက်ခြင်းအပါအဝင် ဈေးကွက်လက်ဝယ်ရရှိရေးအတွက် ကုန်သွယ်ရေးဇုန်များ တည်ဆောက်ခြင်း၊ အများပိုင်ကုမ္ပဏီများအသွင်ဖွဲ့စည်းခြင်း စသည်ဖြင့် ပုံမှန်ကုန်သွယ်ရေး၏ စီးပွားရေးအခြေခံအဆောက်အဦများကို ၂၀၀၅ ခုနှစ်မှစတင်၍ တစ်စထက်တစ်စ တိုးချဲ့ဖော်ဆောင်လာလျက်ရှိသည်ကို တွေ့ရပါသည်။

လတ်တလော မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးအခြေအနေသည် ဘဏ်စနစ်ကို အသုံးပြုခြင်းမရှိခဲ့သော စနစ်မှ ဘဏ်ချင်းချိတ်ဆက်ရောင်းဝယ်သော ပုံမှန်ကုန်သွယ်ရေးအဖြစ် ဖော်ဆောင်ရန် အားယူနေသော အချိန်ကာလဖြစ်သည့်တိုင်၊ နေ့ချင်းညချင်း အဆင့်မီသော စီးပွားရေးအခြေခံအဆောက်အဦများဖြင့် ဘောင်သွင်းလုပ်ကိုင်နိုင်ခြင်းမရှိသေးသည့်တိုင်၊ လိုအပ်ချက်နှင့် အားနည်းချက်များရှိနေဆဲဟု ပြောဆိုနေသည့်တိုင် မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများအတွက် တိုးတက်မှုအလားအလာကောင်းများသည် ၂၀၀၆ ခုနှစ်အတွင်း စတင်ဖွင့်လှစ်လိုက်သည့် မြန်မာ့ပထမဆုံး နယ်စပ်ကုန်သွယ်ရေးဇုန် မူဆယ် (၁၀၅)မိုင်စခန်းမှသည် စတင်တွေ့မြင်နေပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ၎င်းနှင့်ဆက်စပ်နေသော အိမ်နီးချင်း ငါးနိုင်ငံနှင့် နယ်စပ်ဒေသများမှ ရေရှည်တည်တံ့ခိုင်မြဲသည့် တည်ငြိမ်သောစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများဖြစ်ပေါ်လာစေရန်အတွက် မြန်မာ–တရုတ် မူဆယ်(၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်မှသည် ထိုင်းနယ်စပ် မြဝတီ၊ ကော့သောင်းကုန်သွယ်ရေးဇုန်၊ ဘင်္ဂလားဒေ့ရှ်နယ်စပ် မောင်တောကုန်သွယ်ရေးဇုန် စသည်ဖြင့် မြန်မာကုန်ပစ္စည်းများ ဈေးကွက်လက်ဝယ်ရရှိရေးအတွက် ပြောင်းလဲဆောင်ရွက်လာနေခြင်းမှာ မြန်မာနိုင်ငံသား

**မြန်မာနိုင်ငံ၏ ပထမဦးဆုံးနှင့် အကြီးဆုံးနယ်စပ်ကုန်သွယ်ရေးဇုန်ဖြစ်သည့် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်**



www.foreverspace.com.mm



များ၏စီးပွားရေးအခွင့်အလမ်းကောင်း များ ပေါ်ပေါက်လာရုံမျှမက ပြည်တွင်း လူနေမှုဘဝမြင့်တက်လာရေးအတွက် အထောက်အပံ့ကောင်းများ ဖြစ်ပေါ်လာ စေမည်ဟု မျှော်လင့်ရပါလိမ့်မည်။

## မြန်မာနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေး နောက်ခံအခြေအနေများ

၂၀၀၆ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့ တွင်ဖြစ်သည်။ မူဆယ် (၁၀၅)မိုင်မှ စီးပွားရေးကိစ္စဖြင့်ပြန်လာသူ ဦးမြင့်ဇော် အောင်နှင့် ၄င်း၏မိတ်ဆွေတို့ စီးနင်းလာ သော ခရီးသည်တင်တိုယိုတာဗင်ကား သည် လားရှိုးမြို့အနီး ရေပူစစ်ဆေးရေး စခန်းမရောက်မီ ရွာတစ်ရွာရှေ့တွင် ထိုး ရပ်လိုက်သည်။ ကားရပ်လိုက်သည်နှင့် စောင့်ဆိုင်းနေကြသော ရေပူအကောက်ခွန် စစ်ဆေးရေးစခန်းကို ကွင်းရှောင်ဖြတ် သန်းမည့် ဆိုင်ကယ်ကယ်ရီသမားတို့သည် လှုပ်လှုပ်ရွရွဖြစ်သွားကြသည်။

ကွမ်းယာများ အဆက်မပြတ်ဝါးနေ သော အသက် ၄၅ နှစ်ခန့်အရွယ် ယာဉ် မောင်းက ကွမ်းတံတွေးတစ်ချက် ပျစ်ခနဲ ထွေးကာ ဦးခေါင်းဆတ်ပြလိုက်သည်နှင့် ထိုကားပေါ်တွင် တင်ဆောင်လာသော အကောက်ခွန်မဲ့တင်သွင်းလာသည့် ကုန် ပစ္စည်းများကို ကားထဲမှ စတင်သယ်ယူ ကြလေသည်။




ထိုင်းနယ်စပ်ဝင်ပေါက်ဂိတ်တစ်ခုဖြစ်သည့် ကော့သောင်းမြို့

"ဒီလိုမြင်ကွင်းမျိုးက ၁၉၈၀ ခုနှစ် ဝန်းကျင်က မော်လမြိုင်နဲ့ ကလေး၊ တမူး ဘက်က ခေတ်စားခဲ့တဲ့မှောင်ခိုကုန်သည် တွေရဲ့မြင်ကွင်းကို ပြန်အမှတ်ရစရာပါပဲ" ဟု ဦးမြင့်ဇော်အောင်က ဆိုပါသည်။

"အဲဒီခေတ်ဝန်းကျင်က ရန်ကုန်–

**ဇယား (၁)**

**မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်း၏**
**၂၀၀၅ ခုနှစ်နှင့် ၂၀၀၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ကာလတူကုန်သွယ်မှုပမာဏ နှိုင်းယှဉ်ချက်**

**တန်ဖိုး–ဒေါ်လာသန်းပေါင်း**

| စဉ် | လအမည် | ၂၀၀၅ ခုနှစ် | | | ၂၀၀၆ ခုနှစ် | | | ကုန်သွယ်မှုပမာဏ အတိုး/အလျော့ (+/–) |
|---|---|---|---|---|---|---|---|---|
| | | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှု ပမာဏ | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှု ပမာဏ | |
| ၁။ | ဇန်နဝါရီလ | ၂၆.၁၂၆ | ၁၄.၈၃၃ | ၄၀.၉၅၉ | ၃၁.၁၃၄ | ၂၄.၉၀၉ | ၅၆.၁၄၃ | (+) ၁၅.၀၈၄ |
| ၂။ | ဖေဖော်ဝါရီလ | ၂၅.၁၀၂ | ၁၁.၄၉၀ | ၃၆.၅၉၂ | ၂၂.၆၃၆ | ၂၀.၀၀၁ | ၄၂.၇၁၉ | (+) ၆.၁၂၇ |
| ၃။ | မတ်လ | ၃၅.၃၀၉ | ၁၉.၈၀၈ | ၅၅.၁၁၇ | ၃၀.၉၂၂ | ၂၀.၁၃၇ | ၅၁.၀၅၉ | (–) ၄.၀၅၈ |
| ၄။ | ဧပြီလ | ၂၀.၁၇၁ | ၁၃.၀၇၉ | ၃၄.၁၅၀ | ၂၂.၂၂၀ | ၂၂.၈၀၄ | ၄၅.၀၂၄ | (+) ၁၀.၉၇၄ |
| ၅။ | မေလ | ၃၁.၄၉၀ | ၁၇.၇၆၇ | ၄၉.၂၅၇ | ၂၉.၅၆၂ | ၂၂.၄၀၆ | ၅၁.၉၇၈ | (+) ၂.၇၂၁ |
| ၆။ | ဇွန်လ | ၂၅.၁၂၀ | ၁၅.၉၉၇ | ၄၁.၁၁၇ | ၄၂.၅၇၇ | ၂၁.၆၆၁ | ၆၄.၂၄၅ | (+) ၂၃.၁၂၈ |
| | **စုစုပေါင်း** | **၁၆၃.၃၁၈** | **၉၃.၇၇၄** | **၂၅၇.၀၉၂** | **၁၇၉.၀၅၁** | **၁၃၂.၀၀** | **၃၁၁.၀၆၈** | **(+) ၅၃.၉၇၆** |

(**Source : စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**)

www.foreverspace.com.mm





**ရှမ်းပြည်နယ်မြောက်ပိုင်းရှိ နယ်စပ်ကုန်သွယ်ရေးခရီးလမ်းမြင်ကွင်း**

မန္တလေးရထား ရန်ကုန်ဇရိယာကို ဝင်လာပြီဆိုရင် ရထားက အရှိန်လျှော့မောင်းလာတယ်။ ရထားပေါ်မှာ မန္တလေးကနေ အိန္ဒိယနယ်စပ်က အကောက်ခွန်မဲ့ ချည်ထုပ်တို့၊ ပလေကပ်ပုဆိုးတို့၊ စက်ဘီးပစ္စည်းတို့ အောက်ကိုပစ်ချကြတယ်။ ရန်ကုန်ဘူတာကြီးကို မဖြတ်ကြတော့ဘူး"ဟု မလွှကုန်းဘူတာအနီးနေထိုင်သူ ဦးဇော်ဇော်မောင်က ဆိုပါသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် တရားဝင်အခွန်အခများပေးဆောင်၍ ကုန်သွယ်စေသည့် နယ်စပ်ကုန်သွယ်ရေးစခန်းများကို ၁၉၉၅ ခုနှစ်မှစ၍ ကုန်သွယ်ရေးစခန်း ၁၃ ခုအထိ ဖွင့်လှစ်လာခဲ့သော်လည်း ယခုကဲ့သို့ တရားမဝင်ကုန်သွယ်မှုများသည် မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုပမာဏအများဆုံးဟုဆိုရမည့် မူဆယ်ကုန်သွယ်ရေးစခန်းတွင်သာမက အခြားကုန်သွယ်ရေးစခန်းများတွင်လည်း တွေ့ရှိနိုင်သော များစွာခြားနားခြင်းမရှိသည့် ဆင်တူယိုးမှားဖြစ်ရပ်များလည်း ဖြစ်ပါသည်။

"နယ်စပ်ဒေသအားလုံး တညီတညွတ်တည်း ပုံမှန်ကုန်သွယ်ရေးဖြစ်အောင် လုပ်ရပါလိမ့်မယ်။ တစ်ပိုင်းက Normal၊ တစ်ပိုင်းက Border သွားနေရင် ကုန်သွယ်မှု ကမောက်ကမ ဖြစ်နိုင်တယ်"

မြန်မာပို့ကုန်သွင်းကုန်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်သိန်းဆွေက ဇူလိုင် ၁၇ ရက်နေ့က မွေးမြူရေးနှင့်ရေလုပ်ငန်းရှင်များသို့ ပြောကြားသောစကား ဖြစ်ပါသည်။

သို့ရာတွင် နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်ရေးသို့ တညီတညွတ်တည်းမပြောင်းလဲမီ သဘောသဘာဝများအရ အခက်အခဲအတားအဆီးများရှိနိုင်ပြီး ယင်းအခက်အခဲအတားအဆီးများပေါ်တွင် ကိုယ်ကျိုးရှာစီးပွားရေးသမားများကလည်း အခွင့်ကောင်းယူလျက် ရှိကြပါသည်။

ရေပူစခန်းအနီး အကောက်ခွန်စခန်းရှောင်ကွင်းသည့် အထက်ပါဖြစ်ရပ်မတိုင်မီ ဇွန်လလယ်ခန့်မှစတင်၍ မြန်မာအစိုးရသည် အကောက်ခွန်ဝန်ထမ်းများ၏ လာဘ်ပေးလာဘ်ယူကိစ္စများကို ထိရောက်စွာအရေးယူခဲ့ခြင်းနှင့် အကောက်ခွန်ဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ပိုမိုတိကျစွာဆောင်ရွက်လာခဲ့ခြင်းကြောင့် တရားမဝင်ကုန်သွယ်လိုသည့် အခွန်ရှောင်သူများသည် ယင်းကဲ့သို့ တရားမဝင်နည်းလမ်းများသုံး၍ ဆောင်ရွက်နေခြင်းဖြစ်သည်ဟုလည်း ဦးမြင့်ဇော်အောင်က ရှင်းပြသည်။

"ကျွန်တော်တို့က ခရီးသည်ပါ။ တစ်ယောက် ၂၅,၀၀၀ ပေးပြီး မန္တလေးကို ပြန်လာကြတာပါ။ ကားပေါ်ပါတဲ့ အဲဒီအကောက်ခွန်မဲ့ပစ္စည်းတွေကို ကားဆရာကသူ့အစီအစဉ်နဲ့သူ သယ်လာတာပါ"ဟု ယင်းကားပေါ်တွင် လိုက်ပါလာသူ ဦးအောင်နေလင်းက ပြောပါသည်။

သို့ရာတွင် ယခုခရီးသည်တင်ဗင်ကားဖြင့် အကောက်ခွန်မဲ့ တင်သွင်းလာမှုသည် ဆယ်ဘီးတပ်ကုန်တင်ယာဉ်ကြီးများဖြင့် တင်သွင်းနေမှုများနှင့် နှိုင်းယှဉ်ပါက ပြောပလောက်သောအခြေအနေတွင်မရှိပါဟု မူဆယ်ဒေသခံစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ဆိုပါသည်။

### နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန
### ၁–၂–၂၀၀၆ ရက်နေ့မှ ၂၈–၂–၂၀၀၆ ရက်နေ့ထိ ပို့ကုန်/သွင်းကုန်တန်ဖိုးနှိုင်းယှဉ်ချက်

**တန်ဖိုး–သန်းပေါင်း**

| စဉ် | စခန်း အမည် | ပို့ကုန်တန်ဖိုး | | | | | | သွင်းကုန်တန်ဖိုး | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဒေါ်လာ | ကျပ် | စင်ကာပူ ဒေါ်လာ | ယွမ် | ဘတ် | ယူရို | ဒေါ်လာ | ကျပ် | စင်ကာပူ ဒေါ်လာ | ယွမ် | ဘတ် | ယူရို |
| ၁။ | မူဆယ် | ၁၄.၃၃၉၅ | ၃၇၁၃.၀၁၆၀ | – | ၂၅.၉၃၂၆ | – | ၀.၆၁၃၇ | ၁၂.၅၈၀၁ | ၄၅၁၆.၉၂၁၅ | – | ၁၄.၅၆၂၄ | – | ၀.၂၈၆၅ |
| ၂။ | လွယ်ဂျယ် | – | ၃၈၈.၃၁၄၀ | – | – | – | – | – | ၂၁.၆၀၃၆ | – | – | – | – |
| ၃။ | လိုင်ဇာ | – | – | – | – | – | – | – | ၃၁.၂၈၇၈ | – | – | – | – |
| ၄။ | ချင်းရွှေဟော် | – | – | – | – | – | – | – | ၁.၃၅၅၁ | – | – | – | – |
| ၅။ | ကန်ပိုက်တီး | – | – | – | – | – | – | – | – | – | – | – | – |
| ၆။ | တာချီလိတ် (ဝမ်ပုံ) | ၀.၀၄၈၈ | ၅၃၆.၂၅၈၂ | – | – | – | – | – | ၂၉၈.၈၅၃၁ | – | – | – | – |
| ၇။ | မြဝတီ | ၀.၁၀၆၀ | ၂၄၃၇.၅၁၄၆ | – | – | ၀.၄၀၀၀ | – | ၀.၁၇၀၉ | ၃၂၂၉.၇၀၈၇ | – | – | – | ၀.၀၀၇၄ |
| ၈။ | ကော့သောင်း | – | ၁၉၁၆.၄၉၈၈ | – | – | – | – | ၀.၉၈၃၂ | ၁၆၈၈.၁၃၄၅ | – | – | – | – |
| ၉။ | ဘုရားသုံးဆူ | – | – | – | – | – | – | – | – | – | – | – | – |
| ၁၀။ | မြိတ်(FOB) | ၄.၅၄၉၁ | – | – | – | – | – | – | – | – | – | – | – |
| ၁၁။ | စစ်တွေ | ၁.၁၀၄၄ | – | – | – | – | – | ၀.၀၉၂၇ | – | – | – | – | – |
| ၁၂။ | မောင်တော | ၀.၂၀၀၉ | – | – | – | – | – | ၀.၀၂၆၇ | – | – | – | – | – |
| ၁၃။ | တမူး | – | ၃၉၂.၄၄၉၀ | – | – | – | – | – | ၇၉.၇၄၄၂ | – | – | – | – |
| ၁၄။ | ရိဒ် | – | ၄၁၀.၀၃၂၃ | – | – | – | – | – | ၄၀၅.၄၅၈၃ | – | – | – | – |
| | **စုစုပေါင်း** | **၂၀.၃၄၈၇** | **၉၇၉၄.၀၈၂၉** | **–** | **၂၅.၉၃၂၆** | **၀.၄၀၀၀** | **၀.၆၁၃၇** | **၁၃.၈၅၃၆** | **၁၀၂၇၃.၀၆၆၈** | **–** | **၁၄.၅၆၂၄** | **–** | **၀.၂၉၃၉** |

| စဉ် | စခန်း အမည် | ပို့ကုန်/သွင်းကုန် ကွာခြားချက် (+/–) | | | | | |
|---|---|---|---|---|---|---|---|
| | | ဒေါ်လာ | ကျပ် | စင်ကာပူ ဒေါ်လာ | ယွမ် | ဘတ် | ယူရို |
| ၁။ | မူဆယ် | (+) ၁.၇၅၉၄ | (–)၈၀၃.၉၀၅၅ | – | (+)၁၁.၃၇၀၂ | – | (+)၀.၃၂၇၂ |
| ၂။ | လွယ်ဂျယ် | – | (+) ၃၆၆.၇၁၀၄ | – | – | – | – |
| ၃။ | လိုင်ဇာ | – | (–) ၃၁.၂၈၇၈ | – | – | – | – |
| ၄။ | ချင်းရွှေဟော် | – | (–) ၁.၃၅၅၁ | – | – | – | – |
| ၅။ | ကန်ပိုက်တီး | – | – | – | – | – | – |
| ၆။ | တာချီလိတ် (ဝမ်ပုံ) | (+)၀.၀၄၈၈ | (+)၂၃၇.၄၀၅၁ | – | – | – | – |
| ၇။ | မြဝတီ | (–)၀.၀၆၄၉ | (–) ၇၉၂.၁၉၄၁ | – | – | (+)၀.၄၀၀၀ | (–)၀.၀၀၇၄ |
| ၈။ | ကော့သောင်း | (–)၀.၉၈၃၂ | (+) ၂၂၈.၃၆၄၃ | – | – | – | – |
| ၉။ | ဘုရားသုံးဆူ | – | – | – | – | – | – |
| ၁၀။ | မြိတ်(FOB) | (+) ၄.၅၄၉၁ | – | – | – | – | – |
| ၁၁။ | စစ်တွေ | (+) ၁.၀၁၁၇ | – | – | – | – | – |
| ၁၂။ | မောင်တော | (+) ၀.၁၇၄၂ | – | – | – | – | – |
| ၁၃။ | တမူး | – | (+)၃၁၂.၇၀၄၈ | – | – | – | – |
| ၁၄။ | ရိဒ် | – | (+) ၄.၅၇၄၀ | – | – | – | – |
| | **စုစုပေါင်း** | **(+)၆.၄၉၅၁** | **(–)၄၇၈.၉၈၃၉** | **–** | **(+)၁၁.၃၇၀၂** | **(+)၀.၄၀၀၀** | **(+)၀.၃၁၉၈** |

"ဒီနေ့အထိ ရေပူစခန်းကို ကုန်ဗလာနဲ့ဖြတ်နေတဲ့ ကုန်တင်ယာဉ်တွေရှိနေတုန်းပဲ။ အဲဒီစခန်းကျော်တာနဲ့ ဆိုင်ကယ်ကယ်ရီဆီက ပစ္စည်းတွေပြန်တင်ပြီး ထွက်ကြတာ။ ပြင်ဦးလွင်အကျော် ၁၆ မိုင်စခန်းအထိပဲ" ဟု ၎င်းက ရှင်းပြသည်။

## အကောက်ခွန်မဲ့ နယ်စပ်မောင်ခိုမှု အခွန်ထမ်းအလင်းရောင်ကုန်သည်ဘဝဆီသို့

မြန်မာနိုင်ငံတွင် ၂၀၀၄ ခုနှစ် နှစ်ကုန်ပိုင်းက မြန်မာ–တရုတ်နယ်စပ်စခန်း မူဆယ်တွင် ပမာဏအရေအတွက်များပြားစွာ လာဘ်ပေးလာဘ်ယူပြုလုပ်သည့် မှောင်ခိုတင်ပို့မှုများကို အရေးယူခဲ့ရပြီး ယခုနှစ်ဖွန်လအတွင်း၌လည်း အဆိုပါကုန်သွယ်မှုစခန်းနှင့်ပတ်သက်၍ အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများကို စစ်ဆေးအရေးယူမှုများ ပြုလုပ်လျက်ရှိပါသည်။

လာဘ်ပေးလာဘ်ယူအပါအဝင် တရားမဝင်မှောင်ခိုတင်သွင်းမှုအများအပြားကိုဖြစ်ပေါ်စေခဲ့သည့် နယ်စပ်ကုန်သွယ်ရေးစနစ်အစား နိုင်ငံအတွက် အခွန်အခနှင့် အကျိုးစီးပွားကို တိုးတက်များပြားစေနိုင်သည့် ပုံမှန်ကုန်သွယ်ရေးစနစ်ကို အစိုးရမှ တစ်ဆင့်ပြီးတစ်ဆင့် မြှင့်တင်လာလျက်ရှိသည်ကို တွေ့ရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောစာရင်းများအရ မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးစခန်း ၁၃ ခုအနက် အကြီးဆုံးဖြစ်သော မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် နေ့စဉ် ပို့ကုန်သွင်းကုန်ပြုလုပ်နေသော ပမာဏမှာ ဖွန်လတွင် အမေရိကန်ဒေါ်လာ ၀.၇ သန်းမှ တစ်သန်းခန့်အထိရှိပြီး ယင်းပမာဏသည် မြန်မာနိုင်ငံရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများအားလုံး၏ ၇၀ ရာခိုင်

www.foreverspace.com.mm





မြန်မာ–တရုတ်နယ်ခြားမှတ်တိုင်တစ်ခု

နှုန်းဖြစ်ကြောင်း သိရှိရသည်။

မြန်မာအစိုးရသည် ၁၉၉၅ ခုနှစ်မှ ယနေ့အချိန်ထိ မြန်မာ–တရုတ်နယ်စပ်တွင် မူဆယ်၊ လွယ်ဂျယ်၊ လိုင်ဇာ၊ ကန်ပိုက်တီး၊ ချင်းရွှေဟော်၊ ထိုင်းနယ်စပ်တွင် မြဝတီ၊ တာချီလိတ်၊ ကော့သောင်း၊ မြိတ်၊ အိန္ဒိယနယ်စပ်တွင် တမူးနှင့် ရိဒ်၊ ဘင်္ဂလားဒေ့ရှ်နယ်တွင် မောင်တော၊ စစ်တွေဟူ၍ နယ်စပ်ကုန်သွယ်ရေးစခန်းများကို ဖွဲ့စည်းထားရှိခဲ့ပြီးဖြစ်သည်။

"အခုနှစ် မတ်လလောက်ကစပြီး ရေထွက်ကုန်အမျိုးမျိုး၊ ပဲ၊ ရော်ဘာ၊ နှမ်း၊ ပြောင်း အဲဒီကုန်ပစ္စည်းတွေ တရုတ်ကိုပို့ရင် LC ဖွင့်ပြီးမှ ပို့လို့ရပါတယ်"ဟု ဘုရင့်နောင်ရိုးကြီးချောင်းလမ်းမှ ရေထွက်ကုန်ပွဲရုံလုပ်ငန်းရှင်တစ်ဦးက ဆိုပါသည်။

ထို့အပြင် ပြီးခဲ့သည့် ဇွန်လ ၁၅ ရက်တွင် ထုတ်ကုန်သွင်းကုန်လုပ်ငန်းကော်မတီ (EISC) ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ဇွန်လ ၁၆ ရက်နေ့မှစတင်၍ ရေခဲသေတ္တာအမျိုးမျိုး၊ တီဗီအမျိုးမျိုး၊ အိမ်သုံးဆေးဝါးအမျိုးမျိုးနှင့် ဆေးရုံသုံးပစ္စည်းကိရိယာအမျိုးမျိုးကို ပုံမှန်ကုန်သွယ်ရေးဖြင့်သာ လျှောက်ထား၍ တင်သွင်းခွင့်ပြုနေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

"ပုံမှန်ကုန်သွယ်ရေးဆိုတာ ငွေပေးငွေယူကိစ္စတွေ နှစ်နိုင်ငံ ဘဏ်အချင်းချင်း ဆက်သွယ်ဆောင်ရွက်တာဖြစ်ပြီး အဲဒီမှာ ယူရို၊ ဒေါ်လာ စတဲ့ ငွေမာတွေသုံးတာရယ်၊ ပို့ကုန်အပေါ် အခွန် ၁၀ ရာခိုင်နှုန်း ကောက်တာတွေရယ်ကြောင့် ချက်ချင်း အသားမကျသေးပေမယ့် နိုင်ငံအတွက်

---

# "အားလုံးကိုလိုင်စင်လုပ်ပေးနိုင်ရင် ပိုပြီးအဆင်ပြေသွားမှာပါ"

**မြန်မာ–ထိုင်းနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက်အဓိကကုန်သွယ်ရေးမြို့တစ်ခုဖြစ်သည့် မြဝတီမြို့ နယ်စပ်ကုန်သည်ကြီးများအသင်း၏ဥက္ကဋ္ဌဖြစ်သူ ဒေါ်သင်းသင်းနှင့် Living Color မဂ္ဂဇင်းတို့ တွေ့ဆုံမေးမြန်းထားသည်များမှ အချို့ကို ပြန်လည်ကောက်နုတ်ဖော်ပြခြင်းဖြစ်သည်။**

**L.C : မြဝတီမှာ Border Trade ကနေ Normal Trade ကို ပြောင်းလဲကျင့်သုံးတော့ ဘယ်လိုအခက်အခဲတွေရှိသလဲ။ ဒေသခံကုန်သည်တွေကရော Normal Trade နဲ့ Border Trade ကို ခွဲခြားနားလည်ကြရဲ့လား။**

**DTT** : Border Trade ကနေ Normal Trade ကို ပြောင်းလဲကျင့်သုံးတာ အကုန်လုံးတစ်ပြိုင်တည်းလုပ်တာ မဟုတ်ဘူး။ တစ်လှည့်စီလုပ်သွားတာပါ။ နောက်ပြီး ကုမ္ပဏီအများစုကို စတင်ကျင့်သုံးလုပ်ခိုင်းတဲ့အတွက် ဘာပြဿနာမှ မရှိဘူး။ မြဝတီဒေသခံကုန်သည်တွေအတွက်တော့ အဲဒီနှစ်ခုကို မကွဲပြားဘူး။ ဒါကြောင့် ကုန်သည်ကြီးများအသင်းအနေနဲ့ Normal Trade စနစ် ပြောင်းလဲကျင့်သုံးရင် လုပ်ဆောင်ရမယ့် လုပ်ငန်းအဆင့်တွေနဲ့ပတ်သက်လို့ ဆွေးနွေးပွဲတွေ ရှင်းလင်းပွဲတွေလုပ်ပေးဖို့ စီစဉ်ထားပါတယ်။

**L.C : လက်ရှိ ချစ်ကြည်ရေးတံတား အသုံးမပြုရတော့ ကုန်စည်တွေကို ဘယ်လိုပုံစံနဲ့တင်သွင်းမှုတွေ လုပ်နေကြလဲ။**

**DTT** : မြဝတီမြို့ဘက်ကကြည့်ရင် ချစ်ကြည်ရေး

www.foreverspace.com.mm



အခွန်ပိုပြီးအမှန်ပဲ”ဟု အဆိုပါပုဂ္ဂိုလ်က ဆက်လက်ရှင်းပြသည်။

“ကုန်သွယ်မှုကိုလည်း ဒီလိုတွက်လို့ရတယ်ဗျာ၊ ခင်ဗျားက တစ်ဖက်နိုင်ငံကို ၁၀၀ ဖိုးရောင်းရင် အခွန် ၁၀ ဆောင်ရတာကြောင့် ၉၀ ဖိုးပဲ ပြန်သွင်းနိုင်မယ်။ Trade မှာလည်း ကိုယ်က အသာစီးရနိုင်တာတွေ ရှိတယ်”

နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ အငြိမ်းစားအရာရှိကြီးတစ်ဦးက သုံးသပ်ပြောကြားသောစကား ဖြစ်ပါသည်။

## နယ်စပ်ကုန်သွယ်ရေးဇုန်များ တည်ဆောက်လာခြင်း

“မကြာမီမှာ မြဝတီနဲ့ ကော့သောင်းမှာ ကုန်သွယ်ရေးဇုန်ဆောက်ပြီး မူဆယ်လိုပဲ ပုံမှန်ကုန်သွယ်ရေးကို ပြောင်းပါတော့မယ်”

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဇူလိုင်လအတွင်း ကျင်းပသော အခမ်းအနားတစ်ရပ်တွင် ပြောကြားသောစကား ဖြစ်ပါသည်။



ကော့သောင်းမြို့တွင်လည်း နယ်စပ်ကုန်သွယ်ရေးဇုန်တည်ဆောက်မည်ဟုသိရသည်

မြန်မာအစိုးရသည် တစ်ဖက်တွင် စီးပွားရေးအခြေခံအဆောက်အဦလိုအပ်ချက်များ တဖြည်းဖြည်းချင်း ဆောင်ရွက်လာနေပြီး နိုင်ငံ၏အရေးကြီးသည့် လျှပ်စစ်စွမ်းအားကို ယခု ထပ်မံတိုးချဲ့ ဆောင်ရွက်လာနေပြီ ဖြစ်ပါသည်။

အမေရိကန်နိုင်ငံမှ ကမ္ဘာသိစီးပွားရေးပညာရှင်များသည် ပြီးခဲ့သည့် ၁၉၉၀ ပြည့်နှစ်တွင် လေ့လာမှုစစ်တမ်းတစ်ခု ပြုလုပ်ခဲ့ပြီး ဝါရှင်တန်သဘောတူညီချက်ဟူသော အဆိုတစ်ရပ်ထွက်ပေါ်လာခဲ့သည်။

အဆိုပါပညာရှင်များ၏ သဘောတူညီချက်များထဲတွင် ခိုင်မာလေးနက်



တံတားရဲ့ ညာဘက်ခြမ်းက အရင်အသုံးပြုခဲ့ဖူးတဲ့ မိုးကုတ်ဂိတ်ကို အသုံးပြုနေကြတယ်။ ကုန်စည်တွေကို ချစ်ကြည်ရေးတံတားပေါ်က ဖြတ်သန်းသယ်ယူတဲ့ ပုံစံအတိုင်း ဂိတ်အဝင်မှာ သက်ဆိုင်ရာက တစ်ခါစစ်ဆေးတယ်။ နောက်ပြီး ကုန်ချကွင်းထဲမှာ တစ်ခေါက်ထပ်စစ်တယ်။

**L.C : မြဝတီကနေ ထိုင်းနိုင်ငံဘက်ကို ဘယ်လိုကုန်စည်တွေ အပို့များသလဲ။**

**DTT** : ဒီဘက်ကနေ ငါး၊ ပုစွန်၊ ကဏန်းတွေအဓိကပို့ပြီး စဥ့်အိုးတို့၊ စိုက်ပျိုးရေးထွက်ကုန်တို့လည်း အနည်းအကျဉ်းပို့နေပါတယ်။

**L.C : ထိုင်းနိုင်ငံဘက်ကရော မြန်မာနိုင်ငံဘက်ကို ဘာတွေပြန်တင်သွင်းသလဲ။**

**DTT** : ကော်စေ့၊ ကော်မှုန့်၊ စက်မှုကုန်ကြမ်းပစ္စည်းနဲ့ လူသုံးကုန်တွေ အများဆုံးပို့တယ်။

**L.C : လက်ရှိကုန်သွယ်မှုအခြေအနေက ကုန်သည်အများစု အခက်အခဲဖြစ်တယ်လို့ ပြောနေကြတယ်။ အဲဒါ ဘာကြောင့်လို့ သုံးသပ်သလဲ။**

**DTT** : ပုံမှန်ကုန်သွယ်မှုလုပ်ကိုင်နေတဲ့သူတွေအတွက်က အခက်အခဲမရှိဘူး။ တံတားပြုပြင်နေတဲ့ကာလအတွင်းမှာ

www.foreverspace.com.mm



**မြန်မာ–ထိုင်းနယ်စပ် ဂိတ်တစ်ခုမြင်ကွင်း**

သော စီးပွားရေးဝန်းကျင်တစ်ရပ် ပေါ်ထွက်လာရေးကိုထည့်သွင်းအဆိုပြုခဲ့ပြီး ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းနှင့် အများပိုင်ကုမ္ပဏီများ ဖွဲ့စည်းဆောင်ရွက်ခြင်းဟူ၍ ပါရှိခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စီးပွားရေးပညာရှင်များ၏ ပီကင်းသဘောတူညီချက်မှာလည်း တစ်မျိုးဖြစ်သည်။ ၎င်းတို့သဘောတူညီချက်တွင် အမြော်မြင်ကြီးမားသော ခေါင်းဆောင်မှု၊ လက်တွေ့စီးပွားရေးလုပ်ငန်းများ ချဉ်းကပ်လုပ်ကိုင်ခြင်းတို့ ပါဝင်ခဲ့သည်။

မြန်မာနိုင်ငံတွင် 'ရန်ကုန်သဘောတူညီချက်' သို့မဟုတ် (နေပြည်တော်သဘောတူညီချက်)ဟူ၍ စီးပွားရေးပညာရှင်ကြီးများ၏ အနာဂတ်စီးပွားရေးမူဝါဒများ ချမှတ်နိုင်ခြင်းမရှိသေးသော်လည်း ၂၀၀၅ ခုနှစ်တွင်းမှစ၍ အစိုးရက နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်ရေးသို့ ကူးပြောင်းနေခြင်းသည် ခိုင်မာလေးနက်သော စီးပွားရေးဝန်းကျင်တစ်ရပ် ပေါ်ထွက်ရေးကို အမိအရပုံဖော်နေခြင်းဖြစ်သည်ဟု ဆိုရမည် ဖြစ်ပါသည်။

စီးပွားရေးပညာရှင် ဒေါက်တာစိန်မောင်က "ကိစ္စတစ်ခုခု လွဲနေရင် ခင်ဗျားတို့ အစိုးရချည်းပဲ အပြစ်မတင်နဲ့။ စီးပွားရေးတိုးတက်မှုကို အဓိကလုပ်ကိုင်လာတဲ့အခါမှာ Knowledge Economy လို့ခေါ်တဲ့ ကိုယ့်ရဲ့တတ်ကျွမ်းမှုတွေလည်း ပြိုင်ဆိုင်ဖို့ လိုအပ်တယ်" ဟု ဇူလိုင်လအတွင်းက ကျင်းပခဲ့သော စီးပွားရေး ပြုပြင်ပြောင်းလဲမှုများဆိုင်ရာ ဟောပြောပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

"နိုင်ငံတစ်နိုင်ငံစီးပွားရေးဖွံ့ဖြိုးမှုကို

---

လည်း မိုးကုတ်ဂိတ်ကိုအသုံးပြုပြီး အရင်အတိုင်းကုန်တွေ အတင်အသွင်းလုပ်နေကြပါတယ်။ တရားမဝင်လုပ်ကိုင်ကြတဲ့ ကုန်သည်အနည်းစုလောက်ပဲ အခက်အခဲဖြစ်တာပါ။

**L.C : တရားဝင်တင်သွင်းခွင့်ပြုတဲ့ ကုန်စည်တွေအပေါ် အခွန်မပေးချင်လို့ မှောင်ခိုလုပ်ကြတာနဲ့၊ တရားဝင်တင်သွင်းခွင့်မပြုလို့ မှောင်ခိုလုပ်ကြတဲ့ ပုံစံနှစ်မျိုးအနက် မြဝတီဘက်မှာ ဘယ်အမျိုးအစားပိုများသလဲ။**

**DTT** : အဲဒါကတော့ ကျွန်မတို့အနေနဲ့ အတိအကျမသိဘူး။ အဓိကမှောင်ခိုလုပ်ငန်းတွေ အတိုင်းအတာတစ်ခုအထိ လျော့ကျသွားဖို့က အားလုံးကို လိုင်စင်လုပ်ပေးနိုင်ရင်ပိုပြီး အဆင်ပြေသွားမှာပါ။ ပိတ်ပင်ထားတဲ့ ပစ္စည်းတွေမဟုတ်ရင်တောင် တားမြစ်ထားတဲ့ကုန်ပစ္စည်းအချို့ ဖွင့်ပေးရင်ပေါ့လေ။

**L.C : အခုမိုးကုတ်ဂိတ်ကို ချစ်ကြည်ရေးတံတားပေါ်က ဖြတ်သန်းသယ်ဆောင်တဲ့အတိုင်း ပုံမှန်ကုန်**



**သွယ်မှုလုပ်နေတယ်ဆိုပေမယ့် အခက်အခဲတချို့ဖြစ်ပေါ်နေတယ်လို့ သိရတယ်။ အဲဒါဘယ်လိုကြောင့်လဲ။**

**DTT** : မိုးကုတ်ဂိတ်မှာက ချစ်ကြည်ရေးတံတားပေါ်က

www.foreverspace.com.mm



လုပ်ကိုင်ရာတွင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုဟုကဏ္ဍများစွာပါဝင်ပတ်သက်နေပြီး ကုန်ထုတ်လုပ်မှုစွမ်းအား၊ လူသားအရင်းအမြစ်၊ သယ်ယူပို့ဆောင်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံခြင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ ကောင်းမွန်သောစနစ်ကျသော စီမံခန့်ခွဲမှု၊ ဒေသတွင်းသာမက ကမ္ဘာ့စီးပွားရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အဖွဲ့အစည်းဘောင်သွင်းခြင်း၊ အဖွဲ့အစည်းများ၏ အရည်အသွေးတတ်ကျွမ်းမှုပြိုင်ဆိုင်ခြင်း စသည်ဖြင့် ပညာရှင်များက အဆိုပြုကြသည်။

"ဈေးကွက်စီးပွားရေးစနစ်သွားရင် အစိုးရကို ဘေးဖယ်ထားလို့မရဘူး။ အစိုးရရယ်၊ ပုဂ္ဂလိကရယ်၊ အများပိုင်ကုမ္ပဏီတွေရဲ့ အခန်းကဏ္ဍရယ် သုံးခုပေါင်းပြီး လုပ်မှရမယ်"ဟုလည်း ဒေါက်တာစိန်မောင်က ဆိုပါသည်။

၂၀၀၅ ခုနှစ် မတ်လအတွင်းက မြန်မာ– တရုတ်နယ်စပ် မူဆယ်မြို့မှ ခြောက်မိုင်ခန့်အကွာတွင် ယခင်စစ်ဆေး



၂၀၀၅ ခုနှစ် မြန်မာ–တရုတ်ကုန်သွယ်ရေးပမာဏမှာ ဒေါ်လာ ၁.၂၀၉ ဘီလီယံရှိသည်

ရေးစခန်းဟောင်းနေရာရှိ မြေအကျယ် ၃၇၀.၈၃ ဧကကို ကုန်သွယ်ရေးဇုန်အဖြစ်သတ်မှတ်၍ အစိုးရက စတင်လုပ်ကိုင်စေခဲ့သည်။ အထူးအခွင့်အရေးတစ်ရပ်အနေဖြင့် ပွဲရုံလုပ်ငန်းရှင်များကို နယ်စပ်မှတစ်ဆင့် ဆောက်လုပ်ရေးပစ္စည်းများ တင်သွင်းခွင့်ပြုခြင်း၊ ချေးငွေများ ထုတ်ပေးခြင်းတို့ဖြင့် အစိုးရက အထောက်အပံ့များပေးလျက်ရှိပြီး ၂၀၀၆ ခုနှစ် ဇန်နဝါရီလတွင် ပွဲရုံများပြီးစီးရန် ဆောင်ရွက်ခဲ့ကြသည်။

"ကျွန်တော်တို့ အောင်မြင်အောင်လုပ်မှာပါ။ အလျှော့ပေးမှာမဟုတ်ပါဘူး။ ပုံမှန်ကုန်သွယ်ရေးကနေ နယ်စပ်ပို့ကုန်ဈေးကွက်ကို လက်ဝယ်ရအောင် ကြိုးစားသွားပါမယ်"ဟုလည်း မြန်မာနိုင်ငံနယ်စပ်

ဖြတ်သလို ကားနဲ့မဟုတ်ဘူး။ လှေတွေနဲ့ ကုန်တွေသယ်တာဆိုတော့ မိုးတွင်းကာလလည်းဖြစ်တဲ့အတွက် အရင်ကားနဲ့သယ်တဲ့ အရေအတွက်ကိုမမီဘူး။ နောက်ပြီး အလုပ်သမားခကလည်း အရင်က ၅၀ ဆိုရင် အခု ၁၀၀ လောက်နှစ်ဆတက်သွားသလိုဖြစ်နေတော့ စရိတ်စကတွေ မဆိုစလောက်တက်သွားတာပါ။ တခြားလိုင်စင်ပြဿနာအခက်အခဲက မရှိပါဘူး။

**L.C : မြဝတီမြို့ရဲ့ဒေသခံတွေအနေနဲ့ သူတို့ရဲ့စားဝတ်နေရေးအတွက် ဘယ်လိုလုပ်ငန်းတွေ အဓိကလုပ်ကိုင်သလဲ။**

**DTT** : ဒေသခံတွေအများစုက စိုက်ပျိုးရေး၊ မွေးမြူရေး၊ အဓိကလုပ်ပြီး ကုန်သွယ်မှုလုပ်ငန်းတွေတော့ အနည်းအကျဉ်းလုပ်ကိုင်ကြတယ်။ ဒါပေမဲ့ မြဝတီမှာရှိနေတဲ့ ကုန်သည်အများစုက ဒေသခံတွေမဟုတ်ဘူး။

**L.C : ကုန်သွယ်မှုအားလုံးကို တရားဝင်လုပ်ကြဖို့ အစိုးရက လိုလားနေပါတယ်။ အဲဒီလိုလုပ်ဖို့ ဘာတွေအခက်အခဲ ရှိနေသလဲ။**

**DTT** : ခုနကဖြေသလိုပေါ့။ လိုင်စင်ကိစ္စတွေမှာပိုပြီးအဆင်ပြေရင် ကုန်သွယ်ရေးလုပ်ငန်းတွေ ပိုပြီးတွင်ကျယ်လာမယ့်အပြင် အစိုးရအတွက်လည်း ထိုက်သင့်တဲ့အခွန်အခတွေရရှိလာမှာပါ။

**L.C : ချစ်ကြည်ရေးတံတားပြုပြင်မှုအခြေအနေက ဘယ်လောက်အတိုင်းအတာအထိပြီးပြီလဲ။ ဘယ်တော့လောက်ပြန်ဖွင့်ဖို့ရှိသလဲ။**

**DTT** : တံတားကအလွန်ဆုံး ဩဂုတ်လလယ်ပိုင်းလောက် ပြန်ဖွင့်ဖြစ်မယ်လို့တော့သိရတယ်။ အခုတောင်ပြီးသလောက် ရှိနေပါပြီ။

**သာမိုးကြည်အောင်**

■

www.foreverspace.com.mm

## မျက်နှာဖုံးဆောင်းပါး

ကုန်သွယ်ရေးတွင် အောင်မြင်မှုများရရှိနေသည့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက ဆိုပါသည်။

သို့ရာတွင် လုပ်ငန်းရှင်များမှာ ယနေ့အချိန်ထိ အဆိုပါကုန်သွယ်ရေးဇုန်တွင် ပွဲရုံမြေကွက် ၈၇ ကွက် ဝယ်ယူထားသော်လည်း အဆောက်အအုံ ၂၅ လုံးမှလွဲ၍ ကျန်အဆောက်အအုံများမှာ ဆောက်လုပ်နေဆဲ ဖြစ်ကြသည်။ အဆိုပါဇုန်တွင် မြန်မာနိုင်ငံ၏အင်အားခိုင်မာသော ရေလုပ်ငန်းစီးပွားရေးအဖွဲ့များသာ ဦးဆောင်လုပ်ကိုင်နိုင်ပြီး အခြားကဏ္ဍများ အမီလိုက်ပါနိုင်ခြင်း မရှိသည်ကို တွေ့ရှိရသည်။

ကုန်သွယ်ရေးဇုန်များ တည်ထောင်ရခြင်းမှာ မြန်မာနိုင်ငံဘက်တွင် ရောင်းသူမှ ထိုက်တန်စွာ ဈေးရသည့် ဈေးကွက်ဖြစ်ပေါ်လာစေရေး၊ တန်ဖိုးမြင့်ထုတ်ကုန်ရောင်းချခြင်း၊ နိုင်ငံခြားငွေပိုမိုရရှိစေရန် နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်ရေးသို့ စနစ်တကျပြောင်းလဲရန်တို့ ဖြစ်သည်ဟုလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတို့က ဆိုကြသည်။


"အဲဒီမှာ ကျွန်တော်တို့ဘက်က အခက်အခဲလို့ပြောရရင် ဘဏ်စနစ်ပဲ။ နယ်စပ်ကုန်သွယ်တယ်ဆိုပေမယ့် လိုင်စင်လျှောက်ရင် ပျဉ်းမနားသွားရတယ်။ ဘဏ်ကိစ္စ ရန်ကုန်လာရတာရယ်၊ အဲဒီလိုလိုအပ်ချက်တွေ နယ်စပ်မှာ One-Stop ပေးနိုင်ရင် ပိုကောင်းပါလိမ့်မယ်။ ဒါမှလည်း Favourable Condition တစ်ခု ဖြစ်လာပါလိမ့်မယ်"ဟု ရေထွက်ကုန်ကုမ္ပဏီကိုယ်စားလှယ်တစ်ဦးက ပြောကြားသည်။

ယခုနောက်ဆုံးထပ်မံ ဝင်ရောက်လာသော သတင်းများအရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ဇူလိုင်လ ၂၅ ရက်နေ့မှစ၍ နေပြည်တော်သို့ လိုင်စင်လျှောက်ထားရန်မလိုဘဲ မူဆယ်နယ်စပ်သို့ တိုက်ရိုက်တင်ပို့နိုင်ပြီဖြစ်ပြီး မူဆယ်တွင်ရောင်း၍ရရှိသော ဈေးနှုန်းများဖြင့် လိုင်စင်လျှောက်ထားနိုင်ကြပြီ ဖြစ်ကြောင်း သိရှိရသည်။

### မြန်မာ့ပထမနယ်စပ်ကုန်သွယ်ရေးဇုန်

မူဆယ်မြို့နှင့် ခြောက်မိုင်အကွာတွင် တောင်တန်းများ တစ်ဖက်တစ်ချက် ဝန်းရံ

**အိမ်နီးချင်းကုန်သွယ်ရေးတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍသည် အအောင်မြင်ဆုံးကဏ္ဍဖြစ်သည်**



www.foreverspace.com.mm

လျက်ရှိသည့် ဆောက်လုပ်စပွဲရုံများရှေ့၌ နောက်ဆုံးပေါ် တိုယိုတာ 4 Wheels Drive ကားများ စီတန်းရပ်နားထားလျက်ရှိသည်။ ထိုနေရာသည် မြန်မာ့ပထမဆုံး ကုန်သွယ်ရေးဇုန်သစ်သီးပွဲရုံ ကုန်စည်ဒိုင်နေရာ ဖြစ်ပါသည်။ အဆောက်အအုံမှာ အသစ်ဖြစ်သော်လည်း အဆိုပါကုန်စည်ဒိုင်၏ပုံသဏ္ဍာန်သည် အဝတ်အစားသစ်များကို ဖြစ်ကတတ်ဆန်း ကမန်းကတန်း ဝတ်ဆင်ထားသော လူတစ်ယောက်၏ ပုံသဏ္ဍာန်နှင့် တူနေသည်။

မကြာခင်ကမှ ဆောက်လုပ်ပြီးစီးပုံရသော သစ်သီးကုန်စည်ဒိုင်သည် တစ်ဧကခန့်ကျယ်ဝန်းသော မြေနေရာတွင် ဆောက်လုပ်ထားခြင်းဖြစ်ပြီး သစ်သီးပွဲရုံ ၁၄ ခုခန့်မှာ သစ်သီးဂျပ်ဖာများဖြင့် ရောင်းချလျက်ရှိသည်။

"ပြီးခဲ့တဲ့ရက်ပိုင်းက သစ်သီးထည့်တဲ့ ဂျပ်ဖာတွေ မိုးတွေစိုလို့ တစ်ဖာကို တစ်ယွမ် ဈေးလျှော့ပေးရတယ်။ အကာမရှိတော့ မိုးသည်းရင် တော်တော်ဒုက္ခရောက်တယ်။ အဆောက်အအုံက ပြီးကာစဆိုတော့ နေရာထိုင်ခင်းကအစ မပြည့်စုံသေးဘူး" ဟု မူဆယ်ဒေသခံသစ်သီးကုန်သည်တစ်ဦးက ဆိုပါသည်။

ပွဲရုံအဆောက်အအုံအများစုမှာ တည်ဆောက်ခြင်းလုပ်ငန်းများ မပြီးပြတ်သေး၍ မြန်မာနိုင်ငံထွက် သစ်သီးမျိုးစုံကို တရုတ်ကုန်သည်များအားဇုန်သို့ ခေါ်ဆောင်ကာ မြန်မာနိုင်ငံတွင် ဈေးကွက်ဖြစ်ပေါ်ရန် စတင် အကောင်အထည်ဖော်ခဲ့သော သစ်သီးရောင်းဝယ်ရေးလုပ်ငန်းသည် ကနဦးအစတွင် အခက်အခဲများရှိခဲ့ကြောင်း ၎င်းက ဆိုပါသည်။

"အရင်ကတော့ မူဆယ်မြို့ထဲမှာပဲ ရောင်းတာ။ ဒီနှစ် သင်္ကြန်အပြီးကစပြီး ဒီမှာလာရောင်းရတာ။ တရုတ်ကုန်သည်တွေက ပွဲရုံမှာတစ်ခုချင်းလိုက်ကြည့်ပြီး ဝယ်တယ်။ သူတို့ ကြိုက်ဈေးရမှ ဝယ်ကြတယ်။ အခုဒီမှာက ဈေးပြိုင်စနစ်နဲ့ရောင်းတော့ ဈေးနှိမ်လို့မရတော့ဘူး"



ကုမ္ပဏီလုပ်ငန်းကိုယ်စားလှယ်များကမူ ပို့ကုန်လိုင်စင်ကိစ္စများကို နေ့ချင်းပြီး ဆောင်ရွက်နိုင်သော်လည်း သွင်းကုန်လိုင်စင်လျှောက်ထားရန် ပစ္စည်းများပြားပါက အချိန်များစွာယူနေရပြီး ကုန်စစ်ဆေးမှုမှာ အချိန်များစွာပေးနေရကြောင်း ပြောဆိုကြသည်။ သို့ရာတွင် အဆိုပါဇုန်တွင် မေလမှစတင်၍ ကုန်စစ်ဆေးခြင်းကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ပို့ကုန်သွင်းကုန်လိုင်စင်များ လျှောက်ထားခြင်းနှင့် ရုံးလုပ်ငန်းများကို နံနက် ၈ နာရီမှ ညနေ ၆ နာရီထိ ပိတ်ရက်မရှိဆောင်ရွက်ပေးနေကြောင်း မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"X-Ray စက်နဲ့ စစ်ဆေးတဲ့စနစ်က စွမ်းအားပြည့်မလုပ်နိုင်သေးပါဘူး။ အခုမြင်တဲ့အတိုင်းပဲ စက်ပျက်တဲ့အခါ ကားချင်းဖင်ချင်းဆက်ပြီး ပစ္စည်းတွေ ပြောင်းစစ်ရတယ်" ဟု သွင်းကုန်လုပ်ငန်းရှင်တစ်ဦးက ဆိုပါသည်။

–

## ပြောင်းလဲမှု၏သဘောသဘာဝနှင့် တစ်ကျော့ပြန်အားကောင်းလာနိုင်သော မှောင်ခိုစနစ်

ဦးမြင့်ဇော်အောင်နှင့် ဦးအောင်နေလင်းတို့က လားရှိုးမြို့ ရေပူစခန်းအကျော် တစ်နေရာသို့ရောက်သောအခါ ၎င်းတို့စီးနင်းလိုက်ပါလာသည့် ခရီးသည်တင် ဗင်ကားသည် ရေပူစခန်းမှ တောလမ်းအတိုင်းကွေ့ပတ်၍ တရားမဝင်သယ်ယူလာသော ကုန်ပစ္စည်းများကို နှစ်နာရီကျော်ခန့် စောင့်ဆိုင်းတင်ယူခဲ့ကြရပါသည်။

"အဲဒီကားပိုင်ရှင်ဟာ မှောင်ခိုကုန်သည်တွေနဲ့မခြားဘူး၊ သူတစ်ဦးတည်းရဲ့ အကျိုးစီးပွားကိုပဲကြည့်ပြီး အလုပ်လုပ်တယ်" ဟု ဦးမြင့်ဇော်အောင်က ဆိုပါသည်။

ယခုအခါ ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံဝင်းရှိ ကံ့ကော်လမ်းမကြီးတွင် နေ့စဉ် ပွဲရုံ ၇၀၀ ကျော်ကိုအမှီပြု၍ ယခင်က ပျာယာခတ်လုပ်ကိုင်နေခဲ့ရသည့် လှည်းသမားများမှာ ဇူလိုင်လဆန်းမှစ၍ တစ်နေ့လုံးနေ၍ ဈေးဦးမပေါက်သည်ထိ

www.foreverspace.com.mm



အလှင်းများရှားပါးလာခဲ့သည်။

ယခင် ဆယ်ဘီးတပ်ကုန်တင်ယာဉ်များဖြင့် ပြည့်နှက်နေသော ကုံကော်လမ်းမကြီးသည် ယာဉ်အသွားအလာများသိသာစွာ ကျဲပါးလျက်ရှိသည်။ မြန်မာနိုင်ငံ၏ အကြီးဆုံးပွဲရုံနှင့် အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်းကြီး ယခုရက်ပိုင်းတွင် ယင်းကဲ့သို့ ပြောင်းလဲရပုံနှင့်စပ်လျဉ်း၍

"ဇွန် ၁၆ ရက်နေ့က ကုန်သွယ်ခွန်ကို အရင်တစ်ဒေါ်လာ ၄၅၀ ကောက်နေရာကနေ ၈၅၀ ပြောင်းကောက်တာရယ်၊ စည်းမျဉ်းစည်းကမ်းတွေကို တိတိကျကျလုပ်လာတော့ ကုန်သည်တွေကအခြေအနေကို စောင့်ကြည့်နေကြတာလို့ထင်တယ်" ယင်းမှာ ဘုရင့်နောင်ရှိ ရေထွက်ကုန်ပွဲရုံပိုင်ရှင်တစ်ဦး၏အမြင် ဖြစ်ပါသည်။

"အရင်က စည်းမျဉ်းစည်းကမ်းတွေနဲ့ လုပ်တယ်ဆိုပေမယ့် ညှိလို့ရတယ်။ တရားသေကြီးမရှိဘူး။ နောက်ပိုင်း ကုန်သည်တွေ အဲဒီနည်းနဲ့ အသားကျလာတာရယ်၊ အခုကတော့ အခွန်ဆိုရင် ရှောင်ဖို့စဉ်းစားနေကြတာရယ်ကြောင့် အရောင်းအဝယ်နှေးသွားတာပါ" ဟုလည်း ရန်ကုန်မြို့ရှိ ဝါရင့်စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးက ရှင်းပြပါသည်။

**တမူးမြို့ရှိ မြန်မာ–အိန္ဒိယနယ်စပ် မှတ်တိုင်တစ်ခု**



မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများအားလုံးသည် နိုင်ငံတိုင်းအကျိုးစီးပွားကာကွယ်မှုမူအရ တစ်ဖက်ကုန်သွယ်နိုင်ငံများသို့ တင်ပို့ခွင့်မပြုနိုင်သော မိမိနိုင်ငံထွက်ပစ္စည်းများကို ကန့်သတ်ထားရမည်ဖြစ်ပြီး ယင်းသို့ကန့်သတ်မှုများကို ချိုးဖောက်ကုန်သွယ်ခြင်းနှင့် အခွန်ရှောင်ခြင်းတို့သည် မှောင်ခိုဟုခေါ်ဆိုရမည့် တရားမဝင်ကုန်သွယ်မှုများကို ပြန်လည်အားကောင်းစေနိုင်ပါသည်။

အဆိုပါမှောင်ခိုစနစ်၏ ဆိုးကျိုးသည် နိုင်ငံ၏ငွေကြေးခိုင်မာမှုနှင့် နိုင်ငံတည်ဆောက်ရေးတွင် လိုအပ်သောအခွန်အခများကို ဆုံးရှုံးမှုများဖြစ်ပေါ်လာစေပါသည်။ လူဦးရေခြောက်သန်းကျော်ခန့်ရှိသော အိမ်နီးချင်း လာအိုနိုင်ငံသည် တစ်နှစ်လျှင် လူတစ်ဦးအတွက် အမေရိကန်ဒေါ်လာ ၆၀ ကျော် နိုင်ငံတကာမှ အကူအညီရရှိနေသည့်တိုင် ၎င်းနိုင်ငံဖြတ် ကုန်သွယ်မှုကို အာဆီယံနိုင်ငံများ၏ သတ်မှတ်နှုန်းထားထက် ပိုမို၍ကောက်ခံလျက်ရှိပြီး လူတစ်ဦးလျှင် နိုင်ငံတကာမှ ကူညီမှုတစ်နှစ် ၁၄ ဒေါ်လာသာရရှိသော မြန်မာနိုင်ငံအနေဖြင့် အခွန်အခများ တိုးတက်ရရှိရေးမှာ အထူးပင်လိုအပ်ပါသည်။

သို့ရာတွင် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများမှ တရားဝင်တင်သွင်းခွင့်ပိတ်ပင်ထားသော ကုန်ပစ္စည်းများကို မြန်မာနိုင်ငံ၏လူဦးရေအထူထပ်ဆုံး ရန်ကုန်မြို့ရှိ ဆူပါမားကတ်ကြီးများတွင် တွေ့မြင်နေရခြင်းသည် တရားမဝင် မှောင်ခိုတင်သွင်းသည့်လမ်းကြောင်းများ ရှိနေဆဲဖြစ်ပြီး အဆိုပါတရားမဝင်ကုန်သွယ်မှုများသည် ယခုပြောင်းလဲလျက်ရှိသော ပုံမှန်ကုန်သွယ်ရေးထက် အခွန်အခများစွာ သက်သာမှုရှိ၍ စီးပွားရေးတွက်ခြေကိုက်ခြင်းကြောင့် တိတိကျကျမဆောင်ရွက်နိုင်ပါက ယခုထက် ပိုမိုအားကောင်းလာမည်ဖြစ်ပါသည်။

www.foreverspace.com.mm

## ထိုက်တန်သောဈေးနှုန်းများရရှိခြင်းနှင့် နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်ရေးသို့



၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင် နယ်စပ်ကုန်သွယ်ရေးစနစ်ဖြင့် ရောင်းဝယ်ဖောက်ကားလျက်ရှိသော မူဆယ်နယ်စပ်တွင် မတ်ပဲ၊ ပဲတီစိမ်း၊ တစ်ဖက်နိုင်ငံ ရွှေလီ၊ ကျယ်ဂေါင်ရှိ ဂိုထောင်များတွင် သိုလှောင်မှုပြည့်လျှံနေသည်။

ယင်းလတွင် ဝင်ရောက်လာခဲ့သော နယ်စပ်ကုန်သွယ်ရေးသတင်းများအရ မတ်ပဲဈေးနှုန်းမှာ အလေးချိန်တစ်ကီလိုလျှင် ယခင် ၃.၂ ယွမ်မှ ၂.၈ ယွမ်ထိ ကျဆင်းခဲ့ပြီး ပဲတီစိမ်းဈေးမှာ လည်း ၃.၉ ယွမ်မှ ၃.၃ ယွမ်ထိ ဈေးများကျဆင်းလျက်ရှိသည်။

"အဲဒီအချိန်တုန်းက ကုန်သည်တွေရတဲ့ဈေးနဲ့ ထိုးရောင်းရတာပဲ။ ဒီဘက်မှာ ကုန်လှောင်တဲ့နေရာမရှိဘူး။ ငွေလဲနှုန်းနဲ့ လိုင်စင်ဈေးအပြောင်းအလဲကြောင့်တွက်ပြီး တင်တဲ့သူတွေကွဲတာပဲ" ဟု ပဲကုန်သည်တစ်ဦးက ပြောပြခဲ့သည်။

ယခုအခါ မူဆယ်နယ်စပ်တွင် ရေထွက်လုပ်ငန်းရှင်များ ကုန်စည်ဒိုင် အသွင်ပြောင်းလဲ၍ လေလံတင်ရောင်းချလျက်ရှိပြီး ကြိုက်ဈေးမရရှိပါကလည်း အအေးခန်းဖြင့် သိုလှောင်ထားနိုင်ကြပြီ ဖြစ်သည်။

"ကဏန်းနဲ့ ငါးရှဉ့်ဟာ အခု နိုင်ငံတကာပေါက်ဈေးတွေကို ရနေပါပြီ။ ကဏန်းဆို တစ်တန်ကို အရင်းက ဒေါ်လာ ၁၀၀၀ ကနေ ၁၈၀၀၊ ငါးရှဉ့်ဆိုရင် ၁၈၀၀ ကနေ ၂၅၀၀ လောက်အထိ ရလာနေပါပြီ" ဟုလည်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ထို့အပြင် ပုံမှန်ကုန်သွယ်ရေးစနစ်၏ အကျိုးသက်ရောက်မှုများသည် စီးပွားရေးပေါ်လစီချမှတ်သူများ၏ အမြော်အမြင်ပေါ်တွင်မူတည်ပြီး (Operation Risk) ဟုခေါ်ဆိုသည့် ဝိုင်းဝန်းပံ့ပိုးဖော်ကြသူများထံတွင်လည်း မူတည်ပါသည်။ အဆိုပါ Operation Risk ကြောင့် ငွေကြေးမခန့်မှန်းနိုင်သော ဆုံးရှုံးမှုကြီးတစ်ရပ် နယ်စပ်ကုန်သွယ်ရေးစခန်းတွင် ဖြစ်ပေါ်ခဲ့ပြီး ယင်းအဖြစ်အပျက်နောက်ပိုင်းတွင်လည်း ပို၍တိကျစွာ အရေးယူလာခဲ့သည်ကို တွေ့ရပါသည်။

အစိုးရအနေဖြင့် အောက်ခြေဝန်ထမ်းများ သန့်ရှင်းရေးကို ယခုအခါ အထူးအလေးပေးလျက်ရှိပြီး မသင့်လျော်သော ကိစ္စများ ဥပဒေအပြင်ဘက်မှ တောင်းခံလာပါ သတင်းပို့ပါရန်လည်း လုပ်ငန်းရှင်ကြီးများသို့ ဇူလိုင်လတွင်ကျင်းပသည့် အစည်းအဝေးတွင် အစိုးရဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ယခု မြန်မာနိုင်ငံနှင့် အိမ်နီးချင်းကုန်သွယ်ရေးတွင် မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍသည် အအောင်မြင်ဆုံးကဏ္ဍဖြစ်ပြီး အခြားကဏ္ဍများပါ အဆင့်မြှင့်တင်လာနိုင်ပါက နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်ရေးပြောင်းလဲမှုသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် များစွာအကျိုးကျေးဇူးကြီးမားမည်ဖြစ်ပါသည်။ သို့ရာတွင် ဘဏ်စနစ်ကဲ့သို့ အခြေခံလိုအပ်ချက်များကို အချိန်မီ ဖြည့်ဆည်း၍ ကုန်သည်လုပ်ငန်းရှင်များ အလိုက်သင့်လိုက်ပါဆောင်ရွက်နိုင်မည့် Favourable Condition မျိုး နယ်စပ်ကုန်သွယ်ရေး ယခုထက်ပိုမိုဖန်တီးပေးသင့်ကြောင်းလည်း မြန်မာစီးပွားရေးလေ့လာသုံးသပ်သူတစ်ဦးက ဆိုပါသည်။

၂၀၀၅ ခုနှစ်ကုန်တွင် တွက်ချက်ထားသောစာရင်းများအရ မြန်မာ–တရုတ်ကုန်သွယ်ရေးပမာဏမှာ ၁.၂၀၉ ဘီလီယံဒေါ်လာအထိရှိပြီး ယခင်နှစ်ထက် နှိုင်းယှဉ်ပါက ၅.၆ ရာခိုင်နှုန်း တိုးတက်မှုပြပါသည်။ သို့သော် တရုတ်ဘက်မှ တင်သွင်းမှု ၉၃၉ မီလီယံဒေါ်လာရှိပြီး မြန်မာဘက်မှတင်ပို့နိုင်မှု ၂၇၄ မီလီယံဒေါ်လာသာ ရှိနေသေး၍ မြန်မာဘက်မှ ပို့ကုန်ပမာဏ တိုးမြှင့်ရမည်ဆိုသည်မှာ အထူးပြောစရာလိုသည့်ကိစ္စ မဟုတ်တော့ပါ။ "စီးပွားရေးလုပ်ငန်းအစီအစဉ်တစ်ခုကနေတစ်ခုကို ပြောင်းလဲတဲ့အခါတွင် အဲဒီနိုင်ငံက အစိုးရက အနစ်နာခံစရာရှိရင် အနစ်နာခံရတယ်။ ပြီးမှ သူသွားချင်တဲ့အတိုင်း တဖြည်းဖြည်းချင်းအကောင်အထည်ဖော်ကြရတာပဲ" ဟု နိုင်ငံတကာစီးပွားရေးလုပ်ငန်းများကို လေ့လာနေသူလုပ်ငန်းရှင်တစ်ဦးက ပြောပါသည်။

Associated News

www.foreverspace.com.mm

# တွေ့ဆုံဆွေးနွေးမှုများ

## ၅-၇-၂၀၀၆

* မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံသံအမတ်ကြီး H.E Pebin Datu Interasugara Brig Gen (B) Dato Paduka Haji Mobd Yusuf Bin Abu Bakar သည်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး H.E Chua Hian Kon Kong Robert သည်လည်းကောင်း ရန်ကုန်မြို့တော်ဝန်နှင့် အသီးသီးတွေ့ဆုံဆွေးနွေး။

## ၆-၇-၂၀၀၆

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Power Investment Corporation မှ Vice President, Mr. Mao Guoquan နှင့်အဖွဲ့သည် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၁၂-၇-၂၀၀၆

* တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် အီတလီသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Raffaele Miniero သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)နှင့် တွေ့ဆုံဆွေးနွေး။

* ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) မှ ဌာနေကိုယ်စားလှယ် Mr. Daniel B.Baker သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၁၄-၇-၂၀၀၆

* ကိုရီးယားသမ္မတနိုင်ငံ Nonghyup စိုက်ပျိုးမွေးမြူရေးနှင့် ရေလုပ်ငန်းအဖွဲ့ချုပ် (The National Agricultural Cooperative Federation) ဥက္ကဋ္ဌ Mr. Ja Mok Kooo ခေါင်းဆောင်သောအဖွဲ့ဝင် ခြောက်ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး။

## ၁၇-၇-၂၀၀၆

* ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ လက်ထောက်မဟာမင်းကြီး မစ္စဂျူဒီချန်ဟော့ပ်ကင်းစ်သည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး။

* အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) Consultation Mission မှ အဖွဲ့ခေါင်းဆောင် Mr. Leslie Teo Eng Sipp နှင့်အဖွဲ့သည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၁၈-၇-၂၀၀၆

* အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ Deputy Division Chief Mr. Leslie Teo Eng Sipp ခေါင်းဆောင်သော အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့မှ အဖွဲ့ဝင်များ၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် SEA တို့မှအဖွဲ့ဝင်များသည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး။

## ၁၉-၇-၂၀၀၆

* အိန္ဒိယသမ္မတနိုင်ငံ Software Technology Parks of India (STPI) မှ ညွှန်ကြားရေးမှူးချုပ် Mr. S.N.Zindal ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၂၀-၇-၂၀၀၆

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Elercttric Equipment Co-operation ဥက္ကဋ္ဌ Mr. Zaho Ruolin သည် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၂၁-၇-၂၀၀၆

* Ntegrator Pte Ltd. Chairman, Mr. Bernard Chen Jien Lap ဦးဆောင်သောအဖွဲ့သည် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၂၂-၇-၂၀၀၆

* ထိုင်းနိုင်ငံ Shin Satellite Public Comany Limited မှ Vice President Mr. Makin Petplai ဦးဆောင်သောအဖွဲ့သည် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၂၃-၇-၂၀၀၆

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် စီးပွားရေးနှင့် ကုန်သွယ်ရေးကိုယ်စားလှယ်များသည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး။

## ၂၄-၇-၂၀၀၆

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး H.E Mr.Liu Ping ဦးဆောင်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး။

## ၂၅-၇-၂၀၀၆

* ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ရုံးစိုက်သည့် မြန်မာနိုင်ငံဆိုင်ရာ ဥရောပကော်မရှင်အဖွဲ့ရုံးသံအမတ်ကြီး H.E.Mr. Friedrich Hamburger သည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး။

www.foreverspace.com.mm



* အမေရိကန်ပြည်ထောင်စု Georgetown University မှ Prof. David I.Steinberg သည် ပြန်ကြားရေးဝန်ကြီးဌာနနှင့် တွေ့ဆုံဆွေးနွေး။

## ၂၆-၇-၂၀၀၆

* ကုလသမဂ္ဂဆိုင်ရာ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (အက်စကတ်)၏ အမှုဆောင်အတွင်းရေးမှူး ဒေါက်တာကင်ဟတ်စုနှင့်အဖွဲ့သည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီးနှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။

## ၂၇-၇-၂၀၀၆

* ထိုင်းနိုင်ငံ C.P အဖွဲ့မှ Mr. Montri C., (Prisident, Crop Intergration Business Group) ခေါင်းဆောင်သောအဖွဲ့ဝင်ခုနစ်ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး။

## ၂၈-၇-၂၀၀၆

* မြန်မာနိုင်ငံဆိုင်ရာ ဆလိုဗက်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဗာဆေးပီတယ်သည်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံသံအမတ်ကြီး ဒေါက်တာဘရစ်ဘာရင်တန်သည်လည်းကောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အသီးသီးတွေ့ဆုံဆွေးနွေး။

## ၃-၈-၂၀၀၆

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ဖွံ့ဖြိုးရေးဘဏ် (China Development Bank) ဥက္ကဋ္ဌ Mr. Chen Yuan ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး။

# လှကေသွယ်

# ဆံပင်နှင့်မိတ်ကပ် အလှပြုပြင်ရေး

# ကြော်ငြာ

www.foreverspace.com.mm



ဤကဏ္ဍတွင် .....


၅၆ မြန်မာ့စက်မှုလုပ်ငန်းများနှင့် အနာဂတ်

၅၉ စီပီအိုင်၊ ငွေဖောင်းပွမှုနှင့် ဂျီဒီပီ-ဒီဖလေတာ

၆၄ အလေးထားဂရုပြုရတော့မည့် ပုဂ္ဂလိက သစ်ထုတ်လုပ်ငန်း


# မြန်မာ့စက်မှုလုပ်ငန်းများနှင့် အနာဂတ်

အဂ္ဂ

မြန်မာနိုင်ငံ၏ စက်မှုလုပ်ငန်းကဏ္ဍသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအသွင်ဖြင့် မြဝတီ၊ ဘားအံနှင့် မော်လမြိုင်စက်မှုဇုန်များတွင် ထိုင်းနိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံရန် ပြုလုပ်လာခြင်းနှင့် သီလဝါကဲ့သို့ အထူးစီးပွားရေးစက်မှုဇုန်များတွင် ပြည်ပနိုင်ငံများမှ လာရောက်လုပ်ကိုင်ရန် ပြင်ဆင်နေမှုများကြောင့် မြန်မာနိုင်ငံစက်မှုလုပ်ငန်းကဏ္ဍ၏ အချိုးအကွေ့တစ်ခု ဖြစ်လာနိုင်ပေသည်။ မြန်မာနိုင်ငံ၏ လက်ရှိစက်မှုလုပ်ငန်းကဏ္ဍတွင် နိုင်ငံရှိအလုပ်လုပ်ကိုင်နိုင်သောလူဦးရေ၏ ၁၀ ရာခိုင်နှုန်းနှင့် အမျိုးသားအသားတင်ထုတ်လုပ်မှု၏ ၁၅ ရာခိုင်နှုန်းမျှသာ ထုတ်လုပ်လျက်ရှိသည်ဟု စစ်တမ်းတစ်ခုက ဆိုသည်။ သို့ဖြစ်၍ နိုင်ငံ၏ဝင်ငွေစုစုပေါင်းတွင် စက်မှုလုပ်ငန်းမှရရှိသော ဝင်ငွေအချိုးအစားသည် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းစာလျှင် ယခုထက် ပို၍မြင့်မားအောင် ကြိုးပမ်းလုပ်ဆောင်ရန် လိုအပ်သေးသည်ဟု ဆိုရမည်ဖြစ်သည်။



မြန်မာနိုင်ငံ၏ စက်မှုကုန်ထုတ်လုပ်ငန်းကဏ္ဍသည် ကုန်ကြမ်းထုတ်လုပ်သော အခြေခံကုန်ထုတ်လုပ်ငန်းအဆင့်မျှသာရှိနေသေးသည်ဟု ဆိုရမည်ဖြစ်သည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ၏အနာဂတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စက်မှုကဏ္ဍကိုသာ အဓိကထားမောင်းနှင်နိုင်သော တွန်းအားအဖြစ် အသုံးပြုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရေရှည်တွင် နိုင်ငံ၏ တိုးပွားလာသော လူဦးရေ၊ ချဲ့ထွင်နိုင်သော မြေယာအကန့်အသတ်ရှိမှုနှင့် သဘာဝသယံဇာတများ လျော့ပါးစေမှု စသည့်ပြဿနာများကို ထည့်သွင်းတွက်ချက်ရမည် ဖြစ်သည်။

www.foreverspace.com.mm





အထူးသဖြင့် ယနေ့အချိန်တွင် နိုင်ငံတကာ၌ စက်မှုလုပ်ငန်းများ စုစည်းထားသော စက်မှုဇုန်များ တည်ထောင်လုပ်ကိုင်မည်ဆိုရာတွင် စက်မှုမြို့ပြစီမံကိန်းများ အဖြစ် စက်မှုလုပ်ငန်းများသာမက မြို့ပြများအသွင်ဖြစ်ပါက ပူးတွဲလုပ်ကိုင်လာခြင်း ဖြစ်သည်။ ဥပမာအားဖြင့် ထိုင်းနိုင်ငံ ချွန်ဘူရီခရိုင်ရှိ အမတစက်မှုဇုန် (AMATA Industrial Estate) သည် စက်မှုကုန်ထုတ်လုပ်ငန်း သီးသန့်လုပ်ကိုင်ရုံမျှမက အနာဂတ်ရည် မှန်းချက်အဖြစ် ပြီးပြည့်စုံသောမြို့ပြ (Perfect City) စီမံကိန်းတစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း AMATA Corporation Public Co., Ltd. မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဆိုလိုသည်မှာ စက်မှုလုပ်ငန်းဆိုင်ရာ စက်ရုံအလုပ်ရုံများသာမက မြို့ပြစီမံကိန်းပါ ပူးတွဲတည်ဆောက်ထားခြင်းကြောင့် ကျန်းမာရေးဆိုင်ရာ ဆေးရုံဆေးခန်းများ၊ ပညာရေးဆိုင်ရာအခြေခံပညာကျောင်းများမှ တက္ကသိုလ်ပညာရေးအထိ ထည့်သွင်းဖွင့်လှစ်ထားသည်။ ပို့ဆောင်ရေးကဏ္ဍတွင်လည်း မော်တော်ကား၊ မီးရထားနှင့် လေယာဉ်ခရီး စသည့် ပို့ဆောင်ရေးကွန်ရက်များ ချိတ်ဆက်ထားရှိသည်။ အလားတူ စီးပွားရေးစင်တာများ ထူထောင်ထားရှိပေးပြီး ယင်းစင်တာများအတွင်း၌ ဘဏ်ပေါင်းစုံမှ လာရောက်ဖွင့်လှစ်သော ဝန်ဆောင်မှုလုပ်ငန်းများနှင့် စက်မှုဇုန်အတွင်း သတင်းနည်းပညာဆိုင်ရာ ဆက်သွယ်ရေးစနစ် (ADSL အင်တာနက်စနစ်) များပါ ထည့်သွင်းထားရှိပေးထားကြောင်း၊ အထူးသဖြင့် လိုအပ်သော လူသားအရင်းအမြစ်ဖြည့်တင်းရေးအစီအမံများကိုပါ ပြင်ဆင်ထားရှိကြောင်း ၎င်းက ဆိုသည်။

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဟုဆိုရာတွင် အဓိကအားဖြင့် စက်မှုလုပ်ငန်းကဏ္ဍ စီးပွားရေးလုပ်ငန်းများအတွင်းရှိ ဝယ်လိုအားရော ရောင်းလိုအားပါ ကောင်းစွာချိတ်ဆက်ထားရှိနိုင်ရေးဖြစ်သည်။ မြန်မာနိုင်ငံသည် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေအနေကောင်းနှင့် စီးပွားရေးအခြေခံကောင်းများရှိနေသည်ဟုဆိုရာတွင် စက်မှုကုန်ကြမ်းများ (ဥပမာ–ဓာတ်သတ္တု၊ သဘာဝသယံဇာတ) နှင့် လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်သောနေရာများ နိုင်ငံအနှံ့တည်ရှိခြင်းနှင့် သန်း ၅၀ ကျော်သော ဈေးကွက်တစ်ခုရှိနေခြင်းတို့ ဖြစ်သည်။ အထူးသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလိုက်၍ လူမှုအဆင့်အတန်းများ တိုးတက်လာသည်နှင့်အမျှ ဈေးကွက်အရွယ်အစားပိုမိုကြီးထွားလာနိုင်ပေသည်။ ထို့အပြင် တရုတ်၊ အိန္ဒိယအပါအဝင် ဒေသတွင်းနိုင်ငံများအတွက် အချက်အချာကျ

www.foreverspace.com.mm

သော ပထဝီအနေအထားတည်ရှိခြင်းနှင့် ယင်းနိုင်ငံများနှင့် ပိုမိုပေါင်းစပ်လုပ်ကိုင်လာမှုများက ဈေးကွက်အခွင့်အလမ်းများ ပိုမိုပွင့်လင်းလာစေနိုင်သည်ဟု လေ့လာသူတစ်ဦးက ဆိုသည်။

သို့ဖြစ်၍စက်မှုလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကကျသောအစိတ်အပိုင်းဖြစ်သည့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင်လည်း သဘာဝပတ်ဝန်းကျင်ကို ထုတ်ယူသည့် ရင်းနှီးမြှုပ်နှံမှု (ဥပမာ–ဓာတ်သတ္တုထုတ်လုပ်မှု၊ ကြေးနီ) များအပြင် အမျိုးအစားကွဲပြားသောစက်မှုကုန်ထုတ်လုပ်ငန်းကဏ္ဍများသို့လည်း ဝင်ရောက်လာစေရန် လိုအပ်ပေသည်။ ထို့အတွက်လည်း ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်သော စီးပွားရေးလုပ်ငန်းကဏ္ဍများသို့ ပြည်တွင်း၊ ပြည်ပပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်လုပ်ကိုင်ရန်အတွက် မက်လုံးပေးဆောင်ရွက်ရန်လိုအပ်ပေသည်။ ဥပမာ–သင့်တင့်သောအုပ်ချုပ်ရေးပိုင်းဆိုင်ရာ အဆောက်အဦ၊ လူမှုရေးပိုင်းဆိုင်ရာအခြေခံများ၊ ရုပ်ဝတ္ထုဆိုင်ရာအခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်မည် ဖြစ်သည်။ အထူးသဖြင့် စက်မှုဇုန်များတည်ထောင်လုပ်ကိုင်သည်ဆိုရာ၌ မြေယာအသုံးချမှုနှင့်အတူ ကျွမ်းကျင်သောစီမံခန့်ခွဲမှုများလိုအပ်သည်။

သို့ဖြစ်၍ စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် စက်မှုဇုန်များတည်ထောင်လုပ်ကိုင်သည်ဆိုရာတွင် နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများအပြင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ နိုင်ငံအတွက် အခွန်အခများ တိုးတက်ကောက်ခံရရှိနိုင်သည်။ ဥပမာအားဖြင့် AMATA စက်မှုမြို့ပြမှ အခွန်အခတိုးတက်ကောက်ခံရရှိမှုကို တာဝန်ရှိသူတစ်ဦး၏အဆိုအရ ပြီးခဲ့သည့် ၂၀၀၅ ခုနှစ်တွင် ဘတ် ၄ ဘီလီယံ ကောက်ခံရရှိခဲ့ပြီး လာမည့် ၂၀၁၀ တွင် ဘတ် ၅ ဘီလီယံကျော်ရရှိနိုင်မည်ဟု အဆိုပါပုဂ္ဂိုလ်က ဆိုသည်။ အဆိုပါစက်မှုမြို့ပြတည်ထောင်သည့် ကုမ္ပဏီအနေဖြင့်လည်း ဝင်ငွေ၏ ၅၀ ရာခိုင်နှုန်းကို မြေယာရောင်းချခြင်းနှင့် ကျန် ၅၀ ရာခိုင်နှုန်းကို ဝန်ဆောင်မှု လုပ်ငန်းများမှ ရရှိခဲ့သည်။ စက်မှုဇုန်၏ ပြည်ပရင်းနှီးမြှုပ်နှံမှုတွင်လည်း ဂျပန်နိုင်ငံသည် ၆၅ ရာခိုင်နှုန်းဖြင့် အများဆုံးလာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိပြီး ဒုတိယအနေဖြင့် အာရှနိုင်ငံများနှင့် အမေရိကန်၊ ကနေဒါနှင့် ဥရောပကုမ္ပဏီများ လာရောက်လုပ်ကိုင်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် ပတ်သက်၍ ယနေ့အချိန်တွင် စက်မှုဇုန် ၁၈ ခုခန့် တည်ထောင်လုပ်ကိုင်လျက်ရှိသည်။ သို့ရာတွင် မြန်မာနိုင်ငံအတွင်းရှိ စက်မှုလုပ်ငန်းများမှာ တစ်ခုနှင့်တစ်ခု ချိတ်ဆက်ထားရှိသောအဆက်အစပ်များမရှိဟု စီးပွားရေးပညာရှင်တစ်ဦးက ဆိုသည်။ စက်မှုလုပ်ငန်းအစုအဖွဲ့အဖြစ်လည်းမရှိဘဲ စက်ရုံတစ်ခုချင်းအထီးတည်း တည်ရှိနေသောကြောင့် စက်ရုံများစုပေါင်းချိတ်ဆက်၍ စက်မှုလုပ်ငန်းကြီးတစ်ခုအဖြစ် ဖြစ်ပေါ်လာခြင်းမရှိသေးဟု ၎င်းက ဆိုသည်။ ဤအတွက်ကြောင့်လည်း စက်ရုံတစ်ခုက အခြားစက်ရုံတစ်ခုကို ပိုမိုထုတ်လုပ်လာနိုင်စေရန် အားပေးသော၊ ပွားများလာစေသော စက်မှုဖွံ့ဖြိုးမှုအကျိုးရလဒ်များ အားနည်းစေသည်ဟု ၎င်းအမြင်ကို ဆိုသည်။ အထူးသဖြင့် နိုင်ငံ၏အဓိက ထုတ်လုပ်မှုကဏ္ဍဖြစ်သည့် လယ်ယာစီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်မှုမရှိသောကြောင့် သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းမှသည် စားသုံးကုန်ဖြစ်လာသည်အထိ တန်ဖိုးမြင့်တက်လာစေသော အဆင့်ဆင့်ကုန်ထုတ်လုပ်ငန်းများအကြား၊ ကုန်ထုတ်လုပ်ငန်းများနှင့် စားသုံးသူအကြား ချိတ်ဆက်မှုမရှိဘဲဖြစ်နေခဲ့ရသည်ဟု လေ့လာသူတစ်ဦးက သုံးသပ်သည်။

မည်သို့ပင်ဆိုစေ မြန်မာနိုင်ငံ၏ စက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ပြီးခဲ့သည့်ရာစုနှစ်၏ နောက်ဆုံးလေးပုံတစ်ပုံ ၂၅ နှစ်ခန့်သည် ဆိုရှယ်လစ်စီးပွားရေးစနစ်အောက်တွင် ရပ်တန့်နေခဲ့ပြီး ၁၉၈၈ ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲခဲ့သည့်နောက်ပိုင်းမှသာ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ပြန်လည်ရှင်သန်လာခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်တို့ ရှိနေဦးမည်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလုပ်ငန်းကို အခြေခံရည်မှန်းချက်အဖြစ် သတ်မှတ်ဆောင်ရွက်ရာ၌ စက်မှုဖွံ့ဖြိုးတိုးတက်နေသော အိမ်နီးချင်းနိုင်ငံတို့၏ အတွေ့အကြုံများသည်လည်း လေ့လာသင့်သောအခြေအနေများပင် ဖြစ်သည်။ အလားတူ မြဝတီ၊ ဘားအံ၊ မော်လမြိုင်စက်မှုဇုန်များနှင့် သီလဝါ စက်မှုစီးပွားရေးဇုန်များသို့ ပြည်ပရင်းနှီးမြှုပ်နှံမှုအသွင်ဖြင့် စက်မှုလုပ်ငန်းများဆောင်ရွက်ရန် အခြေအနေကောင်းများသည် ပြည်တွင်းစက်မှုလုပ်ငန်းများအတွက် တွန်းအားတစ်ခု ဖြစ်ပေါ်စေမည်ဖြစ်သည်။

အချုပ်ဆိုရလျှင် နိုင်ငံအစိုးရအနေဖြင့် စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးစနစ်ကို ရေခံ၊ မြေခံကောင်းစွာ ရှင်သန်နိုင်စေရန် တွန်းအားပေးသော၊ စည်းမျဉ်းထိန်းညှိပေးသော တာဝန်ကိုယူခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးမှုနှင့်အတူ ပွင့်လင်းလွတ်လပ်သော စီးပွားရေးစနစ်နှင့် လွတ်လပ်သော ပြိုင်ဆိုင်မှုများကြားတွင် မြန်မာ့စက်မှုလုပ်ငန်းများ၏ ထိုက်တန်သောအဆင့်နေရာကို ရှာဖွေနိုင်မည်ဟု ယုံကြည်ရပေသည်။

**အဂ္ဂ**

■

www.foreverspace.com.mm

# စီပီအိုင်၊ ငွေဖောင်းပွမှုနှင့် ဂျီဒီပီ-ဒီဖလေတာ
# (CPI, Inflation, and GDP Deflator)

ဒေါက်တာမောင်မောင်စိုး (ဘောဂဗေဒ)

**စီပီအိုင် (CPI: Consumer Price Index) ကို စားသုံးသူ ဈေးဆနှုန်းကိန်းဟု ခေါ်ဆိုထားပါသည်။ စားသုံးသူများအတွက် လိုအပ်သော နေထိုင်မှုကုန်ကျစရိတ် (Cost of Living) အတွက် တိုင်းတာပေးသော ကိုက်တံတစ်ခုလည်းဖြစ်သည်။ CPI သည် လူတိုင်းနားရည်ဝနေသော စကားလုံးတစ်လုံးဖြစ်နေပါသည်။ CPI နှင့်အတူ လူသုံးများသောအခြားဝေါဟာရတစ်ခုကား ငွေဖောင်းပွမှု (Inflation) ဖြစ်သည်။ သို့သော်လည်း ဂျီဒီပီ–ဒီဖလေတာ (GDP Deflator) ကိုမူကား စီးပွားရေးပြင်ပတွင် အသုံးနည်းသော ဝေါဟာရတစ်ခုဖြစ်နေတတ်သည်။ သို့သော်လည်း GDP Deflator သည် လူတိုင်းသိသင့်သည်။ လူတိုင်းနှင့် သက်ဆိုင်သလို နိုင်ငံတစ်ခုလုံးနှင့်လည်း သက်ဆိုင်နေသောကြောင့်ဖြစ်သည်။**




တစ်ခါက အမျိုးသမီးကြီးနှစ်ဦး ကုန်ဈေးနှုန်းနှင့် ပတ်သက်ပြီး ဆွေးနွေးကြရာတွင် တစ်ယောက်က ရွှေဈေးနှုန်း၊ စိန်ဈေးနှုန်းများ၊ ဇိမ်ခံဆလွန်းကားကြီးများ၊ ပါဂျဲရိုး၊ လင်ခရုဇာကြီးများ၏ဈေးနှုန်း ကတော့ ကြောက်ခမန်းလိလိတိုးနေကြောင်း၊ ငွေဖောင်းပွမှုသိပ်မြင့်နေပြီဖြစ်ကြောင်း ပြောပါသည်။

ကျန်အမျိုးသမီးကြီးတစ်ဦးက "ဒါတွေတိုးလို့တော့ ငွေဖောင်းပွမယ်လို့ မထင်ပါဘူးအေ" တဲ့။ ဒါတွေထက် အရေးကြီးတဲ့ "ဆ" လေးလုံးမတိုးဖို့ဘဲ အရေးကြီးတာဟု ပြန်ပြောသည်။ "ဆ" လေးလုံး ဆိုသည်မှာ ဆန်၊ ဆီ၊ ဆား၊ ဆေးကို ဆိုခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် အခြေခံကုန်စည်များကိုသာ ရည်ညွှန်းခြင်း ဖြစ်သည်။ ထိုကုန်စည်များဈေးတက်မှသာ ငွေဖောင်းပွဟု ပီပီပြင်ပြင် ပြောနိုင်ပါသည်။


ငွေဖောင်းပွမှုသည် လူတို့၏ အခြေခံလိုအပ်ချက်များအတွက် လိုအပ်မည့် ကုန်စည်နှင့် ဆောင်ရွက်မှုများနှင့်သာ သက်ဆိုင်နေပါသည်။ အခြေခံလိုအပ်ချက်ဆိုသည်မှာလည်း အကန့်

www.foreverspace.com.mm

အသုံးအဆောင်များရှိပါသည်။ ဆန်နှင့် ဆလွန်းဖိုမ်းကားတွင် ဆန်ဈေးမတက်ဖို့တော့ အရေးကြီးသည်။ ထို့အပြင် ငွေပိုငွေလျှံမရှိသောစားသုံးသူသဘောတွင် အမြဲတိုင်း နှိုင်းယှဉ်ဈေးနှုန်းဖြင့်တွက်၍ လိုအပ်သောကုန်စည်နှင့် ဝန်ဆောင်မှုကို သက်သာအောင်ရှာကြံပြီး ဝမ်းရေးဖူလုံအောင် လုပ်စမြဲဖြစ်သည်။ ကြက်သားဈေးကြီးလျှင်တောင် ကြက်သားမစားရလျှင် သေမသွားနိုင်သော သဘောကို သိလျှင် ကြက်ပါသော "ကြက်ဟင်းခါးသီး" လောက်တော့ ရသေ့စိတ်ဖြေဝယ်ပြီး ချက်စားကြမည်သာဖြစ်သည်။ သို့သော် မည်သည့်အတိုင်းအတာအထိနှိုင်းယှဉ်ဈေးနှုန်းကို အသုံးပြုကြသည်ဆိုရာတွင် လူမှုစီးပွားရေးအခြေအနေပေါ်မူတည်ပါသည်။

ထို့ကြောင့် ဈေးနှုန်းများတိုးတိုင်း CPI လည်း တိုးချင်မှတိုးပါမည်။ CPI မတိုးလျှင် Inflation ဖြစ်မည်ဟုလည်း ပြော၍မရပါ။ ဥပမာ–လုပ်အားခဈေးနှုန်းများတိုးခြင်းသည် CPI နှင့်မဆိုင်သလို Inflation ဖြစ်စရာမလိုပါ။ စားသုံးသူဈေးဆနှုန်းကိန်း CPI တက်သည်ဟုဆိုရာတွင် နေထိုင်စားသောက်မှုဈေးနှုန်းများ တက်ခြင်းနှင့်သာဆိုင်သည်။ ယင်းသည် အခြားဈေးနှုန်းများတက်ခြင်းထက် ပိုမိုအရေးကြီးသည်။ ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းသည် အထူးသဖြင့် CPI ခေါ် စားသုံးသူဈေးဆနှုန်းကိန်း ပြောင်းလဲသွားမှုများအပေါ် ဂရုစိုက်လေ့ရှိကြသည်။ အကြောင်းမှာ စားသုံးသူပြည်သူလူထုနှင့် သက်ဆိုင်သောကြောင့်ဖြစ်သည်။ ထို့ကြောင့်လည်း လူမှုစီးပွားရေးနှင့် နေထိုင်စားသောက်မှုစစ်တမ်းများ ကောက်ယူရာတွင် CPI ကို အဓိကထားပြောလေ့ရှိကြသည်။ စားသုံးသူများကလည်း CPI ကိုပဲ စိတ်ဝင်စားသည်။ CPI ၏ နောက်ဆက်တွဲ ဝေါဟာရကား ငွေဖောင်းပွမှု (Inflation) ပင်ဖြစ်သည်။ Inflation သည် CPI ပေါ်တွင် အခြေခံသည်။ ငွေဖောင်းပွမှု နှုန်း (Inflation Rate) ဆိုသည်မှာ CPI များ တစ်ချိန်နှင့်တစ်ချိန်၊ ကာလတစ်ခုမှ တစ်ခုသို့ မည်သည့်ရာခိုင်နှုန်းနှင့် ပြောင်းလဲသွားသည်ကို တိုင်းတာခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် CPI ပြောင်းလဲသွားမှုကို ရာခိုင်နှုန်းဖြင့် ဖော်ပြခြင်းသည် ငွေဖောင်းပွမှုနှုန်း (Inflation Rate) သာဖြစ်ပါသည်။

ယေဘုယျအားဖြင့် ငွေဖောင်းပွမှုသည် ဈေးနှုန်းများတက်လာသောအခါတွင်ဖြစ်ပေါ်လာသည်ဟု အဆိုပြုထားသည်။ အထက်မှဆိုခဲ့သည့်အတိုင်း ဈေးနှုန်းများဟုဆိုရာတွင် ဈေးနှုန်းအားလုံးကို မဆိုလိုပါ။ နေထိုင်စားသောက်ရမှုနှင့် ဆက်နွှယ်နေသော ကုန်စည်နှင့် ဝန်ဆောင်မှုဈေးနှုန်းများနှင့်သာ အကျုံးဝင်ပါသည်။




## စားသုံးသူဈေးဆနှုန်းကိန်း (CPI) တွက်ချက်ပုံ

စားသုံးသူဈေးဆနှုန်းကိန်းများ တွက်ချက်ရန်အတွက် စားသုံးသူများသုံးစွဲတတ်သော ကုန်စည်နှင့် ဝန်ဆောင်မှုအမျိုးအစားများကို သိရှိရန်လိုအပ်ပါသည်။ ထိုကုန်စည်နှင့် ဝန်ဆောင်မှုအမျိုးအစားများကို စုစည်းပြုစုရန်လိုလာသည်။ တစ်နည်းအားဖြင့် စားသုံးသူများ သုံးစွဲသော ကုန်စည်နှင့် ဆောင်ရွက်မှုများကို စုထားပေးသော တောင်းကြီးတစ်တောင်းလိုလာပါသည်။ ထိုတောင်းထဲတွင် စုရန်ဖြစ်သည်။ ယင်းကို စားသုံးသူ၏ တောင်းကြီး (Consumer Basket) အဖြစ်တင်စားပြောဆိုခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် စားသုံးသူများ စားလေ့စားထ၊ သုံးလေ့သုံးထရှိသော ကုန်စည်နှင့် ဝန်ဆောင်မှုများကို စာရင်းပြုစုခြင်းသာဖြစ်ပါသည်။ Consumer Basket ကို ပြုစုရာတွင် နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံသည် မတူညီကြပါ။ ဒေသအလိုက်ကွာခြားမည်ဖြစ်သလို ရာသီဥတု၊ ယဉ်ကျေးမှုမတူ ဓလေ့ထုံးစံ၊

www.foreverspace.com.mm

ကိုးကွယ်သည့်ဘာသာတရားစသည်တို့အပေါ်မူတည်ပြီး ကွာခြားနိုင်ပါသည်။ သို့သော်လည်း သတိပြုရန် အချက်တစ်ချက်မှာ ယင်းသို့မတူညီသော အခြေအနေများသည် နိုင်ငံအလိုက် ခြားနားမှုအသွင်ဖြင့်သာ ပြောဆိုခြင်းဖြစ်ပါသည်။ အထက်ပါကွာခြားချက်များသည် နိုင်ငံတစ်ခုအတွင်းမှာလည်း မရှိနိုင်ဘူးလားဟု မေးစရာမေးခွန်းရှိနိုင်ပါသည်။ ရှိနိုင်ပါသည်။ သို့သော်လည်းနိုင်ငံတစ်ခုအတွင်း အတွက်သာ သုံးစွဲသော အခြေအနေအရ ကောက်ယူခြင်းဖြစ်ပါသည်။ ထိုသို့ ကောက်ယူရာတွင် ကုန်စည်နှင့် ဝန်ဆောင်မှုအမျိုးအစား ပေါင်းထောင်ချီပြီး ရှိနိုင်ပါသည်။

ထိုကုန်စည်နှင့် ဝန်ဆောင်မှုများကို တစ်ခုချင်းအတွက် သုံးစွဲသည့်အရေအတွက် (သို့မဟုတ် ဝန်ဆောင်မှုဆိုလျှင် အကြိမ်ပေါင်း) နှင့် ကောက်ယူသည့်နှစ်တွင်ရှိမည့် လက်ရှိဈေးနှုန်းဖြင့် မြှောက်ပြီး၊ သုံးစွဲသည့်တန်ဖိုးကို တွက်ယူပါသည်။ ကုန်စည်တစ်ခုချင်းအလိုက်တွက်ယူသည့် တန်ဖိုးများရရှိသောအခါတွင် ထိုတန်ဖိုးများကို ပေါင်းပါသည်။

ထိုသို့တွက်ချက်ထားသောကုန်စည်နှင့်ဝန်ဆောင်မှုတန်ဖိုးများပေါင်းရာတွင် စားသုံးသူများအလေးထားသုံးစွဲသော ကုန်စည်နှင့်ဝန်ဆောင်မှုအလိုက် အလေးပေးထားသောနှုန်း (Weighted Level) အရပေါင်းပေးရပါသည်။ အလေးအတူတူထားပြီးပေါင်း၍ မရပါ။ ဥပမာ–မြန်မာ့နေထိုင်စားသောက်မှုအတွက် CPI တွက်မည်ဆိုလျှင် အလေးပေးထားမှု ၁၀၀ တွင် ဆန်၊ ဟင်းချက်စရိတ်၊ ခရီးစရိတ်၊ အိမ်လခစသည်တို့အပေါ် စသည်တို့ကို အလေး (Weight) များများပေးထားပြီး၊ အခြားစရိတ်များကိုလည်း အလေးနည်းနည်းပေး၍ တွက်ချက်ခြင်းဖြစ်သည်။ အလေးပေးသည်ဆိုရာတွင်လည်း ယူဆချက်တစ်ခုကို သာပြုလုပ်ပြီးပေးရန်သာဖြစ်သည်။



အကြောင်းမှာ အလေးပေးပုံခြင်းသည် အိမ်ထောင်စုအဆင့်အတန်းနှင့် ဝင်ငွေပေါ်လည်းမူတည်နေသောကြောင့်ဖြစ်သည်။ ဝင်ငွေပေါ်မူတည်ပြီး စားသုံးမှုစရိတ်လည်းကွာတတ်ပါသည်။ အသုံးပြုသည့် ဓလေ့ပေါ်မူတည်ပြီး အလေးပေးထားမှုလည်းကွာခြားသွားခြင်းဖြစ်သည်။

နှစ်တိုင်း CPI ကို တွက်ယူရာတွင် ထိုသို့ အလေးထားတွက်ထားသော စားသုံးမှုစရိတ်များကို သတ်မှတ်ထားသော အခြေခံနှစ်တွင်ရှိသည့် စားသုံးမှုစရိတ်နှင့် အချိုးချရာခိုင်နှုန်းရှာယူရသည်။ ထိုရာခိုင်နှုန်းသည် ထိုနှစ်အတွက် CPI ပင်ဖြစ်ပါသည်။ ဥပမာ–၂၀၀၅ ခုနှစ်အတွက် နိုင်ငံတစ်နိုင်ငံအတွက် တွက်မည်ဆိုလျှင် အခြေခံနှစ်ကို ၁၉၉၆ အဖြစ် သတ်မှတ်မည်ဆိုပါက –

$$CPI_{2005} = \frac{\text{Cost of Living}_{2005}}{\text{Cost of Living}_{\text{Base Year 1996}}}$$

CPI တွက်ယူရာတွင်လည်း ကုန်ကျစရိတ်အနေဖြင့် အိမ်ထောင်စု အရွယ်အစားလည်းသတ်မှတ်ရပါသည်။ သတိပြုရန်အချက်တစ်ချက်မှာ နှစ်စဉ် CPI ကို တွက်ရာတွင် အခြေခံနှစ်ကိုသာ အခြေပြုပြီး တွက်ချက်ရခြင်းသာ ဖြစ်သည်။ အခြေခံနှစ်သတ်မှတ်ရာတွင် သာမန်နှစ်တစ်နှစ်ကိုသာ ယူပါသည်။ ထူးခြားသောနှစ်မဖြစ်ရပါ။ ထူးခြားသောနှစ် ဆိုသည်မှာလည်း စီးပွားရေးတိုးတက်မှုရှိသောနှစ်မဖြစ်ရသလို စီးပွားရေးကျဆင်းသောနှစ်လည်း မဖြစ်ရသောနှစ်များကို ဆိုလိုခြင်းဖြစ်သည်။

## ငွေဖောင်းပွမှုနှုန်း (InflationRate)

ငွေဖောင်းပွမှုနှုန်း (Inflation Rate) သည် CPI များ ရှေ့နှစ်နှင့် နောက် နှစ်နှစ်ခုအတွက်ခြားနားသော အခြေအနေကို ရာခိုင်နှုန်းဖွဲ့ထားခြင်းသာဖြစ်သည်။

$$\text{Inflation Rate}_{2005} = \frac{[CPI_{2005} - CPI_{2004}]}{CPI_{2004}} \times 100\%$$

ငွေဖောင်းပွမှုနှုန်းတွက်ရာတွင် အခြေခံနှစ် (Base Year) တွင်ရှိသော CPI နှင့်မဆိုင်ပါ။ ပြီးခဲ့သောနှစ်တွင်ရှိ

www.foreverspace.com.mm

မည့် CPI နှင့် ယခုနှစ်တွင်ရှိမည့် CPI နှစ်ခု၏ ခြားနားချက်သဘောသာ ဖြစ်သည်။ သို့သော်လည်း CPI ကို တွက်ချက် ရာတွင် အခြေခံနှစ်တွင်ရှိမည့် CPI $_{\text{Base Year}}$ နှစ်ကို အခြေခံထားပြီး တွက်ခြင်းသာဖြစ် သည်။

## CPI နှင့် ငွေဖောင်းပွမှုနှုန်း (Inflation Rate)ဆက်စပ်ပုံနှင့် အသုံးဝင်မှုအခြေအနေ

CPIသည်လူများနေထိုင်စားသောက်မှုစရိတ်မည်သို့ပြောင်းလဲသွားသည်။ မည်သည့်ကုန်စည်နှင့် ဝန်ဆောင်မှုများကြောင့် ပြောင်းလဲသွားရသည်ကို လေ့လာနိုင်သည်။ CPI ကို တွက်ချက်ခြင်းအားဖြင့် လူတို့၏ နေထိုင်စားသောက်မှုစရိတ် မည်မျှအထိ ကုန်ကျနိုင်သည်၊ မည်သည့်ကုန်စည်နှင့် ဝန်ဆောင်မှုများသည် စားသုံးသူများအတွက် အရေးပါသည့် အခြေအနေကို သိရှိနိုင်ပါသည်။

စားသုံးသူများအနေဖြင့် စားသုံးမှုပုံသဏ္ဍာန်ပြောင်းလဲလာမှုရှိမရှိကိုလည်း လေ့လာနိုင်ပါသည်။

စားသုံးမှုပုံသဏ္ဍာန်ပြောင်းလဲလာသည်နှင့်အမျှ စားသုံးသူတို့၏ ကုန်စည်နှင့် ဝန်ဆောင်မှုဈေးနှုန်းများ မည်သည့်ရာခိုင်နှုန်းအထိ တက်လာသည်ကိုလည်း သိရှိနိုင်ပါသည်။ စားသုံးသူများဈေးဆနှုန်းကိန်း မြင့်လာသည်နှင့်အမျှ မည်သည့်ရာခိုင်နှုန်းအထိ တိုးတက်လာသည်ကိုလည်း ငွေဖောင်းပွမှုနှုန်းများဖြင့် ဖော်ပြနိုင်ပါသည်။ သာမန်အားဖြင့် လူတို့သည် ယခုလက်ရှိငွေကျပ် ၁၀၀၀ သည် လွန်ခဲ့ပြီးသော နှစ် ၂၀ လောက်က ရှိမည့် ကျပ်ငွေ ၁၀၀၀ လောက်အသုံးမခံဟု ပြောနိုင်သော်လည်း CPI နှင့် Inflation Rate တို့ကို သိရှိပြီးဖြစ်လျှင် အသုံးမခံနိုင်သည့် အခြေအနေကို အတိုင်းအတာဖြင့်ပါ ဖော်ပြနိုင်စွမ်းရှိလာမည်ဖြစ်သည်။ ထိုကိန်းဂဏန်းများကို သိရှိပြီးဖြစ်ပါကလည်း အနာဂတ်တွင်ရှိမည့် နေထိုင်စားသောက်မှုအခြေအနေကိုပါ တွက်ချက်ခန့်မှန်းနိုင်မည်ဖြစ်သည်။



## GDP Deflator အကြောင်း

GDP Deflator အကြောင်းကို စားသုံးသူများအနေဖြင့် စိတ်ဝင်စားလေ့လာသူနည်းပါသည်။ လေ့လာမှုနည်းရခြင်းမှာလည်း သဘာဝကျသည်။ အကြောင်းမှာ CPI နှင့် Inflation Rate များသည် စားသုံးသူများနှင့်သာ သက်ဆိုင်သောကြောင့်ဖြစ်ပြီး၊ GDP Deflator သည် ထုတ်လုပ်မှုနှင့် ပို၍နွယ်သောကြောင့်ဖြစ်သည်။ GDP Deflator သည် စားသုံးကုန်များသာမက တိုင်းပြည်အတွင်း ထုတ်လုပ်လိုက်သော ကုန်စည်နှင့် ဆောင်ရွက်မှုအားလုံးပါဝင်ပါသည်။ ပထမဦးစွာ တိုင်းပြည်ထုတ်ကုန်တန်ဖိုး (Value of Product) တွက်ရာတွင် အခြေခံအားဖြင့် (ထုတ်ကုန်တန်ဖိုး=ထုတ်လုပ်မှုအရေအတွက်ပမာဏ X ထိုကုန်စည်၏ ဈေးနှုန်း) [Value of Product = Product Quantity X Price of Product Itself] ဟူသော ညီမျှခြင်းကို အခြေခံထားပြီး ယူပါသည်။

ထိုသို့တွက်ချက်ရာတွင် တိုင်းပြည်တွင် ထုတ်ကုန်တန်ဖိုး (Value of Prod-

www.foreverspace.com.mm

uct)မြင့်တက်လာရခြင်း အကြောင်းတွင် အဓိကအားဖြင့် အချက်သုံးချက်ရှိပါသည်။

ပထမအချက်မှာ ဈေးနှုန်းများ တက်သောကြောင့် တိုင်းပြည်၏ ထုတ်ကုန်တန်ဖိုးတက်လာသည့်ပုံစံဖြစ်သည်။ ထိုသို့ထုတ်ကုန်တန်ဖိုးတက်ခြင်းသည် အမှန်တကယ်တက်ခြင်းမဟုတ်ဘဲ ဈေးနှုန်းမြင့်လာသောကြောင့်သာဖြစ်သောကြောင့် "အမည်ခံဂျီဒီပီ" သို့မဟုတ် "ငွေကြေးကြောင့် ဂျီဒီပီ" [Nominal GDP] တိုးတက်ခြင်းဖြစ်သည်ဟု ခေါ်ဆိုကြပါသည်။ ငွေကြေးကိန်းဂဏန်းများအရ GDP တိုးနေခြင်းဖြစ်သည်။

ဒုတိယအချက်မှာ ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ထုတ်လုပ်မှုအရေအတွက် တိုးလာမှုကြောင့် ဂျီဒီပီတိုးလာခြင်းဖြစ် သည်။ ယင်းသည် အမှန်တကယ်ကုန်ထုတ်လုပ်မှုတိုးတက်ခြင်းကြောင့် ဂျီဒီပီတန်ဖိုးတိုးခြင်းဖြစ်ရာ "အမှန်ဂျီဒီပီ" [Real GDP]တိုးခြင်း ဖြစ်သည်ဟု ခေါ်ဆိုကြပါသည်။

တတိယအချက်မှာ ဈေးနှုန်းအရရော၊ ထုတ်လုပ်မှုအရပါ တိုးသောကြောင့် GDP တိုးလာခြင်းဖြစ်သည်။ သို့သော်လည်း ယင်းတိုးလာသော GDP တွင် ဈေးနှုန်းကြောင့်တိုးလာသောအပိုင်းနှင့် အမှန်တကယ်ထုတ်လုပ်မှုကြောင့် တိုးလာသောအပိုင်းကို ကွဲကွဲပြားပြားသိရန် အရေးကြီးသည်။ ယင်းသို့ ကွဲကွဲပြားပြား သိနိုင်စေရန်အတွက်လည်း GDP Deflator ကို သုံးခြင်းဖြစ်သည်။ GDP Deflator ပေါ်မူတည်ပြီး တိုင်းပြည်၏ အမှန်တကယ် တိုးတက်မှုရှိမရှိကို ခန့်မှန်းနိုင်ပါသည်။

ထို့ကြောင့်လည်း ယေဘုယျ အားဖြင့် GDP Deflator ကိုတွက်ရာတွင် အောက်ပါအတိုင်းတွက်ယူ လေ့ရှိပါသည်။

$$\text{GDP Deflator}_{2005} = \frac{\text{Nominal GDP}_{2005}}{\text{Real GDP}_{2005}}$$

## CPI နှင့် GDP Deflator အမြင်ခြားပုံ

CPI နှင့် GDP Deflator တို့သည် အမြင်ခြားနားသော်လည်း လားရာတော့တူညီကြပါသည်။ မတူသော ခြားနားချက်အနေဖြင့် အချက်ကြီးသုံးချက်ကို တွေ့ရှိနိုင်သည်။

ပထမဆုံးခြားနားချက်မှာ GDP Deflator သည် ကုန်စည်နှင့် ဝန်ဆောင်မှုထုတ်လုပ်မှုအားလုံးတို့၏ ဈေးနှုန်းကို တိုင်းတာခြင်းဖြစ်သည်။ တစ်နိုင်ငံလုံးထုတ်လုပ်မှုကို တိုင်းတာခြင်းဖြစ်သည်။ CPI နှင့် Inflation Rate များကတော့ စားသုံးသူများဝယ်ယူအသုံးပြုသော စားသုံးကုန်စည်နှင့် ဝန်ဆောင်မှုဈေးနှုန်းများကိုသာ တိုင်းတာခြင်းပင်ဖြစ်သည်။ ထို့ကြောင့် တစ်နိုင်ငံလုံးရှိ ထုတ်လုပ်မှု လုပ်ငန်းများအတွက် ထုတ်လုပ်မှုအတက်အကျအခြေအနေကို GDP Deflator ဖော်ပြပြီး၊ CPI အနေဖြင့် စားသုံးသူများ၏ နေထိုင်စားသောက်မှုအခြေအနေကိုသာ တိုင်းတာလေ့လာခြင်းသာဖြစ်သည်။

ဒုတိယခြားနားချက်မှာ GDP Deflator တွင် ပြည်တွင်းထုတ်လုပ်မှုအားလုံးနှင့်သက်ဆိုင်ပြီး၊ သို့သော် နိုင်ငံခြားမှ တင်သွင်းသော သွင်းကုန်တန်ဖိုးများကို GDP Deflator တွင် ထည့်သွင်းမတွက်ချက်ပါ။ ထည့်သွင်းတွက်ချက်၍လည်း မရနိုင်ပါ။ ထိုသွင်းကုန်တန်ဖိုးများတွင်ပင် စားသုံးကုန်စည်များအတွက် တင်သွင်းသောသွင်းကုန်များကိုသာ CPI တွင် ထည့်သွင်းတွက်ချက်နိုင်သည်။

တတိယခြားနားချက်မှာ CPI ကို တွက်ရာတွင် စားသုံးကုန်စည်နှင့် ဝန်ဆောင်မှုများကို လိုအပ်ချက်အရ အလေးပေးတွက်ထားမှုများသည် စားသုံးသူတောင်းအတွင်းတွင် ပုံသေဖြစ်နေတတ်သည်။ ပြောင်းလဲမှုလည်းမရှိပါ။ ပြောင်းလဲလျှင်လည်း CPI တွက်ချက်ရန်ခဲယဉ်းသွားသည်။ အကြောင်းမှာ စားသုံးသူဝယ်လေ့စရိုက်များသည် ပြောင်းလဲခဲ့သည်ဟု ယူဆထားသောကြောင့်ဖြစ်သည်။ သို့သော်လည်း GDP Deflator တွက်ယူရာတွင် ထုတ်လုပ်မှုအရ တိုင်းပြည်မှ ထုတ်လုပ်လိုက်သော ကုန်စည်နှင့် ဝန်ဆောင်မှုအတိုင်း တွက်ချက်ရသောကြောင့် အလေးပေးတွက်စရာမလိုပါ။ ဥပမာ– ဒေသတစ်ခုတွင် နှစ်တစ်နှစ်၌ နှင်းရိုက်သောကြောင့် လိမ္မော်စိုက်ခင်းများ အားလုံးပျက်စီးသွားသည် ဆိုပါစို့။ ထိုဒေသအတွက် လိမ္မော်သီး ထုတ်လုပ်မှုသည် ထိုနှစ်အတွက် သုညသာဖြစ်မည်။ လိမ္မော်သီးဈေးနှုန်း လည်းကြီးလာမည်ဖြစ်သည်။ သို့သော်လည်း လိမ္မော်သီးနှင့်ပတ်သက်သော ထုတ်လုပ်မှုများ၊ ဈေးနှုန်းများသည် GDP Deflator တွင် ပါဝင်မည်မဟုတ်သော်လည်း လိမ္မော်သီးသည် ထိုဒေသရှိ စားသုံးသူလူထု၏ စားသုံးသူခြင်းတောင်း (Consumer Basket) တွင်ရှိနေမည်ဆိုပါက လိမ္မော်သီးမထုတ်လုပ်နိုင်သည့်တိုင် CPI တွက်ချက်ရာတွင် လိမ္မော်သီးစားသုံးမှုအခြေအနေနှင့် လိမ္မော်သီးဈေးနှုန်းကိုတော့ ထည့်သွင်းတွက်ချက်ရမည်ဖြစ်သည်။

CPI, Inflation Rate နှင့် GDP Deflator တို့၏ သဘောကို စာရင်းများအရ တွက်ချက်တင်ပြလျှင် အသေးစိတ်သိလိုသူအတွက် ပိုကောင်းသော်လည်း၊ စာရင်းအင်းတွက်ချက်မှုကြောင့် တစ်ခါတစ်ရံသဘောတရား (Concept) ပျောက်သွားတတ်ပါသည်။ သဘောတရား (Concept) ကို နားလည်စေရန်အတွက်သာ အဓိကထားတင်ပြခြင်းသာဖြစ်ပါသည်။

**ဒေါက်တာမောင်မောင်စိုး**
**(ဘောဂဗေဒ)**

■

www.foreverspace.com.mm



# အလေးထားဂရုပြုရတော့မည့် ပုဂ္ဂလိကသစ်ထုတ်လုပ်ငန်း

သစ်ရိုင်း

**မြန်မာနိုင်ငံအတွင်း ထုတ်ဝေဖြန့်ချိသည့် ဗူလိုင်လထုတ်ဂျာနယ်တစ်စောင်တွင် 'အဆင့်မီ ကျွန်းသစ်များ အဆင့်လျှော့တင်ပို့မှု နိုင်ငံဘဏ္ဍာငွေထိခိုက်' ဆိုသည့် ခေါင်းစဉ်နှင့် ဖော်ပြထားသော ဆောင်းပါးတစ်ပုဒ်ကို ဖတ်လိုက်ရသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် အဓိကအကြောင်းရင်းမှာ သစ်ထုတ်လုပ်ငန်းလုပ်ကိုင်နေသော ကုမ္ပဏီအချို့သည် မြန်မာ့အဖိုးတန်သစ်များကို နိုင်ငံအစိုးရသို့ စာရင်းတင်ပြရာ၌ ပို့ကုန်တန်းဝင်သစ်ကို ER အတန်းအစားဝင်သစ်အဖြစ် စာရင်းဖော်ပြပြီး ပြည်ပသို့ သစ်လုံးလိုက်သော်လည်းကောင်း၊ သစ်ခွဲသားအနေဖြင့်သော်လည်းကောင်း တင်ပို့နေသည့်ကိစ္စ ဖြစ်ပါသည်။**

ကုမ္ပဏီတစ်ခုဆိုလျှင် ၎င်းထုတ်လုပ်ခဲ့သည့် သစ်များအနက် တန် ၂၀၀၀ ကို အမေရိကန်ဒေါ်လာ ၅၀၀ သာရှိသော ပို့ကုန်တန်းမဝင် (ER) သစ်အဖြစ် စာရင်းတင်ပြပြီး ခွဲသားထုတ်လုပ်ကာ ပြည်ပသို့ တင်ပို့ရန် စီစဉ်ခဲ့ကြောင်း၊ ယင်းအစီအစဉ်ဖြစ်မြောက်သွားပါက နိုင်ငံအနေဖြင့် အမေရိကန်ဒေါ်လာ နှစ်သန်းခန့် ဆုံးရှုံးနစ်နာသွားနိုင်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာက ၎င်းကုမ္ပဏီအား မူရင်းတန်ဖိုးအပြည့်အဝကို မြန်မာ့သစ်လုပ်ငန်းသို့ ပေးသွင်းပြီးမှသာ ပြည်ပသို့ တင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း အကြောင်းကြားထားသည်ဟု ယင်းဆောင်းပါးတွင် ဖော်ပြထားသည်။

www.foreverspace.com.mm

ဆောင်းပါးပါအဖြစ်အပျက်နှင့် အချက်အလက်များမှန်ကန်ပါက တစ်နှစ်လျှင် ကျွန်းသစ် ၂၅၀,၀၀၀ တန်မှ ၃၀၀,၀၀၀ တန်အထိ ပုဂ္ဂလိကကုမ္ပဏီများက ထုတ်လုပ်နေကြသဖြင့် နိုင်ငံအတွက် ရင်လေးဖွယ် ဖြစ်လာပါသည်။

သစ်လောကတွင် မသမာမှုများရှိနေသည်ကား ယခုခေတ်မှာတင်မဟုတ်ပေ။ ခေတ်အဆက်ဆက်၌ သစ်ခိုးမှု၊ သစ်စာရင်းထိမ်ချန်မှု၊ သစ်အတိုင်းစာရင်းလိမ်ပြမှု၊ သစ်အတန်းအစားအမျိုးအစား လိမ်ပြမှု စသော မသမာမှုများကို နည်းမျိုးစုံဖြင့် ကျူးလွန်ကြသည့် အဖြစ်အပျက်ပေါင်း မြောက်မြားစွာရှိခဲ့ဖူးသည်။ မြန်မာ့သမိုင်းတွင် သစ်နှင့်ပတ်သက်သော မသမာမှုကြောင့် လွတ်လပ်ရေးဆုံးရှုံးရသည်အထိ ခါးသီးသည့်အတွေ့အကြုံရှိခဲ့သည်ကို လူတိုင်းအသိပင် ဖြစ်သည်။

ကုန်းဘောင်ခေတ် မင်းတုန်းမင်းလက်ထက်က ဘုံဘေဘားမားသစ်ကုမ္ပဏီမှ ဝီလျံဝါလေ့စ်ဆိုသူသည် မင်းတုန်းမင်းကြီးနှင့် သင့်မြတ်အောင်ပြုလုပ်ပြီး ထိုစဉ်က နင်းကြမ်းခေါ် ပျဉ်းမနားဒေသတွင် ၁၈၆၂ ခုနှစ်က သစ်ထုတ်ခွင့်ရခဲ့သည်။ အထူးအခွင့်အရေးရခဲ့သော ဘုံဘေဘားမားသစ်ကုမ္ပဏီသည် ၁၈၈၅ ခုနှစ်တွင် ကျွန်းထုသစ် ၄၈၃၂၆ လုံးနှင့် လွှာသစ် ၇၈၅၁ လုံး နှစ်ရပ်ပေါင်း ၅၆၁၁၇ လုံးကို စာရင်းထိမ်ချန်ထုတ်လုပ်ခဲ့သည်။ ယင်းအမှုတွင် ထိမ်ချန်ထားသည့်သစ်များကို ဘုရင့်ဘဏ္ဍာတော်အဖြစ်သိမ်းပြီး အခွန်တော်နှစ်ဆပေးဆောင်စေခဲ့သည်။ သစ်ထိမ်ချန်မှု၏ နောက်ဆက်တွဲဖြစ်ရပ်ကား မူလကတည်းက နယ်ချဲ့လိုသည့် အင်္ဂလိပ်တို့အဖို့ အကွက်ကောင်းဝင်ပြီး သစ်စာရင်းထိမ်ချန်မှုမီးပွားမှသည် အင်္ဂလိပ်–မြန်မာတတိယစစ်ပွဲဖြစ်ပွားခဲ့ရသည်။ အဆုံးတွင်မူ မြန်မာနိုင်ငံသည် ဗြိတိသျှကိုလိုနီလက်အောက်ခံနိုင်ငံဘဝကို လုံးလုံးရောက်ခဲ့ရသည်။ ယင်းဖြစ်ရပ်သည် မြန်မာ့သမိုင်းတွင် ဖျက်၍မရသော သစ်မသမာမှုနှင့် ပတ်သက်သည့် အမည်းစက်ကြီးဖြစ်သည်။

လွတ်လပ်ရေးဆုံးရှုံးပြီးနောက်ပိုင်းတွင် မြန်မာ့ဘိုးဘွားပိုင် အဖိုးတန်သစ်တော သယံဇာတတစ်ခုဖြစ်သော ကျွန်းသစ်ထုတ်လုပ်ရောင်းချမှုလုပ်ငန်းကို နိုင်ငံခြားသားအရင်းရှင်ကုမ္ပဏီကြီး ငါးခုကငင်းတို့၏ အကျိုးစီးပွားတစ်ခုတည်းကြည့်ပြီး လက်ဝါးကြီးအုပ် ထုတ်လုပ်ခဲ့ကြသည်။ နယ်ချဲ့အစိုးရလက်အောက်၌ ထုတ်လုပ်ခဲ့သော သစ်ပမာဏကို သိသာစေရန် ဇယားတွင် ဖော်ပြထားသည်။ (ဇယား)။ ထိုပမာဏသည် ထိုစဉ်က သစ်တောဦးစီးဌာနကို အခွန်တော်အလို့ငှာ စာရင်းပြထားသည့်ပမာဏသာ ဖြစ် သည်။ စာရင်းထိမ်ချန်မှုများ မည်ရွေ့ မည်မျှရှိမည်ဆိုသည်ကို မသိနိုင်ပေ။

လွတ်လပ်ရေးရပြီးနောက်ပိုင်း ကျွန်းသစ်ထုတ်လုပ်မှုကို အစိုးရကသာ ဆောင်ရွက်ခဲ့သည်။ ယင်းကဲ့သို့ ဆောင်ရွက်ခဲ့ခြင်းသည် လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ် ဇွန်လအတွင်း၌ ရန်ကုန်မြို့ ပြည်လမ်းတွင်ရှိသော ဆိုရန်တိုဗီလာအဆောက်အအုံ၌ ကျင်းပခဲ့သည့် မြန်မာနိုင်ငံ ပြန်လည်ထူထောင်ရေးနှင့် ပတ်သက်သည့် ကွန်ဖရင့်ကြီးမှ ထွက်ပေါ်လာသော ရလဒ်ဖြစ်ပါလိမ့်မည်။ ယင်းကွန်ဖရင့်ကို ထိုစဉ်က မြန်မာနိုင်ငံအစိုးရအဖွဲ့ ဒုတိယဥက္ကဋ္ဌဖြစ်သော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ခဲ့ခြင်း ဖြစ်သည်။ ထိုကွန်ဖရင့်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် စီးပွားတိုးတက်ရေး ၂ နှစ် စီမံကိန်းကို ရေးဆွဲခဲ့ကြသည်။ ယင်းစီမံကိန်းစာအုပ် စာမျက်နှာ ၁၆ တွင်



www.foreverspace.com.mm

## တစ်နှစ်ပျမ်းမျှသစ်ထုတ်လုပ်မှု

| ကာလ | ကျွန်း | သစ်မာ | (ကုဗတန်) ပေါင်း |
|---|---|---|---|
| ၁၉၂၄-၂၉ | ၄၈၆၄၃၉ | ၅၃၂၅၀၃ | ၁၀၁၈၉၄၂ |
| ၁၉၂၉-၃၄ | ၃၉၃၂၉၁ | ၃၄၁၅၁၀ | ၇၃၄၈၀၁ |
| ၁၉၃၄-၃၉ | ၄၆၇၈၃၆ | ၄၆၃၉၅၉ | ၉၃၁၇၉၅ |

မြန်မာနိုင်ငံရှိ သစ်တောများနှင့် ပတ်သက်၍ မည်ကဲ့သို့ ဆောင်ရွက်သင့်ကြောင်းကို အကြံဉာဏ်များ ပေးထားသည်။

ယင်းအကြံဉာဏ်များထဲတွင် ‘မြန်မာပြည်တွင် သစ်တောများသည် အလွန်အဖိုးထိုက်တန်လှသော အမျိုးသားပိုင် ပင်ရင်းပစ္စည်းများဖြစ်လေရာ ၎င်းတို့ကို အစိုးရပိုင်ပစ္စည်းအဖြစ်နှင့် အစိုးရက အခါခပ်သိမ်း ထိန်းသိမ်းစောင့်ရှောက် အုပ်ချုပ်ရမည်။ အစိုးရ၏ လိုရင်းအချက်ကား ရှေ့ရေးနောက်ရေးချင့်ချိန်ပြီး ယခုလက်ငင်း သစ်အထွက်များနိုင်သမျှ များအောင် ပြုလုပ်ရုံသာမက နောင်ကိုလည်း ယခုထွက်သည်ထက် မလျော့ဘဲ တစ်သမတ်တည်း များများအရှည်ထွက်နိုင်ရန် ဖြစ်လေသည်’ ဟု ဖော်ပြထားသည်ကို တွေ့ရသည်။

ထို့ကြောင့် လွတ်လပ်ရေးရပြီးနောက်ပိုင်း အစိုးရအဆက်ဆက်သည် သစ်တောသယံဇာတများ ထိန်းသိမ်းကာကွယ်ရေးနှင့် ရေရှည်ထုတ်လုပ်သုံးစွဲနိုင်ရေးတို့အတွက် သစ်တောရေးရာမူဝါဒများနှင့် သစ်တောဥပဒေများကို ပြဋ္ဌာန်းပြီး အစိုးရ၏ အကျိုးစီးပွားအတွက် ခေတ်ကာလနှင့်အညီ မွမ်းမံပြင်ဆင်သင့်သည်များကို ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။ ယင်းသို့ ထိန်းသိမ်းလာခဲ့ကြသဖြင့် ကျွန်းသစ်ကို ယနေ့အထိ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ကြခြင်းဖြစ်ကြောင်း သစ်တောပညာရှင်များက ဆိုကြသည်။

ကျွန်းသစ်ထုတ်လုပ်မှုလုပ်ငန်းကို မြန်မာနိုင်ငံလွတ်လပ်ရေးရစအချိန်မှစပြီး ၁၉၈၈ ခုနှစ်နောက်ပိုင်း ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးခဲ့သည့်ခေတ်ဦးကာလအထိ အစိုးရကသာ ကာလအတန်ကြာ ဆောင်ရွက်ခဲ့သည်။ နောက်ပိုင်းတွင် စီးပွားရေးပုံစံပြောင်းလဲလာသကဲ့သို့ သစ်ထုတ်လုပ်ငန်းကို ပုဂ္ဂလိကလုပ်ငန်းရှင်များ လုပ်ကိုင်ခွင့်ရခဲ့ကြသည်။ သို့သော် လုပ်ငန်းသဘာဝနားမလည်သူ အခြားစီးပွားရေးလုပ်ငန်းသမားများရော ကြုံရာအကွေ့ ကြုံရာတက်နင်းလော့မည့်သူများပါ အကျိုးအမြတ်မျှော်ကိုးပြီး ဝင်ရောက်လုပ်ကိုင်လာကြသည်ကို တွေ့ရသည်။ လောဘတကြီး သစ်ခုတ်ယူရောင်းချမှုများ များပြားလာပြီး သစ်ထုတ်လုပ်ငန်းစည်းမဲ့ကမ်းမဲ့ဖြစ်လာသဖြင့် ၁၉၉၃ ခုနှစ်တွင် ပုဂ္ဂလိကသစ်ထုတ်ယူခွင့်ကို အစိုးရက ရပ်



www.foreverspace.com.mm

ဆိုင်းငံ့ခဲ့ကြောင်း သိရသည်။ သို့သော် နိုင်ငံ၏ စီးပွားရေးပေါ်လစီတစ်ခုဖြစ်သော ဈေးကွက် စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေးဦးတည်ချက် ပျောက်မသွားစေရန်နှင့် အရင်းအနှီးပမာဏကြီးမားသည့် သစ်ထုတ်လုပ်ငန်းကို ခနအင်အားတောင့်တင်းခိုင်မာသော ကုမ္ပဏီကြီးများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွက် အကျိုးပိုမိုဖြစ်ထွန်းနိုင်မည်ဆိုသည့် ယုံကြည်ချက်၊ ရည်ရွယ်ချက်များနှင့် ယခုအခါ ပုဂ္ဂလိကလုပ်ငန်းရှင်များကို သစ်ထုတ်လုပ်ခွင့် ပြန်လည်ခွင့်ပြုထားကြောင်း သိရသည်။

မြန်မာ့သစ်လုပ်ငန်းနှင့် ပုဂ္ဂလိကကုမ္ပဏီတို့ပူးပေါင်းသစ်ထုတ်လုပ်သည့်စနစ်ကို တန်စားစနစ်ဟုခေါ်ကြောင်း၊ ကုမ္ပဏီ၏စရိတ်ဖြင့် ဦးစွာသစ်ထုတ်လုပ်စေပြီးမှ သစ်ထုတ်စရိတ်ကို သက်ဆိုင်ရာဌာနက ဘဏ္ဍာငွေခွင့်ပြုချက်ဘောင်အတွင်း သတ်မှတ်ထားသည့်နှုန်းထားနှင့် ပေးချေခြင်းဖြစ်ကြောင်း၊ သတ်မှတ်နှုန်းထားနှင့် ပေးချေသည့်ငွေကြေးသည် အမှန်တကယ် ကုန်ကျစရိတ်ကို မကာမိသဖြင့် သစ်ထုတ်သည့်ကုမ္ပဏီကို ၎င်းထုတ်လုပ်သော သစ်လုံးပမာဏအပေါ် အချိုးကျတွက်ချက်ပြီးခွဲဝေပေးခြင်းဖြစ်ကြောင်း၊ လက်ရှိခွဲဝေပေးသည့်အချိုးမှာ မြန်မာ့သစ်လုပ်ငန်းက ၄၀ ရာခိုင်နှုန်းယူပြီး ကုမ္ပဏီကို ၆၀ ရာခိုင်နှုန်းပေးကြောင်း သိရသည်။ ပုဂ္ဂလိကကုမ္ပဏီအနေဖြင့် ရရှိသည့်သစ်လုံးဝေစုကို သစ်လုံးလိုက်သော်လည်းကောင်း၊ သစ်ခွဲသား သို့မဟုတ် သစ်အခြေခံထွက်ကုန် (Wood Based Products) များအဖြစ်သော်လည်းကောင်း ပြည်ပသို့ ရောင်းချတင်ပို့နိုင်ကြောင်း သိရသည်။

တန်စားစနစ်ကို ကျင့်သုံးစဉ် သစ်ထုတ်ကုမ္ပဏီအရေအတွက်သည် လက်ဆယ်ချောင်းပင်မပြည့်ခဲ့ပေ။ သစ်ထုတ်လုပ်မည့်ကုမ္ပဏီသည် ငွေကြေးအင်အားတောင့်တင်းခိုင်မာမှုရှိ မရှိ၊ ပြည်ပပို့ကုန်လုပ်ငန်းအတွေ့အကြုံရှိမရှိ၊ သစ်ထုတ်လုပ်ငန်းအတွေ့အကြုံရှိမရှိ အစရှိသည့် အချက်အလက်များအပေါ် စဉ်းစားစိစစ်သုံးသပ်ပြီးမှ သက်ဆိုင်ရာက သစ်ထုတ်လုပ်ခွင့်ချပေးခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါတွင်မူ ပုဂ္ဂလိကကုမ္ပဏီ ၂၀ ကျော် သစ်ထုတ်လုပ်ငန်းဆောင်ရွက်နေကြောင်း အဆိုပါဂျာနယ်ဆောင်းပါးတွင် ဖော်ပြထားသည်ကို တွေ့ရသည်။ ယင်းကုမ္ပဏီများထဲတွင် သစ်ထုတ်လုပ်ငန်းအတွေ့အကြုံ ၁၀ နှစ်ကျော်ရှိသည့် ကုမ္ပဏီများပါဝင်သလို လုပ်ငန်းအတွေ့အကြုံနည်းပါးသေးသည့် ကုမ္ပဏီများလည်း ပါဝင်ကြောင်း၊ ခနအင်အားတစ်ခုအတွင်းသို့ အခြေခံပြီး အခြားလုပ်ငန်းများလုပ်ကိုင်ရာနေရာမှ ၎င်းတို့အတွက် အကျိုးဖြစ်ထွန်းမှုများမည်ထင်သည့် သစ်ထုတ်လုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်လာကြသော ကုမ္ပဏီများလည်းပါဝင်ကြောင်း သိရှိရသည်။

ယခုကဲ့သို့ ကုမ္ပဏီအတော်များများ သစ်ထုတ်လုပ်ငန်းတွင် တိုးဝင်လုပ်ကိုင်လာကြသည်ကို အပြုသဘောဆောင်သည့် ရှုမြင်သုံးသပ်မှုများရှိသလို ၁၉၈၈ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်းက ဖြစ်ပျက်ခဲ့သော လောဘတကြီးသစ်ခုတ်ယူရောင်းချမှု၊ စည်းမဲ့ကမ်းမဲ့သစ်ထုတ်လုပ်မှုနှင့် ကြုံရာအကွေ့ကြုံရာတက်ဖြင့် လှော်မည့်သူများပါရှိလာမည်ကို စိုးရိမ်သူများလည်း ရှိနေပါသည်။

သစ်နှင့် ပတ်သက်သည့်မသမာမှုများကို တာဝန်သိနိုင်ငံ့ဝန်ထမ်းများက စိစစ်ဖော်ထုတ်ခဲ့ကြသည့် သတင်းများကိုလည်း သတင်းစာဂျာနယ်များတွင် မကြာခဏဆိုသလို ဖတ်ရှုခဲ့ရသည်။ အရေးယူမှုများလည်း ပြုလုပ်ခဲ့သည်ဟု သိရသည်။ သို့သော် ယင်းဂျာနယ်ဆောင်းပါးတွင် ဖော်ပြထားသကဲ့သို့ မူရင်းတန်ဖိုးအပြည့်အဝကို မြန်မာ့သစ်လုပ်ငန်းသို့ ထပ်မံပေးသွင်းရန်နှင့် ပေးသွင်းပြီးမှသာ ပြည်ပသို့ တင်ပို့ခွင့်ပြုရန်ဆိုသည့် အရေးယူမှုသည် ခိုးထုပ်ခိုးထည်နှင့် လက်ပူးလက်ကြပ်မိသည့်ကိစ္စတွင် တန်ဖိုးမဆုံးအောင် ပစ္စည်းထားခဲ့ခိုင်းပြီး လူကို လွှတ်လိုက်သည့်သဘောမျိုးဖြစ်နေသဖြင့် တအံ့တဩဖြစ်နေကြသူများရှိနေကြသည်။

သစ်လောကတွင် ယခုကဲ့သို့ မသမာမှုများဖြစ်ပေါ်နေခြင်းသည် အလေ့အထတစ်ခုသဖွယ်ဖြစ်မနေသင့်ကြောင်း၊ ထိရောက်သောအရေးယူမှုမျိုးပြုလုပ်၍ဖြစ်စေ၊ နောင် အလားတူအဖြစ်မျိုးမဖြစ်အောင် နည်းလမ်းများရှာကြံပြီး ကာကွယ်ထိန်းသိမ်းမှုများပြုလုပ်၍ဖြစ်စေ ဟန့်တားသင့်ကြောင်း၊ အထူးသဖြင့် ၁၉၈၈ မှ ၁၉၉၃ ခုနှစ်ကာလအတွင်းက အဖြစ်အပျက်မျိုး ထပ်မံမဖြစ်ပေါ်စေရအောင် ပုဂ္ဂလိကကုမ္ပဏီများအား သစ်ထုတ်ခွင့်ပြုသည့်စနစ်ကို ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်စိစစ်သုံးသပ်ပြီး ယခုထက်ပိုမိုကောင်းမွန်သော အစိုးရနှင့် ပုဂ္ဂလိကနှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့်နည်းလမ်းများကိုရှာကြံသင့်ကြောင်း သစ်ထုတ်လုပ်ငန်းအတွေ့အကြုံရှိသူများက အပြုသဘောဝေဖန်ပြောဆိုနေကြသည်။

**သစ်ရိုင်း**

## ကိုးကား

- ၁၉၅၀ ခုနှစ် နိုင်ငံတော်သစ်လုပ်ငန်းကော်မရှင်အဖွဲ့၏အစီရင်ခံစာ
- မြန်မာ့သစ်ကုန်ချောလုပ်ငန်း သောင်းတိုက်စိုး
  ကြော်ငြာနှင့် ဈေးဝယ်လမ်းညွှန်မဂ္ဂဇင်း အမှတ် (၆၂)၊ ၂၀၀၀ ပြည့်နှစ်၊ ဇွန်လ
- ၁၄-၂၀၊၇၊ ၂၀၀၆ နေ့ထုတ် မြန်မာတိုင်း(မ်)အတွဲ ၁၄၊ အမှတ်(၂၆၉)
- မြန်မာ့သစ်လုပ်ငန်းရွှေရတုမဂ္ဂဇင်း

## ယနေ့စီးပွားရေးမြင်ကွင်း


ဤကဏ္ဍတွင်......

၇၂ ရန်ကုန်ကုန်စည်ဈေးကွက်
၇၆ ကြက်သွန်နီ စီးပွားရေး
၈၂ လယ်ယာကဏ္ဍတိုးတက်ရေးနှင့် ဇီဝမြေဩဇာ
၈၅ ကိုယ်ပိုင်ဘာသာရပ်သင် သင်တန်းများနှင့်ကျောင်းသား၊ မိဘ၊ ဆရာ သုံးပွင့်ဆိုင်သဘောထား
၉၀ ခရီးသွားလုပ်ငန်းသင်တန်းများ ဖွံ့ဖြိုးလာမှုနှင့် အနာဂတ်
၉၆ Vinyl ကြော်ငြာလုပ်ငန်းအလားအလာ







www.foreverspace.com.mm

www.foreverspace.com.mm



**ရန်ကုန်မြို့တော် ဆင်ခြေဖုံးဒေသများ၏ စားသောက်ကုန်များ အဓိကဝယ်ယူရာ ညောင်ပင်လေးဈေးကြီး၌ ပြီးခဲ့သည့် ဇူလိုင်လကုန်ပိုင်းတွင် ယခင်လမှ အကောက်ခွန်ဆိုင်ရာလုပ်ငန်း တင်းကျပ်စွာစစ်ဆေးမှုများ၏အရှိန်မှာ ဆက်လက်မြင့်တက်လျက်ရှိနေရာ မှောင်ခိုဖြင့် ကန့်သတ်မဲ့သွင်းကုန်များ ဝင်ရောက်မှုလျော့ကျလျက်ရှိသည်။ ထိုသို့ လျော့ကျခဲ့မှုနှင့်ဆက်စပ်၍ နယ်စပ်မှကုန်သယ်ယူသူများမှာ ပုံမှန်တရားဝင်ကုန်များကိုပါ သယ်ဆောင်ခများ တိုးမြှင့်ယူခဲ့ရာ အဆိုပါကုန်များလည်း ဝင်ရောက်မှုလျော့ကျခဲ့ကြောင်း၊ ယင်း၏အဆက်အစပ်အဖြစ် ဘုရင့်နောင်ဈေးကွက်အတွင်းရှိ အခြေခံစား ကုန်အချို့နေရာတွင်လည်း အနည်းငယ်ရိုက်ခတ်မှုရှိခဲ့ကြောင်း ညောင်ပင်လေးဈေးနှင့် ဘုရင့်နောင်ပွဲရုံတို့မှ စုံစမ်းသိရှိရသည်။**

## အချိုရည်မျိုးစုံ

မိုးရာသီကာလဖြစ်သည်နှင့်အား လျော်စွာ အချိုရည်ရောင်းအားကျလျက်ရှိပြီး စင်ကာပူ Coke ကဲ့သို့ အချိုရည်များမှာ ဈေးကွက်အတွင်း မဝင်ရောက်သလောက် ရှိနေသည်။ ပြည်ပမှ တင်သွင်းလာသော အချိုရည်များမှာ စံချိန်တင်အောင် ဈေးနှုန်းများ မြင့်တက်ခဲ့ရာ Coke တစ်ဖာလျှင် ၁၈၀၀၀ ကျပ်ခန့် ဈေးပေါက်လျက်ရှိရာ ၎င်း၏အချိုရည်ရောင်းသက် ကိုးနှစ်တာအတွင်း မကြုံဖူးသောပေါက်ဈေးနှုန်းဖြစ်ကြောင်း ညောင်ပင်လေးဈေးမှ အချိုရည်အရောင်းဆိုင် လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။ ပြည်တွင်းအချိုရည် ဈေးကွက်တွင် ပြည်ပထုတ်အချိုရည်များနှင့် ပုံစံတူ ပြည်တွင်းထုတ်အချိုရည်များ ထုတ်လုပ်ဝင်ရောက်လျက်ရှိရာ ဈေးနှုန်းသက်သာမှုကြောင့် အဝယ်လိုက်လျက်ရှိကြောင်း အဆိုပါဈေးအတွင်းမှ စုံစမ်းသိရှိရသည်။ ယခုနှစ် မိုးတွင်းရောင်းအားမှာ ယမန်နှစ်မိုးတွင်းရောင်းအား၏ ၅၀ ရာခိုင်နှုန်းခန့်သာရှိပြီး လာမည့် ပွင့်လင်းရာသီတွင် ရောင်းအားပြန်တက်လာဖွယ် ရှိသည်။

## ဆပ်ပြာ၊ ဆပ်ပြာမှုန့်

ပြည်တွင်းထုတ်ဆပ်ပြာများမှာ ဈေးကွက်အတွင်း အပြိုင်အဆိုင်ဝင်ရောက်လျက်ရှိရာ အဓိကအားဖြင့် ကြော်ငြာအားကောင်းသည့် ကုန်အမှတ်တံဆိပ်များသာ ဝယ်လိုအားကောင်းလျက်ရှိကြောင်း ညောင်ပင်လေးဈေးမှ စုံစမ်းသိရှိရသည်။ ပြည်တွင်းထုတ်ဆပ်ပြာများ၏ ဈေးနှုန်းများ မတိမ်းမယိမ်းအနေအထားရှိပြီး ဈေးကွက်ပေါက် ကုန်အမှတ်တံဆိပ်တချို့သာ ဈေးမြောက်လျက်ရှိကြောင်း ဆပ်ပြာကိုယ်စားလှယ်များထံမှ စုံစမ်းသိရှိရသည်။ ရွှေဝါ၊ ကာဘော်လစ်ကဲ့သို့ ဆပ်ပြာများမှာ ဝင်းသူဇာမှ ရောင်းထုတ်သည့်အခြေအနေနှင့် နိုင်ငံပိုင်စက်ရုံများမှ ထုတ်လုပ်မှုစွမ်းအားအရ ဈေးအပြောင်း



www.foreverspace.com.mm

အလဲရှိရာ ဇူလိုင်လကုန်ပိုင်းတွင် ဈေးငြိမ်လျက်ရှိသည်။ ဆပ်ပြာမှုန့်များမှာ ဝယ်လိုအား အထူးကောင်းမွန်လျက်ရှိပြီး ဈေးနှုန်းမှာ တစ်ပတ်တစ်ကြိမ်ခန့် အပြောင်းအလဲရှိကြောင်း၊ ပြည်ပမှ တင်သွင်းသော ကုန်ကြမ်းဈေးနှုန်းအနေအထားအရ ဈေးကွက်အပေါ် သက်ရောက်လျက်ရှိကြောင်း ဆပ်ပြာမှုန့်အရောင်းဆိုင်များထံမှ သိရှိရသည်။

## ဆန်၊ ဆီ

ယခုလ ဆန်ဈေးနှုန်းများ အမြင့်သို့ ရောက်လာသည်။ ဈေးနှုန်းမြင့်မားမှုကို ထိန်းချုပ်ရန် မြန်မာနိုင်ငံဆန်ကုန်သည်ကြီးများအသင်းတွင် ပုံမှန်ဈေးကွက်ပေါက်ဈေးထက် လျော့နည်းသော ဈေးနှုန်းများဖြင့် ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိ ဆန်ပွဲရုံများမှ တစ်နေ့လျှင် ဆန်အိတ် ၃၀၀၀ ရောင်းချပေးလျက်ရှိသည်။ ယင်းဆန်များကို ရပ်ကွက်များအတွင်း လက်လီရောင်းချပေးသော ဆန်ဆိုင်များအတွက် ရောင်းချပေးခြင်းဖြစ်ကြောင်း၊ ယင်းဆိုင်များ ဝယ်ယူရသက်သာလျှင် စားသုံးသူများထံသို့ သက်သာသောနှုန်းထားဖြင့် ပြန်လည်ရောင်းချပေးနိုင်ရေးအတွက်ဖြစ်ကြောင်း ဆန်ပွဲရုံလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ယခုလဆန်ဈေးကွက်အတွင်း ဆန်အကြမ်းတစ်အိတ်လျှင် ၉၈၀၀ ကျပ်မှ ၁၃၀၀၀ ကျပ်၊ ဆန်အချောတစ်အိတ်လျှင် ၁၆၅၀၀ ကျပ်မှ ၂၄၀၀၀ ကျပ်ဝန်းကျင်နှင့် ဆန်ကွဲဈေးမှာ ၈၅၀၀ ကျပ်မှ ၉၅၀၀ ကျပ်အထိ ရှိသည်။

မြင့်တက်လာသောဈေးနှုန်းထက် သက်သာသောနှုန်းထားဖြင့် စားသုံးသူများ ဝယ်ယူနိုင်ရန် မြန်မာနိုင်ငံဆန်ကုန်သည်ကြီးများအသင်းသည် တစ်ပြည်လျှင် ၄၀၀ ကျပ်နှုန်းဖြင့် တစ်ဦးလျှင် လေးပြည်နှုန်း ရောင်းချပေးမည့် အထူးဆန်ဆိုင် ၁၀၀ အထိ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ဩဂုတ်လ ပထမပတ်အထိ မြို့နယ် ၁၉ မြို့နယ်တွင် အထူးဆန်ဆိုင် ၄၀ ဖွင့်လှစ်ရောင်းချပြီးဖြစ်ကြောင်း အဆိုပါအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောကြားသည်။ ဆန်ဈေးနှုန်းမြင့်တက်ခြင်းသည် ဆန်ကုန်သည်များ၏ သိုလှောင်မှု၊ နယ်စပ်တင်ပို့မှုတို့ကြောင့်ဖြစ်ပြီး စပါးဈေးအမြင့်သို့ ရောက်လာခြင်းမှာလည်း သက်ရောက်မှုရှိကြောင်း၊ ဇူလိုင်လ ၂၇ ရက်နေ့ စပါးပေါက်ဈေးမှာ ပဲခူးတိုင်းတွင် တင်း ၁၀၀ လျှင် ၂၄၀၀၀၀ ကျပ်မှ ၂၆၀၀၀၀ ကျပ်ကြားနှင့် ဧရာဝတီတိုင်းတွင် ၃၃၀၀၀၀ ကျပ်ဝန်းကျင်တွင်ရှိကြောင်း ဆန်ကုန်သည်တစ်ဦးက သုံးသပ်



www.foreverspace.com.mm

ပြောကြားသည်။

ဆီဈေးနှုန်းများမှာ စားအုန်းဆီတစ်ပိသာလျှင် ၁၂၇၅ ကျပ်ဝန်းကျင်မှ ၁၃၅၀ ကျပ်ဝန်းကျင်တွင် အပြောင်းအလဲများ ဖြစ်ပေါ်လျက်ရှိသည်။ ပဲဆီဈေးနှုန်းမှာ အရည်အသွေးပေါ်မူတည်ပြီး တစ်ပိသာလျှင် ၁၇၀၀ ကျပ်မှ ၂၅၀၀ ကျပ် အထိရှိကြောင်း ရောင်းဝယ်ရေးလုပ်ငန်းရှင်များက ပြောကြားသည်။

## ငရုတ်၊ ကြက်သွန်၊ အာလူး

ယခုနှစ်ငရုတ်ဈေးမှာ အထွက်နည်းခြင်းကြောင့် မြင့်တက်ခဲ့သည်။ လက်ရှိငရုတ်ရှည်ဈေးမှာ မြစ်ဝကျွန်းပေါ်တစ်ပိသာလျှင် ၂၈၀၀ ကျပ်မှ ၂၉၀၀ ကျပ်ဝန်းကျင်တွင်ရှိသည်။ ငရုတ်စိမ်းစားပွဲအသစ်ဝင်ရောက်လာပြီး ပေါ်ဦးပေါ်စတွင် တစ်ပိသာ ၃၀၀၀၊ ၃၂၀၀ ကျပ်ဝန်းကျင်မှ ယခု ၃၈၀၀ ကျပ်မှ ၄၂၀၀ ကျပ်ဝန်းကျင်အထိ ရှိလာသည်။ မိုးထောင်ငရုတ်မှာ ၂၀၀၀ ကျပ်မှ ၂၅၀၀ ကျပ်ဝန်းကျင်တွင်ရှိသည်။

ငရုတ်သီးပစ္စည်းအထွက်နည်းမှုကြောင့် ကုန်သည်များ ဆက်လက်ဈေးကောင်းရနေမည်ဖြစ်ကြောင်း ငရုတ်ပွဲရုံလုပ်ငန်းရှင်များက ခန့်မှန်းကြသည်။

ယခုနှစ်ကြက်သွန်နီသည် ဈေးကွက်အတွင်း အပြောင်းအလဲအများဆုံး ဖြစ်ပေါ်လျက်ရှိသည်။ ပြည်တွင်းစားသုံးမှုမလုံလောက်၍ ဈေးကွက်အတွင်း ဈေးနှုန်းမြင့်တက်လာမှုကို ထိန်းချုပ်သည့်အနေဖြင့် ပြည်ပတင်ပို့မှုလိုင်စင် အများအပြားလျော့ကျခဲ့သည်။ ယခုလအတွင်း ကြက်သွန်နီ တစ်ပိသာလျှင် ၇၀၀ ကျပ်ဝန်းကျင်ရှိနေပြီး ထိုထက်ပို၍ ဈေးနှုန်းမြင့်တက်လာပါက ပြည်ပတင်ပို့ခွင့် လုံးဝရပ်ဆိုင်းမည် ဖြစ်ကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်သည်။ ယခုလအတွက် ကြက်သွန်နီတစ် ပိသာလျှင် ၁၀၀၀ ကျပ်ဈေးရရှိရန် မျှော်မှန်းလျက်ရှိသည်။

ကြက်သွန်အဖြူဈေးမှာ တောင်ပေါ်တွင် ဈေးမကျခြင်းကြောင့် တစ်ပိသာလျှင် ထိပ်စ ၁၇၀၀ ကျပ်၊ ၁၈၀၀ ကျပ်ဝန်းကျင်နှင့် အာလူးဈေးမှာ အောင်ပန်းသီး တစ်ပိသာ ၂၀၀ ကျပ်မှ ၃၀၀ ကျပ်၊ ဟဲဟိုးသီး ၂၀၀ ကျပ်မှ ၄၅၀ ကျပ်ဝန်း ကျင်တွင်ရှိပြီး အပြောင်းအလဲသိပ်မရှိပေ။

## ပဲမျိုးစုံ

ဈေးကွက်အတွင်း ပစ္စည်းလက်ကျန်အနည်းငယ်ရှိသော ပဲတီစိမ်းခရမ်းရွှေဝါသည် တစ်နေ့လျှင် အိတ် ၃၀၀ ခန့် အရောင်းအဝယ်ရှိပြီး ဈေးနှုန်းမှာ တစ်အိတ်လျှင် ၅၅၀၀၀ ကျပ်ဝန်းကျင်တွင်ရှိသည်။ အသစ်ဝင်သော အညာရွှေဝါမှာ အရည်အသွေးညံ့၍ ပြည်ပထွက်ရန်သိပ်မရှိကြောင်း ပဲမျိုးစုံလုပ်ငန်းရှင်များက ပြောကြားသည်။ မတ်ပဲဈေးနှုန်းမှာ တစ်အိတ်လျှင် ၆၄၅၀၀ ကျပ် ဖြစ်လာပြီး ပြည်ပအမှာရှိသော်လည်း Export ကုမ္ပဏီများက လက်မခံကြကြောင်း၊ ပြည်တွင်းပစ္စည်း လက်ကျန်အခြေအနေ ခန့်မှန်းရခက်ခြင်းကြောင့် ကုမ္ပဏီအတွင်းရှိသော ပစ္စည်းအတွက်သာ အမှာစာလက်ခံရဲကြကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပဲစင်းငုံဈေးနှုန်းမှာ နယ်ပေါက်ဈေး တစ်တန်လျှင် ၂၀၀,၀၀၀ ကျပ်မှ ၃၀၀,၀၀၀ ကျပ်ရှိပြီး အရည်အသွေးညံ့၍ ရန်ကုန်တွင် အရောင်းအဝယ်သိပ်မဖြစ်ကြောင်း၊ ပဲလွန်းဖြူ မြစ်ဝစမှာ တစ်အိတ်လျှင် ၄၂၀၀၀ ကျပ်မှ ၄၆၀၀၀ ကျပ်ရှိသော်လည်း ပစ္စည်းလက်ကျန်နည်းသွားပြီဖြစ်ကြောင်း စုံစမ်းသိရှိရသည်။ အခြား ပဲဈေးနှုန်းများမှာ ဘိုကိတ်တစ်အိတ်လျှင် ၃၄,၀၀၀ ကျပ်မှ ၃၅,၀၀၀ ကျပ်၊ ပဲ ထောပတ် ၃၅,၀၀၀ ကျပ်နှင့် ၄၀,၀၀၀ ကျပ်၊ ပဲနီပြား ၄၀,၀၀၀ ကျပ်၊ ပဲနီလုံး ၃၃,၀၀၀ ကျပ်၊ မြေပဲ တစ်ပိသာလျှင် ၁၆၀၀ ကျပ်၊ မြေပဲအဖြူ ၁၄၀၀ ကျပ်နှင့် ကုလားပဲခြမ်း တစ်ပိသာ ၁၁၂၀ ကျပ် မှ ၁၁၃၀ ကျပ်ဝန်းကျင်တွင် ရှိသည်။

## နိုင်ငံ

ယခုလအခြေအနေကို ခြုံငုံသုံးသပ်သော် နယ်စပ်ကုန်သွယ်ရေးများတွင် အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ တင်းကျပ်လာခြင်းကြောင့် ပစ္စည်းဝင်ရောက်မှုအပေါ် ရိုက်ခတ်မှုရှိလာ၍ ကုန်ဈေးနှုန်းအမြင့်သို့ ရောက်လာရခြင်းဖြစ်သည်။ တရားမဝင်တင်ပို့ရောင်းချသူအချို့ကိုလည်း ထိန်းသိမ်းခြင်းများ ပြုလုပ်ခဲ့ရာ ဘုရင့်နောင်ဈေးကွက်တွင် ကုန်ပစ္စည်းတင်ပို့မှု၊ ဝင်ရောက်မှုတို့မှာ သိသိသာသာ အပြောင်းအလဲ ဖြစ်ပေါ်ခဲ့ရသည်။ အကောက်ခွန်ဆိုင်ရာကိစ္စရပ်များ ဖြေရှင်းပြီးချိန် ကုန်သွယ်မှုလုပ်ငန်း မှန်ကန်မြန်ဆန်လာပါက ကုန်စည်ဈေးနှုန်း တည်ငြိမ်လာမည်ဟု ယူဆရကြောင်း ကုန်သည်အများစုက သုံးသပ်ပြောကြားသည်။

**သန်းထိုက်သူ၊ သစ်ထွဋ်**

LIVING COLOR MAGAZINE - 526302 , 504496

Chief Editor - c-editor@myanmarpartners.com.mm

News Room - myanfo@myanmarpartners.com.mm

Marketing - paz@myanmarpartners.com.mm

www.foreverspace.com.mm





# ကြက်သွန် စီးပွားရေး

သန်းထိုက်သူ

**မြန်မာနိုင်ငံ၌ ဈေးကွက်စီးပွားရေးစနစ် စတင်အကောင်အထည်ဖော်ခဲ့သော ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် လယ်ယာထွက်ကုန်သီးနှံအများစုကို ပြည်ပတင်ပို့ခွင့်ပြုခဲ့ရာ စားဖိုဆောင်သီးနှံအုပ်စုဝင် ကြက်သွန်နီသည် မှန်ကန်သော စိုက်ပျိုး တင်ပို့မှုနည်းလမ်းများဖြင့် စနစ်တကျဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံခြားဝင်ငွေအများအပြား ရှာဖွေပေးနိုင်မည့် အလားအလာကောင်းများစွာ ကျန်ရှိနေသေးသည်ကို တွေ့မြင်ရသည်။**

## စိုက်ပျိုးနိုင်သော မြေသယံဇာတ

မြေယာသယံဇာတအရင်းအမြစ်ကောင်းများစွာ ပိုင်ဆိုင်ထားသော မြန်မာနိုင်ငံတွင် စုစုပေါင်းမြေဧက ၁၆၇.၁၉ သန်း၏ လေးပုံတစ်ပုံမှာ စိုက်ပျိုးနိုင်သော မြေများဖြစ်ပြီး လက်ရှိမြေယာအသုံးချမှု အခြေအနေမှာ အသားတင်စိုက်ပျိုးသော မြေဧက ၂၅.၃၉ သန်း၊ ပလပ်မြေ ၁.၂၆ သန်း၊ စိုက်ပျိုးနိုင်သော မြေရိုင်း ၁၆.၂၄ သန်း၊ ကြိုးဝိုင်းကြိုးပြင် ကာကွယ်တော ၃၇.၇၇ သန်း၊ သစ်တောရိုင်း ၄၄.၈၇ သန်းနှင့် အခြားမြေအမျိုးအစား ၄၁.၆၅ သန်းရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ တရားဝင်ထုတ်ပြန်သော စာရင်းဇယားများအရ သိရသည်။

နှစ်ပေါင်းများစွာ စိုက်ပျိုးဖြစ်ထွန်း

မှုနည်းပါးပြီး မြေယာဖော်ထုတ်ရန် ကုန်ကျစရိတ်ကြီးမားသော ရေနက်ကွင်း၊ ရေကြီးကွင်း ဧရိယာနှင့် ရင်းနှီးမြှုပ်နှံမှုများစွာ အကုန်အကျခံလုပ်ကိုင်ရမည့် မြေလွတ်မြေရိုင်းများတွင် ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ နှစ်ရှည်သီးနှံ၊ ရော်ဘာ၊ ဆီအုန်း စသည်တို့ စိုက်ပျိုးထုတ်လုပ်ရန် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင် ကုမ္ပဏီအဖွဲ့အစည်းများသို့ လုပ်ပိုင်ခွင့်များ ချထားပေးခဲ့သည်။

ကြက်သွန်နီကိုလည်း ပြည်တွင်းဈေးကွက်မထိခိုက်စေရေးအတွက် အဆိုပါမြေလွတ်မြေရိုင်းများတွင် ပြည်ပတင်ပို့လိုသူများကို ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်စေ၍ ထွက်ရှိသောပမာဏကိုသာ ပြည်ပတင်ပို့ခွင့်ပြုခဲ့ရာ ၂၀၀၃၊ ၂၀၀၄၊ ၂၀၀၅ ခုနှစ် ကြက်သွန်ထွက်ရှိမှုမှာ အာဆီယံနိုင်ငံများအတွင်း အမြင့်ဆုံးဖြစ်ခဲ့ကြောင်း၊ ကြက်သွန်နီစိုက်ဧက ၅၀၀၀၀ ပြည့်မီစေရန် မြေလွတ်မြေရိုင်းများ ဆက်လက်ရှာဖွေဖော်ထုတ်မည်ဖြစ်ကြောင်း စီးပွားရေးနှင့်

**ဇယား (၁)**

**ကမ္ဘာ့ကြက်သွန်နီ အများဆုံးစိုက်ပျိုးမှုအခြေအနေ**

**ရေတွက်ပုံ–ဧက**

| စဉ် | နိုင်ငံအမည် | ၂၀၀၁ | ၂၀၀၂ | ၂၀၀၃ | ၂၀၀၄ | ၂၀၀၅ |
|---|---|---|---|---|---|---|
| ၁ | တရုတ် | ၁၇၂၉,၄၈၈ | ၁၈၄၉,၇၁၁ | ၁၉၂၁,၄၈၁ | ၂၀၄၁,၄၄၀ | ၂၁၆၁,၉၉၂ |
| ၂ | အိန္ဒိယ | ၁၂၀၀,၀၀၀ | ၁၂၇၂,၀၀၀ | ၁၂၇၂,၀၀၀ | ၁၂၇၂,၀၀၀ | ၁၂၇၂,၀၀၀ |
| ၃ | ရုရှား | ၂၆၅,၆၈၀ | ၂၆၉,၆၁၆ | ၂၈၃,၅၁၂ | ၃၀၄,၈၀၀ | ၃၀၀,၀၀၀ |
| ၄ | ပါကစ္စတန် | ၂၅၃,၄၄၀ | ၂၄၉,၁၂၀ | ၂၅၉,၄၄၀ | ၂၅၅,၁၂၀ | ၃၀၆,၄၈၀ |
| ၅ | အင်ဒိုနီးရှား | ၁၉၇,၁၅၃ | ၁၉၁,၆၈၁ | ၁၉၈,၁၅၄ | ၁၉၈,၁၅၄ | ၂၀၅,၂၈၂ |
| ၆ | တူရကီ | ၂၃၈,၈၀၀ | ၂၁၆,၀၀၀ | ၁၉၆,၈၀၀ | ၁၉၆,၈၀၀ | ၁၈၇,၂၀၀ |
| ၇ | ဗီယက်နမ် | ၁၈၀,၀၀၀ | ၁၈၀,၀၀၀ | ၁၈၂,၄၀၀ | ၁၈၂,၄၀၀ | ၁၈၂,၄၀၀ |

**ဇယား (၂)**

**ကမ္ဘာ့ကြက်သွန်နီ အများဆုံးတင်ပို့မှုအခြေအနေ**

**မက်ထရစ်တန်**

| စဉ် | နိုင်ငံအမည် | ၂၀၀၀ | ၂၀၀၁ | ၂၀၀၂ | ၂၀၀၃ | ၂၀၀၄ |
|---|---|---|---|---|---|---|
| ၁ | အိန္ဒိယ | ၃၄၃,၂၆၄ | ၄၄၁,၈၆၂ | ၅၈၈,၈၆၃ | ၈၆၀,၃၃၄ | ၈၃၃,၂၃၀ |
| ၂ | နယ်သာလန် | ၅၇၃,၈၃၀ | ၆၂၀,၂၈၇ | ၆၈၁,၁၃၆ | ၇၉၈,၈၅၉ | ၇၇၇,၄၄၇ |
| ၃ | တရုတ် | ၁၆၈,၅၁၆ | ၂၉၁,၂၀၀ | ၂၅၉,၅၃၂ | ၄၅၅,၆၈၀ | ၄၁၉,၆၇၈ |
| ၄ | အမေရိကန် | ၃၅၄,၁၄၂ | ၃၃၄,၆၄၃ | ၃၀၆,၇၂၉ | ၃၂၈,၈၄၉ | ၃၀၁,၉၆၇ |
| ၅ | အီဂျစ် | ၁၄၇,၂၅၈ | ၁၆၆,၃၅၇ | ၂၉၃,၄၂၉ | ၃၂၀,၂၃၃ | ၃၅၀,၅၇၁ |

**ဇယား (၃)**

**ကမ္ဘာ့ကြက်သွန်နီ အများဆုံးတင်သွင်းမှုအခြေအနေ**

**မက်ထရစ်တန်**

| စဉ် | နိုင်ငံအမည် | ၂၀၀၀ | ၂၀၀၁ | ၂၀၀၂ | ၂၀၀၃ | ၂၀၀၄ |
|---|---|---|---|---|---|---|
| ၁ | ရုရှား | ၂၉၈,၂၀၁ | ၂၈၇,၇၂၁ | ၄၂၅,၇၇၂ | ၅၈၈,၃၀၉ | ၅၆၀,၅၃၅ |
| ၂ | ဘင်္ဂလားဒေ့ရှ် | ၃၀,၀၀၀ | ၃၀,၀၀၀ | ၆၈,၅၅၃ | ၃၃၄,၅၂၁ | ၃၅၉,၅၈၉ |
| ၃ | အမေရိကန် | ၂၁၆,၂၉၆ | ၂၈၆,၉၆၉ | ၂၇၀,၀၈၃ | ၂၉၃,၁၇၅ | ၃၁၂,၆၃၂ |
| ၄ | မလေးရှား | ၂၆၆,၉၄၆ | ၂၉၈,၉၁၃ | ၃၀၃,၄၇၇ | ၂၉၁,၁၇၅ | ၂၈၅,၁၇၂ |
| ၅ | ဂျာမနီ | ၂၄၄,၃၇၅ | ၂၆၉,၄၉၈ | ၂၆၃,၀၅၆ | ၂၇၆,၄၈၆ | ၂၇၂,၇၉၁ |

www.foreverspace.com.mm

ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး (MAPT)၏ စာရင်းဇယားများအရ သိရသည်။

## ကမ္ဘာ့ကြက်သွန်စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ

ကမ္ဘာပေါ်တွင် ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်သော နိုင်ငံပေါင်း ၁၇၅ နိုင်ငံရှိပြီး တရုတ်နိုင်ငံသည် ကြက်သွန်အများဆုံးစိုက်ပျိုးထုတ်လုပ်သော နိုင်ငံတစ်ခုဖြစ်ကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ ထုတ်ပြန်ချက်အရ သိရသည်။ အများဆုံးတင်ပို့ရောင်းချသည့်နိုင်ငံမှာ ကြက်သွန်နီ ဒုတိယအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် အိန္ဒိယနိုင်ငံ ဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်တွင် တန်ချိန် ၃၄၃,၂၆၄ တန် တင်ပို့ခဲ့ရာမှ ၂၀၀၃ ခုနှစ် တွင် တန်ချိန် ၈၆၀,၃၃၄ တန် တင်ပို့နိုင်ခြင်းဖြင့် ကမ္ဘာ့စံချိန် တင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ကြက်သွန်နီဝယ်ယူတင်သွင်းမှုအခြေအနေကိုလေ့လာလျှင် ရုရှားနိုင်ငံသည် ကြက်သွန်နီအများဆုံးဝယ်ယူတင်သွင်းသည့်နိုင်ငံဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ဒုတိယအများဆုံးတင်သွင်းသည့်နိုင်ငံဖြစ်ကြောင်း FAO ၏ ထုတ်ပြန်ချက်အရ သိရသည်။ **ဇယား (၁ ၊ ၂ ၊ ၃)**

## အာဆီယံနိုင်ငံများ၏ ကြက်သွန်စိုက်ပျိုးထုတ်လုပ်တင်ပို့မှုအခြေအနေ

အာဆီယံနိုင်ငံများတွင် အင်ဒိုနီးရှားနိုင်ငံသည် ကြက်သွန်အများဆုံးစိုက်ပျိုးသည့်နိုင်ငံဖြစ်ပြီး ဗီယက်နမ်နိုင်ငံမှာ ဒုတိယအများဆုံး ဖြစ်သည်။ မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများတွင် ကြက်သွန်အများဆုံးထုတ်လုပ်သည့်နိုင်ငံဖြစ်သော်လည်း စိုက်ပျိုးမှုတွင် တတိယအများဆုံးဖြစ်သည်။ ကြက်သွန်အများဆုံးတင်သွင်းသူ၊ တင်ပို့သောနိုင်ငံမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဖြစ်ကြောင်း MAPT ၏ ထုတ်ပြန်ချက်များအရ သိရသည်။ **ဇယား (၄)**

## အကြီးမလို အသေးသာလိုသည်

မြန်မာနိုင်ငံမှ ကြက်သွန်များကို ပြည်ပတင်ပို့ရောင်းချရာတွင် အိန္ဒိယ၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်သို့ အဓိကထားတင်ပို့လျက်ရှိပြီး ဖိလစ်ပိုင်၊ ဗီယက်နမ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံဈေးကွက်များသို့လည်း တိုးချဲ့တင်ပို့သွားရန်ရှိသည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။ နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရာတွင် ကြက်သွန်နီအကြီးထက် အချင်းတစ်လက်မဝန်းကျင် ဥအသေး (Shallots) များသာ ဈေးကွက်ဝင်သည်။ ဈေးကွက်ဝင်ကြက်သွန်၏အရည်အချင်းမှာ အနာဖြစ်ခြင်း၊ ညှိုးနွမ်းခြင်း၊ ပျက်စီးယိုယွင်းခြင်း၊ အပြစ်အနာအဆာများ ပါဝင်ခြင်း စသည်တို့ ကင်းစင်ရမည်ဖြစ်ပြီး ရှည်လျားသော



www.foreverspace.com.mm

**ဇယား (၄)**

**ပြည်ပသို့ ကြက်သွန်တင်ပို့မှုအခြေအနေ**

**မက်ထရစ်တန်ချိန်**

| စဉ် | နိုင်ငံအမည် | ၂၀၀၀ | ၂၀၀၁ | ၂၀၀၂ | ၂၀၀၃ | ၂၀၀၄ |
|---|---|---|---|---|---|---|
| ၁ | မလေးရှား | ၃၀,၆၉၃ | ၂၆,၅၇၃ | ၃၇,၈၃၀ | ၇၁,၆၆၈ | ၁၀၄,၅၆၉ |
| ၂ | ထိုင်း | ၂၂,၃၄၀ | ၁၈,၄၆၃ | ၂၂,၆၇၀ | ၂၀,၀၇၃ | ၇၉,၈၂၃ |
| ၃ | ဖိလစ်ပိုင် | ၁၄,၈၆၉ | ၅,၆၁၇ | ၁၆,၂၉၇ | ၃,၅၆၈ | ၂၈,၁၉၁ |
| ၄ | မြန်မာ | ၅၄,၀၀၀ | ၄၉၈,၀၀ | ၅၃,၀၀၀ | ၅,၀၀၀ | ၁၁,၈၀၂ |
| ၅ | စင်ကာပူ | ၁၀,၉၃၁ | ၈,၄၅၃ | ၅,၄၁၈ | ၄,၇၆၈ | ၃,၅၅၈ |
| ၆ | ဗီယက်နမ် | ၁,၅၀၀ | ၂၀၀ | ၆၅၀ | ၈,၅၅၆ | ၁,၇၂၄ |

**ဇယား (၅)**

| စဉ် | နိုင်ငံ | အရောင် | အရွယ် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဒိုဟာ၊ ဒါမင်၊ စင်ကာပူ၊ အာရေဗျ၊ ကူဝိတ် | အနီဖျော့မှ အနီရင့် | ၄၀–၆၀ မမ | လုံးဝိုင်းပြီး မွှန်နံ့ပြင်းရမည် |
| ၂ | မလေးရှား၊ စင်ကာပူနှင့် အာဖရိကဆိပ်ကမ်းများ | အနီရင့်မှ ခရမ်းရောင် | ၂၅–၃၀ မမ | လုံးဝိုင်းပြီး မွှန်နံ့ပြင်းရမည် |
| ၃ | သီရိလင်္ကာ | အနီရင့်မှ အနီဖျော့ | ၂၅–၃၀ မမ | လုံးဝိုင်း (သို့) လုံးသွယ် |
| ၄ | ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ နီပေါ | အနီဖျော့မှ အနီရင့် | ၂၅–၃၀ မမ | လုံးဝိုင်းပြီး မွှန်နံ့ပြင်းရမည် |
| ၅ | ဥရောပ | အဝါရောင်မှ အညိုရောင် | ၆၀–၇၀ မမ | လုံးဝိုင်းပြီး မွှန်နံ့နည်းရမည် |
| ၆ | ဂျပန် | အဝါရောင်မှ အညိုရောင် | ၆၀–၇၀ မမ | လုံးဝိုင်းပြီး မွှန်နံ့နည်းရမည် |



အမြစ်နှင့် ဖူးတံများမရှိသော Shallot ကြက်သွန်၏ ရိုးတံမှာ ခြောက်သွေ့နေရမည်ဖြစ်ကြောင်း၊ စိုထိုင်းဆပါဝင်မှုမှာ ၈၀ ရာခိုင်နှုန်းထက် ကျော်လွန်၍မရကြောင်း ပြည်ပတင်ပို့သည့်လုပ်ငန်းရှင်များက ဆိုသည်။

MAPT မှ သုတေသနပြုလေ့လာထားသော မှတ်တမ်းအရ နိုင်ငံတကာဈေးကွက်မှ ကြိုက်နှစ်သက်သော ကြက်သွန်အရည်အသွေးများကို ဇယားဖြင့် သီးခြားဖော်ပြလိုက်ပါသည်။ **ဇယား (၅)**

## မြန်မာ့ကြက်သွန်တင်ပို့မှု

မြန်မာနိုင်ငံ၌ တစ်နှစ်လျှင် နှစ်ကြိမ်စိုက်ပျိုးထုတ်လုပ်နိုင်သော ကြက်သွန်နီကို ပင်လယ်ရေကြောင်းကုန်သွယ်မှု (Over Seas)၊ နယ်စပ်ကုန်သွယ်ရေး (Border Trade) တို့မှ တင်ပို့ခဲ့ရာ ၂၀၀၁–၂၀၀၂ ခုနှစ် ဘဏ္ဍာရေးနှစ်မှ ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း တန်ချိန်စုစုပေါင်း

www.foreverspace.com.mm

**ဇယား (၆)**

တန်ဖိုး–ကျပ်

| စဉ် | အကြောင်းအရာ | ကုမ္ပဏီ | တောင်သူ |
|---|---|---|---|
| ၁ | ကုမ္ပဏီ (၁ ဧကထွက်နှုန်း ၅၅၀၀ ပိဿာ၊ စိုက်စရိတ် ၆ သိန်းနှုန်း)<br>တောင်သူ (၁ ဧက အထွက်နှုန်း ၃၀၀၀ ပိဿာ၊ စိုက်စရိတ် ၃ သိန်းနှုန်း) | ၁၁၀ | ၁၀၀ |
| ၂ | စိုက်ခင်းမှထုတ် အလျော့ထွက် ၁၀ ရာခိုင်နှုန်း | ၁၁ | ၁၀ |
| ၃ | ရွေးချယ်သန့်စင်စရိတ်+စိုက်ကွင်းမှ သယ်ပို့စရိတ် | ၂၀ | ၂၀ |
| ၄ | သိုလှောင်စရိတ် | ၁၀ | ၁၀ |
| ၅ | စီမံအုပ်ချုပ်မှုစရိတ် | ၃၀ | – |
| | ကြက်သွန်တစ်ပိဿာ စိုက်ပျိုးထုတ်လုပ်မှုပျမ်းမျှစရိတ် | ၁၈၁ | ၁၄၀ |

**မှတ်ချက်–**

**ပျမ်းမျှတွက်ချက်ထားခြင်းဖြစ်ပြီး အခြေအနေအရ ထုတ်လုပ်မှုကုန်ကျစရိတ် အပြောင်းအလဲများစွာ ဖြစ်ပေါ်နိုင်သည်။**

၁၈၂,၅၁၉ တန် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၄ သန်းရရှိခဲ့ကြောင်း MAPT ၏ စာရင်းဇယားများအရ သိရသည်။

ဖော်ပြပါကာလအတွင်း ၂၀၀၁–၂၀၀၂ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် တန်ချိန် ၉၁၄၅၆ တန် တင်ပို့ခဲ့မှုအတွက် အမေရိကန်ဒေါ်လာ ၁၆.၉၃၂ သန်း ရရှိခဲ့ပြီး ၂၀၀၂–၂၀၀၃ ဘဏ္ဍာရေးနှစ်တွင် တန်ချိန် ၆၃,၆၇၁ တန်အတွက် အမေရိကန်ဒေါ်လာ ၁၁.၅၆ သန်း ရရှိခဲ့ကြောင်း၊ ယင်းနောက်ပိုင်း ဘဏ္ဍာရေးနှစ်တွင် တင်ပို့မှုများစွာ လျော့ကျသွားပြီး ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် ကြက်သွန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃.၉၄၉ သန်းသာ ရရှိခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ် ဘဏ္ဍာရေးနှစ်ကုန်အထိ နယ်စပ်ကုန်သွယ်ရေး (Border Trade) မှ ပြည်ပတင်ပို့ခြင်းမရှိခဲ့ကြောင်း တရားဝင်ထုတ်ပြန်သောစာရင်းဇယားများအရ သိရသည်။



ယခုအခါကြက်သွန်ပြည်ပတင်ပို့မှုကို ပင်လယ်ရေကြောင်းကုန်သွယ်မှုအပြင် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ Normal Trade စနစ်အသုံးပြု၍ Border Pass ဖြင့် ခွင့်ပြုပြီး ငွေပေးချေမှုစနစ်ကို Telegraphic Transfer (TT) စနစ်ဖြင့် ပေးချေနိုင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

## ပြည်ပဈေးကွက်ရရှိရန် အားသာချက်၊ အားနည်းချက်

ကြက်သွန်နီပြည်ပတင်ပို့ခွင့်ရရှိရေးအတွက် အဓိကအားသာချက်မှာ ကမ္ဘာပေါ်တွင် ဒုတိယအများဆုံးတင်သွင်းသည့် ဘင်္ဂလားဒေ့ရှ်နှင့် နယ်နိမိတ်ချင်းထိစပ်နေခြင်း၊ စတုတ္ထအများဆုံးတင်သွင်းသည့် မလေးရှားနှင့် နီးကပ်စွာတည်ရှိနေခြင်းတို့ဖြစ်သည်။ စိုက်ရာသီမှာ မိုးရာသီစက်တင်ဘာလတွင် တစ်ကြိမ်စိုက်ပျိုးပြီး နိုဝင်ဘာလကုန်နှင့် ဒီဇင်ဘာလတို့တွင် ရိတ်သိမ်းနိုင်ခြင်း၊ ဆောင်းရာသီတွင် အောက်တိုဘာ၊ နိုဝင်ဘာလတွင် ပျိုးထောင်ပြီး ဒီဇင်ဘာလအတွင်းစိုက်လျှင် မတ်လ၊ ဧပြီလတို့၌ ရိတ်သိမ်းနိုင်ခြင်းတို့ကြောင့် ဈေးကွက်သို့ စဉ်ဆက်မပြတ် တင်ပို့နိုင်သည့် အားသာချက်ရှိခြင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မြန်မာကြက်သွန်၏မွှန်နံ့ကို အိန္ဒိယကြက်သွန်ထက် ပိုမိုကြိုက်နှစ်သက်မှုရှိခြင်းနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်မှာ နိုင်ငံတကာပေါက်ဈေးထက် များစွာ သက်သာခြင်းတို့ဖြစ်သည်။

၂၀၀၆ ခုနှစ် ကြက်သွန်တစ်ပိဿာ ထုတ်လုပ်မှုအတွက် ပျမ်းမျှကုန်ကျစရိတ်ကို အောက်ဖော်ပြပါဇယားတွင် လေ့လာနိုင်သည်။ **ဇယား (၆)**

အဓိကအားနည်းချက်ကိုလေ့လာပါက အိန္ဒိယကြက်သွန်ထွက်ရှိမှုနှင့် အချိန်ကာလတိုက်ဆိုင်နေခြင်းဖြစ်ပြီး မလေးရှားဈေးကွက်တွင် အိန္ဒိယကြက်သွန်ကို ပိုမိုလူကြိုက်များခြင်း ဖြစ်သည်။ Cost and Freight စနစ်ဖြင့် သင်္ဘောတင်ပို့မှုမပြုနိုင်သေးခြင်း၊ သင်္ဘောတင်စရိတ် အိန္ဒိယထက် ပိုမိုများပြားခြင်း၊ ဈေးကွက်ပုံမှန်တင်ပို့ရေးအတွက် ဖောက်သည်များထံမှ ယုံကြည်မှုအပြည့်အဝမပါရှိသေးခြင်းတို့ကိုတွေ့ရကြောင်း ဈေးကွက်ကျွမ်းကျင်သူတစ်ဦးက သုံးသပ်ပြောကြားသည်။

■

www.foreverspace.com.mm



## ယခုနှစ် ပြည်တွင်းကြက်သွန်ဈေးကွက် အခြေအနေ

"ဒီနှစ် ကြက်သွန်က ရာသီဥတု ဖောက်ပြန်လို့ မျှော်မှန်းထားသလောက် မထွက်လာဘူး။ ဒါပေမဲ့ ပြည်ပဝင်ငွေ ဒေါ်လာ သန်း ၃၀ တော့ ရအောင်ရှာမယ်လို့ မျှော်မှန်းထားတယ်။ ကြက်သွန်ဈေးကိုလည်း တစ်တန်ကို ဒေါ်လာ ၃၂၀ နဲ့ ၃၅၀ အထိ တိုးမြှင့်သတ်မှတ်ပေးထားပါတယ်"

မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း (MAPT)မှ တာဝန်ရှိသူတစ်ဦးက ယခုနှစ်ကြက်သွန်နီထွက်ရှိမှု၊ ဈေးနှုန်းအခြေအနေတို့နှင့် ပတ်သက်၍ ပြောကြားခြင်းဖြစ်သည်။

ယခုနှစ်အတွက် ကြက်သွန်အထွက်နှုန်းမှာ ကုမ္ပဏီ ၆၇ ခုတို့၏ စုစုပေါင်းစိုက်ပျိုးမှုဧက ၃၀,၀၀၀ ကျော်တွင် ဇွန်လအထိ တန်ချိန် ၈၀၀၀ ထွက်ရှိထားပြီး နောက်ထပ် တန်ချိန် ၈၀၀၀ ထွက်ရှိရန် မျှော်မှန်းထားကြောင်း MAPT ၏ ထုတ်ပြန်ချက်အရ သိရသည်။

ပြည်တွင်းစားသုံးမှုဈေးကွက်မထိခိုက်စေရေးအတွက် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများကိုသာ ပြည်ပတင်ပို့ခွင့်ပြုသော်လည်း ထုတ်လုပ်မှုစရိတ် တစ်ပိဿာလျှင် ၁၄၀ ကျပ်မှ ၁၈၁ ကျပ်ဝန်းကျင်သာရှိသည်ဆိုသော ကြက်သွန်နီမှာ ပြည်တွင်းဈေးကွက်တွင် တစ်ပိဿာ ၇၀၀ ကျပ်ဝန်းကျင်ဖြစ်လာ၍ ပြည်ပတင်ပို့ခွင့်လိုင်စင်အများအပြား ပြန်လည်လျှော့ချခဲ့ရသည်။

ပြည်တွင်းဈေးနှုန်းဆက်လက်မြင့်တက်လာပါက ကြက်သွန်ပြည်ပတင်ပို့ခွင့် လုံးဝရပ်ဆိုင်းမည်ဖြစ်ကြောင်း ကြက်သွန်ပွဲရုံလုပ်ငန်းရှင်များကို နေပြည်တော်တွင် အစည်းအဝေးတစ်ရပ်ခေါ်ယူ၍ တာဝန်ရှိသူများက အသိပေးပြောကြားသည်။ ပြည်တွင်းတွင် ကြက်သွန်ရှားပါးလာခြင်းကြောင့် ကုန်သည်အများစုသည် တစ်ပိဿာလျှင် ကျပ် ၁၀၀၀ အထိ ဈေးရရန် မျှော်မှန်းလျက်ရှိသည်။



### သုံးသပ်ချက်နှင့် နိဂုံး

ပြည်တွင်းစားသုံးမှုဈေးကွက်တွင် ကြက်သွန်ဈေးနှုန်းမြင့်တက်လာစေသော အဓိကအချက်မှာ နယ်စပ်မြို့များမှ တရားမဝင်တင်ပို့ခြင်းနှင့် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများက စိုက်ခင်းလုပ်ကွက်အနည်းငယ်ပြ၍ လိုအပ်သော ကြက်သွန်ကို ဈေးကွက်အတွင်းမှ ဝယ်ယူဖြည့်သွင်းပြီး လိုင်စင်ရယူလျှောက်ထားခြင်းပင် ဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူများ အမြတ်အစွန်းများစွာရရှိခြင်း၊ အခြေခံစီးပွားရေးအဆောက်အဦ တိုးချဲ့တည်ဆောက်နိုင်ခြင်း၊ ကုန်သွယ်မှုလိုငွေ လျှော့ချ၍ ပိုငွေပြနိုင်ခြင်း၊ အခွန်အကောက် တိုးတက်ရရှိခြင်းနှင့် နိုင်ငံခြားဝင်ငွေတိုးမြင့်ရရှိခြင်း စသော အကျိုးကျေးဇူးများရရှိရန် ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့ရမည်ဖြစ်သော်လည်း စားသုံးမှုဈေးကွက် မထိခိုက်စေရေးအတွက် ဟန်ချက်ညီညီဖြစ်ရန်လည်း ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်သည်။ ယင်းအတွက် ပြည်ပတင်ပို့လိုလျှင် ကိုယ်တိုင်စိုက်ပျိုးရမည်ဟူသောမူမှာ ကောင်းမွန်သည်ဆိုသော်လည်း ဆိုခဲ့ပါအတိုင်း စားသုံးမှုဈေးကွက်မှ ဝယ်ယူဖြည့်သွင်းအထွက်နှုန်းပြ၍ ပြည်ပတင်ပို့ခြင်းမရှိစေရေးနှင့် ကုန်သည်၊ ပွဲရုံလုပ်ငန်းရှင်တို့၏ တရားမဝင်တင်ပို့ခြင်းတို့ကို စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန် များစွာလိုအပ်သည်။

**သန်းထိုက်သူ**

www.foreverspace.com.mm



# လယ်ယာကဏ္ဍတိုးတက်ရေးနှင့် ဇီဝမြေသြဇာ

သစ်ထွန်း

**မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍတွင် နိုင်ငံအတွင်းရှိ စုစုပေါင်း အလုပ်လုပ်သူဦးရေ၏ ၆၃ ရာခိုင်နှုန်း ပါဝင်လုပ်ကိုင်လျက်ရှိပြီး တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP)၏ ၄၂.၇ ရာခိုင်နှုန်းကို ဖြည့်တင်းပေးလျက်ရှိကာ လက်ရှိပို့ကုန်တန်ဖိုးအားဖြင့် ၁၄.၅ ရာခိုင်နှုန်းပါဝင်နေသောကြောင့် လယ်ယာကဏ္ဍတိုးတက်ဖွံ့ဖြိုးရေးသည် နိုင်ငံအတွက် အလွန်အရေးပါကြောင်း အဆိုပါအချက်များမှ ညွှန်ပြလျက်ရှိပေရာ ယင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြင့်နည်းပညာသစ်များဖြင့် ထုတ်လုပ်ထားသည့် ဇီဝမြေသြဇာ၏ အခန်းကဏ္ဍသည်လည်း အရေးပါလာလျက်ရှိသည်။**

## ဇီဝဓာတ်မြေသြဇာ

ဇီဝဓာတ်မြေသြဇာဆိုသည်မှာ သဘာဝပစ္စည်းများဖြစ်သည့် ဒိုက်၊ ဖေဒါ၊ ဒေါင်းကိုင်းမြက်၊ ကျူပင်ညံ့ပင်များနှင့် အခြား Green Waste Material များကို ကုန်ကြမ်းပစ္စည်းများအဖြစ်အသုံးပြု၍ အဆင့်မြင့်နည်းပညာဖြင့် ရိုးရိုးသဘာဝ မြေသြဇာ (Natural Compost) များတွင် မပါရှိသည့် ဇီဝ ခေါ် အသက်ဝိညာဉ်ပါသည့် အထူးမွေးမြူထားသည့် ဘက်တီးရီးယားပိုးကောင်ကလေးများကို သဘာဝကုန်ကြမ်းများတွင် ထည့်သွင်းပေါင်းစပ်ထုတ်လုပ်ထားသော မြေသြဇာ အမျိုးအစားဖြစ်သည်။ ထို့အပြင် အပင်များအစာရေစာများကို ပိုမိုစုပ်ယူနိုင်ရန် အတွက် Soil Fungi တစ်မျိုးဖြစ်သည့် Arbuseular Mycorrhiza မှိုကို အင်ဇိုင်း (Enzyme) မှတစ်ဆင့် ထည့်သွင်းပေးခြင်းကြောင့် ဇီဝမြေသြဇာ (Bio Organic Fertilizer) ဖြစ်ပေါ်လာခြင်းဖြစ်သည်။

www.foreverspace.com.mm

## ပါဝင်သည့်အာဟာရဓာတ်နှင့် ဩဂဲနစ်အမျိုးအစားများ

ဇီဝမြေဩဇာ (Bio Organic Fertilizer) တွင် အပင်အတွက် အာဟာရဓာတ်များ စွမ်းအင်အပြည့်ပေးရာတွင် ကူညီနိုင်ရန် ဘက်တီးရီးယားအုပ်စုကိုးမျိုး၊ အများလိုအာဟာရဓာတ်ခြောက်မျိုး၊ အနည်းလိုအာဟာရဓာတ်ခြောက်မျိုးနှင့် ဩဂဲနစ် (Organic) လေးမျိုးပါဝင်သည်။ ၎င်းဓာတ်မြေဩဇာတွင်ပါဝင်သော Humid Acid နှင့် Amino Acid မှာ အပင်၏ အမြစ်များတွင်ပါရှိသော ဆဲလ်နှင့်ဆဲလ်နံရံများကို သန်မာကြံ့ခိုင်အောင် ဆောင်ရွက်ပေးနိုင်သည့်အတွက် အခြားသီးနှံပင်များ၏ အမြစ်များထက် သုံးဆမှငါးဆအထိ ကြီးထွားသန်မာစေကြောင်း အဆိုပါဇီဝမြေဩဇာ ထုတ်လုပ်သည့် စူပရင်းကုမ္ပဏီများအုပ်စုမှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာစိန်မြင့်က ပြောကြားသည်။ ထို့ပြင် ဇီဝမြေဩဇာသည် အခြားမြေဩဇာများထက် Humid Acid ပိုမိုပါဝင်ပြီး တိုက်ရိုက်မစားသုံးနိုင်သော အဓိကလိုအပ်သည့် အာဟာရဓာတ်များ (Macro Element) ဖြစ်သည့် နိုက်ထရိုဂျင်၊ ဖော့စပါးရပ်စ်၊ ပိုတက်ရှ်နှင့် အနည်းလိုအာဟာရ ဓာတ်များ (Micro Element) ဖြစ်သည့် ထုံး၊ မဂ္ဂနီစီယမ်၊ ကန့်ဓာတ်နှင့် အခြားအနည်းလိုအာဟာရဓာတ် (Traee Element) ကြေးနီ၊ သွပ်၊ ဘိုရွန်၊ မဂ္ဂနီစ်၊ ဖော်လစ်ဒီနမ်ဓာတ်များကို ရယူစားသုံးနိုင်ရန် စီစဉ်ပေးထားကာ လိုအပ်သည်ထက် ပိုမိုများပြားသောသံဓာတ်ကို ချေဖျက်ပေးသည့် သတ္တိရှိကြောင်း ၎င်းကဆိုသည်။

## ထူးခြားသောအကျိုးကျေးဇူး

ဇီဝမြေဩဇာ၏ ထူးခြားသောအချက်မှာ ယင်းကိုအသုံးပြုလိုက်သောမြေများ၏ PH Level ကို မြင့်တက်လာစေခြင်းဖြစ်ပြီး စေးသောမြေကို ဖွယ်စေ၍ သဲဆန်သောမြေကို သိပ်သည်းမှုကောင်းစေပြီး လေဝင်လေထွက်အာဟာရနှင့် ရေထိန်းသိမ်းအားကောင်းခြင်းဖြစ်ကြောင်း စမ်းသပ်စိုက်ပျိုးမှု စိုက်ခင်းများ၏ မှတ်တမ်းများအရသိရကြောင်း ဒေါက်တာစိန်မြင့်က ဆိုသည်။

"ပြီးခဲ့တဲ့နှစ်က စပြီး ဒီဇီဝဓာတ်မြေဩဇာကို သုံးကြည့်တာပါ။ ကျွန်တော်အသုံးပြုတဲ့မြေက နည်းနည်းစေးတယ်ပေါ့ဗျာ။ မနှစ်က စသုံးပြီးတော့ သိသိသာသာ မြေအနေအထား ပြောင်းလဲလာတာတော့ မတွေ့ရဘူး။ ဒါပေမဲ့ အပင်ကြီးထွားနှုန်းနဲ့ ထွက်နှုန်းကတော့ အရင်ကထက် ပိုကောင်းလာတာ တွေ့ရတယ်။ ဒါကတော့ မြေကြီးထဲကဓာတ်တွေ ပိုကောင်းလာတာလို့ ပြောလို့ရတယ်"ဟု မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ကြက်သွန်စိုက်ပျိုးမှုကျွမ်းကျင်ပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

ဇီဝမြေဩဇာမှာ ဓာတုပစ္စည်းများ မပါဝင်သည့်အတွက် စားသုံးသူ၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို တိုးတက်ကောင်းမွန်စေသော (Organic Farming System) သို့ တဖြည်းဖြည်း ကူးပြောင်းရာတွင် များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

"ကျွန်တော် အခု ဇီဝမြေဩဇာကို အသုံးပြုပြီး ပုသိမ်က ပသွယ်ချောင်းဘေးက သဲနည်းနည်းဆန်တဲ့မြေမှာ စပါးစိုက်ပါတယ်။ စပါးမျိုးစေ့ကို တရုတ်ဘက်က အရည်အသွေးမြင့်စပါးမျိုးကိုသွင်းပြီး စိုက်တယ်။ အခုဆိုရင် အဲဒီလယ်က တစ်ဧကထွက်နှုန်း တင်းတစ်ရာ့ငါးဆယ်နီးပါး ထွက်လာတယ်။ အထွက်တိုးဖို့ဆိုတာ မြေဩဇာကောင်းဖို့လိုသလိုမျိုး ကောင်းဖို့လိုပါတယ်။ စိုက်ပျိုးရေးဆိုတာ ပြောရရင် မျိုးရယ်၊ မြေကြီးရယ်၊ မြေဩဇာရယ် အားလုံးကောင်းမှ အထွက်နှုန်းကောင်းမှာပါ" ဟု ဒေါက်တာစိန်မြင့်က စိုက်ပျိုးမှုအထွက်တိုးနှုန်းအခြေအနေကို ရှင်းပြသည်။

## အသုံးပြုနိုင်မှု

ဇီဝဓာတ်မြေဩဇာကို ယေဘုယျအားဖြင့် အပင်အားလုံးတွင် အသုံးချနိုင်သည့် စပါး၊ ပြောင်း၊ ဂျုံ စသည့် သီးနှံအားလုံး မြေပဲ၊ နှမ်း၊ နေကြာ စသည့် ဆီထွက်သီးနှံအားလုံး၊ ရော်ဘာ၊ ဆီအုန်းသည် နှစ်ရှည်ပင်အားလုံး၊ အလှပန်းပင်များ၊ အလှစိုက်ပင်များနှင့် ခရမ်းချဉ်၊ ဂေါ်ဖီ၊ အာလူး စသည့် မီးဖိုချောင်သီးနှံများအားလုံး အသုံးပြုနိုင်သည်။



www.foreverspace.com.mm



"အခု ဒီဇီဝမြေဩဇာကို ပျဉ်းမနားဘက်က ကြံစိုက်ခင်းတွေမှာ စမ်းသပ်အသုံးပြုခဲ့တယ်။ အခြားမြေဩဇာသုံးကြံစိုက်ခင်းနဲ့ ဇီဝမြေဩဇာသုံး ကြံစိုက်ခင်းကို တစ်ချိန်တည်း တစ်ပြိုင်နက်တည်း စမ်းသပ်စိုက်ခဲ့ပါတယ်။ ဒီမှာ ဘာတွေ့လဲဆိုတော့ ဇီဝမြေဩဇာသုံးတဲ့ ကြံခင်းက တခြားအခင်းတွေထက် ရက်သားအလိုက်မှာ ကြီးထွားနှုန်းမြန်တာကို တွေ့ရတယ်။ အမြစ်ပွားနှုန်းလည်းကောင်းတာတွေ့ရတယ်"ဟု ကြံစိုက်ပျိုးရေးပညာရှင်တစ်ဦးက ဆိုသည်။

## ဈေးကွက်အနေအထား

ဈေးကွက်တွင် ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီတစ်ခုမှ စူပရင်းဇီဝမြေဩဇာထုတ်လုပ်မှုစက်ရုံကို တည်ထောင်ထုတ်လုပ်လျက်ရှိရာ တစ်နှစ်ထုတ်လုပ်နိုင်စွမ်းတန်ငါးသောင်းထုတ်လုပ်လျက်ရှိပြီး ဈေးနှုန်းအရမူ အခြား ပြည်ပမှတင်သွင်းသည့် ဓာတ်မြေဩဇာဈေးနှုန်းထက် အနည်းငယ်သက်သာသည်ကို တွေ့ရသည်။ ဈေးကွက်တွင် ဈေးနှုန်းသက်သာမှုကြောင့် အခြားဓာတ်မြေဩဇာများဖြင့် ရောနှောအသုံးပြုလျက်ရှိရာ ဈေးကွက်တွင် အဝယ်လိုက်လျက်ရှိကြောင်း ယင်းကုမ္ပဏီက ပြောကြားသည်။ အဆိုပါကုမ္ပဏီမှပင် ဇီဝမြေဩဇာ ထုတ်လုပ်နိုင်မည့် စက်ရုံတစ်ခုကို အင်းလေးဒေသတွင် ထပ်မံဆောက်လုပ်ရန်ရှိရာ ဈေးကွက်အတွင်း ဇီဝမြေဩဇာများ ပိုမိုဝင်ရောက်လာဖွယ်ရှိသည်။ ထို့အပြင် မလေးရှားနိုင်ငံ INS Holdings Bh.d. မှ Nano-Technology အသုံးပြုထားသည့် ဇီဝမြေဩဇာအရည်ကို Bio-Top အမည်ဖြင့် မြန်မာနိုင်ငံဈေးကွက်အတွင်း တင်သွင်းရန်ရှိရာ ဇီဝမြေဩဇာ၏ အခန်းကဏ္ဍမှာ စိုက်ပျိုးရေးကဏ္ဍတွင် ပိုမိုနေရာရလာဖွယ်ရှိကြောင်း စိုက်ပျိုးရေးပညာရှင်တစ်ဦးက သုံးသပ်သည်။

## ဇီဝမြေဩဇာ၏ အရေးပါလာနိုင်မှု

"ယခု ကမ္ဘာ့နိုင်ငံအတော်များများ (အထူးသဖြင့် ဥရောပနိုင်ငံများ)တွင် ဓာတုမြေဩဇာသုံးပြီးစိုက်တဲ့ သီးနှံတွေကို ဝယ်စားလိုတာ သိသာစွာလျော့နည်းလာတာတွေ့ရတယ်။ နောက်တစ်ခုကလည်း Organic Farm သဘောမျိုးစိုက်တဲ့ သီးနှံကိုပဲ ဝယ်စားတဲ့ နိုင်ငံတွေလည်း ရှိလာတယ်။ ဒီအတွက် Organic Farm ကိုသွားဖို့ဆိုရင် မြေဩဇာသုံးတဲ့အခါ ဇီဝမြေဩဇာလို ဘေးထွက်ဆိုးကျိုးနည်းတဲ့ မြေဩဇာတွေ များများသုံးဖို့လိုတယ်။ နောက် အရေးပါတဲ့အချက်က ဒီမြေဩဇာက မြေကြီးရဲ့ PH Level ကို မြင့်စေတယ်လို့ ဆိုကြတယ်။ ဒါသာ တကယ်ဖြစ်နိုင်ရင် နိုင်ငံလယ်ယာကဏ္ဍအတွက် အများကြီးအကျိုးရှိလာမှာ။ ဒါ့အပြင် ဒီလို Organic Farm က ထွက်တဲ့သီးနှံတွေရဲ့ ဈေးနှုန်းက အခြားစိုက်ခင်းထွက်သီးနှံတွေထက် ၄၀ ရာခိုင်နှုန်းလောက် ပိုရလို့ Organic Farm ထူထောင်ဖို့အရေးပါတဲ့ ဇီဝမြေဩဇာကတော့ သုံးစွဲမှုများလာမယ်ထင်တယ်"ဟု စိုက်ပျိုးရေးပညာရှင်တစ်ဦးက သုံးစွဲမှု မြင့်တက်လာနိုင်ဖွယ်ရှိသည့်အခြေအနေကို ရှင်းပြသည်။

ပြည်ပမှတင်သွင်းသည့် မြေဩဇာများ၏ဈေးနှုန်းထက် အနည်းငယ် လျော့နည်းခြင်းကလည်း ပြည်တွင်းတောင်သူများ၏ သုံးစွဲမှုမြင့်တက်လာနိုင်ကြောင်း လုပ်သက်ရင့်တောင်သူတစ်ဦး၏အဆိုအရ သိရသည်။

## နိဂုံး

လယ်ယာကဏ္ဍကို အခြေခံတည်ဆောက်ထားသည့် မြန်မာနိုင်ငံ၏ စီးပွားရေးအဆောက်အဦကို ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာအရည်အသွေးမြင့် သွင်းအားစုများရရှိရန် အထူးလိုအပ်ပေရာ ဇီဝဓာတ်မြေဩဇာသုံး Organic Farm များ ထူထောင်၍ ပြည်ပပို့ကုန်တင်ပို့နိုင်ခြင်းဖြင့် လယ်ယာကဏ္ဍမှ နိုင်ငံခြားဝင်ငွေတိုးပွားလာနိုင်မည်ဖြစ်သည်။ ထို့အပြင် နှစ်ပေါင်းများစွာအသုံးပြုလာသဖြင့် မြေဆီဓာတ်လျော့ကျလာသော မြန်မာနိုင်ငံရှိ လယ်ယာများကို မြေဆီဓာတ် (PH Level) ကို မြှင့်တင်ပေးနိုင်သည်ဟုဆိုသော ဇီဝမြေဩဇာကို အသုံးပြုနိုင်ရန် ပိုမိုကောင်းမွန်သော ဓာတ်ခွဲစမ်းသပ်ချက်များ၊ လေ့လာချက်များဖြင့် အရည်အသွေးမြင့် ဇီဝမြေဩဇာများ ထုတ်လုပ်နိုင်ရန် ကဏ္ဍအသီးသီးမှ သက်ဆိုင်သူများက ဝိုင်းဝန်းကြိုးပမ်းသင့်ပါသည်။

**သစ်ထွန်း**

www.foreverspace.com.mm






# ကိုယ်ပိုင်ဘာသာရပ်သင် သင်တန်းများနှင့် ကျောင်းသား၊ မိဘ၊ ဆရာ သုံးပွင့်ဆိုင်သဘောထား

ကျော်ကျော်မင်း

**ပညာခေတ် (Knowledge Age) အတွင်းသို့ ရောက်ရှိနေပြီဖြစ်၍ ပညာရည်မြင့်မားရေးသည် လူသားတို့အတွက် အရေးကြီးသောအခန်းကဏ္ဍတစ်ရပ် ဖြစ်လာသည်။ ဝင်ငွေရရှိမှု မည်သို့သော ကွာခြားမှုများရှိနေသည် ဖြစ်စေ ပညာရေး၏အရေးပါမှုကို လူတိုင်း သဘောပေါက်လာကြရာ မိဘတိုင်းက မိမိတို့သားသမီးများ၏ ရှေ့ရေးကို မျှော်တွေး၍ ပညာရေးကို အထူးအားပေးလျက်ရှိသည်။ မိဘများသည် မိမိတို့၏သားသမီးများကို တော်စေချင်၊ တတ်စေ ချင်သော စေတနာများအရင်းခံ၍ ကျောင်းပညာရေးအပြင် ကျောင်းပြင်ပအချိန်ပိုသင်တန်းများ၊ ကိုယ်ပိုင်ဘာသာရပ် သင်တန်းများ (ဝါ) ကျူရှင်များသို့လည်း ငွေကုန်ကြေးကျခံ၍ တက်ရောက်စေပြန်သည်။ တစ်ယောက်စ တစ်ရာအဆုံး ဆိုသလို အဆိုပါကိုယ်ပိုင်ဘာသာရပ်သင်တန်းများ တဖြည်းဖြည်းကျယ်ပြန့်လာရာ ယနေ့အချိန်တွင် အဆိုပါသင်တန်းများ နှင့် ပညာရေးလောကသည် ဒင်္ဂါးပြား၏မျက်နှာစာနှစ်ဖက်ကဲ့သို့ ဖြစ်လာသည်။**

ကျူရှင်ထားမှ ဖြစ်မယ်ဆိုသော အယူအဆတစ်ရပ်သည် မိဘတို့၏ခေါင်းတွင် သံမှိုနှက်သကဲ့သို့စွဲနေပြီး ကျောင်းသားများကိုယ်တိုင်ကလည်း ကျူရှင်မတက်ရင်ဖြင့် စာမေးပွဲမအောင်တော့ပါဟု တွေးကြောက်စိတ်များ အရိုးစွဲနေသကဲ့သို့ ကျူရှင်ဆရာ၊ ဆရာမများကလည်း ကျောင်းသားများလေ ဆရာကြိုက်လေ ဖြစ်ရာ ကျူရှင်တက်ရန် ဖိအားပေးလာ

www.foreverspace.com.mm

ခြင်းကို တွေ့မြင်လာရသည်။

## ကျူရှင်များ၏ လက်ရှိအခြေအနေ

ကျူရှင် (Tuition) သည် ကျောင်းသင်ဆရာ၊ ဆရာမများက စာညံ့သော ကျောင်းသားကျောင်းသူများကို စေတနာထား၍ အိမ်တွင်ခေါ်ပြီး အချိန်ပိုသင်ကြားပေးရာမှ အစပျိုးလာခြင်းဖြစ်ရာ ကျူရှင်၏အစတွင် စာညံ့သော၊ စာမလိုက်နိုင်သော ကျောင်းသားများမှ စသည်ဟုပင် ဆိုနိုင်ပြီး တစ်နည်းအားဖြင့်ကြည့်လျှင် ပုဂ္ဂလိကစီးပွားရေးကျူရှင်များဖြင့် စတင်ခြင်းမဟုတ်ဘဲ စေတနာအရင်းခံ ဆရာ၊ ဆရာမများမှ မွေးဖွားလာသည့် စေတနာလုပ်ငန်းတစ်ခုဖြစ်ကြောင်း ဝါရင့် ကျူရှင်ဆရာတစ်ဦးက သုံးသပ်သည်။

ကျူရှင်ဈေးကွက် တဖြည်းဖြည်း ကျယ်ပြန့်လာပြီး စီးပွားရေးသဘောဆောင်လာကာ ၁၉၆၃ ခုနှစ်တွင် အစိုးရက ကိုယ်ပိုင်ဘာသာရပ်သင်တန်းဥပဒေကို ထုတ်ပြန်ခဲ့ပြီး ၁၉၈၆ ခုနှစ်၌ ယင်းဥပဒေကို ဖျက်သိမ်းကာ ကိုယ်ပိုင်ဘာသာရပ်သင်တန်းများ အက်ဥပဒေကို ပြဋ္ဌာန်းခဲ့ကြောင်း၊ ၁၉၉၃ ခုနှစ်၌ ၁၉၈၆ ခုနှစ် အက်ဥပဒေပါ အကြောင်းအရာအချို့ကို ပြင်ဆင်ထုတ်ပြန်ခဲ့ကြောင်း မြို့နယ်ပညာရေးမှူးတစ်ဦးထံမှ သိရသည်။

"၁၉၈၀ အစောပိုင်းကာလတုန်းက စာညံ့လို့ ကျူရှင်တက်ရတယ်၊ စာမလိုက်နိုင်လို့ ကျူရှင်တက်ရတယ်ဆိုတဲ့ အမြင်မျိုး၊ ငါက လုံးဝ ကျူရှင်မတက်ဘဲ တစ်နှစ်တစ်တန်းအောင်တာဆိုတဲ့ ဂုဏ်ယူဝံ့ကြွားမှုမျိုးတွေက အခုတော့ ကြက်ပျောက်ငှက်ပျောက်ဖြစ်သွားပြီ။ အခု ကျူရှင်မတက်ရင် အားငယ်ရမယ်၊ ဝမ်းနည်းရမယ်ဆိုပြီး ကလေးတွေက တွေးနေပြီ" ဟု အင်္ဂလိပ်ဘာသာသင်ဆရာတစ်ဦးက ပြောကြားသည်။

ကိုယ်ပိုင်ဘာသာရပ်သင် သင်တန်းများသည် မြို့နယ်တိုင်း၊ နေရာတိုင်း၌ လက်ညှိုးထိုးမလွဲအောင် ဖွင့်လှစ်နေသည်။ ထိုသို့ပေါများနေသည့် သင်တန်းများတွင် စေတနာ၊ ဝါသနာပေါင်းစပ်ထားသော သင်တန်းမည်မျှရှိသည်နည်း ဆိုသည့် မေးခွန်းကို ကျူရှင်ဆရာတိုင်း မဖြေနိုင်ကြ၊ စီးပွားရေးအရ ဖွင့်လှစ်ထားသည့် သင်တန်းများစွာရှိနေသည်ဆိုသည့် အချက်ကို တိတ်ဆိတ်စွာ သဘောတူညီကြပြီး ဖြစ်သည်။

ကိုယ်ပိုင်ဘာသာရပ်သင်တန်း(သို့) ကျူရှင်များ၌ပင် နှစ်မျိုးခွဲခြားနိုင်သည်။ တရားဝင်လိုင်စင်လျှောက်၍ ဖွင့်လှစ်သော သင်တန်းများနှင့် နီးစပ်ရာလက်လှမ်း၍ အိမ်၌ပင်သင်သော ဝိုင်းကျူရှင်များပင် ဖြစ်သည်။ နီးစပ်ရာအိမ်၌သာသင်သော ဝိုင်းကျူရှင်များသည် တရားဝင်လိုင်စင် လျှောက်ထားခြင်းမရှိသဖြင့် ပညာရေးဝန်

**ဈေးကွက်တဖြည်းဖြည်း ကျယ်ပြန့်လာပြီး စီးပွားရေးသဘော ဆောင်လာသည်**



www.foreverspace.com.mm




ထမ်းဖြစ်စေ၊ အပြင်ပုဂ္ဂလိကဖြစ်စေ မည်သူသင်သင် တရားမဝင်ကြောင်း မြို့နယ်ပညာရေးမှူးတစ်ဦးက ရှင်းပြသည်။

အခြေခံပညာသူငယ်တန်းမှ နဝမတန်းဝန်းကျင်သည် ဝိုင်းကျူရှင်များတွင် သင်ကြားကြပြီး နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်း (ဒသမတန်း) တို့သည် ပြင်ပပုဂ္ဂလိကတရားဝင်သင်တန်းများသို့ တက်ရောက်မှု များပြားကြောင်း၊ ကိုယ်ပိုင်ဘာသာရပ်သင်တန်းများအပြင် စာကျက်အကူ (Guide) ငှားရမ်းခြင်းကိုလည်း အထက်တန်းကျောင်းသားအများစု ပြုလုပ်လာကြကြောင်း မရမ်းကုန်းမြို့နယ်မှ ကျူရှင်နည်းပြတစ်ဦးဖြစ်သူ ဦးဝင်းခန့်က ပြောကြားသည်။

"ဘယ်လိုကျူရှင်မျိုးမှာပဲဖြစ်ဖြစ် ကိုယ်ပိုင်နိုင်တဲ့ မေဂျာတင်မဟုတ်ဘဲ တစ်ယောက်တည်း မနိုင်မနင်း ဘာသာစုံသင်တာမျိုး၊ သုံးလေးဘာသာသင်တာမျိုးတွေ၊ ဥပဒေဘွဲ့ရပြီး သင်္ချာသင်တာမျိုးတွေက အရုပ်ဆိုးတယ်။ ကျောင်းသားကိုလည်း ပေးသင့်သလောက် မပေးနိုင်ဘူး။ တကယ် လိုချင်တဲ့ကျောင်းသားနဲ့ မပေးနိုင်တဲ့ဆရာနဲ့တွေ့ရင် ကျောင်းသားလည်းနစ်နာ၊ ဆရာလည်း နာမည်ပျက်တယ်။ ကျူရှင်လောကမှာ အဲဒီတစ်ခု ဆင်ခြင်ရမယ်" ဟု ၎င်းကဆိုသည်။

စီးပွားရေးအရ လုပ်ကိုင်နေသော ကျူရှင်အချို့နှင့် ပတ်သက်၍ ကျူရှင်လောကမှ နာမည်ရဆရာတစ်ဦးက "တချို့ ကျူရှင်တွေက နှစ်စကျောင်းသားဝင်လာချိန်မှာ စာကို ဖြည်းဖြည်းလေးပဲသင်တယ်။ နောက်ထပ် ကျောင်းသားဝင်လာရင် စာအများကြီး ထပ်သင်စရာမလိုဘူးပေါ့။ စာမေးပွဲနီးတော့မှ သုံးလပြတ်၊ ငါးလပြတ် ဖွင့်ချလိုက်တော့ လူလည်း ထပ်ဝင်လာတယ်" ဟု ရှင်းပြသည်။

ကျောင်းသားမိဘ ကိုယ်တိုင်ကလည်း နှစ်စတွင် တဖြည်းဖြည်းသာ သင်ကြားခြင်းကို လက်ခံသည့်အပြင်၊ ကျောင်းသားကိုယ်တိုင်ကလည်း စာနည်းနည်းချင်းသာကျက်ရသည့်အတွက် ကျေနပ်ကြောင်း၊ သုံးလပြတ်၊ ငါးလပြတ်ဖွင့်ချိန် စာမေးပွဲနီးမှ မိဘကိုယ်တိုင်က စာကိုပိုသင်စေချင်ကာ ကျောင်းသားကလည်း စာမေးပွဲကြောက်၍ စာလိုချင်လာသောအချိန်တွင် ယင်းပုံစံမျိုးဖြင့်သာ သင်ကြားသော ကျူရှင်များကို လူကြိုက်များကြကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ကျူရှင်များအနေဖြင့် ကျောင်းသားများကို ပုံမှန်အရှိန်ဖြင့် သင်ကြားပေးပြီး အနည်းဆုံး ပြန်လှန်လေ့ကျင့်ခန်းတစ်ကြိမ် ပြုလုပ်ချိန်ရရန် ခန့်မှန်းသင်ကြားကြောင်း၊ သို့မှသာ ကျောင်းသားအတွက် လုံလောက်သော စာကျက်ချိန်ရရှိကာ အကျိုးရှိမည်ဖြစ်ကြောင်း ကျောင်းသားမိဘတစ်ဦးက သုံးသပ်ပြောဆိုသည်။

## မိဘများ၏သဘောထားခံယူချက်

မိဘများက မိမိတို့၏ သားသမီးများကို ငွေကုန်ကြေးကျခံ၍ ကိုယ်ပိုင်ဘာသာရပ်သင် သင်တန်းများသို့ တက်ရောက်စေခြင်းမှာ တူညီသည့်အဓိကအကြောင်းရင်းသုံးရပ်ရှိနေသည်။ ယင်းတို့မှာ

(၁) မိမိတို့၏ သားသမီးများကို လက်ရှိအခြေအနေထက် ပိုတော်စေ တတ်စေချင်သောစေတနာ၊

(၂) ခေတ်စနစ်၏ လူမှုစီးပွားအခြေအနေကြောင့် သားသမီးကို ကိုယ်တိုင် ကြပ်မတ်စာသင်ပြပေးရန် အခက်အခဲ၊

(၃) အချိန်ပေးနိုင်သည့်တိုင် ခေတ်မတူ၍ သင်ရိုးကွာခြားမှုကြောင့် လက်ရှိသင်ကြားပေးနေသော ဆရာ၊ ဆရာမများကဲ့သို့ ဘာသာရပ်များကို ကျွမ်းကျင်ပိုင်နိုင်မှုမရှိခြင်းတို့ဖြစ်ကြောင်း မိဘအများစုက တညီတညွတ်တည်း ပြောကြားသည်။


ဘုရင့်နောင်ယာဉ်အပိုပစ္စည်းနှင့် စက်ကိရိယာရောင်းဝယ်ရေးစခန်းအတွင်းရှိ ကားပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးတင်မြင့်က "ကျွန်တော့်သားကို ငါးတန်းလောက်ကတည်းက ကျူရှင်ထားတယ်။ အဓိကကတော့ သူများထက်တော်စေချင်လို့ နောက်ပြီး ကိုယ်က စီးပွားရေးနဲ့ နပန်းလုံးနေရတော့ ကိုယ့်လိုဂရုစိုက်မယ့်နောက်တစ်ယောက် လက်ထဲကို ခဏအပ်ထားရတဲ့သဘောပဲ" ဟု ပြောကြားသည်။

"ကျွန်မကတော့ တတ်နိုင်လို့ ကျူရှင်ထားရတာမဟုတ်ပါဘူး။ သူများသားသမီးတွေ ကျူရှင်တက်နေချိန်မှာ ကိုယ့်သားသမီး မျက်နှာငယ် အားငယ်နေရမှာ

www.foreverspace.com.mm

စိုးလို့။ အိမ်မှာဆို စာကျက်ဖို့ကို အမြဲပြောဆိုနေရတယ်။ ကျူရှင်ပို့ထားလိုက်တော့ သူတစ်နာရီ၊ တစ်နာရီခွဲလောက် စာသေချာကြည့်ဖြစ်တာပေါ့။ ဒါပေမဲ့ ကျွန်မတို့တုန်းကနဲ့နှိုင်းပြီး စာမကျက်ဘူးလို့သာပြောရတာ ကျွန်မသမီးက အတန်းထဲမှာ အဆင့် ၁ ကနေ ၁၀ ထဲတော့ အမြဲဝင်နေတာပဲ။ အဲဒီတော့လည်း ပိုက်ဆံကုန်ချင်ကုန်ပါစေ ကျူရှင်ထားရကျိုးနပ်နေတာပဲဆိုပြီး ကျူရှင်ထားရတာပေါ့" မရမ်းကုန်းမြို့နယ်မှ မုန့်ဟင်းခါးရောင်းချသူ ဒေါ်မြင့်မြင့်အေး၏ အဆိုဖြစ်သည်။

မူလတန်းအဆင့်၌ ကျူရှင်စတင်သင်ကြားခြင်းသည် အမှန်တကယ် မလိုအပ်သေးကြောင်း၊ ယနေ့ခေတ်တွင် စာမတတ်မြောက်သူ ရာခိုင်နှုန်းမှာ အလွန်နည်းပါးနေပြီဖြစ်၍ မူလတန်းအဆင့်ဘာသာရပ်ကို မိဘညီအစ်ကိုမောင်ဘွားများမှ ပြန်လည်သင်ကြားပေးနိုင်သဖြင့် ငွေပိုကုန်ကျမခံသင့်ကြောင်း၊ အမှန်တကယ်ကျူရှင်စထားသင့်သည့်အရွယ်မှာ အဋ္ဌမတန်းဖြစ်ပြီး အထက်တန်းပညာရေးအတွက် အခြေခံကောင်း၊ အလေ့အကျင့်ကောင်းများရရှိရန် ပြုစုပျိုးထောင်ပေးသင့်ကြောင်း၊ မူလတန်းအရွယ် ကလေးတစ်ဦးအတွက် ကျူရှင်စရိတ် ကျပ်ငါးထောင်၊ ခြောက်ထောင်ပေးမည့်အစား မိဘ၏ ရင်အုပ်မကွာ တစ်နာရီခန့်သင်ကြားပေးခြင်းသည် ကလေး၏အခြေအနေမှန်ကို မိဘကိုယ်တိုင်လေ့လာနိုင်သကဲ့သို့ ကလေးနှင့် မိဘကြား ရင်းနှီးနွေးထွေးမှု ပိုမိုဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ကိုယ်တိုင်လည်း ပညာရေးဝန်ထမ်းတစ်ဦးဖြစ်သူ ဒေါ်အေးသီဂီက ပြောကြားသည်။




## ကျောင်းသားများ၏အနေအထား

ယနေ့ခေတ်တွင် မိဘအများစုသည် မိမိတို့သားသမီးများ၏ အခြေအနေမှန်ကို နားလည်သဘောပေါက်သူ နည်းပါးလာပြီး ခေတ်စနစ်၏ ကွာဟမှုကို နားလည်သဘောပေါက်မှုမရှိခြင်းဖြစ်ကြောင်း၊ ကျောင်းသားအများစုသည် ရည်မှန်းချက်ပန်းတိုင်ပျောက်သည့်အနေအထားသို့ရောက်ကာ တစ်နှစ်တစ်တန်း မှန်မှန်အောင်လာသော်လည်း အဋ္ဌမတန်းအောင်၍ နဝမတန်းရောက်သည်၊ နဝမတန်းအောင်၍ ဒသမတန်းရောက်လာသည်ဟု ပေါ့ပေါ့တွေးသူများနေကြောင်း အထက်တန်းပြဆရာတစ်ဦးက သုံးသပ်သည်။

ကျောင်းသားများသည် ကျူရှင်တက်သည်၊ အချိန်ပိုတက်သည်ဆိုသော်လည်း ၎င်းတို့သည် ကျောင်းမှပေးသောမေးခွန်းကို ကျူရှင်၌ အဖြေမေး၊ အလွတ်ကျက်ရန်သာ ရည်ရွယ်ကာ နားမလည်သဘောမပေါက်သည်ကို ကျူရှင်၌ မေးရန် မရည်ရွယ်ကြောင်း၊ ယင်းသို့ဖြစ်ရခြင်းမှာ ကျောင်းသားများ၏ Thinking Power (စဉ်းစားတွေးခေါ်နိုင်စွမ်း) လျော့ကျလာခြင်းကြောင့်လည်းဖြစ်ကြောင်း၊ အလွတ်ကျက်ပညာသင်စနစ်အပြင် ထပ်မံ၍ ရွေးကျက်စေသည့် ကျူရှင်ဆရာ၊ ဆရာမများနှင့် ယှဉ်ပါးလာသော ကျောင်းသား အများစုတွင်ပို၍တွေ့ရကြောင်း အဆိုပါပုဂ္ဂိုလ်က သုံးသပ်ပြောဆိုသည်။

## သင်တန်းဆရာများ၏သဘောထား

ကိုယ်ပိုင်ဘာသာရပ်သင်သင်တန်းများသည် ရန်ကုန်မြို့တော်၏ နေရာအတော်များများတွင်ရှိနေပြီး ကျောင်းသားဆယ်ဦးတွင် ကိုးဦးခန့်သည် သင်တန်း တက်ရောက်သူများဖြစ်သဖြင့် ကန့်သတ်ချက်များအတွင်းမှ အထူးအောင်မြင်နေသော ဈေးကွက်တစ်ခုဟုဆိုနိုင်သော်လည်း ကျူရှင်လောကအတွင်း လိုအပ်ချက်များစွာရှိနေသေးကြောင်း အင်းစိန်မြို့

www.foreverspace.com.mm

နယ်မှ နေမည်ရကိုယ်ပိုင်ဘာသာရပ်သင် သင်တန်းပိုင်ရှင်တစ်ဦးက ပြောကြားသည်။

၁၉၈၆ အက်ဥပဒေ အခန်း (၄)၊ ပုဒ်မ (၁၀) ပါ ကျောင်းသား ၄၀ လျှင် အကျယ် စတုရန်းပေ ၅၀၀၊ အမြင့် ၁၀ ပေနှင့် လေဝင်လေထွက်နှင့် အလင်းရောင်ကောင်းမွန်သည့် အခန်းတစ်ခန်းရှိရမည်ဟုဆိုသောအချက်နှင့်ပင် မညီညွတ်သည့် ကျူရှင်များရှိနေကြောင်း၊ အခန်းတစ်ခန်းအတွင်း ကျောင်းသား ၄၀ ဦးမက ကျပ်တည်းစွာသင်ကြားရသည့် သင်တန်းများရှိနေကြောင်း ၎င်းက ဆိုသည်။

ထို့ပြင် ဥပဒေအရ ပြဋ္ဌာန်းထားသော သင်ရိုးကုန်သင်ကြားရမည်ဟုဆိုသည့်တိုင် သုံးလပြတ်များ၌ ကျောင်းသား၏အခြေအနေကိုမကြည့်နိုင် ပြန်လည်စစ်ဆေးမှုများမပြုနိုင်ဘဲ အလျင်စလို သင်ကြားမှုများသည်လည်း ကျူရှင်လောကအတွင်း ပြင်ဆင်သင့်သော အမှားအယွင်းတစ်ခုဖြစ်ကြောင်း၊ ပြဋ္ဌာန်းထားသော သင်ရိုးသည် တစ်နှစ်စာအတွက်ဖြစ်ရာ လုံလောက်သောအချိန်ရရှိမှသာ သင်ခန်းစာများ ကြေညက်၍ စာမေးပွဲ၌ အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိဘများ၊ ကျောင်းသားအနေဖြင့် အနီးကပ် သုံးလပြတ်၊ ငါးလပြတ်များ တက်ရောက်သည်ထက် နှစ်စမှ စတင်တက်ရောက်ကာ စာမေးပွဲအတွက် လုံလောက်စွာ ပြင်ဆင်သင့်ကြောင်း အဆိုပါပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

“ဆေးရုံမှာထိုင်တဲ့ ဆရာဝန် အပြင်မှာ ဆေးခန်းဖွင့်လို့ရသလိုပဲ ပညာရေးဝန်ထမ်းဆရာ၊ ဆရာမတွေလည်း ကျူရှင်သင်ခွင့်ရှိသင့်ပါတယ်။ ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမတွေအနေနဲ့ ကိုယ့်ကျောင်းသား စာညံ့နေတာ၊ ကိုယ့်ကျောင်းသား ထူးချွန်မယ့်အရည်အချင်းကို အားပေးအားမြှောက်ပြုချင်လို့ စေတနာနဲ့ အိမ်မှာထပ်ပြီးသင်ပေးတာမျိုးကိုတော့ ကျွန်တော်တို့လည်း နားလည်ပေးရမှာပါ။ စေတနာမှန်ဖို့ပဲ လိုပါတယ်။ အသပြာအဓိက ဖြစ်နေတဲ့ အကျင့်ပျက်ဝန်ထမ်းမျိုးဆိုရင်တော့ အရေးယူသွားဖို့လည်း အဆင်သင့်ပါပဲ” ဟု မြို့နယ်ပညာရေးမှူးတစ်ဦးက ရှင်းပြသည်။

“ပုဂ္ဂလိကကျူရှင်တွေကိုလည်း ဥပဒေနဲ့အညီ ကိုင်တွယ်မှာဖြစ်သလို ဝန်ထမ်းတွေကိုလည်း ငွေရပေါက်အတွက် ကျူရှင်သင်တာမျိုးဆိုရင် တားမြစ်သွားမှာပါပဲ” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

“ကျူရှင်ဆိုတာ ဘာပဲပြောပြော ကျောင်းသားတွေကို ပညာသင်ပေးနေတာပဲ။ နောက်တစ်မျိုးပြောရင် နိုင်ငံသားတို့ရဲ့ ပညာရည်မြင့်မားတိုးတက်ရေးဆိုတဲ့ ပညာရေးရည်မှန်းချက်ကို တစ်ထောင့်တစ်နေရာက ပါဝင်အားဖြည့်ပေးနေတာပဲ။ အကျင့်ပျက် စီးပွားရေးဆန်တဲ့ကျူရှင်တွေကိုပဲကြည့်ပြီး ကျူရှင်လောကတစ်ခုလုံးကိုတော့ အဆိုးမမြင်သင့်ပါဘူး” ဟု အင်းစိန်မြို့နယ်မှ ကျူရှင်နည်းပြတစ်ဦးက ၎င်း၏ထင်မြင်ချက်ကို ပြောကြားသည်။

## သုံးသပ်ချက်

မိဘများအနေဖြင့် မိမိ၏သားသမီးများကို ငယ်စဉ်အချိန်မှစ၍ မှန်ကန်သောနည်းလမ်းများဖြင့် အခြေခံကောင်းများ ရရှိစေရန် ပြုစုပျိုးထောင်ပေးရမည်ဖြစ်ကြောင်း၊ အဆင့်ကောင်းကောင်းရရှိရန်ထက် မိမိ၏သားသမီး အမှန်တကယ် စာတတ်မြောက်ရန် လိုအပ်သည်ကို သဘောပေါက်နားလည်ရန် လိုအပ်ကြောင်း ပညာရေးဝန်ထမ်းတစ်ဦးက ဆိုသည်။

ကျောင်းသားများအနေဖြင့် စာမေးပွဲအောင်ရန်မှာ အရေးကြီးဆုံးအချက်ဖြစ်သော်လည်း သင်ကြားခဲ့ရသည့် အတတ်ပညာကို အသိပညာအဖြစ် ပြောင်းနိုင်ရန်လိုအပ်ကြောင်း၊ ဥပမာအနေဖြင့် သင်္ချာသင်ကြားရာ၌ ပုံသေနည်းနှင့် အဖြေကို အလွတ်ကျက်ကာ အစားထိုးတွက်သည့် အစား ပုစ္ဆာကို ဆက်စပ်တွေးခေါ်သည့် အလေ့အကျင့်မျိုး ပျိုးထောင်ကာ ကြောင်းကျိုးဆက်စပ်တွေးခေါ်တတ်စေရန်၊ စဉ်းစားဉာဏ် ရင့်သန်စေရန်လိုအပ်ကြောင်း ကိုယ်ပိုင်ဘာသာရပ်သင် သင်တန်းဆရာတစ်ဦးက ပြောကြားသည်။

ကျူရှင်ဆရာများအနေဖြင့်လည်း မိမိသင်ကြားသည့် တပည့်အပေါ်တွင် စေတနာအပြည့်အဝထားကာ တပည့်၏ အခြေအနေကို မြှင့်တင်ပေးနိုင်သည့် ဆရာကောင်းဖြစ်ရန် လိုအပ်သည့်အပြင် မိဘများ၏ကိုယ်စား သွန်သင်ဆုံးမရန် လွှဲအပ်ခံထားရသူများဖြစ်၍ မိမိ၏ တပည့်ကို အတတ်ပညာတစ်ခုတည်းသာမက ရသမျှအချိန်အတွင်း အသိပညာနှင့် ကိုယ်ကျင့်တရားအခြေခံကောင်းများကိုတတ်စွမ်းသရွေ့ပို့ချကာ ဆရာကောင်း၊ သမားကောင်းအဖြစ် ပြည့်ပြည့်ဝဝခံယူသင့်ကြောင်း အဆိုပါပုဂ္ဂိုလ်က တိုက်တွန်းပြောကြားသည်။

မည်သည့်ပညာရေးစနစ်နှင့် သင်ကြားသည်ပင်ဖြစ်စေ တော်သည့်ကျောင်းသားထူးချွန်ရန်၊ ညံ့သည့်ကျောင်းသားတော်ရန် မိဘများကလည်း ကျူရှင်များသို့ အပ်နှံနေဦးမည်သာဖြစ်ကာ ကျောင်းသားများအတွက်လည်း လိုအပ်ချက်ရှိနေသေးသဖြင့် ကျူရှင်၏အခန်းကဏ္ဍသည် ကျယ်ပြန့်နေဦးမည်ဖြစ်ပေရာ မိဘ၊ ကျောင်းသားနှင့် ဆရာ သုံးဦးစလုံးသည် နည်းမှန်၊ လမ်းမှန် ကိုယ်ကျင့်တရားမှန်ကန်စွာဖြင့် အသပြာမစွက်ဘဲ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ တိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာမှ ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

**ကျော်ကျော်မင်း**

www.foreverspace.com.mm



# ခရီးသွားလုပ်ငန်းသင်တန်းများ ဖွံ့ဖြိုးလာမှုနှင့် အနာဂတ်

ကျော်ဆန်းမင်း၊ ဇာလီကျော်

နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး GDP (Gross Domestic Product) တိုးမြင့်ရရှိရေးအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၏အခန်းကဏ္ဍမှာ များစွာအရေးပါသော်လည်း မီးခိုးတိတ်စက်မှုလုပ်ငန်းဟု တင်စားခေါ်ဝေါ်ကြသည့် ခရီးသွားလုပ်ငန်းများ၏ အခန်းကဏ္ဍမှာလည်း ကြီးကြီးမားမားပါဝင်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍတွင် ၂၀၀၁ ခုနှစ် ရရှိသည့်ဝင်ငွေထက် ၂၀၀၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၆၀ ကျော် ပိုမိုရရှိခြင်းကို ကြည့်ခြင်းအားဖြင့် ခရီးသွားလုပ်ငန်း၏ ဖွံ့ဖြိုးတိုးတက်မှုကို သိသာစွာခန့်မှန်းနိုင်သည်။ ယင်းသို့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုနှင့်အပြိုင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး၏ အဓိကလိုအပ်ချက်ဖြစ်သော အခြေခံအဆောက်အဦနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးမှာ အရေးပါလာရာမှ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု၏ အခြေခံရေသောက်မြစ်ဖြစ်သည့် ခရီးသွားလုပ်ငန်းနှင့် ဟိုတယ်သင်တန်းများမှာလည်း ဈေးကွက်လိုအပ်ချက်ကြောင့် ဖွံ့ဖြိုးလာသည်ကို တွေ့ရသည်။

www.foreverspace.com.mm



## အခြေခံခရီးသွားလုပ်ငန်း

သဘာဝရေမြေ တောတောင်နှင့် ယဉ်ကျေးမှုတို့ကိုအခြေခံသည့် ခရီးသွားလုပ်ငန်းမှာ ကမ္ဘာပေါ်တွင် ၁၉၉၅ ခုနှစ်မှစတင်၍ ထင်ရှားလာခဲ့ပြီး ဖွံ့ဖြိုးပြီးနိုင်ငံအများစုတွင် ဝင်ငွေများစွာရှာဖွေပေးနိုင်သည့်လုပ်ငန်းတစ်ရပ်ဖြစ်လာခဲ့သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ကမ္ဘာလှည့်ခရီးသွားတို့မှာ ယခင်က ယဉ်ကျေးမှုအခြေခံခရီးသွားဒေသ (Culture Tourism Site)ပေါ်တွင်သာ အဓိကအာရုံထားခဲ့ကြသော်လည်း ယနေ့တွင်မူ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်များကို ကြည့်ရှုခံစားသည့် သဘာဝအခြေခံ ခရီးသွားဒေသ (Eco Tourismသို့မဟုတ် Nature Based Tourism Site) ဘက်သို့ ကူးပြောင်းလာနေသည်မှာလည်း ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အားသာချက်ဖြစ်လာခဲ့သည်။

မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ်နောက်ပိုင်း ဈေးကွက်ကိုအခြေခံသည့် တံခါးဖွင့်စီးပွားရေးကို ကျင့်သုံးလာခဲ့ချိန်မှစပြီး စီးပွားရေးကို အထောက်အကူဖြစ်စေရန်အတွက် ပို့ကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းတို့ကို ကျယ်ပြန့်စွာ ဆောင်ရွက်လာခဲ့သည်။ မြန်မာနိုင်ငံရှိ ဝန်ဆောင်မှုလုပ်ငန်းများတွင် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများ များစွာရှိသည့်အတွက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို နိုင်ငံ၏ နိုင်ငံခြားငွေရှာဖွေပေးသည့် အဓိကစီးပွားရေး လုပ်ငန်းတစ်ရပ်အဖြစ် အခြေပြုဖော်ဆောင်နိုင်ရန် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနကို ၁၉၉၂ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။

## Tourism သင်တန်းအစ

Tourism လုပ်ငန်းမှာ မြန်မာ့ရိုးရာဓလေ့၊ လူနေမှုပုံစံများနှင့် အလှမ်းဝေးလှပြီး သိုးဆောင်းလူမျိုးများဖြစ်သည့် အနောက်နိုင်ငံသားများ၏ဓလေ့မှ မြန်မာနိုင်ငံသို့ ကူးစက်ပျံ့နှံ့လာခြင်းဖြစ်သည်။ ၁၉၈၀ ခုနှစ်နောက်ပိုင်းတွင် Tourism လုပ်ငန်းဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် ဟိုတယ်၊ မိုတယ်လုပ်ငန်းများ စတင်အခြေတည်ဖွင့်လှစ်လာကြသော်လည်း Tourism & Hospitality နည်းပညာပိုင်းတွင် တတ်ကျွမ်းနားလည်မှုမရှိသေးဘဲ အကောင်အထည်ပေါ်ရုံသာလုပ်နေသည့်အဆင့်မျိုးသာရှိသည်။




**ဧည့်လမ်းညွှန် သင်တန်းသားသင်တန်းသူပေါင်း ၇၂၀၀ ဦးကျော် မွေးထုတ်ခဲ့ပြီးဖြစ်သည်**

မြန်မာနိုင်ငံ၏ ဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးစေရေးအတွက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၏အစီအစဉ်ဖြင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်း (ILO)နှင့် မြန်မာအစိုးရတို့ ပူးပေါင်း၍ ဟိုတယ်သင်တန်းကျောင်းကို ၁၉၈၂ ခုနှစ် ဇန်နဝါရီလ၌ ရန်ကုန်မြို့ကန်တော်ကြီးဟိုတယ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဘာသာရပ် ၁၂ ခုသင်ကြားခဲ့သည်။

ယင်းဘာသာရပ်များတွင် ဟိုတယ်ဆိုင်ရာဘာသာရပ်များအပြင် Tourism Operations ၊ Tourism Management ဘာသာရပ်များပါ တွဲဖက်သင်ကြားခဲ့သည်။ သင်တန်းကို ILOမှ Chief Technical Advisor တစ်ဦးနှင့် ပြည်ပမှ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူနည်းပြများလာရောက်ပြီး မြန်မာနိုင်ငံမှ နည်းပြဆရာများနှင့် တွဲဖက်သင်ကြားခဲ့ခြင်းဖြစ်သည်။

၁၉၈၇ ခုနှစ်တွင် Project ကာလပြီးဆုံး၍ ပြည်ပမှ လာရောက်ပို့ချသည့်ဆရာများပြန်သွားပြီးနောက်ပိုင်း ပြည်တွင်းမှ နည်းပြများဦးစီးပြီး ဆက်လက်ဖွင့်လှစ်ခဲ့ရာ ၁၉၉၃ ခုနှစ်မှစတင်၍ ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် Kandawgyi Baioke

www.foreverspace.com.mm




Hotel ၏ အစီအစဉ်ဖြင့် ပေါ်ပေါက်လာခဲ့သည်။ ယင်းသင်တန်းမှ ၁၉၉၃ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ၁၀ နှစ်တာကာလအတွင်း သင်တန်းအမျိုးအစားခြောက်ခု ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား ၇၁၁၅ ဦးအား မွေးထုတ်နိုင်ခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ထုတ်ပြန်သောစာရင်းများအရ သိရသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန စတင်ပေါ်ပေါက်လာသည့် ၁၉၉၂ ခုနှစ်တွင် ဧည့်လမ်းညွှန်သင်တန်းကျောင်းကို အဆိုပါဝန်ကြီးဌာနမှ ပုံမှန်ဖွင့်လှစ်သင်ကြားနိုင်ခဲ့ရာ ၂၀၀၆ ခုနှစ် အပတ်စဉ် (၃၆)အပြီးတွင် သင်တန်း သားသင်တန်းသူပေါင်း ၇၂၀၀ ဦးကျော် မွေးထုတ်နိုင်ခဲ့ကြောင်း အဆိုပါ သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးအုန်းကျော်က ဆိုသည်။

ယင်းသို့ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သည့် သင်တန်းများပေါ်ပေါက်လာသော်လည်း ခရီးသွားလုပ်ငန်း စီမံခန့်ခွဲမှု (Tourism Management) သီးသန့် သင်ကြားသည့်သင်တန်းများကိုမူ ၂၀၀၂ ခုနှစ်အထိ ဖွင့်လှစ်နိုင်ခဲ့ခြင်းမရှိသေးဘဲ ၂၀၀၂ ခုနှစ်တွင်မှ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ၂၀၀၂ ခုနှစ် ဧပြီလတွင် စတင်ထူထောင်ခဲ့သည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA)တို့ ပူးပေါင်း၍ ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှု (အခြေခံ) သင်တန်း (Tourism Management Basic Course) ကို ဖွင့်လှစ်ပို့ချခဲ့ကြောင်း၊ ယခုအခါ အမျိုးသားစီမံခန့်ခွဲမှုပညာ ကောလိပ်မှ Diploma in Tourism Studies & Management သင်တန်းများကို ပို့ချလျက်ရှိကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA) မှ အတွင်းရေးမှူး ဦးဘုန်းသန့်က ဆိုသည်။

## ပြည်ပသင်တန်းများ

ရန်ကုန်မြို့၌ ၂၀၀၁ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ဖွင့်လှစ်ခဲ့သော Summit Center For Career Development (SCCD) ဟိုတယ်သင်တန်းကျောင်းသည် နိုင်ငံတကာအသိအမှတ်ပြု ဟိုတယ်လုပ်ငန်းဆိုင်ရာ လေ့ကျင့်သင်ကြားရေး အစီအစဉ်များကို မြန်မာနိုင်ငံ၌ တည်ထောင်ဖွင့်လှစ်ဆောင်ရွက်နေသော ပထမဦးဆုံး ဟိုတယ်သင်တန်းကျောင်းတစ်ခု ဖြစ်သည်။ နိုင်ငံတကာရှိ ဟိုတယ်နှင့်ခရီး

www.foreverspace.com.mm

သွားဆိုင်ရာ လေ့ကျင့်သင်ကြားရေးသိပ္ပံနှင့် ကောလိပ်များနှင့် အသိအမှတ်ပြုရေး၊ ဆက်သွယ်ပေါင်းကူးရေးအား တူညီချက်များဖြင့် ပူးပေါင်းဆောင်ရွက်နေသော သင်တန်းကျောင်းတစ်ခု ဖြစ်သည်။ အဆိုပါ SCCD နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သော နိုင်ငံတကာပညာရေးအဖွဲ့အစည်းများမှာ City and Guilds(UK), Confederation of Tourism, Hotel and Catering Management(UK), Taylor's College and Sunway College (Malaysia), Singapore International Hotel and Tourism College (SHATEC), Tourism Management Institute of Singapore (TMIS) နှင့် PSB Academy (Singapore) တို့ ဖြစ်သည်။

SCCD ဟိုတယ်သင်တန်းကျောင်းမှ ဖွင့်လှစ်သင်ကြားပေးသော သင်တန်းများအနက် City and Guilds (UK) ဒီပလိုမာ လက်မှတ်ရသင်တန်းများသည် နိုင်ငံတကာ အသိအမှတ်ပြုသင်တန်းအမျိုးအစားဖြစ်သည်။ အဆိုပါသင်တန်းအစီအစဉ်တွင် ဒီပလိုမာလက်မှတ်ရ သင်တန်းအမျိုးအစားသုံးမျိုးပါဝင်ရာ Diploma in Reception Operations & Service, Diploma in Food & Beverage Service နှင့် Diploma in Food Preparation & Culinary Arts တို့ဖြစ်သည်။ အချိန်ပြည့်သင်တန်းများ၏ သင်တန်းကာလမှာ သင်တန်းအမျိုးအစားအလိုက် ရှစ်လမှ ၁၀ လအထိ ကြာမြင့်မည်ဖြစ်သည်။ ဟိုတယ်လုပ်ငန်းခွင်အတွင်းမှ ဝန်ထမ်းများ အတွက် အဆိုပါသင်တန်းများကို အချိန်ပိုင်း တက်ရောက်လိုပါကလည်း စီစဉ်ပေးနိုင် ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ဝင်ခွင့်ရရေး အတွက် အနိမ့်ဆုံးပညာအရည်အချင်းမှာ အခြေခံပညာအထက်တန်းအောင်မြင်ရမည် ဖြစ်ပြီး အင်္ဂလိပ်စာကောင်းမွန်သူဖြစ်ရမည် ဖြစ်သည်။ သင်တန်းသို့ ဝင်ခွင့်လျှောက်ထားသူများအားလုံး လူတွေ့စစ်ဆေးမေးမြန်းမည်ဖြစ်သည်ဟု သိရသည်။ အဆိုပါ

**၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း**
**မြန်မာနိုင်ငံသို့ ပြည်ပခရီးသည်ဝင်ရောက်မှု**

| | 2001 | 2002 | 2003 | 2004 | 2005 |
|---|---|---|---|---|---|
| Yangon Entry Point | 203200 | 212468 | 198435 | 236370 | 227300 |
| Mandalay & Bagan Gateway | 1662 | 4744 | 7175 | 5568 | 4918 |
| Border Tourism | 270244 | 270278 | 391405 | 414972 | 427988 |
| **Total** | **475106** | **487490** | **597015** | **656910** | **660206** |

သင်တန်းကို ဟိုတယ်လုပ်ငန်းခွင်အသီးသီး၌ မိမိစိတ်ဝင်စားသောနယ်ပယ်အလိုက် အသက်မွေးဝမ်းကျောင်းပြုလိုသူများအတွက် ရည်ရွယ်ကြောင်း သိရသည်။ သင်တန်းမှ စာတွေ့လက်တွေ့နှစ်မျိုးစလုံးကို သင်ကြားပေးမည်ဖြစ်သည်။ အဆိုပါသင်တန်းသို့ တက်ရောက်အောင်မြင်ပြီးသူသည် SCCD ဟိုတယ်သင်တန်းကျောင်းမှ ဖွင့်လှစ်သင်ကြားပေးသော Confederation of Tourism, Hotel and Catering Management (CTHCM) ဒီပလိုမာသင်တန်းသို့ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်သည်။

ယင်းဒီပလိုမာသင်တန်းသည် အင်္ဂလန်နှင့် အခြားနိုင်ငံများရှိတက္ကသိုလ်များ၏ ဟိုတယ်စီမံခန့်ခွဲမှုဆိုင်ရာ ဘွဲ့ဒီဂရီလက်မှတ်ရ သုံးနှစ်သင်တန်းများသို့ တိုက်ရိုက် တက်ရောက်သင်ကြားခွင့်ရစေသော နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ရ သင်တန်း ဖြစ်သည်။ အဆိုပါ CTHCM ဒီပလိုမာလက်မှတ်သည် အင်္ဂလန်ရှိ တက္ကသိုလ်များဖြစ်သော Thames Valley University, University of Portsmouth နှင့် University Bournemouth တက္ကသိုလ်များ၏ ဟိုတယ်လုပ်ငန်း စီမံခန့်ခွဲမှုဆိုင်ရာ သုံးနှစ်ကာလ ဘွဲ့ဒီဂရီသင်တန်းသို့တက်ရောက်ရာတွင် တစ်နှစ်ကင်းလွတ်ခွင့်ရရှိစေမည်ဟု သိရသည်။

ယင်းသင်တန်းသည် ဟိုတယ်လုပ်ငန်းနယ်ပယ်များတွင် စီမံခန့်ခွဲမှုကြီးကြပ်မှုပေးနိုင်သောကျွမ်းကျင်သူများကို မွေးထုတ်ရန်ရည်ရွယ်ကြောင်း၊ နိုင်ငံတကာရှိ စီမံခန့်ခွဲမှုအခြေခံသဘောတရားများကို နားလည်စေရန်၊ ဟိုတယ်လုပ်ငန်းနှင့် ပတ်သက်သောပညာရပ်များကို ပညာရှင်အဆင့်အထိ တက်လှမ်းနိုင်စေရန် အုတ်မြစ်ချပေးရန်ရည်ရွယ်ကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် ILO မှဖွင့်လှစ်သည့်သင်တန်းများနောက်ပိုင်း ပြည်ပမှလာရောက်ဖွင့်လှစ်သည့် Tourism သင်တန်းတစ်ခုမှာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် စင်ကာပူနိုင်ငံ ဟိုတယ်နှင့်ခရီးသွား သင်တန်းကျောင်း (SHATEC) တို့ ပူးပေါင်းဖွင့်လှစ်သည့် ရန်ကုန်မြို့ နာနတ်တောလမ်းရှိ စင်ကာပူ–မြန်မာ သင်တန်းကျောင်းဖြစ်ပြီး Tourism Manpower Course များနှင့် Diploma in Hotel Management Course သင်တန်းများကို ဖွင့်လှစ်ပို့ချလျက်ရှိသည်။

ယင်းသင်တန်းများကို ၂၀၀၁ ခုနှစ်နိုဝင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ်မြောက် အာဆီယံအမြဲတမ်းကော်မတီ အာဆီယံထိပ်သီးဆွေးနွေးပွဲတွင် စင်ကာပူအစိုးရမှ အာဆီယံအဖွဲ့ဝင်နိုင်ငံသစ်များသို့ Initiative for ASEAN Integration (IAI) နှင့်ပတ်သက်၍ အကူအညီပေးရေး သဘောတူညီမှုရခဲ့ပြီး IAI အစီအစဉ်အရ CLMV လေးနိုင်ငံဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့၌ Training Institute သင်

www.foreverspace.com.mm

တန်းများဖွင့်မည့်အစီအစဉ်ပါရှိခဲ့ရာ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးမှုအတွက် ယင်းသင်တန်းကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။

၂၀၀၂ ခုနှစ်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ စင်ကာပူနိုင်ငံ Raffles International Training Centre (RITC) နှင့် Singapore Tourism Board (STB) တို့ပူးပေါင်း၍ Hospitality and Tourism Executive Programme for Myanmar သင်တန်းများကို စတင်ဖွင့်လှစ်ပို့ချခဲ့သည်။

ပြည်ပပုဂ္ဂလိက Tourism သင်တန်းကျောင်းများအနေဖြင့် အများအားဖြင့် ပြည်တွင်းသင်တန်းကျောင်းများနှင့်ပူးပေါင်း၍ သက်ဆိုင်ရာပြည်ပသင်တန်းကျောင်းများ၏သင်ရိုးကို ပြည်တွင်းဆရာများက ဦးစီးသင်ကြားကြခြင်းဖြစ်သည်။

၂၀၀၆ ခုနှစ် ဧပြီလတွင် MHR (Myanmar Human Resources) သင်တန်းကျောင်းက အင်္ဂလန်အခြေစိုက် ABE (Association of Business Executive) နှင့်ပူးပေါင်း၍ Certificate in Travel, Tourism & Hospitality သင်တန်းကို စတင်ဖွင့်လှစ်ခဲ့ပြီး ဇွန်လတွင် Diploma in Travel, Tourism & Hospitality Part I သင်တန်းကို ဆက်လက်ဖွင့်လှစ်ခဲ့ကြောင်းနှင့် Diploma Part II နှင့် Advance Diploma များအထိ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း MHR မှ သင်တန်းကျောင်းအုပ် ဦးအေးကျော်က ဆိုသည်။

ထို့အတူ အင်္ဂလန်အခြေစိုက် ACCA (UK) Professional Body နှင့်ပူးပေါင်း၍ နိုင်ငံတကာစာရင်းကိုင်သင်တန်းများ ဖွင့်လှစ်ထားသည့် MAA Business Centre တွင် စင်ကာပူနိုင်ငံရှိ Nayang Institute နှင့်ပူးပေါင်း၍ စင်ကာပူနှင့် မြန်မာနိုင်ငံတို့တွင် ပူးတွဲတက်ရောက်ရမည့် Diploma in Tourism & Hospitality သင်တန်းကို ၂၀၀၆ ခုနှစ် စက်တင်ဘာလတွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း MAA Business Centre မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးညဏ်ထွန်းအောင်က ပြောကြားသည်။

## သင်တန်းများနှင့်ပတ်သက်၍

Tourism သင်တန်းများမှာ ငွေကုန်ကြေးကျ အင်မတန်များသည့်အတွက် သင်တန်းတက်မည့်သူများအနေဖြင့် သင်တန်းအချို့ကပြောနေသည့် သင်တန်းပြီးလျှင် အလုပ်ရမည်ဆိုသည်ကိုယုံပြီး တက်လိုက်ပြီးမှ သင်တန်းဆင်းသည့်အခါ အလုပ်မရ၍ အခက်အခဲကြုံတွေ့ရခြင်းမျိုး မဖြစ်စေရန် သင်တန်းတစ်ခုတက်မည်ဆိုလျှင် ယင်းသင်တန်းနှင့်ပတ်သက်သော အချက်အလက်များ၊ သင်တန်းအားထောက်ခံသည့် ပြည်ပသင်တန်းကျောင်း၏

**နိုင်ငံတကာသင်ရိုးညွှန်းတမ်းများနှင့်အညီ ပို့ချသင်ကြားလျက်ရှိသည်**



www.foreverspace.com.mm

အရေးပါမှုများကို သေသေချာချာလေ့လာပြီးမှသာ တက်ရောက်သင့်ကြောင်း Hotel Management သင်တန်းများ ပို့ချပေးနေသူ နည်းပြတစ်ဦးကအကြံပြုသည်။

“သင်တန်းတွေအနေနဲ့ ကျွမ်းကျင်သူတွေမွေးထုတ်ပေးနေပေမယ့် လက်တွေ့လုပ်တဲ့နေရာမှာ အံဝင်ခွင်ကျမဖြစ်တာမျိုး တွေရှိတယ်။ Industry Level မဟုတ်သေးဘူးပေါ့။ အဲဒီတော့ Industry မှာ ပြန်ပြီး Retrain လုပ်ပေးရတာလည်းရှိတယ်။ သင်ရိုးညွှန်းတမ်းအနေနဲ့က အစိုးရက အသိအမှတ်ပြုထားတာမဟုတ်ဘဲ သက်ဆိုင်ရာကျောင်းတွေက ထုတ်တာဆိုတော့ International Level မီမမီဆိုတာတော့ လေ့လာဖို့လိုမယ်” ဟု UMTA မှ အတွင်းရေးမှူး ဦးဘုန်းသန့်က ပြည်ပမှလာရောက်ဖွင့်လှစ်သောသင်တန်းများနှင့် ပတ်သက်၍ သတိမူသင့်သည်များကို ပြောကြားသည်။

MHR မှ ကျောင်းအုပ်ဦးအေးကျော်ကလည်း “သင်တန်းတွေကပေးတဲ့လက်မှတ်ကတော့ မကွာဘူး။ ဒါပေမဲ့ အသိအမှတ်ပြုတဲ့ တက္ကသိုလ်က အရေးကြီးတယ်။ Advanced Diploma ပြီးလို့ Degree Level နဲ့ညီတဲ့အဆင့်မျိုး ရှိဖို့လိုတယ်။ အချို့သင်တန်းတွေက Master ကူးချင်ရင် Degree တန်းမှာ 3rd Year ဒါမှမဟုတ် Final Year ပြန်တက်ပေးရတာမျိုးတွေရှိတယ်” ဟု သင်တန်း Level အမျိုးမျိုးရှိကြောင်း ရှင်းပြသည်။

## အနာဂတ်ခရီးသွားလုပ်ငန်း

ခရီးသွားလုပ်ငန်းဟုဆိုရာဝယ် ယဉ်ကျေးမှုကိုအခြေခံသော ခရီးသွားလုပ်ငန်း (Cultural Tourism) နှင့် သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်း (Eco Tourism) နှစ်ခုသာ အဓိကဖြစ်သည်။ မြန်မာနိုင်ငံသို့လာသော ခရီးသွားအများစုမှာ အဆိုပါခရီးသွားလုပ်ငန်းနှစ်မျိုးတွင် သဘာဝကိုအခြေခံသော ခရီးသွားခြင်းအတွက် လာရောက်သူများရှိသလို ယဉ်ကျေးမှုကိုအခြေခံသော ခရီးသွားလာခြင်းအတွက်လာရောက်သူများလည်း တွေ့ရသည်။ အဓိကအားဖြင့် ယနေ့အချိန်တွင် အခြားသောနိုင်ငံများထက် မြန်မာနိုင်ငံတွင် မပျက်စီးသေးသော သဘာဝတောတောင်၊ ရေမြေပတ်ဝန်းကျင်တို့ ပေါများနေသေးသဖြင့် Eco Tourism အပိုင်းမှာ ပိုမိုဖွံ့ဖြိုးလာဖွယ်ရှိနေသည်။

ယနေ့တွင် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ တစ်နှစ်ထက်တစ်နှစ် ပိုမိုလာရောက်နေသော်လည်း အကန့်အသတ်ရှိနေသေးကြောင်း၊ ASEAN နိုင်ငံများအတွင်း ဗီဇာမဲ့ခရီးသွားလုပ်ငန်းသာ အကောင်အထည်ဖော်နိုင်ပါက မြန်မာနိုင်ငံသို့လာရောက်မည့် ကမ္ဘာလှည့်ခရီးသွားများမှာ များစွာတိုးတက်လာဖွယ်ရှိကြောင်း ဝါရင့်ခရီးသွားလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက သုံးသပ်သည်။

ယနေ့ကမ္ဘာပေါ်တွင် အင်တာနက်အသုံးပြုသူဦးရေမှာ သန်း ၃၀၀ ဝန်းကျင်အထက်တွင်ရှိကြောင်း၊ ဂျူပီတာဈေးကွက်သုတေသန၏ သုံးသပ်ချက်အရ ၂၀၀၃ ခုနှစ်တွင် ၄၃ ဘီလီယံတန်ဖိုးရှိ ခရီးသွားလုပ်ငန်းဆိုင်ရာ ရောင်းဝယ်မှုသည် အင်တာနက်ပေါ်မှဖြစ်ပြီး ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဝယ်ယူမှုအားလုံး၏ ၂၀ ရာခိုင်နှုန်းခန့်ရှိမည်ဟု ခန့်မှန်းခဲ့သည်။ ယင်းခန့်မှန်းချက်အတိုင်းပင် ယခုအခါ အီလက်ထရွန်နစ်ခရီးသွားလုပ်ငန်း (e-Tourism) ၏အခန်းကဏ္ဍမှာ များစွာကြီးမားလာသော်လည်း မြန်မာနိုင်ငံအနေဖြင့် Online အသုံးပြုမှုမှာ များစွာလျော့နည်းနေသေးကြောင်း၊ e-Tourism စနစ်ကိုသာ မြန်မာနိုင်ငံတွင် ထိရောက်စွာအသုံးပြုလာပါက ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း အင်္ဂလန်မှ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သည့် M.A ဘွဲ့ရရှိသူတစ်ဦးက ဆိုသည်။

## နိဂုံး

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန်အတွက် ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ပါဝင်နေကြသည့် လေကြောင်းလိုင်းများ၊ ခရီးသွားကုမ္ပဏီများ၊ ဟိုတယ်များ၊ ပို့ဆောင်ရေးလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များအားလုံး လက်တွဲညီညီပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပြီး မြန်မာနိုင်ငံတွင် နေထိုင်ကြသော နိုင်ငံသူနိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့ဂုဏ်သိက္ခာ၊ လူမျိုးသိက္ခာထောက်ထား၍ ကမ္ဘာလှည့်ခရီးသွားများအပေါ် ရိုးသား၊ ယဉ်ကျေး၊ နွေးထွေးစွာဆက်ဆံရန် လိုအပ်လှသည်။ ယင်းမှသာ ကမ္ဘာ့အလယ်တွင် မြန်မာလူမျိုးတို့၏ ရိုးသားမှု၊ ယဉ်ကျေးမှု၊ ဖော်ရွေမှုများ ပျံ့နှံ့လွှမ်းခြုံလာမည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်ပြီး လွယ်ကူအဆင်ပြေရန်လိုအပ်သလို လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုမှာလည်း အဓိက အခန်းကဏ္ဍတွင်ရပ်တည်လျက်ရှိခြင်းကြောင့် မှန်ကန်သည့် ပြည်ပသင်တန်းများအပါအဝင် ပြည်တွင်းသင်တန်းပေါင်း များစွာဖွံ့ဖြိုးတိုးတက်ရန်လိုအပ်နေသည်။ ယင်းသို့ တိုးတက်မှသာ အရည်အသွေးပြည့်ဝသည့် ကျွမ်းကျင်ဝန်ထမ်းများ ပေါ်ထွက်လာမည်ဖြစ်သည်။

အခြားတစ်ဖက်တွင်လည်း တိုးတက်လာသည့် လူ့စွမ်းအားအရင်းအမြစ်နှင့်အပြိုင် ခရီးသွားလုပ်ငန်းများလည်း ဖွံ့ဖြိုးရန်လိုအပ်သည်။ သို့မှသာ သင်တန်းဆင်းလာသည့် သင်တန်းသား၊ သင်တန်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖော်ဆောင်နိုင်ပြီး ခရီးသွားလုပ်ငန်းသင်တန်းများ၏ အခန်းကဏ္ဍသည်လည်း ပိုမိုဖွံ့ဖြိုးလာနိုင်မည်ဖြစ်သည်။

**ကျော်ဆန်းမင်း ၊ ဇာလီကျော်**

■

www.foreverspace.com.mm




# Vinyl ကြော်ငြာလုပ်ငန်း အလားအလာ

သန်းထိုက်သူ

ယနေ့ထင်ရှားအောင်မြင်နေသော လုပ်ငန်းတစ်ခု၊ လူကြိုက်များနေသော ပစ္စည်းတစ်ခုသည် နောက်တစ်ရက်တွင် ယင်းနှင့်စင်ပြိုင်ပေါ်ပေါက်လာမည့် လုပ်ငန်းပစ္စည်းတို့ကို အရှုံးပေးပြီး ခေတ်မရှိတော့၍ ဈေးကွက်မှ ဆုတ်ခွာသွားခြင်းသည် ခေတ်၏အမြန်နှုန်းမှ ပုံဖော်လိုက်သော ဈေးကွက်ပုံသဏ္ဍာန်သစ်ပင် ဖြစ်သည်။ အဆိုပါဈေးကွက်ပုံသဏ္ဍာန်သစ်ကို ယခင် သံပြား၊ သွပ်ပြား၊ အထပ်သားတို့ပေါ်တွင် စုတ်တံဖြင့်ရေးဆွဲသော ဆေးရေးကြော်ငြာဆိုင်းဘုတ်လုပ်ငန်းများနေရာကို ဗင်နိုင်း (Vinyl)ကြော်ငြာပုံနှိပ်လုပ်ငန်းက နည်းပညာအားပြုအရည်အသွေးဖြင့် အချိန်အနည်းငယ်အတွင်း သိမ်းပိုက်လိုက်သည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရပါသည်။

## အချိန်တစ်ခုတည်းလား

မဂ္ဂဇင်းတိုက်တစ်ခု၏ အယ်ဒီတာချုပ်တစ်ဦးသည် မနက်ဖြန်ညနေ ၅ နာရီတွင် ကျင်းပပြုလုပ်မည့်သူ၏တိုက်မှ ဂျာနယ်အသစ်ထုတ်ဝေခြင်း မိတ်ဆက်အခမ်းအနားအတွက် ဟိုတယ်တွင်ခန်းမရရှိရေး၊ အခမ်းအနားတွင် နာမည်ကျော်စာရေးဆရာများတက်ရောက် ဟောပြောနိုင်ရေးနှင့် ကြော်ငြာရှင်၊ လုပ်ငန်းတူ မီဒီယာများသို့ ဖိတ်စာများပို့၍ စုံလင်စွာ ဖိတ်ကြားနိုင်ရေးတို့အတွက် အလုပ်ရှုပ်နေသည်။ ဟိုတယ်ခန်းမအဝင်အဝတွင် ဂျာနယ် Logo ပါဝင်သော ကြိုဆိုခြင်း ဆိုင်းဘုတ်များထားရှိနိုင်ရေးနှင့် အခန်းပတ်ပတ်လည်တွင် ယင်းဆိုင်းဘုတ်များ ဝေဝေဆာဆာချိတ်ဆွဲနိုင်ရေးတို့ကို သတိရချိန်တွင်မူ ရုံးဆင်းချိန်သို့ပင် ရောက်နေပြီဖြစ်သည်။ ချက်ချင်းပင် သူ၏မဂ္ဂဇင်း၊ ဒီဇိုင်

www.foreverspace.com.mm

နာကို လိုချင်သော ဒီဇိုင်း၊ စာသားများ ရေးဆွဲစေပြီး စီဒီတစ်ချပ်ဖြင့် ကူးယူစေကာ ဝန်ထမ်းတစ်ဦးကို လိုချင်သော အလျားအနံကို ပြော၍ Digital Injet Printing လုပ်ငန်းတစ်ခုသို့ စေလွှတ်ခဲ့သည်။

အဆိုပါ အယ်ဒီတာချုပ်သည် နောက်တစ်နေ့တွင် သူ၏အခမ်းအနားကို ဟိုတယ်၏ ခန်းညားထည်ဝါမှုနှင့် ဗင်နိုင်းဆိုင်းဘုတ်များ၏ သပ်ရပ်လှပမှုတို့ပေါင်းစပ်၍ အသွင်ဆန်းသစ်စွာ ကျင်းပနိုင်ခဲ့သည်။ တစ်ပေပတ်လည် ၂၅၀ ကျပ်ဝန်းကျင်ဖြင့် ထိုမျှတိုတောင်းလှသော အချိန်အတွင်း လိုချင်သောအရေအတွက်ကို အရည်အသွေးမြင့်မြင့် ရရှိနိုင်သည်မှာ ဗင်နိုင်းတစ်မျိုးတည်းသာလျှင်ရှိသည်။ ယခင် ဆေးရေးပန်းချီခေတ်ကဆိုလျှင် နေရာလိုအပ်ချက်အလိုက် အထပ်သား၊ သံပန်း၊ သံပြားတို့ဖြင့် လိုချင်သောဆိုင်းဘုတ်အရွယ်အစားကိုရွေးချယ်ပြီး ယင်းအပေါ်တွင် ပန်းချီဆရာက ဆေးခြယ်ရမည်ဖြစ်သည်။ မြေစိုက်ဆိုင်းဘုတ်ကြီးများအတွက်ဆိုလျှင် မြေနေရာရွေးချယ်၍ ဆိုင်းဘုတ်ကြီးတစ်ခု ဖြစ်လာစေရန် ဦးစွာဆောင်ရွက်ပြီးမှသာ ငြမ်းဆင်၍ ပန်းချီဆရာက ပုံဖော်ရေးဆွဲနိုင်မည်ဖြစ်သည်။ ယနေ့အချိန်တွင်မူ လိုချင်သော မြေနေရာ၌ ဆိုင်းဘုတ်ထောင်ပြီးလျှင် ငြမ်းဆင်ခြင်း၊ ပုံဖော်ရေးဆွဲခြင်း၊ ငြမ်းပြန်ဖျက်ခြင်း စသည့်အဆင့်တို့မလိုအပ်တော့ဘဲ Printing လုပ်ပြီးသော ဗင်နိုင်းစကို ဆိုင်းဘုတ် ကိုယ်ထည်ဘောင်ပေါ်တွင် အဆင်သင့် ကပ်ရုံပင်ဖြစ်၍ အချိန်များစွာ ကုန်သွား ခဲ့သည်။

“ပုံထွက်အရည်အသွေးကတော့ အာမခံတယ်။ မူရင်းကောင်းရင် မိတ္တူကောင်းသလိုပေါ့။ ဆွဲလာတဲ့ဒီဇိုင်းအပေါ်မူတည်တယ်။ ဆိုင်းဘုတ်တစ်ခုရဲ့ ပုံအပေါ်မှာ အာမခံတဲ့ သက်တမ်းကတော့ ခြောက်လရှိတယ်။ တစ်နှစ်ရှိတယ်။ အမျိုးမျိုးပေါ့”




**ယခင်က ပန်းချီဆိုင်းဘုတ်များနေရာတွင် အစားထိုးလာခြင်းဖြစ်သည်**

ဗင်နိုင်းစပေါ်တွင် Printing ပြုလုပ်ထားသော ပုံရိပ်များ၏အရည်အသွေးနှင့်ပတ်သက်၍ IDEA Digital Inkjet Printing လုပ်ငန်းမှ ဒါရိုက်တာဦးအောင်ကျော်ဦးက ပြောကြားခြင်းဖြစ်သည်။

သတ်မှတ်ကာလအတွင်း အရောင်ကျမသွားစေရေးအတွက် UV Coating ကိုလည်း အသုံးပြုနိုင်ကြောင်း၊ ယင်းမှာ အရောင်ပိုမိုတောက်ပြောင်၍ကြွတက်လာစေရန်အတွက် သုံးခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

သို့ဆိုလျှင် ဗင်နိုင်းကြော်ငြာများသည် အချိန်များစွာလျှော့ချပစ်နိုင်ခြင်း၊ လူ၏လုပ်အားလျော့ကျသွားခြင်း၊ တစ်ပေပတ်လည် ၂၅၀ ကျပ်ဝန်းကျင်နှုန်းထားဖြင့် စရိတ်စကသက်သာစွာအသုံးပြုနိုင်ခြင်းတို့ကြောင့် ရှေ့တန်းရောက်လာခြင်းဖြစ်သည်။

## နေရာတိုင်းမှာဗင်နိုင်း

ကြော်ငြာလုပ်ငန်းအားလုံးလိုလိုတွင် ဗင်နိုင်းကို ၂၀၀၀ ပြည့်နှစ်ဝန်းကျင်မှစ၍ သုံးစွဲလာခဲ့ရာ ဗင်နိုင်းခေတ် ပီပြင်လာခဲ့သည်ဟု ဦးအောင်ကျော်ဦးက ဆိုသည်။ ရုပ်ရှင်ဇာတ်ကားကြော်ငြာ၊ ဒီဗီဒီ၊ ဗီဒီယို၊ သီချင်းစီးရီး၊ စင်တင်တေးဂီတဖျော်ဖြေပွဲ

www.foreverspace.com.mm

နောက်ခံအပြင်အဆင်များ၊ ပြပွဲများ၊ ဈေးဆိုင်ခန်းဆိုင်းဘုတ်များ၊ လမ်းညွှန်ဆိုင်းဘုတ်များနှင့် လုပ်ငန်းကြော်ငြာအားလုံးတို့သည် ဗင်နိုင်းကိုသာ သုံးစွဲကြသည်။ လုပ်ငန်းကြော်ငြာများဟုဆိုရာတွင် Step၊ DII2၊ T-Zar တို့ကဲ့သို့သော အသင့်ဝတ်အဝတ်အထည်များအားလုံးသည် အရောင်းမြှင့်တင်ရေးအတွက် ဗင်နိုင်းကို အားထားသုံးစွဲကြပြီး အသင့်ဝတ် အဝတ်အထည်ဈေးကွက်ကျယ်ပြန့်လာမှုသည် ဗင်နိုင်းလုပ်ငန်းအတွက် များစွာ အထောက်အကူပြုသည်ဟု ၎င်းကဆိုသည်။ ယခင်က စပရေးဂန်းဖြင့်မှုတ်၍ ကြော်ငြာကား (Bus Car, Box Car) များတွင် ပန်းချီရေးဆွဲသော်လည်း ယခု ဗင်နိုင်းပေါ်တွင် ရိုက်နှိပ်၍သာ တပ်ဆင်ကြသည်။ နောက်ဆုံးအသုံးပြုလာမှုမှာ နေအိမ်တွင် အလှခတ်ပုံ၊ ဘွဲ့ခတ်ပုံ၊ စားပွဲတင်ခတ်ပုံတို့ကိုပင် ဗင်နိုင်းဖြင့် ပြုလုပ်သုံးစွဲလာကြပြီး ကုန်ကျစရိတ်များစွာသက်သာ၍ တစ်ခါတစ်ရံ ကွမ်းယာဆိုင်ငယ်အချို့သည်ပင်လျှင် ဆိုင်အမည်ကို ဗင်နိုင်းဖြင့်ဖော်ပြလာသည်အထိ ဗင်နိုင်း၏ ကျယ်ပြန့်မှုကို တွေ့နေရပြီ ဖြစ်သည်။ ဆိုခဲ့ပါကြော်ငြာလုပ်ငန်းများကို ဗင်နိုင်းပေါ်တွင် ပုံနှိပ်ဖော်ပြပြီး Light Box၊ Billboard များတွင် တပ်ဆင်ကာ စီးပွားရေးလုပ်ငန်းကောင်းသော ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ မော်လမြိုင်နှင့် မူဆယ်တို့တွင်ပါ တပ်ဆင်လာကြပြီဖြစ်ကြောင်း ဦးအောင်ကျော်ဦးက ပြောကြားသည်။

မန္တလေးဈေးကွက်၏ ဗင်နိုင်းသုံးစွဲမှုအနေအထားမှာလည်း ရန်ကုန်မြို့နှင့် မတိမ်းမယိမ်းပင်ဖြစ်သည်ဟု မန္တလေးမြို့တွင် Injet Printing ဆိုင်ခွဲဖွင့်လှစ်ခဲ့ဖူးပြီး ယခုနောက်ပိုင်းတွင် မန္တလေးအပ်ကုန်များကို ရန်ကုန်မှသာ လုပ်ကိုင်နေသူ Real Life မှ ဒါရိုက်တာဦးသက်လွင်ရွှေက ပြောကြားသည်။

## ကုမ္ပဏီများ၏ဝန်ဆောင်မှု

ဗင်နိုင်းဖြင့် မိမိကုန်ပစ္စည်းကို ကြော်ငြာလိုသူလုပ်ငန်းရှင်တို့အတွက် ကုမ္ပဏီတို့၏ဝန်ဆောင်မှုအပိုင်းမှာ လိုချင်သောဒီဇိုင်းနှင့် မြေနေရာကို ရွေးချယ်ပေးရန်သာလိုပြီး ကျန်သောအပိုင်းမှာ One Stop Service ပင်ဖြစ်သည်။ မြေစိုက် Billboard ကြီးများအတွက်ဆိုလျှင် ဈေးကွက်ကျယ်ပြန့်မှုအရ ရန်ကုန်မြို့လယ် အချက်အချာနေရာများတွင် မြေနေရာရရှိ ရန်အခက်အခဲရှိနိုင်ပြီး အခြားသောနေရာများအတွက်မူ အဆင်ပြေလွယ်ကူနိုင်သည်။ အဆိုပါ Billboard စိုက်ထူလိုသူလုပ်ငန်းရှင်များအတွက် မြေနေ



www.foreverspace.com.mm

ရာရှိရှိ သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လျှောက်ထားခြင်း၊ အခွန်ဆောင်ခြင်း၊ ဆိုင်းဘုတ်စိုက်ထူခြင်း စသည်တို့အားလုံးကို Inkjet Printing လုပ်ငန်းကြီးများက ဝန်ဆောင်မှုပေးပြီး သတ်မှတ်ကြော်ငြာ သက်တမ်းကုန်ဆုံး၍ ဆက်လက်ကြော်ငြာလိုခြင်းမရှိတော့ လျှင် ဆိုင်းဘုတ်တိုင်း အတွက် တန်ဖိုးကို Printing ကုမ္ပဏီကြီးများက သင့်တင့်လျောက်ပတ်သောဈေး ဖြတ်၍ လုပ်ငန်းရှင်သို့ ငွေပြန်လည်ပေးချေသည်အထိ ဝန်ဆောင်မှုပေးလေ့ရှိသည်။

"မြေစိုက် Billboard တစ်ခုတိုင်းအတွက် စည်ပင်ကိုအခွန်ဆောင်ရတာက ပုံသေနှုန်းတစ်ခုတည်း သတ်မှတ်ထားတယ်လို့သိရတယ်။ ဒါပေမဲ့ အဲဒီတစ်ပြေးညီအခွန်နှုန်းက မြေနေရာအနေအထားပေါ်မူတည်ပြီး ဈေးကြီးပေးနေရတယ်" ဟု လွန်ခဲ့သောလက ကြော်ငြာစရိတ်မြင့်တက်လာမှုကြောင့် Billboard ကြော်ငြာများကို အနည်းငယ်လျှော့ချခဲ့သူ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ဈေးနှုန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါအကြောင်းအရာနှင့်ပတ်သက်၍ Real Life မှ ဦးသက်လွင်ရွှေက စီးပွားရေးလုပ်ငန်းကြီးများသည် မြေနေရာကိုဦးစားပေး၍ မိမိကြော်ငြာထိရောက်မှုအတွက် ရွေးချယ်လေ့ရှိကြောင်း၊ ဆူးလေမီးပွိုင့်ကဲ့သို့သောနေရာတွင် နေ့စဉ် ကားအစီးရေ မည်မျှဖြတ်သန်းသွားသည်၊ ဟံသာဝတီအဝိုင်းတွင် ကားအစီးရေ နေ့စဉ် မည်မျှဖြတ်သန်းသည် စသည့်အချက်များကို အခြေခံ၍ လူပေါင်းမည်မျှက မိမိ Billboard ကို တွေ့မြင်သွားကြမည်ကို အဓိကထား တွက်ချက်၍ ဈေးကြီးသော်လည်း အချက်အချာကျသည့်မြေနေရာကို ရွေးချယ်လေ့ရှိသည်ဟု ဆိုသည်။

မြေစိုက်ပိုစတာ Billboard တစ်ခု၏တန်ဖိုးသည် အသုံးပြုသောဆိုင်းဘုတ်




အရည်အသွေးကောင်းပြီး ကုန်ကျစရိတ်လည်းသက်သာသည်

တိုင် ကိုယ်ထည်တန်ဖိုးနှင့် မြေနေရာအပေါ်တွင်မူတည်၍ သိန်း ၂၀ မှ သိန်း ၈၀ကျပ်ဝန်းကျင်အထိရှိကြောင်း စုံစမ်းသိရှိရသည်။

## တိုက်ရိုက်အချိုးကျ ဗင်နိုင်းနှင့် စီးပွားရေး

ယနေ့စီးပွားရေးလုပ်ငန်းရှင်အများစုက ဗင်နိုင်းဖြင့်ကြော်ငြာခြင်းကို အားထားဆောင်ရွက်လာကြရာ ယင်းလုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်းအတက်အကျသည် ဗင်နိုင်းဈေးကွက်ကို အလှုပ်အယမ်းဖြစ်ပေါ်စေသည်ဟု ဦးအောင်ကျော်ဦးက ဆိုသည်။

စီးပွားရေးလုပ်ငန်းများ ကျဆင်းချိန်တွင် လုပ်ငန်းကြီးတို့၏ကြော်ငြာမှုနှုန်းထားမှာ လျော့ကျသွားလေ့ရှိပြီး ဗင်နိုင်းစများ ပြည်ပမှတင်သွင်း၍မရခြင်း၊ Printing ပြုလုပ်ရာတွင် အသုံးပြုသောမင်ဈေးနှုန်းများ အပြောင်းအလဲဖြစ်ခြင်းတို့သည်လည်း ဗင်နိုင်းကြော်ငြာဈေးကို အနည်းငယ်အပြောင်းအလဲဖြစ်စေသည်။

ဗင်နိုင်းကြော်ငြာလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းတိုက်ရိုက်အချိုးကျသည်ဆိုသော်လည်း ဗင်နိုင်းလုပ်ငန်းကုမ္ပဏီတို့အတွက် ခံသာစေသောအကြောင်းအချက်မှာ စီးပွားရေးလုပ်ငန်းရှင်တို့သည် မိမိစီးပွားရေးလုပ်ငန်း ကျဆင်းလျှင် ကြော်ငြာဖြင့် အရောင်းမြှင့်တင်ခြင်းကို ဖိဖိစီးစီးလုပ်ရမည်ဆိုသည့်အချက်ကို သိမြင်လာခြင်းပင်ဖြစ်သည်ဟု ဦးသက်လွင်ရွှေက သုံးသပ်ပြောကြားသည်။

ဖော်ပြပါအကြောင်းအချက်များကြောင့် ဗင်နိုင်းကြော်ငြာလုပ်ငန်း သိသိသာသာကျဆင်းသွားနိုင်သည့်အခြေအနေမျိုးရှိနေသော်လည်း လုပ်ငန်းကြီးများအတွက် ပုံမှန်လည်ပတ်နိုင်သောအခြေအနေရှိနေသည်ဟု သိရသည်။

## စက်ပစ္စည်းနှင့် လုပ်ငန်းချဲ့ထွင်အား

ဗင်နိုင်း Printing လုပ်ရန်အတွက် စက်ပစ္စည်းများကို အမေရိကန်၊ ဂျပန်နိုင်ငံတို့မှတင်သွင်းပြီး အချို့စက်များသည် ဂျပန်၊ အမေရိကန်စက်ကို တရုတ်နိုင်ငံတွင်ဆင်၍ ယင်းနိုင်ငံများမှတစ်ဆင့် မြန်မာနိုင်ငံသို့ ဝင်ရောက်လာကြခြင်းဖြစ်သည်။ ကုန်ကြမ်းပစ္စည်းများကိုမူ ထိုင်း၊ စင်ကာပူ၊ တရုတ်နှင့် အမေရိကန်နိုင်ငံတို့မှ တင်

www.foreverspace.com.mm

သွင်းရသည်။ လုပ်ငန်းကြီးများသုံးနိုင်သော Printing စက်တစ်ခု၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၆၅၀၀၀ ဝန်းကျင်အထိရှိသည်။ စက်အပေါ်တွင် မူတည်၍ ပုံနှိပ်အရည်အသွေးကွာဟမှုရှိပြီး အချို့စက်များသည် ပေ ၁၀၀ အထိရှိသော ဗင်နိုင်းစများကို ပုံနှိပ်နိုင်သည်ဟု သိရသည်။

စက်ပစ္စည်း၏ ဈေးနှုန်းမြင့်မားမှုကြောင့် ကုမ္ပဏီများသည် ရန်ကုန်မြို့တော်ပြင်ပ၌ မန္တလေးဈေးကွက်တွင်သာ လုပ်ငန်းခွဲလုပ်ကိုင်နိုင်ကြသည်။ ယခု နောက်ဆုံးတွင် မြို့အသီးသီး၏ ဈေးကွက်တောင်းဆိုမှုများရှိလာခြင်းကြောင့် တစ်မြို့လျှင် ကိုယ်စားလှယ်တစ်ဦးနှုန်းဖြင့် ထားရှိခြင်းကို ကုမ္ပဏီများက ဆောင်ရွက်လာကြသည်။ အဆိုပါကိုယ်စားလှယ်များသည် သက်ဆိုင်ရာမြို့နယ်များတွင် ကြော်ငြာများရှာဖွေ၍ လိုချင်သောဒီဇိုင်း၊ အရွယ်အစားတို့ကို ရန်ကုန်ရှိ ပင်မကုမ္ပဏီများသို့ လုပ်ငန်းအပ်နှံပြီး ကုမ္ပဏီများက ရိုက်နှိပ်ပြီးသော ဗင်နိုင်းကြော်ငြာများကို ယင်းမြို့နှင့် အနီးစပ်ဆုံး ကားဂိတ်၊ လေဆိပ်၊ ဘူတာများသို့ ပြန်လည်ပို့ဆောင်ပေးခြင်း ဖြစ်သည်။ မုံရွာ၊ မော်လမြိုင်၊ ပဲခူးနှင့် နေပြည်တော်တို့တွင် ကိုယ်စားလှယ်အချို့ လုပ်ကိုင်လျက်ရှိပြီး အခြားမြို့များမှလည်း ကိုယ်စားလှယ်လုပ်ကိုင်နိုင်ရေးအတွက် ကုမ္ပဏီများနှင့် လာရောက်ဆွေးနွေးလျက်ရှိသည်ဟု စုံစမ်း သိရှိရသည်။

"လုပ်ငန်းရရှိမှုအနေအထားပေါ်မူတည်ပြီး စက်ချထားပေးဖို့ရှိပါတယ်။ စက်ချပေးမယ်ဆိုရင် အဲဒီကိုယ်စားလှယ်ကို ရန်ကုန်ကိုခေါ်ပြီး Technical Support လုပ်ပေးမယ်။ စက်က တန်ဖိုးကြီးတော့ လုပ်ငန်းမလည်ပတ်ရဘဲ စက်ချထားပေးဖို့က မလွယ်ဘူး" ဟု IDEA မှ ဦးအောင်ကျော်ဦးက ပြောကြားသည်။

ယခုအခါတွင် စက်ငယ်ကလေးများတင်သွင်း၍ တစ်နိုင်တစ်ပိုင် ဗင်နိုင်း




ကြော်ငြာလုပ်ငန်းလုပ်ကိုင်နေသူအချို့ရှိလာသော်လည်း One Stop Service လုပ်ကိုင်ပေးနိုင်သည့် ကုမ္ပဏီများမှာ လက်တစ်ဖက်မပြည့်သေးဟု Real Life မှ ဦးသက်လွင်ရွှေက ဆိုသည်။

## သူတို့ကိုမနိုင်သေးပါ

ယခင်က ဗင်နိုင်းဖြင့် ကြော်ငြာလိုလျှင် အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်အပ်နှံရသော်လည်း ယခုပြည်တွင်းတွင် အစစအရာရာလုပ်ကိုင်နိုင်လာချိန်တွင် ဗင်နိုင်းကြော်ငြာသည် ဆေးရေးပန်းချီဆိုင်းဘုတ်လုပ်ငန်းကို ဈေးကွက်မှ ထွက်ခွာစေခဲ့သည်။ နောက်ပိုင်းတွင် လည်သာ (Leather) ပေါ်တွင် Printing ပြုလုပ်ခြင်း၊ PP Board ပေါ်တွင် Printing ပြုလုပ်ခြင်းတို့ ရှိလာသော်လည်း နောက်ဆုံး အားလုံး ဗင်နိုင်းကိုသာ အသုံးပြုကြသည်။

ထိုကဲ့သို့ ကြော်ငြာဈေးကွက်ကို အနိုင်ယူခဲ့သော်လည်း ဗင်နိုင်းပုံနှိပ်ခြင်းသည် အင်္ကျီ၊ ထီး၊ အလံအမျိုးမျိုး၊ အားကစားဆုတံဆိပ် စသည်တို့လုပ်ကိုင်နေသော ဆေးဆိုးပန်းရိုက်လုပ်ငန်းဈေးကွက်ကို လွှမ်းမိုးနိုင်ခြင်းမရှိသေးပါဟု ရွှေဂုံတိုင်ရှိ အဆိုပါလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးက ဆိုသည်။

အဆိုပါအကြောင်းအရာနှင့်ပတ်သက်၍ ဦးသက်လွင်ရွှေက "အခု အင်္ကျီပေါ်မှာ ပုံနှိပ်လို့ရတဲ့စက်တွေ ဝင်လာပါပြီ။ ဒါပေမဲ့ သူ့ရဲ့ကုန်ကျစရိတ်က အရမ်းမြင့်လို့ ဘယ်သူမှမလုပ်နိုင်ကြဘူး။ တစ်ခုနှစ်ခုလာအပ်တာပဲရှိတယ်" ဟု ပြောကြားသည်။

မည်သို့ပင်ဖြစ်စေ ယင်းကဲ့သို့ အင်္ကျီအသားပေါ်တွင် အရည်အသွေးမြင့်စက်ဖြင့် ပုံနှိပ်လာနိုင်ခြင်းသည် မိမိတို့ဆေးဆိုးပန်းရိုက်လုပ်ငန်းများအတွက် တပ်လှန့်လိုက်သကဲ့သို့ဖြစ်ကြောင်း၊ လတ်တလောအခြေအနေတွင် မိမိတို့အပေါ် လွှမ်းမိုးမှုမရှိနိုင်သေးသော်လည်း ကုန်ကျစရိတ် သက်သာစွာထုတ်လုပ်လာနိုင်ချိန်တွင် ဆေးဆိုးပန်းရိုက်လုပ်ငန်းအပေါ် ကြီးစွာသောအပြောင်းလဲဖြစ်နိုင်

www.foreverspace.com.mm

၍ တိုးတက်ပြောင်းလဲလာသော အခြေအနေကို မျက်ခြည်မပြတ်စောင့်ကြည့်ရင်း ပြင်ဆင်ထားရန်လိုကြောင်း တောင်ဥက္ကလာပမြို့နယ် ကျိုက္ကဆံဘုရားအနီးရှိ ဆေး ဆိုးပန်းရိုက်လုပ်ကိုင်သူတစ်ဦးက သုံးသပ် ပြောကြားသည်။

ဗင်နိုင်းကြော်ငြာလုပ်ငန်းသည် အိမ်နီးချင်းနိုင်ငံအားလုံးတွင် ဖွံ့ဖြိုးတိုးတက်နေ၍ ပြည်ပဈေးကွက်မရှိဘဲ ပြည်ပမှလာရောက်ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများအတွက်သာ ကြော်ငြာလက်ခံရလေ့ရှိကြောင်း၊ အဓိကမှာ ပြည်တွင်းဈေးကွက်သာဖြစ်ပြီး နှစ်အတော်ကြာနေရာယူနေဦးမည်ဖြစ်ကြောင်း၊ သို့သော်လည်း တစ်ချိန်တွင် ယင်းနေရာ၌ မည်သည့်လုပ်ငန်းအစားထိုးဝင်လာနိုင်မည်၊ နည်းပညာမည်မျှထပ်မံတိုးတက်လာမည်ကို မိမိတို့ကလည်း စောင့်ကြည့်နေရကြောင်း ဦးသက်လွင်ရွှေက ပြောကြားသည်။

## Recycle မရသော ဗင်နိုင်းနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှု

Real Life မှ ဒါရိုက်တာဦးသက်လွင်ရွှေသည် သူ၏ခေါင်းမှဆံပင်များကို လက်ဖြင့်ပွတ်သပ်ရင်း "ကျွန်တော် လုပ်သက်လေးရလာတော့ ဒီအလုပ်ရဲ့ဆိုးကျိုးတစ်ခုကို ခံစားနေတယ်။ ကျွန်တော့်ရုံးခန်းကိုဝင်လာတော့ အနံ့အသက်တစ်မျိုးကို ခင်ဗျားလည်း ခံစားမိမှာပေါ့။ ကျန်းမာရေးရဲ့ဆိုးကျိုးအချို့ကို ကျွန်တော် အခုခံစားနေရပြီ။ ခေါင်းပေါ်က ဆံပင်ဖြူတွေက သက်သေပေါ့ဗျာ"

ထိုမျှမကသေးပါ။ ပလတ်စတစ်အမျိုးအစားဖြစ်သော ဗင်နိုင်းသည် သဘာဝပတ်ဝန်းကျင်အတွက် ကြီးစွာသောဆိုးကျိုးတစ်ခုဖြစ်နေသေးသည်။ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းတို့၏ လေ့လာဆန်းစစ်ချက်များအရ သာမန်ပလတ်စတစ်ကြွပ်ကြွပ်အိတ်ငယ်များသည် ၁၀ နှစ်မှ အနှစ် ၂၀ ကြား၊ ပလတ်စတစ်နှင့်ပြုလုပ်သော ပစ္စည်းတစ်ခုသည် နှစ် ၃၀ မှ နှစ် ၄၀ ကြားမပျက်စီး၊ မယိုယွင်းဘဲ တည်ရှိနိုင်ကြောင်း၊ ပလတ်စတစ်သည် အပူနှင့်ထိတွေ့လျှင် ကင်ဆာရောဂါဖြစ်ပေါ်နိုင်သည့် ဆိုးကျိုးများကိုလည်း တွေ့ရှိထားကြောင်း သိရသည်။

ယနေ့ ရုပ်ရှင်ရုံတွင် ချိတ်ဆွဲထားသော ဇာတ်ကားကြော်ငြာဗင်နိုင်းများသည် ရုံတင်ရက်စေ့လျှင် ယင်း၏အသုံးပြုသောသက်တမ်းမှာ ကုန်ဆုံးသွားပြီဖြစ်သည်။ တစ်ခါအသုံးပြုပြီး ဗင်နိုင်းစများသည် နောက်တစ်ကြိမ်ပြန်သုံး၍မရတော့။ နေအိမ်၊ ဆိုင်ခန်းအမိုးအကာတို့အဖြစ် အသုံးပြုပြီးလျှင် အမှိုက်ဖြစ်သွားတော့သည်။

မြန်မာနိုင်ငံတွင် ပလတ်စတစ်ထုတ်လုပ်ခြင်းလုပ်ငန်းကို စနစ်တကျထိန်းသိမ်းကန့်သတ်မှုများပြုလုပ်လျက်ရှိသည်။ ဗင်နိုင်းလုပ်ငန်း ကျယ်ပြန့်လာသည့်အလျောက် အသုံးပြုမှုမြင့်တက်လာပြီး မြေပြင်ပေါ်တွင် သဘာဝပတ်ဝန်းကျင်ကို ကြီးစွာသော ထိခိုက်မှုဖြစ်စေနိုင်သည့် ပလတ်စတစ်အမှိုက်ပုံကြီး မဖြစ်ပေါ်လာရေးအတွက် မည်သို့စနစ်တကျစွန့်ပစ်ရမည်၊ ထိန်းချုပ်ရမည်ဟူသော အချက်မှာလည်း ထည့်သွင်းစဉ်းစားဖွယ်ရာဖြစ်လာသည်။

## သုံးသပ်ချက်နှင့်နိဂုံး

မြန်နှုန်းမြင့် ကမ္ဘာ၏ စံတစ်ရပ်အရ ဗင်နိုင်းလုပ်ငန်းသည် ယခုထက်ကြီးမားသော ဈေးကွက်ဖြစ်လာစေရန် အလားအလာကောင်းများစွာ ရှိနေသေးသည်။ ဗင်နိုင်းသည် အရည်အသွေးကောင်းသည်၊ ကုန်ကျစရိတ်သက်သာသည်၊ အချိန်တိုအတွင်း လိုအပ်သောပမာဏကို ထုတ်ယူနိုင်သည်။ ယင်းအချက်များက အကုန်အကျများသော၊ အချိန်များစွာပေးရသော ဆေးရေးပန်းချီဆိုင်းဘုတ်လုပ်ငန်းကို အနိုင်ယူနိုင်ခဲ့သည်။ လျင်မြန်သည်ဟုဆိုသော ယင်းလုပ်ငန်းကို ထို့ထက်ပို၍ အချိန် ထပ်မံချုံ့ပစ်နိုင်ခြင်းမှာ အမြန်ကမ္ဘာကို ပုံဖော်ပေးသော အင်တာနက်နှင့် အီးမေးလ်ပင်ဖြစ်သည်။ ယင်း၏လုပ်ဆောင်မှုမှာ Public Access Center (PAC) များ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ မြန်မာနိုင်ငံ၌ PAC အသုံးပြု၍ရသော မြို့နယ်များမှ လိုချင်သော အရွယ်အစားနှင့် ဒီဇိုင်းအရောင်တို့ကို အီးမေးလ်ဖြင့် ကုမ္ပဏီသို့ ပေးပို့ပြီး ကုမ္ပဏီမှ လုပ်ငန်းရှင်၏ အနီးစပ်ဆုံးသောနေရာသို့ ပြန်လည်ပေးပို့ခြင်းပင်ဖြစ်သည်။ PAC ရှိသောမြို့မှ ကိုယ်စားလှယ်လုပ်ကိုင်သူနှင့် ဗင်နိုင်း Printing ကုမ္ပဏီတို့သည် အဆိုပါအတိုင်း ချိတ်ဆက်လုပ်ကိုင်မည်ဆိုပါက သွားလာသောစရိတ်၊ အချိန်တို့ကို များစွာကျုံ့သွားစေနိုင်ပြီး ပိုမိုလျင်မြန်သော လုပ်ငန်းတစ်ခုကိုအကောင်အထည်ဖော်နိုင်မည် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ဗင်နိုင်းကြော်ငြာလုပ်ငန်းသည် ကြီးမားသောဈေးကွက်တစ်ရပ်ဖြင့် နှစ်အတော်ကြာနေရာယူရဦးမည်ဖြစ်သည်။ ဘေးထွက်ဆိုးကျိုးများ ရှိနေသော ဗင်နိုင်းကြော်ငြာလုပ်ငန်းသုံးပစ္စည်းများ၊ အသုံးပြုပြီးဗင်နိုင်းစများစွန့်ပစ်မှုမှာ စနစ်ကျရန်လည်း လိုအပ်သည်။ အနာဂတ် ဤကမ္ဘာမြေပြင်တွင် သက်ရှိသတ္တဝါများကို ပျောက်ကွယ်သွားစေနိုင်သောအရာမှာ သဘာဝပတ်ဝန်းကျင်ဆိုးရွားစွာထိခိုက်ပျက်စီးမှုဟုဆိုသဖြင့် တစ်ချိန်တွင် ဗင်နိုင်းဖြင့်ပုံနှိပ်သော နေရာကို အစားထိုးဝင်ရောက်လာမည့် ပစ္စည်းတစ်ခုသည် အသုံးပြုသူ၊ လုပ်ငန်းရှင်နှင့် ပတ်ဝန်းကျင်ကို အကျိုးပြုစေသောပစ္စည်းမျိုးဖြစ်စေရန် မျှော်လင့်ပါသည်။

**သန်းထိုက်သူ**

■

www.foreverspace.com.mm



# ကုန်ဈေးနှုန်း

## ၂၀၀၆၊ ဩဂုတ်လအတွင်း ဖြစ်ပေါ်ခဲ့သော ကုန်ဈေးနှုန်းများ

### ကားဈေးနှုန်း (၁၄-၈-၂၀၀၆)

| ကားအမျိုးအစား | မော်ဒယ် | အကွရာ | ဈေးနှုန်း (သိန်း) |
|---|---|---|---|
| Suzuki Wagon | R+ | (၄ခ)(အဖြူရောင်/ပစ္စည်းစုံ) | ၂၉၀ |
| Suzuki Wagon | R+ | (၄ခ)(အဖြူရောင်/ပစ္စည်းမစုံ) | ၂၉၀ |
| Suzuki Wagon | R+ | (၆ခ)(စိမ်းရောင်) | ၃၆၀ |
| Suzuki Wagon | R+ | (၅ခ)(အပြာရောင်) | ၃၂၅ |
| Corolla 1.5 Limited | 86/87 | (၁က) | ၃၀၀ |
| Corolla 1.5 Limited | 88/89 | (၁က) | ၃၃၀ |
| Corolla 1.5 Limited | 88/89 | (၁ခ) | ၄၂၀ |
| Corolla 1.5 Limited | 90/91 | (၁က) | ၃၄၀ |
| Corolla 1.5 Limited | 90/91 | (၁ခ) | ၄၅၀ |
| Corolla 1.5 Limited | 92/93 | (၁ခ) | ၆၀၀ |
| Corolla 1.8 Van (ဒီဇယ်) | 86/87 | (၁က) | ၂၄၀ |
| Corolla 1.8 Van (ဒီဇယ်) | 86/87 | (၁ခ) | ၂၉၅ |
| Corolla 1.8 Van (ဒီဇယ်) | 88/89 | (၁က) | ၃၀၀ |
| Corolla 1.8 Van (ဒီဇယ်) | 88/89 | (၁ခ) | ၄၃၀ |
| Corolla 1.8 Van (ဒီဇယ်) | 90/91 | (၁က) | ၃၀၀ |
| Corolla 1.8 Van (ဒီဇယ်) | 90/91 | (၁ခ) | ၄၅၀ |
| Corolla 2.0 Van (ဒီဇယ်) | 92/93 | (၁ခ) | ၅၂၀ |
| Corolla 1.5 Dx Van (ဓာတ်ဆီ) | 86/87 | (၁က) | ၂၆၀ |
| Corolla 1.5 Dx Van (ဓာတ်ဆီ) | 86/87 | (၁ခ) | ၃၂၀ |
| Corolla 1.5 Dx Van (ဓာတ်ဆီ) | 90/91 | (၁က) | ၃၃၀ |
| Toyota Publica | 86/87 | (၁က) | ၁၆၀ |
| Toyota Publica | 86/87 | (၁ခ) | ၂၀၀ |
| Toyota Publica | 88 | (၁က) | ၁၆၀ |
| Sunny Pick-up | 86/87 | (၁က) | ၁၃၀ |
| Sunny Pick-up | 90/91 | (၁က) | ၁၆၅ |
| Sunny Super Saloon (1.5) | 86/87 | (၁က) | ၂၇၀ |
| Sunny Super Saloon (1.5) | 86/87 | (၁ခ) | ၃၅၀ |
| Sunny Super Saloon (1.5) | 88/89 | (၁က) | ၂၅၀ |
| Sunny Super Saloon (1.5) | 88/89 | (၁ခ) | ၃၀၅ |
| Sunny Super Saloon (1.5) | 90/91 | (၁က) | ၃၀၀ |
| Marlk II Groire(ဓာတ်ဆီ)(2.0)(Auto) | 4/95 | (၂ခ) | ၉၀၀ |
| Marlk II Groire (ဒီဇယ်)(2.4) | 94/95 | (၂ခ) | ၉၅၀ |
| Marlk II Groire (ဒီဇယ်)(2.4) | 94/95 | (၁ခ) | ၉၁၀ |
| Marlk II Grande (ဓာတ်ဆီ)(2.0)(Auto) | 94/95 | (၁ခ) | ၈၀၀ |
| CELSIOR (4.0) | 93/94 | (၃ခ) | ၆၅၀ |
| TOYOTA LANDCRUISER (4.6) | 99 | (၃ခ) | ၃၀၀၀ |



* အထက်ပါကားများသည် အကွရာပေါ်မူတည်၍ ဈေးအတက်အကျရှိသည်။
* ကားဟောင်းများဖြစ်သည့်အတွက် ကားအခြေအနေပေါ်မူတည်၍ ဈေးကွာခြားသည်။
* အဝယ်နည်းပါးသည့်အတွက် ခေါ်ဈေးများသာ ဖြစ်သည်။

www.foreverspace.com.mm

## တီဗီရောင်စုံများ

(၁၄-၈-၂၀၀၆)

| အမျိုးအစား | မော်ဒယ် | အရွယ် | နှုန်း(ကျပ်) |
|---|---|---|---|
| DISTAR | 2150 (Flat) | 21" | ၂၄၅,၀၀၀ |
| DISTAR | 2947 | 29" | ၄၉၀,၀၀၀ |
| DISTAR | 2545 | 25" | ၂,၄၆၀,၀၀၀ |
| Toshiba | 21 S3 | 14" | ၁၂၀,၀၀၀ |
| Toshiba | 29 A3 | 29" | ၁၈၉,၀၀၀ |
| SANYO | 21 KX8 | 21" | ၂၂၅,၀၀၀ |
| SANYO | 29 KX5 | 29" | ၃၈၅,၀၀၀ |
| SANYO | 21 AF8, VA | 21" | ၂၀၅,၀၀၀ |
| Samsung | 21M16 | 21" | ၂၄၂,၀၀၀ |
| SANYO | 14G81A | 14" | ၁၂၅,၀၀၀ |
| SKYWORTH | TN | 21" | ၁၅၅,၅၀၀ |
| SKYWORTH | No3 | 21" | ၁၅၉,၀၀၀ |

## ရေခဲသေတ္တာများ

(၁၄-၈-၂၀၀၆)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| HQ(CANCOOLER) | 405 | ၆၃၀,၀၀၀ |
| DISTAR | 960A | ၂၁၀,၀၀၀ |
| SANYO | SR570 | ၂၆၀,၀၀၀ |
| Panasonic | 184 G1 | ၁၉၅,၀၀၀ |
| Panasonic | 184 W | ၂၀၅,၀၀၀ |
| SANYO | SR 480N (two door) | ၃၉၅,၀၀၀ |
| SANYO | SR-409 D | ၄၅၅,၀၀၀ |
| SANYO | 563C | ၂၀၉,၀၀၀ |
| SANYO | 163CQ | ၁၉၀,၀၀၀ |
| TOSHIBA | 99BPT | ၃၇၀,၀၀၀ |

## VCD ပြစက်

(၁၄-၈-၂၀၀၆)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| Samsung | 870/890 | ၅၉၅,၀၀၀ |
| Samsung | Z10 MM | ၄၃၀,၀၀၀ |
| Samsung | 30 Me | ၆၄,၀၀၀ |
| DISTAR | 2217K | ၄၅,၀၀၀ |
| Crown | 5569 | ၄၀,၀၀၀ |
| Crown | 4359 | ၃၉,၅၀၀ |

## DVD ပြစက်

(၁၄-၈-၂၀၀၆)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG | 438 K | ၈၉,၅၀၀ |
| SAMSUNG | 338 K | ၇၉,၀၀၀ |
| SAMSUNG | 256T | ၇၅,၀၀၀ |
| SAMSUNG | 339 | ၃၉,၀၀၀ |
| Crown | 4329/4339 | ၅၉,၅၀၀ |
| Yamasu | 4385 | ၆၀,၀၀၀ |

## လေအေးစက်များ

(၁၄-၈-၂၀၀၆)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SANYO | 92G | ၃၉၅ ,၀၀၀ |
| SANYO | 122G | ၄၄၅,၀၀၀ |
| SANYO | 124G | ၃၂၅,၀၀၀ |
| SANYO | 184G | ၇၃၅,၀၀၀ |
| SANYO | 99G | ၂၅၀,၀၀၀ |
| SANYO | 123S | ၄၅၉,၀၀၀ |
| SANYO | 131S | ၈၉၅,၀၀၀ |

## အဝတ်လျှော်စက်များ

(၁၄-၈-၂၀၀၆)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SANYO | W 80 SIT | ၂၇၅,၀၀၀ |
| SAMSUNG | 438K | ၉၀,၀၀၀ |
| SANYO | 91AT | ၂၁၉,၀၀၀ |
| SANYO | Ws 92 AT | ၂၇၅,၀၀၀ |

## ဟောလစ်၊ မာတိုဘာ၊ မိုင်လို၊ အိုဗာတင်း၊ ကော်ဖီမစ် (လက်လီ)

(၁၄-၈-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Horlick (900g) | ၆၀၀၀ |
| Horlick (200g) (အိန္ဒိယ) | ၁၈၅၀ |
| Junior Horlick (400 g) | ၃၂၀၀ |
| Milo (400g) ခဲထုပ် | ၂၄၀၀ |
| Milo (400 g) (ပုလင်း) | ၃၀၅၀ |
| Maltova (400 g) (နီ) | ၂၅၀၀ |
| MIKE Tea mix (၂၀ ထုပ်ဝင်) | ၁၅၅၀ |
| MIKE Coffee mix (၄၈ ထုပ်ဝင်) | ၃၇၀၀ |
| JAVA Coffee mix (၃၀ ထုပ်ဝင်) | ၂၄၀၀ |
| C Mix (၂၀ ထုပ်ဝင်) | ၁၅၅၀ |
| ENERGY (Nutrious Ceareal) (၃၀ထုပ်ဝင်) | ၁၉၅၀ |

www.foreverspace.com.mm

| | |
|---|---|
| NESCAFE (Red Cup)(200g) | ၄၁၀၀ |
| NESCAFE (Red Cup)ss(200g) (ခဲထုပ်) | ၂၈၅၀ |
| Super(Diet Cereal)(၂၀ ထုပ်ဝင်) | ၂၃၅၀ |
| Super(DietCoffemix)(၂၀ ထုပ်ဝင်) | ၂၇၀၀ |
| Super Coffee Mix(၃၀ ထုပ်ဝင်) | ၂၅၀၀ |
| (Gold Roast) Gold Super Mix (၃၀ ထုပ်ဝင်) | ၂၆၅၀ |
| Royal Myanmar (Tea Mix)(၃၀ ထုပ်ဝင်) | ၂၅၅၀ |
| Super One(Coffee Mix) (၅၀ ထုပ်ဝင်) | ၃၉၀၀ |
| Mike Coffee (၄၈ ထုပ်ဝင်) | ၃၇၀၀ |
| Ben Cafe (၁၀ ထုပ်ဝင်) | ၈၀၀ |
| Ben Cafe (၅၀ ထုပ်ဝင်) | ၃၉၀၀ |
| Goldroast (၅၀ ထုပ်ဝင်) | ၄၂၀၀ |
| Hi Tea (၂၀ ထုပ်ဝင်) | ၁၅၅၀ |
| Mikko (Coffee Mix) (၃၀ ထုပ်ဝင်) | ၂၂၀၀ |
| Ovaltine (400g) နီ | ၃၃၀၀ |
| Ovaltine (200g) နီ | ၂၀၅၀ |
| Ovaltine 400g (ဖြူ) | ၃၃၀၀ |
| Ovaltine 200g (ဖြူ) | ၂၂၅၀ |
| Ovaltine 400g (စက္ကူဘူး) | ၂၉၅၀ |

## နို့မှုန့်ဘူးများ

(၁၄-၈-၂၀၀၆)

| **အမျိုးအစား** | **နှုန်း(ကျပ်)** |
|---|---|
| Dumex (Step 1,2)(900g) | ၉၇၀၀/၉၄၅၀ |
| Dumex (3plus)(700g) | ၆၇၀၀ |
| Dumex Step 1,2 700g | ၇၀၀၀/၇၅၀၀ |
| Dumex 1Plus 700g | ၆၈၀၀ |
| Dumex 1Plus (Honey) 700g | ၇၁၅၀ |
| Dumex Ma Ma Plus 400g | ၅၄၅၀ |
| Dumex Lactose free 400g | ၇၀၀၀ |
| Nestle BEAR BRAND 1 Plus 800 g | ၆၇၅၀ |
| Nestle ဆန် သံဘူး | ၂၇၀၀ |
| Nestle ဂျုံ သံဘူး | ၄၂၀၀ |

## နိုင်ငံခြား အရက်များ

(၁၄-၈-၂၀၀၆)

| **အမျိုးအစား** | **နှုန်း(ကျပ်)** |
|---|---|
| J&BJet(75Cl) (12YearsOld) | ၁၈၂၀၀ |
| Hennessy(V.S.O.P)(35Cl) | ၂၃၀၀၀ |
| Hennessy(V.S.O.P)(70Cl) | ၄၈၂၀၀ |
| VAT 69 (75Cl) | ၁၆၅၀၀ |
| Jonnie Walker (Red)(75Cl) | ၂၀၄၀၀ |
| Jonnie Walker (Red)(37.5Cl) | ၁၀၂၀၀ |
| Jonnie Walker (Red)(1Liter) | ၂၇၀၀၀ |
| Jonnie Walker (Black)(20Cl) | ၉၉၀၀ |
| Jonnie Walker (Black)(37.5Cl) | ၁၈၂၀၀ |
| Jonnie Walker (Black)(75Cl) | ၃၄၃၀၀ |
| Jonnie Walker(Black)(1Liter) | ၃၉၀၀၀ |
| Black & White (1Liter) | ၁၇၀၀၀ |
| Black & White (75Cl) | ၁၇၀၀၀ |
| Gold Label (75Cl) | ၅၇၅၀၀ |
| Black Cat (75Cl) | ၆၈၀၀ |
| Black Cat (35Cl) | ၃၈၀၀ |
| SCOTS CLUB (75Cl) | ၆၁၀၀ |
| SCOTTISH LEADER | ၈၇၀၀ |
| Grand Royal (ရွှေပတ်) | ၃၆၀၀ |
| Grand Royal (အပြား)အမဲ | ၉၅၀ |
| (KING ROBERT) VODKA (75CL) | ၅၅၀၀ |
| (KING ROBERT)Gin (75CL) | ၅၅၀၀ |
| (KING ROBERT) Whisky (75CL) | ၇၇၀၀ |
| SPY(CLASSIC)(Red) (Wine) | ၁၅၀၀ |
| VAT 69(1Liter) | ၂၂၀၀၀ |
| Mekhong (75CL) | ၅၉၀၀ |
| Mekhong (37.5CL) | ၂၇၅၀ |
| Ballantine (75Cl) | ၁၁၆၀၀ |
| Ballantine (20Cl) | ၂၈၀၀ |
| SPEY ROYAL (70Cl) | ၄၃၀၀ |
| SPEY ROYAL (35Cl) | ၃၆၀၀ |

## မုန့်ပုံး သံဘူးများ

(၁၄-၈-၂၀၀၆)

| | |
|---|---|
| မိသားစု | ၆၃၀၀ |
| Jamboree | ၅၆၀၀ |
| Popcorn Crackers | ၆၁၀၀ |
| Hwa Tai Ahways | ၅၃၀၀ |
| Cream Crackers(Hup Seng) | ၆၅၀၀ |
| Hwa Tai Celebrity | ၅၃၀၀ |
| (KHIAN GUAN) Top Choice | ၆၀၀၀ |
| (HWA TA) Choice | ၅၀၀၀ |
| (KWA TA) Festival | ၅၁၀၀ |

www.foreverspace.com.mm

| | |
|---|---|
| (Munchys) Funmix | ၅၆၀၀ |
| Hwa Tai Wonderful | ၅၁၀၀ |
| Lee Daily Delight | ၅၃၀၀ |
| Every Time | ၅၄၀၀ |
| Summer Day | ၄၈၀၀ |
| (Shan Fatl) Party | ၅၅၀၀ |
| Hwa Tai Megical | ၄၃၀၀ |
| (julie's) JAMBOREE | ၅၆၀၀ |
| (Julie's) CERIA | ၅၃၀၀ |

## ခေါက်ဆွဲခြောက်များ
(၁၄-၈-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Yum Yum (ကြက်ပေါင်) | ၁၀၀ |
| Yum Yum ချဉ်စပ်(ပုစွန်) | ၁၁၀ |
| Yum Yum (ဘဲသားဆီချက်) | ၁၀၀ |
| Yum Yum (သီးစုံခေါက်ဆွဲ) | ၁၁၀ |
| TOMO (အုန်းနို့) | ၁၃၀ |
| MAMEE ကြာဆံ | ၁၄၀ |
| MAMEE (ရိုးရိုး)(ဆီချက်) | ၁၀၀ |
| MAMEE (ကြက်သားချဉ်စပ်) | ၁၀၀ |
| MAMEE (ကြက်ခေါက်ဆွဲပြုတ်) | ၁၀၀ |
| MAMEE (ကြက်သားဆီချက်ခေါက်ဆွဲ) | ၁၀၀ |
| MAMEE (သက်သတ်လွတ်ခေါက်ဆွဲပြုတ်) | ၁၀၀ |
| MAMEE (သက်သတ်လွတ်ဆီချက်) | ၁၀၀ |
| MA MA (ချဉ်စပ်ခေါက်ဆွဲပြုတ်) | ၁၂၀ |
| Wai Wai (ကြာဆံ) (ပြာ) | ၂၀၀ |
| Shin Shin (ကြာဆံ) | ၁၃၀ |
| Yum Yum ပုစွန်မလိုင်ချဉ်စပ် | ၁၁၀ |
| Yum Yum ကြက်သားချဉ်စပ် | ၁၁၀ |
| MAMEE အုန်းနို့ခေါက်ဆွဲ | ၁၀၀ |
| MAMEE ပုစွန်မလိုင်ချဉ်စပ် | ၁၁၀ |
| Fashion Food ခေါက်ဆွဲဘူး | ၄၀၀ |
| MA MA ညှပ်ခေါက်ဆွဲ(စိမ်း) | ၁၄၀ |
| MA MA ညှပ်ခေါက်ဆွဲ(နီ) | ၁၄၀ |

## သွားတိုက်ဆေးများ
(၁၄-၈-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Best-T (125g) White | ၄၀၀ |
| Colgate (40g) Double Cool Stripe | ၈၅၀ |
| Colgate (160g) Double Cool Stripe | ၁၃၅၀ |
| Close-Up (New)(18 g) | ၂၃၀ |
| Close-Up (160g) ပြာ | ၁၈၀၀ |
| DARLIE နှစ်ဘူးတွဲ | ၉၅၀ |
| LASER 100g | ၃၅၀ |
| Colgate Fresh Cool Mint 200g | ၁၄၅၀ |
| Colgate Great Regular 200 g | ၁၄၀၀ |
| Colgate Total Fresh Stripe 160g | ၂၇၅၀ |
| Colgate Whitening 160g | ၁၈၅၀ |
| Colgate gel (စိမ်း) 160g | ၁၇၀၀ |
| ZACT LION 90g | ၁၇၀၀ |
| Fresh & White Gel 75 g | ၈၅၀ |
| Smile Up 105g | ၈၅၀ |
| Fresh Up 160g | ၆၀၀ |

## ကိုယ်တိုက်ဆပ်ပြာများ
(၁၄-၈-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Imperial Leather (65g) | ၂၃၀ |
| Imperial Leather (125g) | ၄၀၀ |
| Fashion | ၂၈၀ |
| GIV (80g) | ၂၅၀ |
| Fuji | ၁၇၀ |
| Dettol (100g) | ၄၅၀ |
| Miss | ၂၀၀ |
| 1 Plus 1 | ၁၇၀ |
| DOVE | ၉၅၀ |
| Kanebo | ၁၁၅၀ |
| Protex | ၅၀၀ |
| Bamboo Salt | ၇၀၀ |
| Great | ၆၅၀ |
| Naturally Fair | ၂၀၀ |
| YOKO WHITENING Herbal 110g | ၁၁၀၀ |
| Vaseline HARMONY 100g | ၄၀၀ |
| Family Care | ၃၃၀ |
| O' Nice | ၁၁၀၀ |
| Fa 2 in 1 85 g | ၆၀၀ |
| ASEPSO | ၈၅၀ |
| CAMAY | ၇၀၀ |
| Palmolive အကြည် | ၃၃၀ |
| Spa | ၂၅၀ |
| E-Lan | ၂၂၀ |
| LUX 100g | ၄၀၀ |
| KAO | ၃၅၀ |
| Parrot | ၂၀၀ |
| Enchanteur | ၉၅၀ |
| Paris 135g | ၃၀၀ |
| Dettol | ၄၅၀ |
| A21 (နက်) 70g | ၂၀၀ |
| A21 (နက်) 125g | ၃၀၀ |
| DG Soap 100g | ၂၅၀ |

## ခြင်ဆေးခွေ
(၁၄-၈-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Jumbo (12)coils | ၃၀၀ |
| Fumakilla (10) coils | ၁၈၀ |
| MARS | ၁၇၀ |
| Fuji | ၁၇၀ |
| Raid | ၃၀၀ |
| ATAK | ၂၀၀ |
| FIGHTER | ၂၀၀ |
| GO! | ၂၈၀ |
| ပါရမီ | ၂၀၀ |
| MOSFLY | ၂၀၀ |
| ဂေါ်ဇီလာ | ၂၈၀ |
| Spider | ၂၈၀ |
| Golden Lion | ၂၅၀ |
| Special | ၂၅၀ |

LIVING COLOR MAGAZINE
526302 , 504496

www.foreverspace.com.mm



# ကွန်ပျူတာ ဈေးနှုန်းများ

(၁၁-၈-၂၀၀၆)



### ❑ KMD Family PC

- VIA C3 Samuel 2 2000,800 MHz
- M 789 CG Socket 370 MB
- 40 GB Hard Disk
- 128 MB DDR RAM
- Buit in VGA, Network Card 10/100 Mbps, Sound Card 2 Channel
- 15" Color Digital Monitor
- CD Rom
- 1.44 MB Floppy Disk Drive
- USB 2.0(4 Ports), Parallel & Serial
- Keyboard , Mouse & Pad
- Tower Casing

Price 330,000 Ks

### ❑ CFTG SOHO Computer

- Intel P4 Celeron 2.53D GHz Processor
- MSI P4 MAN2-V M/B (Sound+VGA+LAN Builtin)
- 256MB DDR RAM (PC 400MHz)
- 80GB IDE HDD (Hitachi, 7200 RPM)
- P4 Tower Casing (Normal)
- PS2 Keyboard, Mouse and Pad
- Viewsonic 15" Digital Monitor (Digital Control)

Price 462,400 Ks

### ❑ KMD CLASSIC MODEL

- Intel Pentium 4 2.66 A GHz (1MB,L2 Cache, 533 MHz)
- GIGA 8 VM-800 DDR P-775 Pentium 4 M/B (With VGA+Sound+LAN)
- 256 MB DDR RAM (PC 533 MHz)
- 80 GB HDD (Hitachi, 7200 RPM)
- 1.44MB FDD (Mitsumi)
- 17" SVGA Digital Control Color Monitor (Philips)
- PS II Keyboard & PS II Scroll Mouse
- Mouse Pad
- P4 Casing (Normal Light Handle)

Price 682,000 Ks

### ❑ CFTG Power Compute

- Intel Pentium 4 3.0 F GHz processor (LGA 775)
- MSI Intel 848P Neo 2-V M/B with AGP, Sound & LAN Built-in
- 256 MB DDR RAM (PC 400 MHz)
- 80 GB IDE HDD (Hitachi) ,7200 rpm
- 1.44 MB FDD (Mitsumi)
- AGP 64 MB Graphic Card with TV out
- P4 ATX Tower Casing (Beside Fan/Handle)
- PS2 Win 98 Keyboard

www.foreverspace.com.mm

- PS2 Mouse & Pad
- 15" SVGA Colour Monitor (Viewsonic), Digita Control

Price 707,200 Ks

### ❑ CFTG High Performance Computer

- Intel P4 3.4 GHz Processor (LGA 775 CPU)
- MSI Intel 848P Neo-2V MB (Sound+LAN Built-in)
- 256 MB 400 DDR Ram (PC 400 MHz)
- 1.44 MB Floppy Drive
- 80 GB IDE HDD (Hitachi PRM 7200)
- AGP 64 MB Graphic Card with T/V out
- 15" Digital Color Monitor (Viewsonic, Digital Control)
- PS2 Win 98 Keyboard, mouse (PS/2)
- Mouse Pad

Price 856,800 Ks

(ဇူလိုင်လဆန်းပိုင်းမှစ၍ သက်ဆိုင်ရာက နယ်စပ်ပို့ကုန်သွင်းကုန်လုပ်ငန်းများကို တားမြစ်စိစစ်လိုက်ခြင်းနှင့် ငွေမာဈေးနှုန်းမြင့်တက်မှုတို့ကြောင့် ကွန်ပျူတာ Monitor နှင့် Hardware ပစ္စည်းအချို့ မကြုံစဖူး ဈေးကွက်အတွင်း ပြတ်လပ်သွားခဲ့ရပြီး လက်ကျန် Hardware နှင့် ဆက်စပ်ပစ္စည်းများသည်လည်း ဈေးနှုန်းမြင့်တက်ခဲ့သည်။ အထက်ပါဈေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သေးသော ကွန်ပျူတာတစ်လုံး၏ ဩဂုတ်လ ၁၁ ရက်နေ့ ဈေးနှုန်းဖြစ်သည်။ ပစ္စည်းတစ်မျိုးချင်းစီ ထပ်ဖြည့်လဲလှယ်လိုပါက ဈေးနှုန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။ အချိန်ကာလအလိုက် အပြောင်းအလဲ ရှိနိုင်ပါသည်။)

### ❑ Multimedia

| | |
|---|---|
| Sony/ Lite-on CD Writer (52 x 32 x 52 x) | 42,000 Ks |
| Sony/Lite-on 16 x 8 x 48 x 24 DVD Writer | 82,000 Ks |
| Samsung DVD 16 x | 40, 800 Ks |
| Sony Combo Drive (52 x 32 x 52 x 16) | 62,000 Ks |
| Samsung Combo Drive (52 x 24 x 52 x 16) | 57,160 Ks |
| K 160 Watt Speakers with sub woodfer | 17,000 Ks |
| Microlab M 111 Speakers with sub woodfer | 29,000 Ks |
| Microlab M 528 Speakers with sub woodfer | 46,000 Ks |
| Microlab FC 570 Speakers with sub woodfer | 73,000 Ks |

### ❑ Memory

| | |
|---|---|
| 512 MB (DDR RAM) PC 400 MHz (Kingston) | 77,000 Ks |
| 512 MB (DDR RAM) PC 533 MHz (Kingston) | 68,000 Ks |
| 256 MB (DDR2AM) PC 533 MHz | 40,000 Ks |



### ❑ Storage Device

| | |
|---|---|
| 80 GB (Hitachi-Notebook HDD) | 85,000 Ks |
| 160 GB Seagate | 112,000 Ks |

### ❑ Monitor

| | |
|---|---|
| 15" Viewsonic CRT Monitor | 127,800 Ks |

### ❑ Printer

| | |
|---|---|
| EPSON Acculaser C 1100 | 384,000 Ks |
| EPSON Dot Matrix Printer-LQ 300+ | 299,200 Ks |
| EPSON C67 Printer | 104,700 Ks |
| EPSON C45 Inkjet Printer | 70,700 Ks |
| EPSON SP 230 Photo Printer | 163,200 Ks |
| EPSON SP 250 Photo Printer | 231,200 Ks |
| EPSON SP 1920 Photo Printer | 639,200 Ks |
| EPSON 6200 L Laser Printer | 239,400 Ks |
| Fuji Xerox Laser 3116 Printer (USB) | 150 US$ |
| Fuji Xerox Laser 3121 Printer (USB) | 180 US$ |

### ❑ Scanner

| | |
|---|---|
| EPSON Perfection 1270 Scanner | 142,800 Ks |
| EPSON Perfection 3170 Scanner(A4 Film) | 421, 600 Ks |
| EPSON Perfection 3490 Scanner(A4 Film) | 244, 800 Ks |
| EPSON Perfection 2580 Scanner(A4 Film) | 250, 000 Ks |

### ❑ UPS

| | |
|---|---|
| 650 VA (Power Tree) Basic | 59,000 Ks |
| 1250 VA (Power Tree) | 102,000 Ks |

မှတ်ချက် ။ ။ ဖော်ပြပါဈေးနှုန်းများကို Client Focus Technology Group, Concordia International နှင့် KMD Computer Centre တို့မှ ရယူထားပါသည်။

(အယ်ဒီတာ)

www.foreverspace.com.mm

# ရက်စွဲမှတ်တမ်း

**၃၀-၆-၂၀၀၆** ✳ မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်ရှိ Tele-Port ပင်မအဆောက်အအုံနှင့် Soft Ware, Incubation အဆောက်အအုံ ပန္နက်တင်။

**၂-၇-၂၀၀၆** ✳ မြန်မာနိုင်ငံကို ကျွဲနွားကျောက်ရောဂါ ဗိုင်းရပ်စ်ကင်းရှင်းသောနိုင်ငံ (Free from rinderpest infection) အဖြစ် အသိအမှတ်ပြုကြောင်းကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ် (OIE) တိရစ္ဆာန်ရောဂါဆိုင်ရာ သိပ္ပံကော်မရှင်၏ ထောက်ခံချက်လက်မှတ်ကို ၂၀၀၆ ခုနှစ် မေလ ၂၅ ရက်နေ့စွဲဖြင့် ပေးပို့ခဲ့ကြောင်း ယနေ့ထုတ်နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

**၇-၇-၂၀၀၆** ✳ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ပညာရေးဆိုင်ရာလုပ်ငန်းကော်မတီနှင့် ကိုရီးယားသမ္မတနိုင်ငံ Chonnam National University တို့ သင်ကြားရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို UMFCCI အစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုး။

**၁၀-၇-၂၀၀၆** ✳ စာရေးဆရာမကြီးမမြတ်လေး (ဒေါ်သိန်းဆိုင်) (အသက် ၉၂ နှစ်) ကွယ်လွန်။

**၁၂-၇-၂၀၀၆** ✳ မန္တလေးတိုင်း ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် ပန်းညိုခြမ်းကျေးရွာအနီး အမြင့် ၉၆ ပေ၊ အလျား ၂၁၅၀ ပေရှိသော ချောင်းမငယ်ရေလှောင်တမံဖွင့်လှစ်။

**၁၆-၇-၂၀၀၆** ✳ ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSA-S) ရှက်ဆစ်အဖွဲ့မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ (၇၅၈) တပ်မဟာမှူး ဦးမိန်းစင်ဦးစီးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ဥပဒေဘောင်အတွင်းဝင်ရောက်ခြင်းနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ (၅/၂၀၀၆) ကို ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့ရှိ သီရိဟံသာခန်းမ၌ ကျင်းပ။

✳ နေပြည်တော်–သာစည်–မိတ္ထီလာ–မြင်းခြံ–နေပြည်တော် အမြန်ရထားစတင်ပြေးဆွဲ။

✳ ရှမ်းပြည်နယ် (တောင်ပိုင်း) မှ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ပဉ္စမအကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့်အခမ်းအနားကို လဲချားမြို့ မြို့မအားကစားကွင်း၌ ကျင်းပ။

**၁၇-၇-၂၀၀၆** ✳ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန အစိုးရနည်းပညာကောလိပ် (အေးသာယာ) ပင်မသုံးထပ်ကျောင်းဆောင်သစ်ဖွင့်။

**၁၉-၇-၂၀၀၆** ✳ ၅၉ နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ သားကြီးဖြစ်သူ ဦးအောင်ဆန်းဦးနှင့် ဇနီး ဒေါ်လဲ့လဲ့နွယ်သိန်းတို့ကလည်းကောင်း၊ ကျန်အာဇာနည်ကြီးများ၏ ဂူဗိမာန်များတွင် မိသားစုအသီးသီးကလည်းကောင်း လွမ်းသူ့ပန်းခွေချ အလေးပြု။

**၂၀-၇-၂၀၀၆** ✳ ချင်းပြည်နယ်ရှိ မင်းတပ်–မတူပီ ကတ္တရာလမ်း ၁၀၂ မိုင်ဖွင့်လှစ်။

**၂၂-၇-၂၀၀၆** ✳ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ဇူလိုင်လ ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် ၂၄ ကြိမ်မြောက် အာဆီယံ စွမ်းအင်ဝန်ကြီးများအစည်းအဝေး၊ တတိယအကြိမ် အာဆီယံနှင့်ဆွေးနွေးဖက် သုံးနိုင်ငံတို့၏ စွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံစွမ်းအင်စီးပွားရေးလုပ်ငန်းများ ဆွေးနွေးပွဲတို့သို့ တက်ရောက်ရန် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ထွက်ခွာ။

**၂၃-၇-၂၀၀၆** ✳ ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်၏ စီစဉ်မှုဖြင့် တစ်မိုင်လျှင် ကျပ် ၁၀၀ နှုန်းနှင့် ပြေးဆွဲမည့် CNG ဓာတ်ငွေ့သုံး ပါရမီတက္ကစီယာဉ်များ စတင်ပြေးဆွဲ။

✳ ရန်ကုန်တိုင်း သန်လျင်မြို့နယ် ကျိုက်ခေါက် ဘုရားလမ်းနှင့် သတိပဋ္ဌာန်လမ်းထောင့် ရန်ကုန်–သန်လျင် တံတားအနီးရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်အမှတ် (၀၁၈) ဖွင့်လှစ်။

✳ ရန်ကုန်မြို့ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းလမ်းဆုံအနီးရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင်အမှတ် (၀၁၉) ဖွင့်လှစ်။

✳ တရုတ်ပြည်သူ့သမ္မတနိုင်ငံယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Liu Sing ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိ။

✳ နေပြည်တော်–ရန်ကုန် (Asia Express) အမြန်ယာဉ်လိုင်းသစ်ဖွင့်လှစ်။

## ရက်စွဲမှတ်တမ်း

**၂၅-၇-၂၀၀၆** * ကာတွန်းမြင့်စိုးလေး (ခ) ဦးမြင့်စိုး (အသက် ၆၅ နှစ်) ကွယ်လွန်။

* မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပသည့် ၃၉ ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းတက်ရောက်ပြီး ဗီဇာကင်းလွတ်ခွင့်ဆိုင်ရာ အာဆီယံမူဘောင်သဘောတူညီချက်ကို ပါဝင်လက်မှတ်ရေးထိုး။

**၂၈-၇-၂၀၀၆** * စာရေးဆရာမောင်သော်မော် (ခ) ဒုတိယဗိုလ်မှူးကြီး မင်းဆွေ(ငြိမ်း)(အသက် ၆၉) နှစ်ကွယ်လွန်။

* မကွေးတိုင်းပခုက္ကူမြို့နယ် ပခုက္ကူ–မြိုင်ကားလမ်း မိုင်တိုင်အမှတ် ၄/၂ အနီးရှိ အမှတ် ၁ စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အထည်ချုပ်စက်ရုံ (ပခုက္ကူ) ဖွင့်လှစ်။

**၂၉-၇-၂၀၀၆** * ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ကျင်းပသည့် ၂၃ ကြိမ်မြောက် မြန်မာ–ထိုင်းဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးသို့ မြန်မာဘက်မှ တာဝန်ရှိသူများ တက်ရောက်။

**၃၀-၇-၂၀၀၆** * စာရေးဆရာ ဂယက်နီ (ခ) ဦးရဲမြင့် (အသက် ၆၃ နှစ်) ကွယ်လွန်။

# ယုဇနေ
# သန့်စင်ပြီး သဘာဝအုန်းဆီမွှေး
# ကြော်ငြာ

www.foreverspace.com.mm



# Myanmar Convention Center

**မြန်မာနိုင်ငံ၌ အကြီးဆုံးနှင့် ခေတ်အမီဆုံး အထွေထွေသုံး စုဝေးခန်းမကြီးဖြစ်သည်။**



- ၂၀၀၀ ပြည့်နှစ် မေလ ၁၂ ရက်နေ့တွင် နဂါးနီကုမ္ပဏီက စတင်တည်ဆောက်ခဲ့ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)က ဆက်လက်တာဝန်ယူတည်ဆောက်ခဲ့ရာ ၂၀၀၄ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် ပြီးစီးခဲ့။
- ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနက တာဝန်ယူစီမံခန့်ခွဲလျက်ရှိပြီး ဌာနမှူး ဦးလှမြင့်ဆွေ၊ ဒုတိယဌာနမှူး ဦးမင်းအောင်နှင့် Myanmar Convention Center ဝန်ထမ်း စုစုပေါင်း ၃၀ ဦးခန့်ရှိ။
- မြေဧရိယာအကျယ်အဝန်းစုစုပေါင်း ၁၀.၂၅ ဧကရှိပြီး ၂.၇ ဧကကျယ်ဝန်းသည့် ယာဉ်ရပ်နားရန်နေရာနှင့် ၃.၀၈ ဧကကျယ်ဝန်းသည့်မြက်ခင်းပြင်တို့ပါရှိ။
- အဆောက်အအုံအကျယ်အဝန်း ၂၀၆× ၂၀၆ ပေရှိပြီး မြေညီထပ်တွင် လူဦးရေ ၃၅၀၀ ဆံ့သည့် ၁၉၂× ၁၂၈ ပေ အကျယ်အဝန်းရှိ ပင်မခန်းမ (Main Hall)၊ လူဦးရေ ၅၀ ဆံ့သည့် ၃၂× ၄၅ ပေအကျယ်အဝန်းရှိ အရေးကြီးပုဂ္ဂိုလ်နားနေခန်း၊ လူဦးရေ ၁၀၀ ဆံ့သည့် ၆၄× ၃၂ ပေအကျယ်အဝန်းရှိ Refreshment Room၊ ပထမထပ် တွင် ၄၉× ၈၆ ပေအကျယ်အဝန်းရှိ လေသာခန်း (Balcony Hall) တစ်ခန်း၊ လူဦးရေ ၂၀၀ ဦးစီဆံ့သည့် ၉၆× ၃၂ ပေ အကျယ်အဝန်းရှိ အစည်းအဝေးခန်းနှစ်ခန်း၊ လူဦးရေ ၇၅ ဦးစီဆံ့သည့် ၅၆× ၄၉ ပေအကျယ်အဝန်းရှိ အစည်းအဝေးခန်းငယ်နှစ်ခန်း၊ အမျိုးသားသန့်စင်ခန်း ၂၆ ခန်းနှင့် အမျိုးသမီးသန့်စင်ခန်း ၂၉ ခန်းတို့ပါရှိ။
- တေးဂီတဖျော်ဖြေပွဲများ၊ VCD Live Show ဖျော်ဖြေပွဲများနှင့် ရိုက်ကူးမှုများ၊ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ ပြပွဲများ၊ ကွန်ပျူတာပြပွဲ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO) များနှင့် ပုဂ္ဂလိက ကုမ္ပဏီအဖွဲ့အစည်းများ၏ နှစ်ပတ်လည်အခမ်းအနားများ၊ ဧည့်ခံပွဲများ စသည်တို့ကို လက်ခံဆောင်ရွက်ပေးလျက်ရှိ။
- ခန်းမငှားရမ်းခနှုန်းထားများမှာ တေးဂီတဖျော်ဖြေပွဲများ (Stage Show) အတွက် တစ်ကြိမ်လျှင် ကျပ် ၁၅ သိန်း၊ Live Show ရိုက်ကူးမှုများအတွက် တစ်ကြိမ်လျှင် ကျပ် ၁၀ သိန်း၊ ဧည့်ခံပွဲများအတွက် တစ်ကြိမ်လျှင် ကျပ်ငါးသိန်း သတ်မှတ်ထားပြီး တစ်ရက်အခမဲ့ကြိုတင်ပြင်ဆင်ခွင့်ပြုထားဟုဆို။
- ပင်မခန်းမအတွင်း ဗဟိုလေအေးပေးစနစ် (Central Air Conditioning System) ထားရှိပြီး အစည်းအဝေးခန်းများ၌ သီးခြားလေအေးပေးစနစ်များစီစဉ်ထား။
- အဆောက်အအုံဝင်းအတွင်း စားသောက်ဆိုင်တစ်ခုဖွင့်လှစ်ထားပြီး မီးမပျက်စေရန် 800 KVA မီးစက်ထားရှိ။
- ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ်သန်း ၂၀၀၀ ခန့်ကုန်ကျဟုသိရ။
- **ဆက်သွယ်ရန်ပုဂ္ဂိုလ်**

ဦးမင်းအောင် (တာဝန်ခံ)
(ဒုတိယဌာနမှူး၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန)
Myanmar Convention Center၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၆၆၅၂၉၇

www.foreverspace.com.mm

# အောင်မင်္ဂလာ အဝေးပြေးယာဉ်ရပ်နားစခန်း

**မြန်မာနိုင်ငံ၌ ခရီးသည်နှင့် မော်တော်ယာဉ်စီးရေအများဆုံး ဝင်ထွက်သွားလာရာ အကြီးဆုံး အဝေးပြေးမော်တော်ယာဉ် ရပ်နားစခန်းဖြစ်သည်။**

- ❑ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာနက ၂၀၀၂ ခုနှစ် နိုဝင် ဘာလ ၂၀ ရက်နေ့တွင်ဖွင့်လှစ်ခဲ့။
- ❑ မြောက်ဥက္ကလာပမြို့နယ် နယ်နိမိတ်အဆုံး ဒနင်းရိုးချောင်းအနီး မင်္ဂလာဒုံမြို့နယ် အမှတ် (၃) လမ်းမကြီးတွင် တည်ရှိပြီး စုစုပေါင်း ၇၃.၅၆၄ ဧကကျယ်ဝန်း။
- ❑ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအခွန်ဌာန ဌာနမှူး ဦးအောင်ဇင်၊ အခွန်ဌာနလက်ထောက်ဌာနမှူး အောင်မင်္ဂလာ အဝေးပြေးယာဉ်ရပ်နားစခန်း တာဝန်ခံအရာရှိ ဦးစောလင်းနှင့် ကွပ်ကဲရေးရုံး ဝန်ထမ်းအင်အား (၃၅) ဦးရှိ။
- ❑ ယခင်ကမာရွတ်မြို့နယ် ကမာရွတ်ခရီးသည်တင်ယာဉ်ရပ်နားစခန်းနှင့် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းပွဲရုံနှင့် အဝေးပြေး ယာဉ်ရပ်နားစခန်းတို့မှ အဝေးပြေးကားဂိတ်များကို ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ခြင်းဖြစ်။
- ❑ ရန်ကုန်တိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (အဝေးပြေး) အခြေပြု အဝေးပြေးကားဂိတ်များ နှင့်ပြည်နယ်နှင့် တိုင်းအသီးသီးအခြေပြု ပို့/ဆက် အဝေးပြေးကားဂိတ်များ အပါအဝင် ကားဂိတ်စုစုပေါင်း ၁၆၈ ဂိတ်ရှိ။
- ❑ ဧရာဝတီတိုင်းမှအပ ပြည်နယ်နှင့်တိုင်းအသီးသီးရှိ မြို့နယ်ဒေသများသို့ နေ့စဉ်ပုံမှန်ဝင်ထွက်ရပ်နားနေသော အဝေးပြေးယာဉ် စုစုပေါင်း ၄၀၀ ခန့်ရှိပြီး ခရီးသည်များအပါအဝင် လူဦးရေစုစုပေါင်း ၃၀၀၀၀ မှ ၄၀၀၀၀ အထိနှင့် တက္ကစီနှင့် ကိုယ်ပိုင်ယာဉ် ၁၅၀၀ စီးခန့် ဝင်ထွက်သွားလာလျက်ရှိဟုဆို။
- ❑ ယာဉ်ရပ်နားစခန်းဝင်းအတွင်း ခရီးသည်နားနေဆောင်သုံးခု၊ ရေချိုးခန်းနှင့် သန့်စင်ခန်းလေးခု၊ အခန်း ၄၅ ခန်းပါ တည်းခို ခန်းတစ်ခု၊ ယာဉ်ရပ်နားကွင်းနှစ်နေရာ၊ PCO တယ်လီဖုန်းခြောက်နေရာ၊ ကားဂိတ်များ၊ စားသောက်ဆိုင်များ၊ ပွဲရုံနှင့် အထွေထွေပစ္စည်းအရောင်းဆိုင်များ တည်ရှိ။
- ❑ ပုဂ္ဂလိကတယ်လီဖုန်းအိတ်ချိန်းရုံးနှစ်ခုရှိပြီး ကားဂိတ်အားလုံးကို PABX တယ်လီဖုန်းစနစ်ဖြင့် ဆက်သွယ်ထား။
- ❑ မြို့နယ်ဒေသအလိုက် လမ်းအမည်များမှည့်ခေါ်ထားပြီး ကားဂိတ်များကိုလည်း စုစည်းထားရှိ။



❑ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့်လိပ်စာ**

ဦးစောလင်း
(လက်ထောက်ဌာနမှူး၊ အခွန်ဌာန)
တာဝန်ခံအရာရှိ
အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း
အမှတ် (၃) လမ်းမကြီး၊
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။
ဖုန်း – ၆၃၉၄၅၅ (လိုင်းခွဲ–၂၅၉)

www.foreverspace.com.mm



# ဒဂုံ - ဧရာ ပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်း

**မြန်မာနိုင်ငံ၏ စပါးကျီဒေသဖြစ်သော ဧရာဝတီတိုင်းအတွင်းသို့ ခရီးသည်နှင့် ကုန်စည်များကို ကုန်းလမ်းခရီးမှ အဓိကသယ်ယူပို့ဆောင်ပေးရာ အဝေးပြေးယာဉ်ရပ်နားစခန်းဖြစ်သည်။**

- ❑ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာနက ၂၀၀၃ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင်ဖွင့်လှစ်ခဲ့။
- ❑ လှိုင်သာယာမြို့နယ် အနောက်ဘက် အမှတ် (၅)လမ်းမကြီးတွင်တည်ရှိပြီး စုစုပေါင်း ၁၃၄.၄၁၃ ဧကကျယ်ဝန်း။
- ❑ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအခွန်ဌာန ဌာနမှူး ဦးအောင်ဇင်၊ အခွန်ဌာန ဌာနခွဲမှူး ဒဂုံ–ဧရာ ပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်း တာဝန်ခံအရာရှိ ဦးအေးဝင်းနှင့် ကွပ်ကဲရေးရုံးဝန်ထမ်းအင်အား ၁၆ ဦးရှိ။
- ❑ ရန်ကုန်တိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (အဝေးပြေး) အခြေပြု အဝေးပြေးကားဂိတ် ပေါင်း ၄၈ ဂိတ်ရှိပြီး ရန်ကုန်မြို့တွင်းသို့ပြေးဆွဲပေးနေသော မ.ထ.သ ယာဉ်လိုင်း ၁၄ လိုင်းရှိ။
- ❑ ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်ဒေသများသို့ နေ့စဉ်ပျမ်းမျှ ဝင်ထွက်နေသော အဝေးပြေးယာဉ်စုစုပေါင်း ၁၂၀ စီးခန့်နှင့် ပျမ်းမျှခရီးသည် ၄၅၀၀ ဦးခန့်ရှိဟုဆို။
- ❑ ယာဉ်ရပ်နားစခန်းဝင်းအတွင်း ခရီးသည်နားနေဆောင် ခုနစ်လုံး၊ ရေချိုးခန်းနှင့် သန့်စင်ခန်းလေးခု၊ ကားဂိတ်နှင့် စားသောက်ဆိုင်ခန်းတွဲ နှစ်ထပ်အဆောက်အအုံလေးလုံး၊ ၃၁၅ KVA ထရန်စဖော်မာတစ်လုံးနှင့် ၅၀ ကီလိုဝပ် မီးစက်တစ်လုံး စသည်တို့တည်ရှိ။
- ❑ ကားဂိတ်အားလုံးကို PABX တယ်လီဖုန်းစနစ်ဖြင့် ဆက်သွယ်ထား။
- ❑ ပွဲရုံများ၊ ကုန်သိုလှောင်ရုံများနှင့် တည်းခိုဆောင်များကို တိုးချဲ့တည်ဆောက်လျက်ရှိ။
- ❑ မကြာမီ ရခိုင်ပြည်နယ်သို့ထွက်ခွာမည့် အဝေးပြေးကားဂိတ်များကို နေရာချပေးသွားမည်ဟု သိရ။



❑ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့်လိပ်စာ**

ဦးအေးဝင်း (ဌာနခွဲမှူး၊ အခွန်ဌာန)
တာဝန်ခံအရာရှိ
ဒဂုံ–ဧရာ
ပွဲရုံနှင့်အဝေးပြေးယာဉ်ရပ်နားစခန်း
အမှတ် (၅)လမ်းမကြီး၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်။
ဖုန်း–၆၈၅၂၉၉၊ ၆၈၅၃၀၀ (လိုင်းခွဲ–၃၄၆)

www.foreverspace.com.mm

# ဈေးဝယ်လမ်းညွှန်

အမှတ် ၁၃၄

၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ

## ကြာဆံချက်ကောင်းကောင်း

အခုလို မိုးအေးတဲ့ရာသီမှာ ကြာဆံချက်အရသာရှိရှိ ပူပူနွေးနွေး သုံးဆောင်လိုသူများအတွက် ကမာရွတ်မြို့နယ် လှည်းတန်းက အရသာထူးခြားကောင်းမွန်တဲ့ ကြာဆံချက်ဆိုင်လေးတစ်ဆိုင်ကို လမ်းညွှန်လိုက်ပါတယ်။ ကြာဆံချက်အပြင် ရှောက်သီးသုပ်၊ ငါးဖယ်သုပ်၊ ထမင်းဖြူ၊ ထမင်းသုပ်နဲ့ အအေးပုလင်းမျိုးစုံပါ တွဲဖက်သုံးဆောင်နိုင်မှာပါ။ ယခင် လှည်းတန်းဈေးအနောက်ဘက်ခြမ်းက လမ်းဘေးဆိုင်ကလေးဖြစ်ပြီး မကြာသေးမီကမှ ဦးထွန်း လင်းခြံလမ်းထဲကို ဆိုင်ခန်းအသွင်နဲ့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့တာပါ။ နေ့စဉ် မနက် ၈း၀၀ နာရီမှ ည ၇း၀၀ နာရီခန့် အထိ ဆိုင်ဖွင့်ပါတယ်။

လိပ်စာ – ဒေါ်အေးသန့် မန္တလေးကြာဆံချက်
အမှတ်–၃၆၊ ဦးထွန်းလင်းခြံလမ်း၊
လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

## မန္တလေးမြို့တော်က အားကစားလေ့ကျင့်ရေးခန်းမ

သန့်သန့်ရှင်းရှင်း ကျယ်ကျယ်ဝန်းဝန်းနေရာတွေမှာမှ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်လိုသူတွေအတွက် မန္တလေးက LAUREL Fitness Gym ကို လမ်းညွှန်ပေးလိုက်ပါတယ်။ အမျိုးသား၊ အမျိုးသမီးကစားနိုင်မှာဖြစ်ပြီး စက်ကိရိယာအစုံအလင်နဲ့ နည်းပြဆရာ၊ ဆရာမတွေက တစ်ဦးချင်းကို ထိရောက်ပြီး စနစ်ကျနတဲ့ လေ့ကျင့်မှုတွေနဲ့ သင်ကြားပေးမှာ ဖြစ်တယ်လို့ သိရပါတယ်။

ဝိတ်များပြီး ဝလွန်းသူတွေ ဝိတ်ကျကျစ်လျစ်စေမှာဖြစ်ပြီး ဝိတ်နည်းပြီး ပိန်လွန်းသူတွေလည်း တောင့်တင်းခိုင်မာကျစ်လျစ်လာစေမှာ ဖြစ်တယ်လို့ ဆိုထားပါတယ်။ တနင်္ဂနွေနေ့တစ်ရက် ပိတ်ရက်ရှိပြီး မနက် ၆ နာရီခွဲကနေ ည ၈ နာရီခွဲအတွင်း သွားရောက်လေ့ကျင့်နိုင်မှာပါ။

လိပ်စာ – LAUREL Fitness Gym
အမျိုးသား၊ အမျိုးသမီး အားကစားလေ့ကျင့်ရေးခန်းမ
Gym (1) - အမှတ်–၉၊ ၆၄ လမ်း၊ ၂၆× ၂၇ လမ်းကြား၊ မန္တလေး။ ဖုန်း–၀၂–၃၆၈၀၅
Gym (2) - ရတနာပုံဈေး တတိယထပ်၊ ၃၃× ၃၄ ကြား၊ ၇၇× ၇၈ ကြား၊
မန္တလေး။ ဖုန်း–၀၂–၈၉၄၁၉၊ ၀၉–၅၁၁၆၄၃၃

## ကွန်ပျူတာပန်းထိုးနိုင်မယ့် ကမ္ဘာသစ်

ကုမ္ပဏီနဲ့ လုပ်ငန်းအဖွဲ့အစည်းအမျိုးမျိုးတို့ရဲ့ လိုဂိုနဲ့ အမှတ်တံဆိပ်တွေကို ပန်းထိုးအပ်နှံချင်သူတွေအတွက် လမ်းညွှန်လိုက်တာပါ။ ကွန်ပျူတာပန်းထိုးခြင်းအပြင် တံဆိပ်နဲ့ စတစ်ကာဆေးရိုက်အမျိုးမျိုးကိုလည်း ဆောင်ရွက်ပေးနေတာ တွေ့ရပါတယ်။ ထူးခြားတာကလုပ်ငန်းရှင်တွေအတွက် ကိုယ်ပိုင်အမှတ်အသားတံဆိပ်တွေကို တီထွင်ပြုလုပ်ပြီး မှတ်ပုံတင်ပေးတာမျိုးကိုလည်း ပြုလုပ်ပေးနေတာပါ။ ဒါ့အပြင် ဖိနပ်တံဆိပ်နဲ့ ခေတ်မီ ရုပ်အင်္ကျီတံဆိပ်၊ သဃ်န်းတံဆိပ်၊ ကျောင်းတံဆိပ်၊ ပုဆိုးတံဆိပ်၊ အသားတံဆိပ်နဲ့ Hologram လေဘာတံဆိပ်တွေကိုပါ အပ်နှံသူစိတ်တိုင်းကျဝန်ဆောင်ပေးနေတယ်လို့ ဆိုပါတယ်။

လိပ်စာ –
ကမ္ဘာသစ် (ကွန်ပျူတာပန်းထိုး၊ တံဆိပ်နှင့် စတစ်ကာဆေးရိုက်)
အမှတ်–၉၊ ၁၃၄ လမ်း၊ မြေညီထပ်၊
မင်္ဂလာဈေးအနီး၊
တာမွေမြို့နယ်၊ရန်ကုန်။
ဖုန်း–၀၉–၅၁၂၃၆၃၀၊
၀၉–၅၀၁၄၄၀၆၊ ၀၉–၉၀၄၂၂၉၆
E-mail: kohlamyint@myanmar.com.mm

www.foreverspace.com.mm




# တကယ်အသုံးဝင်တဲ့ Content တွေ အများကြီးဖြည့်ထားတဲ့ Google

Google Webpage ကို Personalize Homepage အဖြစ် ကိုယ့်စိတ် ကြိုက်လိုအပ်တာတွေဖြည့်ပြီး သုံးလို့ရ အောင် တကယ့်ကိုအသုံးဝင်တဲ့ Content တွေကို Google က ဖြည့်ဆည်းပေးထားကြောင်း လမ်းညွှန်လိုက်ပါတယ်။

Google Account ရှိပြီးတဲ့ ဘယ်သူမဆို Google ထဲက Personalize Homepage ကို Sign in လုပ်ပြီးရင် အဲဒီ Webpage ထဲက Add Content ဆိုတဲ့ Menu ကို ရွေးလိုက်ရုံပါပဲ။

အဲဒါဆိုရင် Webpage ရဲ့ ဘယ်ဘက်ခြမ်းမှာ Content တွေကို တုရာစုပြီး ဒေါင်လိုက်ဖော်ပြထားတဲ့ Content List တစ်ခြမ်းနဲ့ ပါဝင်တဲ့ Content အားလုံးကို iCon ပုံစံတွေနဲ့ ပြထားတဲ့ ညာဘက်ခြမ်း အဖြစ် Page တစ်ခု တက်လာပါလိမ့်မယ်။ ပါဝင်တဲ့ Content တွေကို အဲဒီ Content List ထဲက ရွေးပြီးတော့ဖြစ်စေ၊ ညာဘက်ခြမ်း iCon တွေကနေပဲဖြစ်စေ စိတ်ကြိုက်ရွေးပြီး ကိုယ့်ရဲ့ Personal Homepage ထဲကို "Add it now" လုပ်ထားလိုက်ရုံနဲ့ ကိုယ့်စိတ်ကြိုက်အလိုက်သိတဲ့ ကိုယ့်ရဲ့ လက်ထောက်တစ်ယောက်ကို ရရှိလိုက်သလို ဖြည့်ဆည်းပေးပါလိမ့်မယ်။ ကိုယ့်အတွက် အသုံးဝင်တဲ့ပစ္စည်းကိရိယာတွေကို ကိုယ့်ရဲ့ Page တစ်ခုထဲမှာ တစ်စုတစ်စည်းထဲ ရှိနေအောင်လည်း စီစဉ်ထားလို့ရပါသေးတယ်။

News အနေနဲ့ CNN, BBC စတဲ့ နာမည်ကြီး Website တွေနဲ့ Breaking News တွေကို ရွေးထားလို့ရပါတယ်။ အဲဒါအပြင် မြန်မာသတင်းတွေကို နေ့တိုင်းရှာဖွေကြည့်လိုရင်လည်း သီးသန့်ရှာလို့ရတဲ့ Search ထဲမှာ Myanmar လို့ ရိုက်ထည့်ထားလိုက်တာနဲ့ နေ့တိုင်းမြန်မာသတင်းအသစ်တွေကို ဖော်ပြပေးနေဦးမှာပါ။

Tools တွေအနေနဲ့ကတော့ Dictionary၊ Calculator၊ ငွေကြေးလဲလှယ်နှုန်းတွက်ချက်စက်၊ စွယ်စုံကျမ်း၊ နေ့နဲ့ နာရီ ရွေးပြီးထည့်ထားလို့ရပြီး မှတ်စုမှတ်ရာတွေကိုလည်း Sticky Note ကို ခေါ်တင်ထားပြီး ကိုယ်မြင်သာတဲ့ တစ်နေရာမှာ ရေးပြီး တင်ထားလို့ရပါသေးတယ်။ အဲဒါအပြင် မေ့တတ်သူတွေအတွက် ကိုယ်လုပ်ရမယ့် အလုပ်တွေကိုရွေးပြီး တင်ထားလို့ရတဲ့ To Do List နဲ့လည်း ကိုယ့်ကိုယ်ကိုယ် သတိပေးနိုင်ပါလိမ့်မယ်။ အဲဒါအပြင် Mail Box ကြီးဖွင့်ပြီး ပို့စရာ မလိုတဲ့ mini mail, quick mail၊ Free test massage တွေလည်း ပါဝင်ပါတယ်။ Timer လည်းပါဝင်လို့ တစ်ခုခုကိုမမေ့အောင် အချိန်သတ်မှတ်ချက် ငါးမိနစ်၊ ၁၀ မိနစ် စသဖြင့် ပေးထားပြီး အချိန်ပြည့်ရင် "It's time" ဆိုပြီး သတိပေးဦးမှာပါ။

Fun & Games၊ Finance၊ Sports စတဲ့ Content တွေထဲကိုလည်း စိတ်ကြိုက်တွေ့တာတွေ ရွေးထားလို့ရပြီး Life Style အတွက်ကတော့ Buddhist Thought of the Day နဲ့ တစ်နေ့တာ စိတ်ကြိုက် ဟင်းချက်နည်း လမ်းညွှန်တွေလည်း ရနိုင်ပါသေးတယ်။ အဲဒါအပြင် Technology မှာ သတင်းစာတွေအပြင် NASA ရဲ့ Image of the Day လိုမျိုးလည်း ကြည့်လို့ရပါတယ်။

ဒါတွေအားလုံးဟာ Content တွေထဲက တချို့ကိုသာ ဖော်ပြခဲ့တာဖြစ်ပြီး Google က စုစည်းပေးထားတဲ့ထဲကနေ ကိုယ်ကြိုက်သလို ကိုယ့်ရဲ့ Homepage ကို စိတ်ကြိုက်ရွေးပြီး ပြင်ဆင်လို့ရတာတွေ အများကြီးကျန်ရှိပါသေးတယ်။ ဒါကြောင့် Personalize လုပ်ပြီး သုံးနေပေမယ့် Content တွေ ထပ်ဖြည့်ဖို့ မေ့နေရင်ဖြစ်စေ Personalize မလုပ်ရသေးလို့ မသုံးဖြစ်သေးရင်ဖြစ်စေ www.google.com ကို သုံးဖြစ်အောင် လမ်းညွှန်လိုက်ပါတယ်။

■

www.foreverspace.com.mm



## ပိုး၊ ဖဲ ကြိုက်သူတွေအတွက်

အရင်က အမျိုးသမီးအတော်များများဟာ ပြည်ပကဝင်တဲ့ Ready Made လို့ ခေါ်တဲ့ အသင့်ချုပ်ပြီးသား အဝတ်အထည်တွေကိုမှ နှစ်နှစ်ခြိုက်ခြိုက် ဝတ်ဆင်ခဲ့ကြပေမယ့် အခုတော့ ကိုယ်တိုင်ဒီဇိုင်းပေး ဒါမှမဟုတ် လိုချင်တဲ့ပုံစံပြောပြီး အပ်နဲ့ချုပ်လုပ်ဝတ်ဆင်ကြတာ တွေ့လာရပါတယ်။ Ready Made အထည်တွေကို ပေါ့ပေါ့ပါးပါး သွားလာလှုပ်ရှားရတဲ့နေရာတွေမှာသာသုံးပြီး အခမ်းအနားတွေ မင်္ဂလာဆောင်တွေမှာဆိုရင်တော့ ပိတ်စပေးပြီး ချုပ်လုပ်လာကြတာပါ။

ဒါကြောင့်မို့ အထည်စဆန်းဆန်းလေးတွေ ရနိုင်မယ့်နေရာကို လမ်းညွှန်ပေးလိုက်ပါတယ်။ ဒီဆိုင်မှာ ပဝါအမျိုးမျိုး၊ ပိုး၊ ဖဲ၊ ပွဲထိုင်စအမျိုးမျိုး စတဲ့ အဆင်ဆန်းဆန်းလေးတွေကို ရောင်းချပေးနေတာပါ။ နီးစပ်ရာမှာ သွားရောက်ဝယ်ယူလို့ရအောင် ဆိုင်ခွဲလိပ်စာတွေကို ဖော်ပြပေးလိုက်ပါတယ်။

လိပ်စာ –

ဒေါ်ရီအထည်ဆိုင်

– အမှတ်– ၁၃၂ (A)၊ ရွှေဟင်္သာလမ်း၊ ခြောက်မိုင်ခွဲ (ပြည်လမ်း)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

– အမှတ်–၁၃၁၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

– F-1၊ ပါရမီလမ်း (ဦးဘဟန်လမ်း)၊ ချော်တွင်းကုန်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၂၄၂၈၂၊ ၅၁၁၂၄၅

– အမှတ်–၁၅၆ (B)၊ ကမ္ဘာအေးဘုရားလမ်း၊ Fu Sun စားသောက်ဆိုင်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

## ဆေးရုံ၊ ဆေးခန်းသုံး ပစ္စည်းကိရိယာတွေ ရနိုင်တဲ့နေရာ

ကျန်းမာရေးနဲ့ ပတ်သက်တဲ့ဝန်ဆောင်မှုလုပ်ငန်းတွေကို ဆောင်ရွက်နေကြတဲ့ ပုဂ္ဂလိက ဆေးခန်းလုပ်ငန်းရှင်များအတွက် အဓိကရည်ရွယ်ပြီး ဆေးရုံ၊ ဆေးခန်းသုံးပစ္စည်း ကိရိယာတွေရောင်းချပေးနေတဲ့ နေရာတစ်ခုကို လမ်းညွှန်လိုက်ပါတယ်။ နိုင်ငံတကာအဆင့်မီ တစ်ခါသုံး ဆေးပစ္စည်းကိရိယာတွေနဲ့ ဓာတ်ခွဲခန်းသုံးဆေးရည်တွေပါရနိုင်တယ်လို့သိရပါတယ်။

လိပ်စာ – ရီရှင်းကုမ္ပဏီလီမိတက်
အမှတ်–၂၅/ ၂၆ ဗဟိုစည်အိမ်ရာ၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၂၁၂၂၁၈၊၂၂၉၀၅၂၊၂၁၁၉၁၉
အမှတ်–၂၈၇၊ ၈၂ လမ်း၊ ၂၇× ၂၈ လမ်းကြား၊ မန္တလေး။ ဖုန်း–၀၂–၃၂၄၅၀၊ ၃၄၁၉၆၊ ၆၅၅၀၃၊ ၆၅၅၀၄



www.foreverspace.com.mm



# Car Rental Services

ပွင့်လင်းရာသီနဲ့ နီးကပ်လာပြီမို့လို့ ခရီးထွက်လိုသူတွေအတွက် ရည်ရွယ်ပြီး ကားစင်းလုံးငှားဝန်ဆောင်မှုပေးနေတဲ့လုပ်ငန်းအချို့ရဲ့ ဖုန်းနံပါတ်တွေကို စုစည်းဖော်ပြပေးလိုက်ပါတယ်။ မိသားစုလိုက်ဖြစ်စေ၊ သူငယ်ချင်းတွေနဲ့ အပန်းဖြေခရီးထွက်လိုရင်ပဲဖြစ်စေ၊ ဘုရားဖူးထွက်လိုရင်ဖြစ်စေ ကားစီးလုံးငှားပြီးသွားလိုသူတွေအတွက်ပါ။ နယ်ဝေးမဟုတ်ဘဲ မြို့တွင်းသက်သက်လည်း အဆင်ပြေနိုင်မှာပါ။ နာရီအလိုက် ကားငယ်များ ငှားစီးချင်တဲ့သူတွေ ဈေးနှုန်း၊ ကားအနေအထား စတာတွေကို ကြိုတင်သိချင်သူတွေ ဖော်ပြပါဖုန်းနံပါတ်တွေကို စုံစမ်းမေးမြန်းနိုင်ပါတယ်။

- ❑ **Myanmar Ryoko**
  ဖုန်း–၆၁၀၄၆၄၊ ၇၀၄၂၂၉၊ ၀၉–၅၀၀၃၆၅၉
- ❑ **Top**
  ဖုန်း–၂၄၃၃၆၃၊ ၇၀၅၈၇၇၊ ၀၉–၅၁၁၀၅၉၈
- ❑ **မျိုး**
  ဖုန်း–၀၉–၅၀၁၇၀၈၈၊ ၃၉၂၉၀၄
- ❑ **အောင်ခိုင်ခန့်**
  ဖုန်း–၆၈၅၄၃၇၊ ၀၉–၅၀၂၃၁၆၁
- ❑ **မြတ်လေးပန်း**
  ဖုန်း–၂၂၁၇၇၁
- ❑ **Honey Moon**
  ဖုန်း–၂၄၀၈၃၂၊ ၂၈၇၁၂၉၊ ၀၉–၅၁၄၂၄၅၂
- ❑ **MT & K Tourism Co., Ltd.**
  ဖုန်း–၆၆၃၁၆၁၊ ၆၆၆၂၂၀၊ ၀၉–၅၀၁၆၉၃၇
- ❑ **Golden Hope Int'l Ltd.**
  ဖုန်း–၇၀၃၂၂၀၊ ၂၉၅၅၅၆၊ ၄၄၁၂၅၁၉
- ❑ **ယမင်းသူ**
  ဖုန်း–၇၀၉၂၅၅
- ❑ **KIS**
  ဖုန်း–၂၉၃၂၉၄၊ ၄၄၁၂၁၈၁၊ ၀၉–၅၀၀၂၄၄၀၊ ၉၀–၅၁၃၄၇၇၈
- ❑ **နွဲ့ပြည့်စုံ**
  ဖုန်း–၃၈၈၄၅၃
- ❑ **တော်ဝင်နှင်းဆီ**
  ဖုန်း–၃၈၀၁၈၃၊ ၃၈၀၈၂၁
- ❑ **စိမ်းလဲ့တင်**
  ဖုန်း–၂၂၈၅၉၀၊ ၀၉–၈၀၂၀၁၄၈
- ❑ **CRANE**
  ဖုန်း–၅၃၈၅၃၅၊ ၇၀၈၅၆၉၊ ၀၉–၅၀၀၂၀၁၈
- ❑ **ZM**
  ဖုန်း–၀၉–၅၁၂၀၁၄၀



www.foreverspace.com.mm

## မန္တလေးက December Beauty Spa

မန္တလေးမြို့တော်ကို ရောက်ခဲ့ရင်ပဲဖြစ်ဖြစ်၊ မန္တလေးမြို့တော်မှာ နေထိုင်သူတွေပဲဖြစ်ဖြစ် အလှအပဆိုင်ရာတွေ ပြုလုပ်လိုလာခဲ့ရင်တော့ အဆင်ပြေအောင်လို့ လမ်းညွှန်ပေးလိုက်တာပါ။ ဆိတ်ငြိမ်အေးချမ်းတဲ့နေရာမှာ ဖွင့်လှစ်ထားလို့ အေးအေးဆေးဆေးအလှပြင်လိုသူတွေအတွက် သင့်လျော်မှာပါ။ ဒီဆိုင်မှာ ခေါင်းလျှော်၊ ဆံပင်ညှပ်၊ မျက်နှာပေါင်းတင်ခြင်း၊ ဆံပင်ပေါင်းတင်ခြင်း၊ ခန္ဓာကိုယ်တစ်ခုလုံး ပေါင်းတင်ခြင်း စတဲ့ အလှအပနဲ့ ဆက်စပ်တဲ့ဝန်ဆောင်မှုတွေကို ဆောင်ရွက်ပေးနေတာ တွေ့ရပါတယ်။

လိပ်စာ –

December Beauty Spa
၆၉ လမ်း၊ ၃၉× ၄၀ လမ်းကြား၊
မန္တလေး။ ဖုန်း–၀၉–၅၁၂၂၈၁၀

## ဆွဲသားပိတ်လိပ်ဝယ်မလား

လုပ်ငန်းငယ်များအတွက်ပဲဖြစ်ဖြစ်၊ ကိုယ်တိုင်ချုပ်လုပ်လိုရင်ပဲဖြစ်ဖြစ်၊ တစ်ဆင့်ပြန်လည်ရောင်းချလိုရင်ပဲဖြစ်ဖြစ် အဆင်ပြေနိုင်မယ့် ဆွဲသားပိတ်လိပ်တွေ ရောင်းချပေးနေတဲ့ နေရာတစ်ခုပါ။ ဒီဆိုင်မှာ ဆွဲသားပိတ်လိပ်အမျိုးမျိုးအပြင် အနွေးထည်နဲ့ စောင်တွေချုပ်ဖို့အတွက် ပိုလာဖီးလိပ်အမျိုးမျိုးနဲ့ကူရှင်ချုပ်ဖို့အတွက် ပိတ်လိပ်တွေလည်း ဝယ်ယူနိုင်မှာပါ။ ဒါ့အပြင် အပ်ချုပ်လုပ်ငန်းတွေအတွက် လိုအပ်တဲ့ဆက်စပ်ပစ္စည်းတွေဖြစ်တဲ့ သားရေကြိုး၊ အပ်ချည်၊ ကော်လာ၊ ဇစ်နဲ့ ကပ်ခွာတွေကိုလည်း ဈေးနှုန်းသင့်တင့်စွာနဲ့ ရောင်းချပေးနေတယ် လို့ဆိုပါတယ်။

လိပ်စာ –

PRINCESS ဆွဲသားပိတ်လိပ်အမျိုးမျိုး ရောင်းဝယ်ရေး
တိုက်–၃၊ အခန်း–၀၀၂၊ လှိုင်သီရိအိမ်ရာ၊
(၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၁၂၈၂၉၊ ၇၀၉၃၄၆၊
၀၉–၅၁၀၁၁၅၁၊ ၀၉–၈၀၃၁၂၃၈

## ရန်ကုန်မှ စစ်တွေသို့ ကုန်ပို့လိုလျှင်

ရန်ကုန်မြို့မှ စစ်တွေမြို့ကို ကုန်ပစ္စည်းများ တင်ပို့လိုသူများအတွက် ကုန်ပို့လုပ်ငန်းတစ်ခုကို လမ်းညွှန်ဖော်ပြလိုက်ပါတယ်။ အဆိုပါကုန်ပို့လုပ်ငန်းမှာ ကမ်းရိုးတန်းသွားဆိပ်ကမ်းမှ ကုန်တင်ပြေးဆွဲမှာဖြစ်ပြီး 'ရွှေငွေခိုင်အောင်' အမည်ရှိတဲ့စက်လှေနဲ့ပေးပို့မှာဖြစ်တယ်လို့ ဆိုပါတယ်။ အဆိုပါလုပ်ငန်းမှာ ပြည်တွင်းရေကြောင်းနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်တဲ့ လုပ်ငန်းဖြစ်ကြောင်းလည်း သိရပါတယ်။

ဆက်သွယ်ရန် –
ကိုကျောက်တောင် ကုန်ပို့လုပ်ငန်း ၊ အမှတ်–၃၄၊
ဗိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၃၈၀၀၉၆၊ ၀၉၉၉–၂၅၉၂၅



# စားသောက်ဆိုင်သစ်

- **Swan Swan Food Channel**
  အမှတ်–၂၄၊ ဗဟိုလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၁၄၉၇၊ ၀၉–၅၀၀၆၅၀၀
- **ကောင်းလက်ရာ မြန်မာထမင်းဆိုင်**
  အမှတ်–၄၀၊ မပိုလမ်း၊ စိတ်တိုင်းကျလက်ဖက်ရည်ဆိုင်အနီး၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
- **၉၉၉**
  အမှတ်–၆၁၊ သစ်တောလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။
- **ကုံးထက် ကြက်ဆီထမင်း (မန္တလေးဆိုင်ခွဲ)**
  အမှတ်–၂၂၆၊ ကျိုက္ကဆံလမ်းမကြီး၊ တာမွေမြို့နယ်၊ ရန်ကုန်။

# ဥရောပအစားအစာအချက်အပြုတ်သင်တန်း

ဥရောပအစားအစာ ချက်ပြုတ်တတ်ဖို့စိတ်ဝင်စားသူတွေရော၊ ဟိုတယ်တွေမှာ စားဖိုမှူးအဖြစ် တာဝန်ထမ်းဆောင်လိုသူတွေအတွက်ပါ ရည်ရွယ်ပြီး ဥရောပစာ အခြေခံအချက်အပြုတ်သင်တန်းတစ်ခုကို လမ်းညွှန်လိုပါတယ်။ ဒီသင်တန်းအပြင် အင်္ဂလိပ်စာ အထူးသင်တန်းလည်းတက် ရောက်နိုင်ပါတယ်။ ဒီမှာသင်တန်းတက်ပြီးရင် ကြယ်ငါးပွင့်အဆင့် ဖိမ်ခံ လူစီးသင်္ဘောတွေမှာ အလုပ်ရဖို့အတွက်ကိုပါ ကူညီဆောင်ရွက်ပေးမယ်လို့ ဆိုပါတယ်။ နိုင်ငံခြားသားဆရာတွေသင်ကြားပေးတယ်လို့သိရပြီး စိတ်ဝင်စားသူတွေ သင်တန်းချိန်အတိအကျစုံစမ်းမေးမြန်းနိုင်ဖို့ လိပ်စာကို ဖော်ပြပေးလိုက်ပါတယ်။ လိပ်စာ – CTI ၊ အမှတ်–၇၉၀၊ အခန်း–၅၀၂၊ နေသီဟစင်တာ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဝါးတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။

# ပုသိမ်က ဒစ်ဂျစ်တယ်ဓာတ်ပုံဆိုင်

ဧရာဝတီတိုင်းရဲ့မြို့တော်ဖြစ်တဲ့ ပုသိမ်မြို့က ဒစ်ဂျစ်တယ်ဓာတ်ပုံဆိုင်ဖြစ်ပါတယ်။ ဘွဲ့ဓာတ်ပုံ၊ အလှပုံ၊ အလှူနဲ့မင်္ဂလာအခမ်းအနားပုံတွေကို လာရောက်ရိုက်ကူးသူတွေစိတ်တိုင်းကျ ဆောင်ရွက်ပေးနေတယ်လို့ဆိုပါတယ်။

လိပ်စာ –

Yin Mar Digital Photo & Video
အမှတ်–၁၀၊ ကုန်သည်လမ်း၊
ရွှေမုဋ္ဌောဘုရားအရှေ့ဘက်မုခ်၊
ပုသိမ်မြို့။
ဖုန်း–၀၄၂–၂၂၆၇၉၊
၀၉–၅၁၀၅၈၆၇၊
၀၉–၅၂၀၀၉၅၁

LIVING COLOR MAGAZINE
526302 , 504496



www.foreverspace.com.mm

# ရေပုပ်စုပ်ယာဉ် ငှားမယ်ဆိုရင်

အခုလို မိုးတွင်းရာသီမှာ နေအိမ်အဆောက်အအုံတွေမှာရှိတဲ့ မိလ္လာကန်များဟာ အလိုအလျောက် ခန်းခြောက်သွားခြင်းမရှိဘဲ မိုးရေစီးဝင်ပြီး ပြည့်လျှံတတ်တာမို့လို့ မိမိနေအိမ်အဆောက်အအုံ ပတ်ဝန်းကျင်အတွက် အနံ့အသက်ဆိုးရွားစေပြီး ကျန်းမာရေးကိုပါ ထိခိုက်စေနိုင်ပါတယ်။ အဆိုပါ မိလ္လာအညစ်အကြေးများကို အချိန်မီစွန့်ထုတ်ပစ်နိုင်ဖို့ ရန်ကုန်မြို့တော် နယ်နိမိတ်အတွင်းမှာ ဝန်ဆောင်မှုပေးနေတဲ့ တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်တဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ စက်ရုံနှင့် မော်တော်ယာဉ်ဌာနရဲ့ ရေပုပ်စုပ်ယာဉ် (Vacuum Truck) ငှားရမ်းခနှုန်းထားများကို မြို့နယ်အလိုက် စုစည်းဖော်ပြပေးလိုက်ပါတယ်။

**မြို့နယ်အလိုက် ရေပုပ်စုပ်ယာဉ် ငှားရမ်းခနှုန်းထားများ**

| စဉ် | မြို့နယ် | ယာဉ်ငှားရမ်းခနှုန်းထား (ကျပ်) | |
|---|---|---|---|
| | | ယာဉ်ကြီး (၁၂၀၀ ဂါလန်) | ယာဉ်သေး (၄၀၀ ဂါလန်) |
| ၁ | မှော်ဘီ၊ လှည်းကူး၊ ကျောက်တန်း | ၄၀,၀၅၀ | ၂၁,၁၂၀ |
| ၂ | လှိုင်သာယာ၊ ပုလဲမြို့သစ်၊ ဝါယာလက်၊ ရွှေပြည်သာ၊ ပတ္တမြားမြို့သစ်၊ ထောက်ကြန့် | ၂၉,၂၅၀ | ၁၆,၁၀၀ |
| ၃ | အင်းစိန်၊ မင်္ဂလာဒုံ၊ မရမ်းကုန်း၊ သန်လျင်၊ မြောက်ဥက္ကလာပ၊ ဒဂုံမြို့သစ် (အရှေ့၊ တောင်၊ မြောက်၊ ဆိပ်ကမ်း)၊ ရွှေပေါက်ကံ | ၂၄,၃၀၀ | ၁၂,၇၀၀ |
| ၄ | လှိုင်၊ ကမာရွတ်၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ အလုံ၊ တောင်ဥက္ကလာပ၊ ရန်ကင်း၊ သင်္ဃန်းကျွန်း၊ ဒလ၊ သာကေတ | ၁၉,၃၀၀ | ၉,၃၀၀ |
| ၅ | ဒဂုံ၊ ဗဟန်း၊ တာမွေ၊ ဒေါပုံ၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ လသာ၊ လမ်းမတော် | ၁၇,၃၂၅ | ၇,၈၀၀ |
| ၆ | မင်္ဂလာတောင်ညွန့် | ၁၄၁,၇၅ | ၆,၃၀၀ |

မှတ်ချက်– အထက်ပါမော်တော်ယာဉ်ငှားရမ်းခနှုန်းထားများဟာ မော်တော်ယာဉ်ဝန်ဆောင်မှုနဲ့ စက်သုံးဆီဖိုးကိုပေါင်းပြီး သတ်မှတ်ထားတာဖြစ်ပါတယ်။ စက်သုံးဆီတစ်ဂါလန် ကျပ် ၃၀၀၀ နှုန်းနဲ့ တွက်ချက် ကောက်ခံထားပါတယ်။

ဆက်သွယ်ရန်လိပ်စာ – စက်ရုံနှင့် မော်တော်ယာဉ်ဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊
၁၀၃ လမ်း၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၀၁၅၅၃

# ဂျင်းပင်န်အမျိုးမျိုး ဝယ်မယ်ဆို

ကိုယ်တိုင်ဝတ်ဆင်လိုရင်ပဲဖြစ်ဖြစ်၊ တစ်ဆင့်ပြန်လည်ရောင်းချလိုရင်ပဲဖြစ်ဖြစ် ဂျင်းပင်န်ဝယ်ယူလိုသူတွေအတွက် လက်လီလက်ကား ရောင်းချပေးနေတဲ့ဆိုင် ဖြစ်ပါတယ်။ ဂျင်းပင်န်အမျိုးမျိုးနဲ့ ထိုင်းနိုင်ငံကနေတင်သွင်းတဲ့ တီရှပ်နဲ့ ရှပ်အင်္ကျီအမျိုးမျိုးကိုလည်း ဒီဇိုင်းစုံလင်စွာ ရောင်းချနေတာ တွေ့ရပါတယ်။ ရန်ကုန်မြို့တော်အပြင် မန္တလေးမြို့တော်မှာလည်း ဆိုင်ခွဲဖွင့်လှစ်ထားပါတယ်။

လိပ်စာ – ပန်းကမ္ဘာ မိသားစုအထည်ဆိုင်
ရန်ကုန်–တိုက်–၅၊ အခန်း–၀၀၃၊ မြေညီထပ်၊ နှင်းဆီလမ်း၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်။ ဖုန်း–၂၀၃၀၁၆၊ ၀၉၅၀၀၈၉၆၄၊ ၀၉၉၀၃၂၃၄၅၊ ၂၀၀၇၄၇ လိုင်းခွဲ ၇၂၆၄
မန္တလေး–ဆိုင်အမှတ်–၆၄/၆၆၊ ယုဇနဒီရုံ၊ မြေညီထပ်၊ အဆင့်မြင့်ဈေးချို၊ မန္တလေး။
ဖုန်း–၀၂–၂၈၈၄၉၊ ၃၆၉၀၉ လိုင်းခွဲ–၃၂၄၇

www.foreverspace.com.mm



# Vinyl ဆိုင်းဘုတ်တွေ အပ်မယ်ဆိုရင်

စီးပွားရေးလုပ်ငန်းကြော်ငြာတွေကို Vinyl ပိုစတာဆိုင်းဘုတ်တွေနဲ့ ပြုလုပ်ဖန်တီးလိုသူတွေအတွက် Vinyl အမြန်ထုတ်ပေးတဲ့လုပ်ငန်းတစ်ခုကို လမ်းညွှန်လိုပါတယ်။ မင်္ဂလာအခမ်းအနားတွေရဲ့ အဝင်ဝမှာ သတို့သားနဲ့ သတို့သမီးရဲ့ အလှပုံတွေကို Vinyl ဘုတ်နဲ့ ပြုလုပ်လိုသူတွေလည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါတယ်။ နယ်ကနေမှာယူလိုသူတွေအတွက်လည်း ကားဂိတ်အရောက်ပို့ဆောင်ပေးနေတယ်လို့ဆိုပါတယ်။ ရန်ကုန်မြို့အပြင် မန္တလေးမြို့မှာပါ ဆိုင်ခွဲဖွင့်လှစ်ထားတာကြောင့် နယ်ကနေလုပ်ငန်းအပ်နှံလိုသူတွေလည်း အဆင်ပြေစေနိုင်မှာပါ။

လိပ်စာ – Idea Digital Inkjet Printing အမှတ်–၂၂၀/၂၂၂၊ ဗိုလ်တထောင်ဘုရား လမ်း(အလယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း–၂၀၂၂၂၄၊ ၂၀၁၂၀၇၊ ၂၉၇၇၉၃၊ ၇၀၀၉၉၈၊ ၀၉–၅၁၅၀၀၀၃
ရတနာပုံဈေး၊ ဒုတိယထပ်၊ ၃၃× ၃၄ လမ်း၊ ၇၇× ၇၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။
ဖုန်း–၀၂–၈၉၆၆၉၄၊ ၈၉၆၉၅

## လုပ်ငန်းသစ် ၊ ဆိုင်သစ်

- **ယုအလှပြင်သင်တန်း**
  အမှတ်–၃၆၅/၃၆၇၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထိပ် (ရွှေခေါင်းလောင်းလက်ဖက်ရည်ဆိုင်အပေါ်ထပ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၅၁၉၂၄၊ ၅၀၁၇၃၃၊လိုင်းခွဲ(၁၃၃၊၁၃၂)
- **Hay Day Fasbion Club**
  Hall(5)၊ အခန်း–၄၊ ရွှေပါရမီ Shopping Mall ၊ အင်းစိန်လမ်းနှင့် ပါရမီလမ်းထောင့်၊ လှိုင်မြို့နယ်၊ ရန်ကုန်။
- **Fancy House Hair & Beauty Salon PIVOT POINT နိုင်ငံတကာကောလိပ်(စင်ကာပူ) မှ အောင်လက်မှတ်ချီးမြှင့်မည့် အထူးရက်တိုသင်တန်း**
  အမှတ်–၂၁၄၊ အနော်ရထာလမ်းနှင့် ၁၂ လမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
- **Royal Mail Express Services Group (ရုံးခွဲသစ်)**
  အမှတ်–၈/၁၃၄၊ ပန်းခင်းလမ်း၊ နေပြည်တော်၊ ပျဉ်းမနားဒေသ။
- **ပရို (PRO) စတူဒီယို အမှတ်(၂)**
  အမှတ်–၈၊ အေးသာယာလမ်း၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။
- **ရွှေလက်ဆက် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး**
  Room(5) Hall(5)၊ ဒုတိယထပ်၊ ရွှေပါရမီရှော့ပင်းမောလ်၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၉၉၂၀၇၇၇
- **7 Color Electroinc Sale & Service Centre**
  အမှတ်–၃၃၇၊ ဗညားဒလလမ်း၊သီတာလမ်းမှတ်တိုင်အနီး၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၀၁၉၀
- **Power Internet Cafe**
  အမှတ်–၃၅၃/၃၅၅၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၆၀၈၆
  E-mail:power2006@myanmar.com.mm
- **သမီးတော် Cosmetic Mart & Beauty Spa**
  အမှတ်–၁၂၂ (မြေညီထပ်)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရေကျော်၊ ၄၈ လမ်း(အထက်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၉၆၆၉၂
- **Face Point Beauty Spa & Eushica Hair Care Centre**
  ပုလဲကွန်ဒိုမီနီယံ၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
- **မိုးနတ်သူ (ဒစ်ဂျစ်တယ်ဓာတ်ပုံ စတူဒီယို)**
  မန္တလေးတက္ကသိုလ်အနောက်ဘက်၊ ရန်ကုန်–မန္တလေးလမ်းမကြီး၊ ခင်စောမုကွေ့၊ မန္တလေး။
- **ရတနာမြိုင် (နာရီဆိုင်)**
  အမှတ်–၅၅၅၊ မဟာဗန္ဓုလလမ်း၊ ကုန်ဈေးတန်းလမ်းနှင့် ၂၆ လမ်းကြား၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၄၆၅၆၁၊ ၀၉–၈၀၂၀၉၅၉
- **Total (Kids School)**
  ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၆၅၅၂၊ ၂၉၃၇၅၄၊ ၅၂၆၄၅၆၊ ၅၅၇၄၄၈ (လိုင်းခွဲ–၈၄၉)
- **လသာတေးသံသွင်း Internet Center**
  အမှတ်–၁၅၁ (အေ)၊ ပထမထပ်၊ လသာလမ်း (အထက်)၊ လသာမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၃၁၀၉၊ ၀၉–၅၀၂၀၈၀၀၊ ၀၉–၅၁၆၄၆၃၆၊
  e-mail:lathainternet@myanmar.com.mm
  lathainternet@gmail.com

www.foreverspace.com.mm



# ဒစ်ဂျစ်တယ်ကင်မရာဝယ်မယ်ဆိုရင်

ဒစ်ဂျစ်တယ်ကင်မရာတွေဟာ အသုံးပြုသူတွေအတွက် အပျော်တမ်းဖြစ်စေ၊ အဆင့်မြင့်ဓာတ်ပုံတွေ ရိုက်ကူးရာမှာဖြစ်စေ အသုံးပြုရတာ လွယ်ကူသက်သာစေပါတယ်။ အဓိကအားသာတဲ့အချက်တစ်ခုကတော့ ဓာတ်ပုံရိုက်ပြီးပြီးချင်း ပြန်ကြည့်နိုင်ခြင်းပါပဲ။ အဆင်မပြေရင် ချက်ချင်းဖျက်ပြီး နောက်တစ်ပုံထပ်ရိုက်လို့ရလို့ ဖလင်ဖိုးသက်သာစေပါတယ်။ ရိုက်ပြီးသားဓာတ်ပုံတွေကို Computer ထဲမှာ Edit လုပ်လို့ရသလို သိမ်းထားပြီး မိသားစု၊ သူငယ်ချင်းများကို E-mail နဲ့ အလွယ်တကူ ပို့နိုင်ပါတယ်။ ဓာတ်ပုံတွေကို မိမိအိမ်မှာတင်ပဲ Photo Printer နဲ့ ထုတ်နိုင်ပါသေးတယ်။ ဒါ့ကြောင့် တစ်နေ့ထက်တစ်နေ့ လူများ ပိုမိုတွင်ကျယ်စွာ အသုံးပြုလာကြတဲ့ ဒစ်ဂျစ်တယ်ကင်မရာတစ်လုံးဝယ်ရင် ဘယ်လိုအချက်တွေကို ထည့်သွင်းစဉ်းစားပြီး မိမိနဲ့အသင့်တော်ဆုံး ကင်မရာတစ်ခု ရွေးချယ်ရမယ်ဆိုတာကို ဖော်ပြပေးလိုက်ပါတယ်။

**၁။ အဓိက ဘာအတွက်အသုံးချမှာလဲ။**

အပျော်တမ်းဓာတ်ပုံရိုက်ဖို့အတွက်ဆိုရင်တော့ Automatic Mode ပါတဲ့ ချိန်ပြီးရိုက်ရုံသာလိုတဲ့ point-and-shoot ကင်မရာမျိုးတွေက အသင့်တော်ဆုံးပါပဲ။ ဒီကင်မရာအမျိုးအစားတွေဟာ သေးလည်းသေးငယ်တဲ့အတွက် ဘယ်နေရာကိုမဆို သယ်ဆောင်သွားဖို့လည်း အဆင်ပြေပါတယ်။

အပျော်တမ်းသက်သက်မဟုတ်ဘဲ ဓာတ်ပုံရိုက်ခြင်းကို ဝါသနာပါပြီး Professional ဓာတ်ပုံရိုက်ခြင်းပညာကို ဆက်လက်တိုးပွားလိုသူတွေအတွက်ကတော့ Manual Control ပါ လုပ်လို့ရတဲ့ point-and-shoot ကင်မရာမျိုးက သင့်တော်ပါတယ်။ Automatic Mode ပါသလို Auto မသုံးဘဲ Zoom, Lighting တွေကို အဆင်သင့်အောင် Control လုပ်လို့ရနိုင်တဲ့အတွက် ဓာတ်ပုံရိုက်ဝါသနာပါသူတွေအတွက် သင့်တော်ပါတယ်။

Professional ဓာတ်ပုံဆရာများအတွက်ဆိုရင်တော့ Lens တွေ အမျိုးမျိုးပြောင်းလဲတပ်ဆင်ရိုက်လို့ရတဲ့ Digital SLR (Single Lens Reflex) အမျိုးအစားကင်မရာကို ရွေးချယ်သင့်ပါတယ်။ SLR ကင်မရာတွေမှာ Automatic Mode လည်း ပါပါတယ်။ ဒါ့အပြင် Lens တွေကို Telephoto သို့မဟုတ် Wide-Angle Lens တွေ လိုအပ်သလို ပြောင်းသုံးနိုင်ပါတယ်။




**၂။ Megapixel နဲ့ Zoom ဘယ်လောက်သုံးသင့်သလဲ။**

ဒစ်ဂျစ်တယ်ကင်မရာတွေဟာ ရုပ်ပုံတစ်ခုပေါ်လာအောင် TV လိုပဲ ရုပ်ပုံအရောင်အစက်ကလေးတွေကိုစုပြီး ရုပ်ပုံပေါ်စေပါတယ်။ ရုပ်ပုံအရောင်အစက်များလေ ဓာတ်ပုံက ပိုကောင်းလေပါပဲ။ အဲဒီရုပ်ပုံအရောင်အစက်အရေအတွက်ကို Megapixel နဲ့ တိုင်းတာပါတယ်။

ဓာတ်ပုံတွေကို E-mail နဲ့ပို့မယ်၊ Print ထုတ်မယ်ဆိုရင်တော့ 3 to 4 Megapixel လောက် ရှိဖို့လိုပါတယ်။

ဓာတ်ပုံတွေကို Presentation အတွက် သို့မဟုတ် 11"x17" အရွယ် ပုံကြီးချဲ့ဖို့အတွက် ဓာတ်ပုံမူလ Quality အတိုင်း ထွက် လိုရင်တော့ 5 to 6 Megapixel လောက် သုံးသင့်ပါတယ်။

ဝါရင့်ဓာတ်ပုံဆရာများနဲ့ အနုစိတ်ပုံတွေကို နှစ်သက်သလို အကြီးချဲ့နိုင်ဖို့ကတော့ 7 Megapixel နဲ့အထက်တွေကို သုံးနိုင်ပါတယ်။

**Zoom**

ဒစ်ဂျစ်တယ်ကင်မရာတွေမှာ Digital နဲ့ Optical ဆိုပြီး Zoom နှစ်မျိုး ရှိပါတယ်။ Optical Zoom က ကိုယ်ရိုက်ချင်တဲ့ အရာဝတ္ထုကို မူလဓာတ်ပုံအရည်အသွေးမကျစေဘဲ အနီးကပ်ရိုက်နိုင်တဲ့အတွက် အဓိကအရေးကြီးပါတယ်။ Digital Zoom ကတော့ အရာဝတ္ထုတစ်ခုကို အနီးကပ်ဆွဲတဲ့အခါ ဓာတ်ပုံအရည်အသွေး အနည်းငယ် ကျသွားစေပါတယ်။ Digital Zoom က ဓာတ်ပုံရိုက်ပြီး ကင်မရာရဲ့ LCD Screen မှာ ဓာတ်ပုံပြန်ကြည့်တဲ့အခါ အသုံးဝင်ပါတယ်။

Opitical Zoom ဘယ်လောက်လိုသလဲဆိုတာကလည်း မိမိရိုက်မယ့်ပုံတွေပေါ်မှာ မူတည်ပါတယ်။

မိသားစုအပျော်တမ်းဓာတ်ပုံတွေသာ ရိုက်ဖို့ဆိုရင်တော့ 1x to 4x Opitical Zoom က သင့်တော်ပြီး ဒစ်ဂျစ်တယ်ကင်မ ရာ

www.foreverspace.com.mm

အသေးစားတော်တော်များဟာ 1 x to 4 x လောက်ပဲ ရှိကြပါတယ်။

အဝေးမှာရှိတဲ့အရာဝတ္ထုတစ်ခုကို အနီးကပ်ရိုက်ရတဲ့အခါမျိုးအတွက်တော့ 5 x နဲ့ အထက်လောက် သုံးရပါမယ်။

Professional ဓာတ်ပုံဆရာတွေအတွက် အနုစိတ်၊ ဝေးလွန်းသောနေရာတွေနဲ့ အရာဝတ္ထုတွေရိုက်မယ်ဆိုရင်တော့ 10 x to 12 x လောက်သုံးသင့်ပါတယ်။ ဒီလိုကင်မရာအမျိုးအစားတွေကတော့ဈေးကြီးပြီး အရွယ်ကလည်း ကြီးမားတတ်ကြပါတယ်။

**၃။ ကင်မရာအရွယ်အစား**

ဒစ်ဂျစ်တယ်ကင်မရာ အသုံးပြုမှုတွင်ကျယ်လာတဲ့အလျောက် အရည်အသွေးကောင်းပြီး သယ်ဆောင်ရလွယ်ကူတဲ့ အရွယ်အစားနဲ့ ဒီဇိုင်းမျိုးစုံတွေ ပေါ်ထွက်လာပါပြီ။ မိသားစု၊ သူငယ်ချင်းများနဲ့ ပျော်ပွဲစား၊ လေ့လာရေးခရီးနဲ့ ပွဲလမ်းသဘင်သွားလာတဲ့အခါ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးဖို့ဆိုရင်တော့ သယ်ရလွယ်ကူပြီး ပေ့ါပါးတဲ့အရွယ်ကင်မရာမျိုး ရွေးချယ်သင့်ပါတယ်။ အမြဲတစေ တိုးတက်တီထွင်နေတဲ့ နည်းပညာကြောင့် Professional ဓာတ်ပုံသမားတွေအတွက်ကတော့ Lens တွေ အများကြီးပါတဲ့ အရွယ်အစားကြီးကြီးနဲ့မှ အဆင်ပြေပါမယ်။

**၄။ လိုအပ်တဲ့နောက်ဆက်တွဲပစ္စည်းများ**

**Memory Card –** ဓာတ်ပုံတွေများများရိုက်ပြီးဆံ့နိုင်အောင် Memory ကောင်းကောင်းလိုပါမယ်။ 4 Megapixels Opital Zoom သုံးတဲ့ ကင်မရာတွေအတွက် 256MB Memory လိုပါတယ်။ 5 to 6 megapixel လောက် သုံးမယ်ဆိုရင်တော့ 512MB memory လောက် သုံးရပါမယ်။ Professional ဓာတ်ပုံဆရာတွေအတွက်တော့ 1GB လောက် memory ရှိထားသင့်ပါတယ်။

**Printing –** ဒစ်ဂျစ်တယ်ကင်မရာဟာ ဓာတ်ပုံတွေကို မိမိအိမ်မှာတင် ထုတ်လုပ်ရပါတယ်။ ဒီအတွက်တော့ Color Photo Printer ကောင်းကောင်းလိုပါမယ်။ 4"x6" အရွယ်ဓာတ်ပုံတွေအတွက် အိမ်မှာပဲ Computer မလိုဘဲ Printer ကနေ ကင်မရာနဲ့ တိုက်ရိုက်ချိတ်ပြီးထုတ်နိုင်တဲ့ Printer တွေ ရှိပါတယ်။ ဓာတ်ပုံထုတ်ဖို့ ဓာတ်ပုံကူးစက္ကူနဲ့ မင်အရောင်တော့ လိုပါမယ်။

**Batteries –** ဒစ်ဂျစ်တယ်ကင်မရာတွေဟာ Power အရမ်းသုံးလို့ ဘက်ထရီအမြဲလိုပါတယ်။ ဓာတ်အားပြန်သွင်းနိုင်တဲ့ Rechargeable Batteries တွေကို လုံလုံလောက်လောက် အပိုအမြဲဆောင်ထားသင့်ပါတယ်။

**Case –** နောက်ဆုံးလိုတဲ့အချက်ကတော့ ဈေးကြီးပေးပြီး ဝယ်ထားရတဲ့ ဒစ်ဂျစ်တယ်ကင်မရာကို မပွန်း၊ မပျက်စီးစေရန် အဖုံးပါအိတ် (Case) ကောင်းကောင်းနဲ့ထားပြီး သယ်ဆောင်သင့်ပါတယ်။

■

# အိမ်မွေးတိရစ္ဆာန်လေးတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှု

မိမိတို့ရဲ့အိမ်မှာ မွေးမြူထားတဲ့ အိမ်မွေးတိရစ္ဆာန်လေးတွေ နေထိုင်မကောင်းဖြစ်ခဲ့ရင် ကိုယ်တိုင်သွားစရာမလိုဘဲ ဖုန်းဆက်လိုက်ရုံနဲ့ အိမ်အရောက်ကုသပေးနေတဲ့ ဝန်ဆောင်မှုလုပ်ငန်းတစ်ခုရဲ့ ဆက်သွယ်ရမယ့် ဖုန်းနံပါတ်ကို ဖော်ပြပေးလိုက်ပါတယ်။

ဖုန်း–၀၉–၅၁၆၂၀၀၆

# နေရာပြောင်း လိပ်စာသစ်

- **Chient Focus Technology Group**
  အမှတ်– ၁၃၀၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
- **ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်းများအသင်းချုပ် (UMFCCI)**
  အမှတ်–၂၉၊ UMFCCI OFFICE TOWER၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
- **Top Three Company Limited**
  အမှတ်–၅၀၃၊ ဘီ–၂၀၊ TCC ရိပ်သာ၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၃၉၄၀၄၊ ၅၂၇၂၃၆၊ ၄၄၁၂၂၀၇၊ ၀၉–၅၀၁၂၉၈၁၊ ၀၉–၅၁၁၃၁၄၉၊ ဖက်စ်–၅၃၉၄၀၄
  e-mail:topthree@myanmar.com.mm
- **Golden Elite Trading Co., Ltd.**
  အမှတ်–၁၈၂/၁၉၄၊ အခန်း–E ၊ F ၊ ပထမထပ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၅၈၀၅၊ ၂၉၇၀၂၇၊ ဖက်စ်–၂၀၂၇၃၇
  E-mail-g-elite@myanmar.com.mm
- **တိုင်းကျော်အောင် (အီလက်ထရွန်နစ်ဆိုင်)**
  အမှတ်–၂၀၇၊ ဆိပ်ကမ်းသာလမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၃၈၀၈၅၃၊ ၀၉–၅၁၀၀၇၁၄
- **Ruby Dragon Companies**
  အမှတ်–၃၉ (အေ)၊ ၇ မိုင်ခွဲ၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၆၀၃၁၂၊ ၆၅၂၆၆၂၊ ၆၅၂၇၄၉
  ဖက်စ်–၆၅၂၇၉၃

www.foreverspace.com.mm



# Choiceness In Mandalay

မန္တလေးမြို့တော်ဟာ မြန်မာနိုင်ငံရဲ့အလယ်ပိုင်းမှာတည်ရှိပြီး စီးပွားရေးအရလည်း အချက်အချာ ကျတဲ့နေရာဒေသတစ်ခု ဖြစ်ပါတယ်။ မန္တလေးမြို့တော်ကိုရောက်ခဲ့လို့ အပြန်လက်ဆောင်ပစ္စည်း ဝယ်လိုရင်ပဲဖြစ်ဖြစ်၊ မိတ်ဆွေနိုင်ငံခြားသားတွေကို လက်ဆောင်ပေးလိုရင်ပဲဖြစ်ဖြစ် မန္တလေးမြို့မှာ ဖွင့်လှစ်ထားတဲ့လုပ်ငန်းတွေထဲကနေ အောက်ဖော်ပြပါလုပ်ငန်းတွေကို ရွေးချယ်ဖော်ပြပေးလိုက်ပါတယ်။ ဒီလုပ်ငန်းတွေထဲမှာ အစားအသောက်ရောင်းချတဲ့ဆိုင် အများစုပါဝင်ပါတယ်။ မန္တလေးမြို့ကိုရောက် သူအများစု ဝယ်ယူလေ့ရှိတဲ့ဆိုင်တွေဖြစ်တာကြောင့် ရွေးချယ်ဖော်ပြပေးရခြင်း ဖြစ်ပါတယ်။

**အရီးတောင်းလက်ဖက်နှင့်အကြော်စုံ**

လွန်ခဲ့တဲ့ နှစ်ပေါင်းအတော်ကြာကြာကတည်းက ဖွင့်လှစ်ထားတာဖြစ်ပြီး ပြည်ပကို လက်ဆောင်ပေးလိုသူတွေ အများဆုံး ဝယ်ယူလေ့ ရှိပါတယ်။ မန္တလေးမြို့၊ ရန်ကုန်မြို့တွေအပြင် ပြည်ပမှာပါ ဆိုင်ခွဲတွေဖွင့်လှစ်ထားတယ်လို့ သိရပါတယ်။ လက်ဖက်နဲ့အကြော်စုံရောင်းချတဲ့လုပ်ငန်းအပြင် အခမ်းအနားတွေမှာ အလှူဆင်ပေးတဲ့ဝန်ဆောင်မှုလုပ်ငန်းကိုပါ ဆောင်ရွက်နေတယ်လို့ ဆိုပါတယ်။

- ❑ အမှတ်-၁၇၂၊ ၈၆ လမ်း၊ ၂၄× ၂၅ လမ်းကြား၊ ရေကြည်ရပ်၊ မန္တလေး။ ဖုန်း-၀၂-၃၉၇၄၄၊ ၆၀၃၉၉
- ❑ အမှတ်-၃၄၊ ၈၅ လမ်း၊ ၂၉× ၃၀ လမ်းကြား၊ ဝါးတန်းရပ်၊ မန္တလေး။ ဖုန်း-၀၂-၆၀၉၉၃၊ ၃၆၁၆၆၊ ၃၉၇၃၃
- ❑ အမှတ်-၃၀၊ ၃၂၊ ၃၄၊ ၃၆၊ မြေညီထပ်၊ ကုံကော်ရုံ၊ ဈေးချို၊ မန္တလေး။ ဖုန်း-၀၂-၃၉၉၃၃၊ ၃၆၉၀၉ (လိုင်းခွဲ-၃၁၆၃)
- ❑ အမှတ်-၂၆၅၊ အခန်း-၉၊ ကုန်ဈေးတန်းလမ်း၊ ၂ ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၅၂၇၅၀၊ ၂၅၂၇၄၇၊ ၀၉-၅၀၀၁၈၃၆

**ဒေါ်မြရင် ဝက်အူချောင်း**

ဒီအမှတ်တံဆိပ်ကိုတော့ ဝက်အူချောင်းကြိုက်သူတိုင်း သိကြမယ်လို့ ထင်ပါတယ်။ မန္တလေးက ပြန်လာသူအများစု ဝယ်လာလေ့ရှိတဲ့ လက်ဆောင်ပစ္စည်းတွေထဲမှာ တစ်ခုအပါအဝင် ဖြစ်ပါတယ်။ ဝက်အူချောင်း၊ ဝက်ပေါင်ပြားခြောက်၊ သုံးထပ်သားခြောက်တွေ ထုတ်လုပ်ရောင်းချနေပြီး အသားခြောက်တွေ ဝယ်ယူလိုတယ်ဆိုရင်တော့ မနက်စောစောသွားဝယ်ထားမှ ရဖို့ သေချာတယ်လို့ သိရပါတယ်။

- ❑ အမှတ်-၅၁၂၊ လမ်း-၈၀၊ ၃၀× ၃၁ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ ဖုန်း-၀၂-၃၁၁၃၀

**မြင့်မြင့်ခင် (ထိုးမုန့်၊ လမုန့်)**

ထိုးမုန့်၊ လမုန့်၊ ဧလေမုန့် စတဲ့ စားစရာမျိုးစုံရနိုင်ပြီး မန္တလေးမြို့တော်ရဲ့ အဝေးပြေးကားဝင်းတွေ၊ ဘုတာကြီး၊ ဈေးချို စတဲ့ လူစည်ကားရာနေရာတွေမှာ ဆိုင်ခွဲတွေဖွင့်လှစ်ထားပါတယ်။ မဝယ်ခင်အရသာကို မြည်းစမ်းကြည့်နိုင်လို့ ကိုယ်ကြိုက်တဲ့ မုန့်ကိုပဲ ရွေးချယ်ဝယ်ယူနိုင်ပါတယ်။

- ❑ အမှတ်-၆၃၊ ၆၅၊ သစ်သီးတန်း၊ ဈေးချို၊ မန္တလေး။ ဖုန်း-၀၂-၃၃၄၅၄
- ❑ သီရိမန္တလာကားဝင်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။
- ❑ ချမ်းမြရွှေပြည်ကားဝင်း၊ ကွဲဆည်ကန်၊ ပြည်ကြီးတံခွန်မြို့နယ်။ မန္တလေး။ ဖုန်း-၀၂-၈၀၁၅၄
- ❑ ၇၈ လမ်း၊ ၃၀× ၃၁ လမ်းကြား၊ ဘူတာကြီးရှေ့၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ ဖုန်း-၀၂-၃၃၅၅၄
- ❑ ၂၄ လမ်း၊ ၈၈× ၈၉ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေး။ ဖုန်း-၀၂-၃၁၆၈၄
- ❑ အဆောင်-၄၊ အခန်း-၁၊ ကွဲဆည်ကန်ကားဝင်းတောင်ဘက်တန်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး။ ဖုန်း-၀၂-၈၀၆၉၂

**ဒေါ်ရှို (နှမ်းမနဲ၊ နန္ဒင်းမကင်း)**

နှမ်းမနဲကို ရာသီမရွေးရနိုင်တဲ့နေရာ ဖြစ်ပါတယ်။ အရသာကောင်းမွန်တဲ့ နန္ဒင်းမကင်းကိုလည်း ဝယ်ယူနိုင်မှာပါ။

- ❑ ၈၂ လမ်း၊ ၃၃× ၃၄ လမ်းကြား၊ မန္တလေး။

**သီဂီရွှေဝါပိုးထည်**

မြန်မာ့ရိုးရာ ပိုးထည်တွေကိုမှ တန်ဖိုးထားဝတ်ဆင်လိုသူတွေအတွက် လမ်းညွှန်ဖြစ်ပါတယ်။ မြန်မာ့ပိုးစစ်အထည်တွေကို အဆင်အသစ်အဆန်းစုံစုံလင်လင်နဲ့ ပစ္စည်းအရည်အသွေးကောင်းမွန်ကြောင်း အာမခံတယ်လို့ ဆိုပါတယ်။

- ❑ စစ်ကိုင်း-မန္တလေးလမ်း၊ ရေတွင်း ညီနောင်ရပ်၊ အမရပူရမြို့ (ပင်ရင်း)၊ ဖုန်း-၀၂-၇၀၀၅၁၊ ၇၀၀၆၃
- ❑ အမှတ် (၇၂-၇၄)၊ ၃၃ လမ်း၊ ၇၇× ၇၈ လမ်းကြား၊ ရတနာပုံဈေးသစ်ကြီး၊ မန္တလေး။ ဖုန်း-၀၂-၃၉၉၇၂

**ရွှေချည်ထိုး ဦးစိန်မြင့်**

ရွှေချည်ထိုး အသုံးအဆောင်ပစ္စည်းတွေကိုမှနှစ်သက်လို့

www.foreverspace.com.mm

ကိုယ်တိုင်သုံးစွဲဖို့ဖြစ်စေ၊ နိုင်ငံခြားသားမိတ်ဆွေတွေကို လက်ဆောင်ပေးဖို့ဖြစ်စေ ဝယ်ယူနိုင်စေဖို့နဲ့ ရွှေချည်ထိုးပစ္စည်းတွေကို ဘယ်လိုထုတ်လုပ်တယ်ဆိုတာလည်း လေ့လာနိုင်ပါလိမ့်မယ်။

- ❑ အမှတ်–၄၂၊ ၆၂ လမ်း၊ ၁၆× ၁၇ လမ်းကြား၊ နန်းရှေ့ရပ်၊ မန္တလေး။ ဖုန်း–၀၂–၃၉၂၅၄၊ ၆၆၇၅၃၊ ၀၉–၉၀၆၁၀၆၂

## သူနာပြုအကူသင်တန်းတက်မယ်ဆိုရင်

ပြည်တွင်း၊ ပြည်ပဆေးရုံကြီးတွေမှာ သူနာပြုအဖြစ်လုပ်ကိုင်လိုသူတွေ အလုပ်အကိုင်ရှာဖွေရာမှာ အထောက်အကူဖြစ်စေဖို့အတွက် သူနာပြုအကူသင်တန်းအချို့ကို စုစည်းဖော်ပြလိုက်ပါတယ်။

**❑ Star**

အမှတ်–၃၀၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၅၇၉၁၊ ၂၂၅၈၅၀

**❑ အောင်စကြာ**

– အမှတ်–၂၁၅၊ မြေညီထပ်၊ ၃၈ လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၈၂၄၃၁၊ ၃၇၆၀၇၃၊ ၀၉–၉၉၇၂၀၈၉၊ ၀၉–၅၁၄၇၄၇၂

– အမှတ်–၅၈၈/A၊ လမ်း ၈၀၊ ၃၅ × ၃၆ လမ်းကြား၊ မန္တလေး။ ဖုန်း–၀၉–၂၀၀၄၆၈၈၊ ၀၂–၂၅၇၆၆

**❑ မေတ္တာရှင်**

– မေတ္တာရှင်အထူးကုဆေးခန်း၊ ဗားကရာလမ်း၊ (ရှမ်းလမ်းမှတ်တိုင်)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၁၄၇၈၇၁၊ ၅၃၈၉၆၅၊ ၅၃၈၉၆၆

**❑ Rx International Training Centre**

အခန်း–F/H၊ ၉ လွှာ၊ ဒဂုံတာဝါ၊ ရွှေဂုံတိုင်လမ်းဆုံ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၈၅၂၂၊ ၀၉–၅၀၀၆၁၁၁၊ ၀၉–၅၁၀၅၄၁၈

**❑ မြတ်သစ္စာ**

အမှတ်–၁၀၀/၁၀၆၊ ၄၁ လမ်း (အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၆၇၀၀၊ ၂၂၁၅၀၆

**❑ မြတ်မေတ္တာ**

အမှတ်–၁၄၆၊ ၁၅ လမ်း (အထက်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၁၅၀၆

**❑ မြတ်စေတနာ**

အမှတ်–၅၄၊ စံရိပ်ငြိမ် (၄) လမ်းထိပ်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၂၆၅၇၊ ၂၂၁၅၀၆

**❑ CARE**

အမှတ်–၄၁၊ ဒုတိယထပ်၊ လမ်းသစ်လမ်း (မော်တင်အောက်လမ်း)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၃၀၄၉

**❑ PYI THEIN Training Centre**

အမှတ်–၁၊ ၅ လွှာ၊ ဂမုန်းပွင့်ကုန်တိုက်အနီး၊ ဗိုလ်မိုးလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၃၄၀၄၂

**❑ အောင်မြေသာစည်**

အခန်း–၀၀၄၊ တိုက်–၂၊ အောင်မြေသာစည်အိမ်ရာ၊ ရန်ကုန်–အင်းစိန်လမ်းမကြီး၊ (၁) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၀၈၀၅၊ ၇၂၁၃၁၉၊ ၀၉–၅၁၃၈၆၅၇

**❑ Best Training Centre**

– အမှတ်–၅၊ စတုတ္ထထပ် (ဘယ်)၊ ၁၄၆ လမ်း၊ တာမွေမြို့နယ် (သီတာလမ်းမှတ်တိုင်)၊ ရန်ကုန်။ ဖုန်း–၂၉၉၁၈၅၊ ၀၉–၅၁၃၄၉၇၄

– ၃ ထပ်ဈေးအပေါ်ဆုံးထပ်၊ ပဲခူးမြို့မဈေးကြီး၊ ပဲခူး။ ဖုန်း–၀၅၂–၂၂၆၃၅

## ဘိုကလေးမှာ တည်းမယ်ဆိုရင်

ဧရာဝတီတိုင်းအတွင်း မိန်းမလှကျွန်း ဘေးမဲ့တောကို သွားရောက်လေ့လာနိုင်တဲ့ အခြေပြုမြို့တစ်မြို့ဖြစ်ပြီး မီးသွေးနဲ့ ပုစွန်ခြောက် နာမည်ကျော်တဲ့ ဘိုကလေးမြို့မှာ ညအိပ်တည်းခိုလိုသူတွေအတွက် တည်းခိုခန်းတစ်ခုကို လမ်းညွှန်လိုပါတယ်။ အထပ်နှစ်ထပ်ပါရှိပြီး တည်းခိုခန်း ဖွဲ့စည်းပုံနဲ့ အိပ်ခန်းတွေ ခေတ်မီသပ်ရပ်သန့်ရှင်းမှု ရှိပါတယ်။ တစ်ယောက်ခန်း သုံးခန်း၊ နှစ်ယောက်ခန်း ၁၆ ခန်းနဲ့ ရေချိုးခန်းအိမ်သာတွဲလျက် နှစ်ယောက်ခန်း နှစ်ခန်းပါရှိပြီး တစ်ညတည်းခိုခနှုန်းထားကတော့ ၁၅၀၀ ကျပ်၊ ၃၀၀၀ ကျပ်နဲ့ ၅၀၀၀ ကျပ် အသီးသီး ကျသင့်ပါတယ်။ ရန်ကုန်၊ ဖျာပုံကားတွေ ဝင်ထွက်နေတဲ့မြို့လယ်က ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်မှာတည်ရှိပြီး ဈေး၊ သင်္ဘောဆိပ်တို့နဲ့လည်း နီးတာကိုတွေ့ရပါတယ်။

လိပ်စာ – ပန်းသခင်တည်းခိုခန်း
အမှတ်–၃၈၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ဘိုကလေးမြို့၊ ဧရာဝတီတိုင်း။
ဖုန်း–၃၈၀၀၂၀၊ ၃၈၀၀၂၁ (လိုင်းခွဲ–၂၅၂)

www.foreverspace.com.mm

## အင်းလေးရိုးရာ အစားအစာ

အင်းလေးရိုးရာအစားအစာ သုံးဆောင်လိုသူများအတွက် ရန်ကုန်မြို့မှာ အင်းသားတွေ ကိုယ်တိုင်ဖွင့်လှစ်ထားတဲ့ ဆိုင်တစ်ဆိုင်ကို လမ်းညွှန်လိုပါတယ်။ အင်းလေးရိုးရာအစားအစာများဖြစ်တဲ့ ငါးထမင်းနယ်၊ ပဲသီးစိမ်းထောင်း၊ အာလူးထမင်းနယ်၊ ဆန်လုံးဆီကြော်၊ ဂျုံးမြစ်သုပ်၊ ဂျုံးမြစ်နှင့်မြေပဲကြော်၊ ပဲပုပ်ချက်၊ သီးရွက်စုံထောင်း၊ ခရမ်းချဉ်းသီးအစိမ်းသုပ်၊ ပဲပုပ်ကြော်၊ ကြွေမုန့်ကင်၊ ပဲပုပ်ထမင်းကြော်၊ သဘော်သီးထောင်း၊ ဆလတ်ရိုးသုပ်၊ ကြာဆံသုပ်၊ ဆေးဘဲဥသုပ် စတဲ့ စားသောက်ဖွယ်ရာများ ရရှိနိုင်ပါတယ်။

ဆိုင်အခင်းအကျင်း သပ်ရပ် သန့်ရှင်းကျယ်ဝန်းပြီး အလှူမင်္ဂလာနှင့် ဧည့်ခံပွဲအမျိုးမျိုးအတွက် အိမ်တိုင်ရာရောက် ပစ္စည်းအစုံအလင်ဖြင့် လိုက်လံပြင်ဆင်ကျွေးမွေးပေးတယ်လို့ ဆိုပါတယ်။

လိပ်စာ –
နန်းပန်ရွှာ အင်းလေးရိုးရာ စားဖွယ်ရာ
အမှတ်–၄၀/၄၂၊
ဗိုလ်ဆွန်ပက်လမ်း၊
ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း–၃၈၇၆၉၅

## GSM အပိုပစ္စည်းဝယ်မယ်ဆို

ရန်ကုန်နဲ့ မန္တလေးမြို့တော်တွေအပြင် နယ်မြို့ကြီးအတော်များများပါ GSM ဖုန်းတွေ ထပ်မံငှားရမ်းချထားပေးနေတာမို့ GSM သုံးစွဲသူတွေ အကြိုက်တွေ့နေကြတာတွေ့ရပါတယ်။ သာမန်ရိုးရိုး Hand Set ပဲ ကိုင်တွယ်အသုံးပြုသူတွေရှိပေမယ့် တော်တော်များများကတော့ Hand Set ကို မော်ဒယ်လ်သစ်၊ ဒီဇိုင်းသစ်ပေါ်တာနဲ့ အသစ်ပြောင်းလဲကိုင်လေ့ရှိပါတယ်။ ဒါကြောင့်မို့ GSM Hand Set တွေနဲ့ Batteries, Hands Free, Desktop Charger နဲ့ တခြား ဆက်စပ်အပိုပစ္စည်းတွေ ဝယ်ယူနိုင်မယ့် ဆိုင်တစ်ခုကို လမ်းညွှန်ပေးလိုက်ပါတယ်။ ဆိုင်ခွဲလိပ်စာတွေပါ ဖော်ပြပေးလိုက်တာမို့ နီးစပ်ရာမှာ ဝယ်ယူနိုင်မှာပါ။

လိပ်စာ–

ရန်ကုန် – အမှတ် S-30၊ မြေညီထပ်၊ ယုဇနပလာဇာမျက်နှာစာတန်း၊ ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း–၂၀၀၇၄၇ လိုင်းခွဲ–၁၅၂၁၊ ၀၉–၅၀၁၁၅၆၅

မန္တလေး – ဆိုင်အမှတ် (E)၊ ၃၅ လမ်း၊ ၈၀× ၈၁ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ ဖုန်း–၀၂–၆၅၀၂၂၊ ၀၉–၅၀၀၅၃၉၅

မော်လမြိုင် – အမှတ်–၂၂၄၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ ဖုန်း–၀၅၇–၂၄၇၁၁၊ ၀၉–၅၁၁၆၈၅၀

## အလုံက ပန်းသေးခေါက်ဆွဲဆိုင်

ပန်းသေးခေါက်ဆွဲသာမကကီးမား ပလာတာပါ အရသာထူးခြားကောင်းမွန်တဲ့ အလုံမြို့နယ်အတွင်းက စားသောက်ဆိုင်သစ် ဖြစ်ပါတယ်။ လက်ဖက်ရည်၊ ကော်ဖီ၊ အအေးမျိုးစုံအပြင် မုန့်ဟင်းခါး၊ နန်းကြီးသုပ်၊ နန်းပြားသုပ်၊ မုန့်ဖတ်သုပ်၊ ခေါက်ဆွဲသုပ်၊ ရွှေတောင်ခေါက်ဆွဲ၊ မြီးရှည်၊ ပြည်ထမင်းသုပ်၊ ရှမ်းထမင်းနယ်၊ ပဲပြုတ်ဆီဆမ်းထမင်း၊ ထမင်းကြော် (ဟင်းအမျိုးမျိုး)၊ ထမင်းဖြူ (ဟင်းအမျိုး မျိုး)၊ အာလူးပူရီ၊ တိုရှည်၊ ပလာတာအမျိုးမျိုး၊ အီကြာကွေး၊ စမူဆာ၊ ကော်ပြန့်၊ ဆိတ်သားပေါ့ဖ်၊ ကြက်ဥပေါင်မုန့်ကြော်၊ ဘဲသားမုန့်၊ နံပြား စတဲ့ စားသောက်ဖွယ်ရာတွေပါ ရရှိသုံးဆောင်နိုင်ပါတယ်။ ဆိုင်အခင်းအကျင်း သပ်ရပ်သန့်ရှင်းကာ ကျယ်ဝန်းမှုရှိပြီး နေ့စဉ် မနက် ၆း၀၀ နာရီမှ ည ၉း၀၀ နာရီအထိ ဖွင့်ပါတယ်။

လိပ်စာ – ၉၉၉ စားသောက်ဆိုင်
အမှတ်–၆၁၊ သစ်တောလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။

LIVING COLOR MAGAZINE - 526302 , 504496 , 4412163

Chief Editor - c-editor@myanmarpartners.com.mm

News Room - myanfo@myanmarpartners.com.mm

Marketing - paz@myanmarpartners.com.mm

# ၂၀၀၆ ခုနှစ် ဇူလိုင်နှင့် ဩဂုတ်လများအတွင်း ထွက်ရှိသောစာအုပ်များ

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ်အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | ဖြစ်တည်မှုအခြေပြုနိုင်ငံတကာရသစာစု<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၄၀၆၀၅၀၄ | ကျော်လှိုင်ဦး၊ မြတ်ငြိမ်း၊<br>မောင်ရဲခိုင်၊ဆန်းလွင်၊ကိုကိုမောင် | ၅၀၀ | ၉၀၀ | သဟဇာတ | ၂၀၀၆–ဩဂုတ်<br>(ပ–ကြိမ်) | ဘာသာပြန်ရသစာစု |
| ၂။ | နှစ်ဆယ့်တစ်ရာစုကျန်းမာရေး<br>ပြဿနာများ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၆၈၅၀၆၀၅ | ဒေါက်တာခွန်စိုးမိုး | ၁၀၀၀ | ၁၀၀၀ | စိုးဆေးဆိုင် | ၂၀၀၆–ဇူလိုင်<br>(ပ–ကြိမ်) | ကျန်းမာရေးပညာပေး |
| ၃။ | အသည်းရောဂါအကြောင်းပြောပြမယ်<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၂၉၂၀၅၁၁ | ဒေါက်တာဝင်းနိုင်<br>မောင်မျိုးဆင့်<br>တွေ့ဆုံမေးမြန်း | ၅၀၀ | ၁၅၀၀ | ရှင်မတောင် | ၂၀၀၆–ဇူလိုင်<br>(ပ–ကြိမ်) | ကျန်းမာရေး |
| ၄။ | လောကကိုအနိုင်ယူမယ်<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၇၆၃၀၆၀၆ | တက္ကသိုလ်နေဝင်း<br>(မြန်မာပြန်) | ၅၀၀ | ၂၀၀၀ | ကျော်မွေး | ၂၀၀၆–ဇူလိုင်<br>(ဒု–ကြိမ်) | ဘာသာပြန်ဝတ္ထု |
| ၅။ | လွမ်းတဲ့ညဝတ္ထုတိုစု<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၁၈၉၀၆၀၂ | ညိုထွန်းလူ | ၁၀၀၀ | ၁၀၀၀ | ပုဂံ | ၂၀၀၆–ဇူလိုင်<br>(ပ–ကြိမ်) | ဝတ္ထုတိုစု |
| ၆။ | ဘာကိုဝတ်ဆင်ရမလဲ<br>စာမူခွင့်ပြုချက်အမှတ်–၆၆၀/၂၀၀၃(၇) | ရီရီဝင်း | ၅၀၀ | ၂၂၀၀ | တူဒေး | ၂၀၀၆–ဇူလိုင်<br>(ပ–ကြိမ်) | လူငယ်စာစဉ် |
| ၇။ | ယောကျ်ား+မိန်းမ<br>မိန်းမ–ယောကျ်ား=အချစ်<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၂၆၂၀၆၁၃ | မောင်မောင်မြင့်သိန်း<br>(စက်မှုတက္ကသိုလ်) | ၅၀၀ | ၇၀၀ | FORE FRONT MEDIA GROUP | ၂၀၀၆–ဩဂုတ်<br>(ပ–ကြိမ်) | ဟာသပေါင်းချုပ် |
| ၈။ | ရောဂါနဲ့စားစရာ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၈၄၀၀၆၀၆ | ဒေါက်တာမီမီကို | ၅၀၀ | ၂၃၀၀ | Treasure Publishing House | ၂၀၀၆–ဩဂုတ်<br>(ပ–ကြိမ်) | ကျန်းမာရေး |
| ၉။ | နိုင်ငံတကာစီးပွားရေးလုပ်ကိုင်ခြင်း<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၁၇၈၀၆၀၂ | နေဇင်လတ် | ၅၀၀ | ၂၂၀၀ | တူဒေး | ၂၀၀၆–ဇွန်<br>(ပ–ကြိမ်) | စီမံခန့်ခွဲမှုစာစဉ် |
| ၁၀။ | ပန်းမြိုင်လယ်နယ်စပ်<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၆၆၇၀၅၀၇ | သုမောင် | ၅၀၀ | ၉၀၀ | သုခုမ | ၂၀၀၆–ဩဂုတ်<br>(ပ–ကြိမ်) | ဆောင်းပါးပေါင်းချုပ် |
| ၁၁။ | အိုင်တီခေတ်၊ ပညာခေတ်၊<br>အိုင်ဒီယာခေတ်<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၁၀၁၀၅၁၀ | ကျော်ဝင်း | ၅၀၀ | ၁၅၀၀ | ပန်းသက်တံ့ | ၂၀၀၆–ဩဂုတ်<br>(ပ–ကြိမ်) | ဆောင်းပါးပေါင်းချုပ် |
| ၁၂။ | ပျော်ရွှင်ချမ်းသာနည်းပေါင်း ၁၀၀<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၇၆၅၀၆၀၆ | ကြည်ရွှန်း | ၁၀၀ | ၂၀၀၀ | Wisdom House | ၂၀၀၆–ဩဂုတ်<br>(ပ–ကြိမ်) | တက်ကျမ်း |
| ၁၃။ | အောင်ပန်းဆင်တဲ့ပစ်မှတ်<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၃၉၂၀၅၁၂ | ဒေါက်တာခင်မောင်ညို | ၅၀၀ | ၁၀၀၀ | ကောင်းသန့် | ၂၀၀၆–ဇူလိုင်<br>(ပ–ကြိမ်) | ခံစားတွေးမြင်စာစဉ်များ |



www.foreverspace.com.mm

www.foreverspace.com.mm



| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ် အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁၄။ | ကိုဆေးရိုး (အမည် ၁၁)<br>စာမူခွင့်ပြုချက်အမှတ်-၅၀၀၄၀၂၀၆၀၃ | ဆင်ဖြူကျွန်း<br>အောင်သိန်း | ၁၀၀၀ | ၈၀၀ | ပုဂံ | ၂၀၀၆-ဩဂုတ်<br>(ပ-ကြိမ်) | ဝတ္ထုတိုပေါင်းချုပ် |
| ၁၅။ | လူကြီးနဲ့ကလေးကြားမှာ<br>ဘယ်လိုပြောကြမယ်<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၉၁၆၀၆၁၇ | ဒေါက်တာမတင်ဝင်း<br>(ပညာရေးတက္ကသိုလ်) | ၁၀၀၀ | ၂၃၀၀ | နန့်ချစ်ကြည်စာပေ | ၂၀၀၆-ဇူလိုင်<br>(ပ-ကြိမ်) | လူမှုရေးပညာပေး |
| ၁၆။ | ဝက်ံပါ<br>စာမူခွင့်ပြုချက်အမှတ်-၅၀၀၅၃၄၀၆၀၄ | မောင်ထွန်းသူ | ၅၀၀ | ၂၅၀၀ | ရန်အောင်စာပေ-၂ | ၂၀၀၆-ဇူလိုင်<br>(ပ-ကြိမ်) | ဝတ္ထု |
| ၁၇။ | မသိမမြင် ဘဝရှင်သန်မှုအနုပညာ<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၁၈၈၀၆၀၂ | နေစိုးသော် | ၁၀၀၀ | ၇၀၀ | ယမင်းဖြူ | ၂၀၀၆-ဇူလိုင်<br>(ပ-ကြိမ်) | ဘဝရှင်သန်မှုဆိုင်ရာ<br>အနုပညာစာတမ်းများ |
| ၁၈။ | သက်ရှည်ကျန်းမာ<br>တရုတ်ရိုးရာအစားအစာ<br>စာမူခွင့်ပြုချက်အမှတ်-၄၀၁၂၇၃၀၅၁၁ | ဒေါက်တာအောင်နိုင်<br>(ဆေးသုတေသန) | ၅၀၀ | ၂၅၀၀ | တူဒေး | ၂၀၀၆-ဇူလိုင်<br>(ပ-ကြိမ်) | ကျန်းမာရေး |
| ၁၉။ | ကျန်းမာသုတရောဂါကင်းဝေးရှင်သန်ရေး<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၇၆၀၆၁၆ | ဒေါက်တာခင်မောင်လွင် | ၁၀၀၀ | ၂၅၀၀ | Treasure<br>Publishing House | ၂၀၀၆-ဇူလိုင်<br>(ပ-ကြိမ်) | ကျန်းမာရေးပညာပေး |
| ၂၀။ | သိန်းငှက်မျက်လုံး(ဒုတိယတွဲ)<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၃၆၀၀၆၀၃ | မိုးမြင့်မောင် | ၁၀၀၀ | ၆၅၀ | ထိပ်တန်း | - | ညဏ်စမ်း |
| ၂၁။ | ဂလိုဘယ်လိုက်ဇေးရှင်းငွေကြေး<br>စျေးကွက်အတွေးအမြင်<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၄၅၆၀၆၀၄ | ခင်မောင်ညို<br>(ဘောဂဗေဒ) | ၅၀၀ | ၁၇၀၀ | စိတ်ကူးချိုချို | ၂၀၀၆-ဇူလိုင်<br>(ပ-ကြိမ်) | စီးပွားရေး |
| ၂၂။ | ရိုးရာမှသည်ခေတ်သစ်သို့<br>စာမူခွင့်ပြုချက်အမှတ်-၆၀/၂၀၀၄(၁) | ဗဂျီအောင်စိုး | ၁၀၀၀ | ၁၀၀၀ | သလ္လာဝတီ | ၂၀၀၆-ဇူလိုင်<br>(ဒု-ကြိမ်) | အနုပညာစာစဉ် |

# စာအုပ်လမ်းညွှန်

Editor's Choice

## ကမ္ဘာပြားပြီ (ပထမတွဲ)

THE WORLD IS FLAT


**ကျော်ဝင်း**

အမေရိကန်အခြေစိုက် နယူးယောက်တိုင်းမ်သတင်းစာ၏ ပင်တိုင်ဆောင်းပါးရှင်တစ်ဦးဖြစ်သူ တောမတ်အယ်လ်ဖရီးမင်း၏ နာမည်ကျော် The World Is Flat စာအုပ်ကို ဘာသာပြန်ထားသည့်စာအုပ် (ပထမတွဲ)ဖြစ်သည်။ ယခုစာအုပ်သည် မူရင်းစာအုပ်၏ ဇာတ်ပန္နက်ပိုင်းဖြစ်ပြီး ခေတ်ပြိုင်ဂလိုဘယ်လိုက်ဇေးရှင်းနှင့်စပ်လျဉ်းသည့် အကြောင်းရင်းများ တစ်နည်းအားဖြင့် ကမ္ဘာပြားစေသည့်အကြောင်းရင်းများပင်ဖြစ်သည်ဟု ဘာသာပြန်သူက ညွှန်းဆိုထားသည်။

ကမ္ဘာလုံးကြောင်းပြသရန်နှင့် နယ်မြေသစ်များရှာဖွေရန် ၁၄၉၂ ခုနှစ်က နီနာ၊ ပင်တာ၊ စင်တာမာရီယာအမည်ရှိ သင်္ဘောသုံးစင်းနှင့် အိန္ဒိယသို့တူရူ၍ လေ့လာရေးခရီးနှင်ခဲ့သူ ခရစ္စတိုဖာကိုလံဘတ်ကဲ့သို့ပင် မူရင်းစာရေးသူလည်း ဒစ်စကာဗာရီတိုင်းမ်ချယ်နယ်မှ ဂျာနယ်လစ်အချို့နှင့် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ

www.foreverspace.com.mm

လတွင် အိန္ဒိယနိုင်ငံသို့ ရောက်ရှိပြီး အိန္ဒိယ အိုင်တီလောက၏ ဂလိုဘယ်ဆပ္ပလိုင်းချိန်းကြီး ဒုတ်ဒုတ်ထိ မြင်တွေ့ကြားသိဖြစ်ရပုံများနှင့် 'ကျွန်တော်အိပ်ပျော်နေစဉ်အတွင်း' (While I was Sleeping)ဟု ခေါင်းစဉ်ပေးထားသည့် အခန်း (၁)ကို ရေးဖွဲ့ထားသည်။ အမေရိကနှင့် ဥရောပ ကုမ္ပဏီများ၏ ဝန်ဆောင်မှုနှင့် အိုင်တီအလုပ်များအတွက် အိန္ဒိယနိုင်ငံနှင့် လူမျိုးများမှာ အရေးပါသောအင်အားစုများအဖြစ် ရပ်တည်လျက်ရှိရခြင်းမှာ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်ကြီး၏ အပြင်ထွက်ရင်းမြစ်ရှာခြင်း (Outsourcing) ကြောင့်ဖြစ်ကြောင်းနှင့် ယင်းသို့ ရင်းမြစ်ရှာရခြင်း၏အကြောင်းရင်းများ၊ ရလဒ်များနှင့် ရေချိန်ညီသွားရပုံများကို ချက်ကျလက်ကျ ဖော်ပြထားသည်။




ဂလိုဘယ်လိုက်ဇေးရှင်း၏ သမိုင်းဆိုင်ရာခေတ်သုံးခေတ်ကို သုံးသပ်ဖော်ပြထားသည်။ ကိုလံဘတ်၏ခရီးစဉ်နောက်ပိုင်း ၁၄၉၂ ခုနှစ်မှ ၁၈၀၀ ပြည့်နှစ်ဝန်းကျင်အထိသည် ဂလိုဘယ်လိုက်ဇေးရှင်း၏ ပထမခေတ်ဟုဆိုသည်။ အဆိုပါဖြစ်စဉ်ကြီး၏ မောင်းနှင်အားဒိုင်းနမစ်များဖြစ်ကြောင်း၊ ၁၈၀၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့် နှစ်အထိက ဒုတိယခေတ်ဟု သတ်မှတ်ထားကြောင်းနှင့် ဂလိုဘယ်ဆိုင်ရာ အယူအဆများ၊ ကြံဆတီထွင်မှုများ၊ လုပ်နည်းလုပ်ဟန်များကြောင့် ကမ္ဘာကြီး၏ လူ့အဖွဲ့အစည်းပုံစံမှာ တဖြည်းဖြည်းခြင်း အပြားသဏ္ဍာန်တည်လာရပုံကို ညွှန်းဖွဲ့ပြထားသည်။ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှ မျက်မှောက်ကာလအထိမှာ တတိယခေတ်ဖြစ်၍ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အခန်းကဏ္ဍမှာ ရပ်လုံးကြွလာခဲ့ရသည်ဟု ဆိုထားသည်။

မျက်မှောက်ကာလရောက်မှ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်ကြီး သက်တံရောင်စုံဖြာလာပြီဟု မှတ်ချက်ပြုထားသည်။ နည်းစနည်းမခြား ဖြစ်တည်ဆောင်ရွက်မှုများရှိနေပုံကို ကွက်ကွက်ကွင်းကွင်း သိမြင်နိုင်စေရန် အခွန်အကောက်လုပ်ငန်းဆောင်ရွက်နေမှု၊ ရိုက်တာသတင်းဌာန၏ဖြန့်ထွက်ပုံ၊ အိန္ဒိယမှနေ၍ ကမ္ဘာတစ်ဝန်းမှ တယ်လီဖုန်းဆက်သွယ်ချက်များ ပြန်ကြားပေးနေသည့် 24/7 ခေါ်လ် စင်တာ (Call Centre)များ၏ အလုပ်လုပ်ပုံ၊ ဝယ်လိုအားနှင့် ရောင်းလိုအား၏ ပါရာဒိုင်းအရွေ့အပြောင်း၊ နည်းပညာနှင့် ဈေးကွက်များ၏ စွမ်းဆောင်မှုအနုတ် အသိမ်း၊ ဒါလီယန်မြို့၏ အခြေအနေ၊ အမေရိကန်စစ်တပ်၏ ဖွဲ့စည်းပုံပြောင်းလဲသွားမှု၊ ဟန်ဘာဂါများပြားချပ်သွားခြင်း၊ တက္ကနိုလိုဂျီသစ်များနှင့် မီဒီယာအစရှိသည့် ဖြစ်စဉ်များဖြင့် ချိတ်ဆက်ဖော်ပြထားသည်။ "ဘယ်အလုပ်မဆို ဒစ်ဂျစ်တိုက် (Digitize) လုပ်လို့ရရင်၊ တန်ဖိုး ကွင်းဆက်တွေကို ခွဲဖြန့်လို့ရရင်၊ နေရာရွှေ့လို့ရရင် သေချာပေါက် ကမ္ဘာပတ်သွားမှာပဲ၊ 'အောက်ဆို့' ကို ဘယ်သူမှ တားလို့မရတော့ဘူး"။

ကမ္ဘာပြားပြီဆိုသော အနုမာနသာ အမှန်ဖြစ်ခဲ့လျှင် လူတစ်ဦးချင်းစီ၏ အခန်းကဏ္ဍ၊ အစိုးရများ၏ ပုံသဏ္ဍာန် နှင့်အခန်းကဏ္ဍ၊ အမျိုးသမီးထု၏ အခန်းကဏ္ဍနှင့် လူတို့၏အလုပ်လုပ်ပုံ၊ တီထွင်ပုံ၊ စစ်တိုက်ပုံ၊ ပညာရှာပုံ၊ ဘာသာတရားအပေါ်တုံ့ပြန်ပုံ၊ အနုပညာဖန်တီးပုံ၊ သုတေသနပြုပုံ စသည်တို့သည်လည်း ကျွဲကူးရေပါပြောင်းလဲမည်ဟူသည့် ရကော့ဟု မှတ်ချက်ကိုဖော်ပြထားပြီး ကမ္ဘာပြားသွားခြင်းသည် ယနေ့ခေတ်၏ အကြီးဆုံးသောစိန်ခေါ်မှုဖြစ်သည်ဟု ဆိုထားသည်။

ကမ္ဘာကြီး ဘာကြောင့်၊ ဘယ်လိုပြားသွားရသည်နှင့်ပတ်သက်၍ အခန်း (၂)ပါ ကမ္ဘာကိုပြားစေသော ရိုက်ချက်တစ်ဆယ် (Ten Forces that Flattened the World) ဟူသည့် ခေါင်းစဉ်အောက်တွင် လေ့လာနိုင်မည်ဖြစ်သည်။ ဘာလင်တံတိုင်းကြီးကို ဖြိုချခဲ့ကြသည့် ၁၉၈၉ ခု

www.foreverspace.com.mm

နှစ် နိုဝင်ဘာလ ၉ ရက်နေ့တွင် စတင်ခဲ့သည့် ပထမရိုက်ချက်တွင် ကမ္ဘာ့နိုင်ငံအသီးသီးအနေနှင့် လွတ်လပ်သောဈေးကွက်အရင်းရှင်စနစ်ကို ဖက်တွယ်လာကြပုံနှင့် စနစ်ပြောင်းမှုနောက်ကွယ်မှ ကပ်ပါလာသည့် အကျိုးသက်ရောက်မှုများကို ဖော်ပြထားသည်။ ၂၀ ရာစုနှောင်းပိုင်းကာလမှစ၍ ဖြစ်ပွားလာခဲ့သည့် အင်တာနက်လိုင်းမှာ ဒုတိယရိုက်ချက်ဖြစ်ပြီး ယင်း၏ဖြစ်ထွန်းမှုများနှင့် ရိုက်ခတ်ပုံများကို ဒစ်ဂျစ်တယ်အသွင်ပြောင်းမှုများနှင့်အတူ တစ်ဆင့်ချင်းလေ့လာနိုင်မည်ဖြစ်သည်။ ပထမရိုက်ချက်က ဒုတိယရိုက်ချက်ကို မွေးထုတ်လိုက်ခြင်းဖြစ်သည်ဟုဆိုထားသည်။ ကမ္ဘာတစ်ဝန်းလုံး၌ ဆက်သွယ်မှု စီးဆင်းပုံနှင့် အလုပ်စီးဆင်းမှုအဆင့်များ လုံးဝအသွင်ပြောင်းစေသည့် တက္ကနိုလိုဂျီ၏ ရိုက်ခတ်တွန်းအားပေးမှုအကြောင်းကို တတိယရိုက်ချက်ဟူသောအခန်းတွင် ဖတ်ရှုရမည်ဖြစ်သည်။ ရိုက်ချက်သုံးချက်နှင့်ပင် ပြားစပြုလာပြီဖြစ်သည့် ကမ္ဘာကြီးကို ပိုပြားသွားစေရန် ဖန်တီးလိုက်သည့် တံခါးမရှိ ဓားမရှိ စူးစမ်းရှာဖွေခြင်း (Open-Sourcing) မှာ စတုတ္ထရိုက်ချက်ဖြစ်၍ ယင်းအချက်နှင့်ပတ်သက်သော စုပေါင်းဆန်တက်လှုပ်ရှားပုံများကို သိရှိနိုင်မည်ဖြစ်သည်။

ကုမ္ပဏီပြင်ပ အလုပ်အင်အားစုကိုသုံး၍ ထုတ်လုပ်ခြင်းဟူသည့် တိုက်ရိုက်အဓိပ္ပာယ်ပေါက်သော နာမည်ကျော် Outsourcing လုပ်ငန်းကို ကြံ့စည်ဆောင်ရွက်မှုပြုလာရာ ယင်းသို့လုပ်ဆောင်ကြခြင်းသည်ပင် ပဉ္စမရိုက်ချက်ဖြစ်လာပြီး ကမ္ဘာကြီး အပြားကျယ်လာပုံတွင်လည်း အိန္ဒိယနိုင်ငံ၏ ပါဝင်လှုပ်ရှားပုံကို ဖတ်ရှုရခြင်းဖြင့် ဂလိုဘယ်လိုက်ဇေးရှင်း၏ သဘောသဘာဝကို ချဉ်းကပ်သုံးသပ်နိုင်မည်ဖြစ်သည်။ ဆဋ္ဌမရိုက်ချက်မှာ ကမ်းလွန်ရင်းမြစ်ရှာခြင်း (Off Shoring) ဖြစ်ပြီး ကုန်ထုတ်လုပ်ငန်းစုများနှင့် အရောင်းဌာနများ၏ နယ်နိမိတ်လွန်အခြေစိုက်မှုပြောင်းရွှေ့လာပုံကို ဖော်ပြထားသည်။ Off Shoring လုပ်ငန်းစဉ်တွင် အဓိကကျသောအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည့် တရုတ်နိုင်ငံ၏ ဘောဂဗေဒရှုခင်းနှင့် စနစ်များကိုဖြည်၍ ဈေးကွက်ဖွင့်ပေးပုံများလည်း ပါဝင်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ 'ပွိုင့်' တစ်ခုအရောက်တွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ လိုအပ်လာဦးမည်ဟု စာရေးသူက သုံးသပ်ထားသည်။

ကမ္ဘာ့ဘိဇနက်မြင်ကွင်းသည် သတ္တမရိုက်ချက်ဖြစ်သည့် ဆပ္ပလိုင်းချိန်းကြောင့် ပြောင်းလဲသွားရပြီး ယင်းပြောင်းလဲမှုကြောင့် ကမ္ဘာ့ရောင်းဝယ်ဖောက်ကားမှုမြင်ကွင်းလည်း လိုက်ပါပြောင်းလဲသွားရပုံကို အမေရိကန်ပြည်ထောင်စု၊ အာကင်ဆောပြည်နယ်၊ ဘင်တန်ဗီးလ်ရှိ ဝေါမတ်ဌာနချုပ်၏ Global Supply Chain Process ဖြင့် ပုံဖော်ထားသည်။ အဋ္ဌမရိုက်ချက်မှာ အတွင်းပြန်ရင်းမြစ်ရှာခြင်း (Insourcing) ဖြစ်ပြီး ဖြန့်ဖြူးရေးဝန်ဆောင်မှုအသွင်သဏ္ဌာန်ပြောင်းလဲမှုနှင့်ပတ်သက်၍ ဆင်ခြင်သုံးသပ်ဖွယ် လေ့လာနိုင်မည်ဖြစ်သည်။ နည်းပညာ စွမ်းအားကောင်းလာမှုကြောင့် သတင်းစီးဆင်းပုံများ ပါရာဒိုင်းပြောင်းလဲသွားရာ နဝမရိုက်ချက်ဖြစ်သည့် သတင်းပေးခြင်း (Informing) ကို ဖြစ်ပေါ်လာစေပြီး မည်သို့သောရလဒ်များ ဖြစ်ပေါ်၍ ကမ္ဘာကြီး မည်သို့မည်ပုံ ထပ်မံပြားချပ်မှု ဖြစ်လာသည်ကိုလည်း ရုပ်လုံးပေါ်လာစေသည်။ ကွန်ပျူတာအသုံးချမှုအနေအထားနှင့် ဆက်စပ်သုံးစွဲနိုင်သော မိုဘိုင်းကိရိယာများကို ဖော်ထုတ်လာနိုင်ခြင်းကို ဒသမရိုက်ချက်ဟုဆိုထားပြီး ထိုရိုက်ချက်ကြောင့် ယှဉ်ပြိုင်ရေးနှင့် ဆက်နွှယ်ရေးတို့တွင်ရှိသော အတားအဆီးများပပျောက်သွားပြီး ခွဲဖြန့်လုပ်ကိုင်နိုင်စွမ်းများ မြင့်မားလာပုံကိုလည်း ဖော်ပြထားသည်။

မြန်မာနိုင်ငံကို ခေတ်မီနိုင်ငံအဖြစ် တည်ဆောက်ရေးအတွက် ဤစာအုပ်အနေနှင့် ညွှန်းဘောင်တစ်ရပ်အဖြစ် အုတ်တစ်ချပ်၊ သဲတစ်ပွင့်မျှဖြစ်စေ အထောက်အကူပြုနိုင်ရန်ရည်ရွယ်ပြီး အပြည့်အစုံ ဘာသာပြန်သင့်သည့်စာအုပ်ဟုယူဆ၍ ကြိုးပမ်းတင်ဆက်ထားခြင်းဖြစ်ကြောင်း ဘာသာပြန်သူက အမှာပါးထားသည်။ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်နှင့် ယင်း၏သက်ရောက်မှုများနှင့်စပ်လျဉ်း၍ အလှမ်းကွာလပ်မှုမရှိလိုသူတိုင်း ဖတ်ရှုသုံးသပ်သင့်သည့်စာအုပ်ဖြစ်သည်ဟု ဆိုချင်သည်။ ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပြီး တန်ဖိုး ၁၅၀၀ ကျပ်ဟု ဖော်ပြထားသည်။

ထုတ်ဝေတိုက် – သီလဝစာပေ
အကြိမ် – ပထမအကြိမ်
ထုတ်ဝေနှစ် – ၂၀၀၆ ခုနှစ်၊ ဇူလိုင်
အုပ်ရေ – ၅၀၀
မျက်နှာဖုံးဒီဇိုင်း – ကိုဇော်ဦး
တန်ဖိုး – ၁၅၀၀ ကျပ်
စာမူခွင့်ပြုချက်အမှတ်–၄၀၀၇၀၂၀၆၀၆

## ပြည်ပပို့ကုန်လုပ်ငန်းလမ်းညွှန်

**(A Guide to Exporting)**


**တင်မောင်ဝင်း**

မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်လျက်ရှိသည့် ဈေးကွက်စီးပွားရေးစနစ်အတွင်း ပြည်ပပို့ကုန် သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပြည်ပပို့ကုန်လုပ်ငန်းလုပ်ကိုင်ကြသည့် နိုင်ငံသားပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များအတွက် လုပ်ငန်းလမ်းညွှန်လက်စွဲ စာစောင်သဖွယ် အသုံးဝင်မည့် စာအုပ်တစ်အုပ်ပင်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ပို့ကုန်လုပ်ငန်းအဆင့်များ (Major Steps in Exporting) ကို စနစ်တကျနားလည်သဘောပေါက်စေရန် မြန်မာနိုင်ငံ၏ ထုတ်ကုန်

www.foreverspace.com.mm






သွင်းကုန်လုပ်ငန်းများဆိုင်ရာ ဝင်ည်ဆဲစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု စည်းမျဉ်း စည်းကမ်းများကို မိုငြမ်းပြုစုထားသည့် အဆိုပါစာအုပ်တွင် ပြည်ပပို့ကုန်လုပ်ငန်းစဉ်တွင် ပါဝင်သည့် အဆင့် ၉ ဆင့်ကို အခန်း ၁ တွင် ဖော်ပြထားသည်။ မြန် မာ ပို့ကုန်အများအပြားသည် စက်မှုသုံး အခြေခံကုန်ပစ္စည်းများ၊ စားသုံးကုန်ပစ္စည်းများသာဖြစ်ခြင်း၊ ဈေးကွက်များရှိ ပြီးဖြစ်ခြင်း၊ ရာသီဥတုနှင့် ရေမြေသဘာဝကို မှီ၍ထုတ်လုပ်ရခြင်း၊ ယှဉ်ပြိုင်ဘက် များပြားခြင်း၊ ကြာရှည်သိုလှောင်ထားနိုင်သည့် ကုန်ပစ္စည်းများ မဟုတ်ခြင်း၊ ယင်း ကုန်စည်များ၏ ဈေးကွက်များသည် ကုန်ပစ္စည်းအကြောင်း သိရှိပြီးဖြစ်သည့် စားသုံးသူများဖြစ်ခြင်း စသည်တို့ကြောင့် ဈေးကွက်လိုအပ်ချက်နှင့် အရည်အသွေး၊ ဈေးနှုန်းတို့ လျင်လျင်မြန်မြန်ပြောင်းလဲနေကြောင်း သုံးသပ်ထားသည်။

ဈေးကွက်အတွင်း၌ ပဋိညာဉ် (Contact) မြောက်အောင် လုပ်ကိုင်တတ်ရန်အတွက် ကုန်ရောင်းစာချုပ်တွင် ပါဝင်သည့် အခြေခံအချက်များ၊ ဆောင်ရန်ရှောင်ရန်အချက်များ သင်္ဘောပေါ်အရောက် (FOB) စနစ်နှင့် သက်ဆိုင်သည့် သတ်မှတ်ချက်များ၊ ဝယ်ယူဆိပ်ကမ်းအရောက် (C & F) စနစ်နှင့် စပ်လျဉ်းသည့်အချက်များ၊ အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်မှုအသုံးအနှုန်းများ (Incoterms)၊ ငွေပေးငွေယူဆိုင်ရာစနစ်လုပ်ကိုင်ပုံနည်းစနစ်များနှင့် သတ်မှတ်ချက်များ ထုတ်ကုန်လိုင်စင်လျှောက်ထားခြင်း၊ သင်္ဘောငှားရမ်းခြင်း၊ သင်္ဘောတင်ခြင်း၊ ပို့ကုန်စာရွက်စာတမ်းများရေးဆွဲပြုစုခြင်းနှင့် ကုန်ဖိုးငွေတောင်းခံရယူခြင်း သင်္ဘောတင်တန်ဆာလက်မှတ် (Bill of Lading) ဆိုင်ရာ သတ်မှတ်ကျင့်သုံးမှုများကို လေ့လာသိရှိနိုင်မည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတကာသုံး သင်္ဘောတင်အသုံးအနှုန်းများ (Shipping Terms)၊ စီးပွားရေးဆိုင်ရာ အသုံးအနှုန်းများ (Economic Terms)၊ ကုန်စည်ဈေးနှုန်းဆိုင်ရာ ဝေါဟာရများ၊ ဈေးကွက်နှင့် ဈေးနှုန်းအခြေအနေဖော်ပြချက်အသုံးအနှုန်းများ ဆန်စပါး ကုန်သွယ်မှုဆိုင်ရာ ဝေါဟာရ အခေါ်အဝေါ်များကိုလည်း စုစည်းပြုစုဖော်ပြပေးထားသည်။

ရေးသားမှုအပိုင်းတွင် သင်ရိုးညွှန်းတမ်းသဘောသက်ရောက်နေသော်လည်း အနှစ်သာရအားဖြင့် ပို့ကုန်လုပ်ငန်းနှင့် ဆက်စပ်နေသူများ၊ ပတ်သက်လိုသူများ အတွက် ဗဟုသုတအရည်အသွေးမြင့်မားရေးတွင် အထောက်အကူပြုနိုင်မည့် စာအုပ်တစ်အုပ်ဟု ဆိုချင်သည်။ အုပ်ရေ ၅၀၀ ထုတ်ဝေပြီး တန်ဖိုး ၂၃၀၀ ကျပ်ဟု ပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသည်။

ထုတ်ဝေတိုက် – Myanmar Studies Consultant Co., Ltd.
ထုတ်ဝေနှစ် – ၂၀၀၆ ခုနှစ်၊ ဇွန်လ
အုပ်ရေ – ၅၀၀
မျက်နှာဖုံးဒီဇိုင်း – MSC
တန်ဖိုး – ၂၃၀၀ ကျပ်
စာမူခွင့်ပြုချက်အမှတ်–၄၀၀၆၉၉၀၆၀၆

LIVING COLOR MAGAZINE - 526302 , 504496 , 4412163

www.foreverspace.com.mm

# MASTER POWER UPS

**မြန်မာနိုင်ငံတွင် အဆင့်မီထုတ်လုပ်ထားသည့် အီလက်ထရွန်နစ် လူသုံးကုန်ပစ္စည်းတစ်မျိုးဖြစ်သည်။**




☆ MASTER POWER ELECTRONICS မှ ၂၀၀၄ ခုနှစ် ဇန်နဝါရီလတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန လျှပ်စစ် စစ်ဆေးရေးဌာန၏ ခွင့်ပြုချက်ဖြင့် စတင်ထုတ်လုပ်ဖြန့်ချိ။

☆ မန်နေဂျင်းဒါရိုက်တာမှာ ဦးလှမိုးဖြစ်ပြီး ဝန်ထမ်းအင်အား ၂၀ ဦးခန့်ရှိ။

☆ ပြည်တွင်းတွင် ဝယ်ယူရရှိနိုင်သည့် ပြည်ပမှ ကုန်ကြမ်းပစ္စည်းများကို အဓိကထား အသုံးပြုထားပြီး ဂျပန်နှင့် အမေရိကန်ပြည်ထောင်စုတို့မှ စက်ပစ္စည်းများဖြင့် ထုတ်လုပ်။

☆ ဂျာမန်နည်းပညာရယူ၍ ကိုယ်ပိုင်နည်းပညာနှင့် ပေါင်းစပ်ထုတ်လုပ်ခြင်းဖြစ်ကြောင်း သိရ။

☆ လောလောဆယ်ထုတ်လုပ်နေသည့် Master Power UPS အမျိုးအစား လေးမျိုးရှိပြီး ၎င်းတို့မှာ ၁၂ ဗို့ ဝပ် ၆၀၀၊ ၂၄ ဗို့ ဝပ် ၆၀၀၊ ၂၄ ဗို့ ဝပ် ၁၀၀၀ နှင့် ၄၈ ဗို့ ဝပ် ၂၀၀၀ တို့ဖြစ်။

☆ လတ်တလောဈေးကွက်ပေါက်ဈေးများအရ ၁၂ ဗို့ ဝပ် ၆၀၀ ကို ၁၅၀၀၀၀ ကျပ်၊ ၂၄ ဗို့ ဝပ် ၆၀၀ ကို ၁၅၀၀၀၀ ကျပ်၊ ၂၄ ဗို့ ဝပ် ၁၀၀၀ ကို ၁၇၀၀၀၀ ကျပ်နှင့် ၄၈ ဗို့ ဝပ် ၂၀၀၀ ကို ၃၂၀၀၀၀ ကျပ် အသီးသီးရှိကြောင်းသိရ။

☆ ၁၂ ဗို့ ကို ဘက်ထရီတစ်လုံး၊ ၂၄ ဗို့ကို ဘက်ထရီနှစ်လုံးနှင့် ၄၈ ဗို့ကို ဘက်ထရီလေးလုံးတွဲဖက်အသုံးပြုရမည်ဖြစ်။

☆ အဆိုပါ UPS ၏ Model အမျိုးအစားအလိုက် Computer Laser Jet Printer (သို့) Plotter ၊ ရုံးသုံးအီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး မိတ္တူကူးစက်တို့အပြင် အိမ်သုံးအင်ဗာတာအဖြစ် တီဗီအကြီးစား၊ ဂြိုဟ်တုစလောင်းသုံးပစ္စည်းများ၊ ဗီစီဒီ၊ ဒီဗီဒီ၊ ဗီစီအာရ်၊ ရေခဲသေတ္တာနှင့် လေအေးပေးစက်တို့ကို သုံးစွဲနိုင်မည်ဖြစ်။

☆ ကုန်ပစ္စည်းအာမခံအဖြစ် ဝယ်ယူသည့်နေ့မှ တစ်နှစ်တိတိပစ္စည်းဖိုးနှင့် လက်ခမယူဘဲပြုပြင်ပေးမည်ဖြစ်ကြောင်း သိရ။

☆ ဆက်လက်၍ ဓာတ်ဆီ ဓာတ်ငွေ့သုံးကားများတွင် လောင်စာဆီစားနှုန်း ၄၀ ရာခိုင်နှုန်းခန့်သက်သာပြီး အင်ဂျင်သက်တမ်းပိုမိုကြာရှည်စေမည့် CDI (Capacitive Disharge Ignipion) များကို ထုတ်လုပ်သွားမည်ဟုဆို။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် လိပ်စာ**

**ဦးလှမိုး (Managing Director)**
**MASTER POWER ELECTRONICS**
**PRODUCTION & SERVICE CENTRE**

☆ **အမှတ်-၈၉၊ ဝေဇန်လမ်း၊ (၆၄) ရပ်ကွက်၊ စက်မှုဇုန် (၂)**
**ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်။** ဖုန်း-၀၉-၅၁၄၉၄၉၃


www.foreverspace.com.mm



# PARIS SHAMPOO

**မြန်မာနိုင်ငံလူသုံးကုန်ပစ္စည်းဈေးကွက်အတွင်း PARIS အမှတ်တံဆိပ် ဆပ်ပြာအမျိုးအစားများကို ထုတ်လုပ်နေသည့် United Pacific ကုမ္ပဏီမှအသစ် ထပ်မံထုတ်လုပ်လိုက်သော ခေါင်းလျှော်ရည် ဖြစ်သည်။**




☆ UNITED PACIFIC CO., LTD. မှ ၂၀၀၆ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့တွင် စတင်ထုတ်လုပ်ဖြန့်ချိ။

☆ ISO (9001:2000) လက်မှတ်ကို ၂၀၀၆ ခုနှစ် ဧပြီလတွင် ရရှိခဲ့ပြီး မြန်မာနိုင်ငံတွင် ဆပ်ပြာနှင့် ခေါင်းလျှော်ရည်အတွက် ပထမဆုံး ISO ရရှိသည့်ကုမ္ပဏီဖြစ်ဟုဆို။

☆ ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာမှာ ဦးလှမြင့်ရွှေဖြစ်ပြီး ရုံးချုပ်တွင် ဝန်ထမ်း ၇၀ ဦးခန့်နှင့် ခေါင်းလျှော်ရည်ထုတ်လုပ်မှုအတွက် စက်ရုံဝန်ထမ်းအင်အား ၃၀ ဦးခန့်ရှိ။

☆ ပြင်သစ်၊ ဂျပန်၊ တရုတ်(တိုင်ပေ)တို့မှ နည်းပညာများရယူ၍ တရုတ်(တိုင်ပေ)မှ စက်ပစ္စည်းများနှင့်ထုတ်လုပ်။

☆ ကုန်ကြမ်းပစ္စည်းများအား USA၊ UK၊ ဘယ်လ်ဂျီယံ၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ထိုင်းနိုင်ငံတို့မှ မှာယူတင်သွင်းဟုဆို။

☆ အမျိုးအစားအားဖြင့် စံပယ်၊ ဂျင်ဆင်း၊ သံလွင်ဆီ၊ ZPT (ဗောက်ပျောက်)ဟူ၍ လေးမျိုးရှိပြီး အလေးချိန် 7ml အထုပ်များဖြင့်ထုတ်လုပ်။

☆ ကုန်ပစ္စည်းများ၏ အာမခံသက်တမ်း နှစ်နှစ်ပေးထား။

☆ ရန်ကုန်မြို့တွင်း Door to Door စနစ်နှင့် နယ်မြို့များသို့ ရုံးခွဲများ၊ ကိုယ်စားလှယ်များမှတစ်ဆင့် တစ်ဒါဇင် ၃၅၀ ကျပ်နှုန်းဖြင့်ဖြန့်ချိ။

☆ လောလောဆယ်ကုမ္ပဏီအနေဖြင့် PARIS Shampoo အပြင်၊ Beauty Soap၊ Spa Soap။ Family Health Soap၊ London Soap တို့ကို ထုတ်လုပ်လျက်ရှိ။

☆ ဆက်လက်၍ နိုင်ငံတကာအဆင့်မီ လူသုံးကုန်ပစ္စည်းထုတ်လုပ်သွားရန် ရည်ရွယ်ထားကြောင်း သိရ။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ကုမ္ပဏီလိပ်စာ**

ဒေါ်အေးမြတ်မွန် (Director)
UNITED PACIFIC CO., LTD.
အမှတ်-၂၅/ A-8၊ စိမ်းလဲ့ရိပ်သာလမ်းသွယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၄၄၅၀၄၊ ၅၄၆၉၂၂၊ ဖက်စ်-၅၄၄၅၀၄

☆ **စက်ရုံလိပ်စာ**

အမှတ်-၈၆၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ ရွှေပြည်သာစက်မှုဇုန်(၃)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်။

www.foreverspace.com.mm

# 1 တစ်ဦးတည်းကိုယ်စားလှယ်

## SOLE DISTRIBUTORS


| စဉ် | ပစ္စည်းအမည်နှင့် ထုတ်လုပ်သည့် နိုင်ငံ | ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးသည့် မြန်မာကုမ္ပဏီနှင့် လိပ်စာ | ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | အထက်မြန်မာပြည် ကိုယ်စားလှယ် |
|---|---|---|---|---|
| ၁။ | Luta Fish<br>ငါးအစာစပ်အားဆေး<br>(ထိုင်း) | SHWE HTUT KHAUNG CO., LTD.<br>အမှတ်-၄၃၊ ဗဟိုလမ်း၊ ကမာရွတ် ဘူတာရုံနှင့်မျက်နှာချင်းဆိုင်၊ လှိုင်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း-၅၂၇၄၉၅၊ ၅၀၁၆၆၃(လိုင်းခွဲ-၃၂၈) E-mail: shk@mptmail.net.mm | ဒေါက်တာမျိုးဝင်း<br>(Managing Director) | မရှိ |
| ၂။ | IFB<br>ပန်းကန်ဆေးစက်များ<br>(အိန္ဒိယ) | IFB HOME APPLIANCES (MYANMAR) SHOW ROOM & SERVICE CENTRE<br>အမှတ်-၂၆၃၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း-၂၀၂၀၁၆၊ ၂၀၄၁၁၆၊ ၂၀၃၁၄၄၊<br>ဖက်စ်-၂၀၂၀၁၆<br>E-mail: ifbmyanmar@yangon.net.mm | ဦးအောင်အောင်ထွန်း<br>(Brand Manager) | မရှိ |
| ၃။ | Eagle<br>ထီး<br>တရုတ် (တိုင်ပေ) | HEIN MYANMAR CO., LTD.<br>အမှတ်-၂၃၁/၂၃၅၊ ရွှေဂုံတိုင်လမ်း (အလယ်)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။<br>ဖုန်း-၅၄၉၅၀၂၊ ၀၉-၅၁၀၁၁၆၈ | ဒေါ်နှင်းဖြူစင်<br>(Marketing Manager) | မရှိ |
| ၄။ | Troxole<br>Albendazole 400 mg<br>သန်ချဆေး<br>(အိန္ဒိယ) | ASIA WINNER INDUSTRIAL CO., LTD.<br>အမှတ်-၁၃၊ ၄၉ လမ်း၊ ဗိုလ်တထောင် မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၉၇၄၄၅၊ ၂၉၃၃၆၀၊ ၂၉၉၆၆၈၊ ၂၉၉၇၅၄၊ လိုင်းခွဲ-၁၅၊ ၁၆၊<br>E-mail: awimedicine@yangon.net.mm | ဦးစံရွှေမောင်<br>(General Manager) | ASIA WINNER INDUSTRIAL CO., LTD.<br>ဒုတိယထပ်၊ ၂၆ လမ်း (B) နှင့် ၇၈ လမ်းထောင့်၊ မန္တလေး။<br>ဖုန်း-၀၂-၃၈၄၀၃ |
| ၅။ | SRIXON Z-URS<br>ဂေါက်သီး<br>(ဂျပန်) | HAN GOLF MASTER PTE., LTD.<br>အမှတ်-၄၆၊ Building (C)၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း-၅၃၇၂၄၁၊ ၅၃၈၆၄၈၊<br>လိုင်းခွဲ-၁၀၈၊ ၀၉-၅၁၁၅၀၁၁ | ဦးအောင်ထွန်းဦး<br>(General Manager) | HAN GOLF MASTER PTE., LTD.<br>အမှတ်-F (1/2)၊ လူငယ်သင်တန်းကျောင်းရှေ့၊ ၇၃ လမ်း၊ ၁၀× ၁၂ လမ်းကြား၊ မန္တလေး။<br>ဖုန်း-၀၂-၅၇၄၁၃၊ ၀၉-၈၀၂၃၃၂ |

ဤတစ်ဦးတည်းကိုယ်စားလှယ်ကဏ္ဍကို ဈေးကွက်အတွင်းရှိ စားသုံးသူများနှင့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအကြား အခမဲ့(အခမဲ့) ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ် ရရှိထားသူများအနေနှင့် သတင်းအချက်အလက်များ ပေးပို့ပါက အခမဲ့ ထည့်သွင်းဖော်ပြပေးမည် ဖြစ်ပါသည်။

www.foreverspace.com.mm



# ဘယ်ပစ္စည်းဘာ့ကြောင့် Which & Why



## အလှဆင်ကြိမ်ပန်းခြင်း

အိမ်ခန်း၊ ဧည့်ခန်း၊ ရုံးခန်းများတွင် အလှဆင်နိုင်သော ကြိမ်ဖြင့်ပြုလုပ်ထားသည့်စားပွဲတင်ပန်းခြင်းဖြစ်။ ဖားရုပ်ပုံဒီဇိုင်းဖော်ထားပြီး ပြည်တွင်းလက်မှုပစ္စည်းအဖြစ် အသုံးပြုနိုင်။ ရောင်းဈေး ကျပ် ၆၀၀၀ ဝန်းကျင် ဖြစ်။



## ရေသန့်ထည့်သောကြိမ်လွယ်အိတ်

ခရီးဆောင်အဖြစ် သယ်ယူရလွယ်ကူ။ ရေသန့်ဘူးထည့်သွင်းထားနိုင်သော ကြိမ်ဖြင့်ပြုလုပ်ထားသည့် လွယ်အိတ်ဖြစ်။ ရေဘူးသာမက ရေနွေးဘူးများကို ထည့်သွင်းထားခြင်းဖြင့် အပူလောင်ခြင်းမှ ကာကွယ်နိုင်ဟုဆို။ ပြည်တွင်း၌ထုတ်လုပ်သော လက်မှုပစ္စည်းဖြစ်။ ရောင်းဈေး ကျပ် ၂၅၀၀ ဖြစ်။

## ဆိုင်ကယ်ကက်ဆက် Kimei Bixcl (KB 979)

ဖန်စီပစ္စည်းချစ်တတ်သူများ အလှဆင်မှုအတွက်သာမက ဖျော်ဖြေရေးအဖြစ် အသုံးပြုနိုင်သော ကက်ဆက်ဖြစ်။ ဆိုင်ကယ်ပုံစံ နှစ်သက်စဖွယ် ပြုလုပ်ထားပြီး တိပ်ဖြင့်သာ အသုံးပြုနိုင်။ FM ရေဒီယို နားဆင်နိုင်။ တရုတ်နိုင်ငံမှ တင်သွင်းပြီး ရောင်းဈေး ၃၅,၀၀၀ ကျပ် ဖြစ်။



www.foreverspace.com.mm

## Color display ပါ လိုင်းဖုန်း MAOTAI (KX682 CID)

ဖုန်းအိမ်ခွံတွင် Color Display နှစ်ဖက်ပါရှိပြီး ဖုန်းသံမျိုးစုံကို ပြောင်းလဲနိုင်သော လိုင်းဖုန်းဖြစ်။ ဖုန်းနံပါတ် ၁၀၀ ကျော် မှတ်သားထားနိုင်သည့်အပြင် ဂဏန်းပေါင်းစက်၊ နာရီတို့အဖြစ် အသုံးပြုနိုင်။ တရုတ်နိုင်ငံကထုတ်လုပ်ပြီး ရောင်းဈေး ၁၆,၀၀၀ ကျပ်ဖြစ်။







## GANO မျက်နှာသစ်ဆပ်ပြာ

လင်ဇီးမှိုဖြင့် ထုတ်လုပ်ထားသော မျက်နှာသစ်ဆပ်ပြာဖြစ်ပြီး မျက်နှာပြင်ရှိ တင်းတိပ်၊ ဝက်ခြံ၊ နေလောင်ခြင်းတို့ ပျောက်ကင်းစေဟုဆို။ စင်ကာပူမှတင်သွင်းလာပြီး ရောင်းဈေး ၇၅၀၀ ကျပ်ဖြစ်။



## Moisturizing Milk Bar

အသားအရေခြောက်သွေ့သူများ အသုံးပြုသော ကိုယ်တိုက်ဆပ်ပြာဖြစ်။ ကိုရီးယားနိုင်ငံမှထုတ်လုပ်ပြီး ရောင်းဈေး ကျပ် ၁၀၀၀ ဖြစ်။




## Babi Mild ပိုးသတ်ဆပ်ပြာ

ကလေးငယ်များ သောက်သုံးပြီးသော နို့ဘူးများကို ဆေးကြောရာတွင် ပိုးမွှားကင်းရှင်းစေရန် အသုံးပြုသည့် ပိုးသတ်ဆေးဆပ်ပြာဖြစ်။ ယင်းဆပ်ပြာဖြင့် နို့ဘူး၊ နို့သီးခေါင်း၊ ချိုလိမ်စသည်တို့ကို ဆေးကြောခြင်းဖြင့် ပိုးမွှားကင်းစေသည်ဟုဆို။ ထိုင်းနိုင်ငံမှတင်သွင်းပြီး ရောင်းဈေး ကျပ် ၂၉၀၀ ဖြစ်။


www.foreverspace.com.mm



## Headlamp

တောင်တက်သမားများနှင့် ကျောက်မျက်ရတနာ ကြည့်ရှုသူများအတွက် သင့်လျော်သော ခေါင်းစည်းမီးအိမ်ဖြစ်။ LED မီးလုံး ကိုးလုံးပါရှိပြီး အဆင့်သုံးဆင့်ဖြင့် အသုံးပြုနိုင်။ AAA ဓာတ်ခဲ သုံးလုံးအသုံးပြုပြီး ရောင်းဈေး ကျပ် ၄၀၀၀ ဖြစ်။ တရုတ် နိုင်ငံမှ တင်သွင်း။





## အလူမီနီယံ Speaker SD 005

အလူမီနီယံဖြင့်ပြုလုပ်ထားသော Speaker ဖြစ်။ Adaptor ဖြင့် လည်းကောင်း၊ AAA ဓာတ်ခဲ လေးလုံးဖြင့်လည်းကောင်း အသုံးပြုနိုင်။ USB Port ပါဝင်၍ Computer နှင့် တွဲဖက်သုံးနိုင်။ Speaker အလယ်တွင် MP4 Player ထည့်ထား၍အသုံးပြုနိုင်။ တရုတ်နိုင်ငံကတင်သွင်းပြီး ရောင်းဈေး ကျပ် ၉၀၀၀ ဖြစ်။

## HAKKO Multi Function HK 668

ပန်ကာနှင့် မီးအိမ်တွဲဖက်ထားသဖြင့် နှစ်မျိုးစလုံး တစ်ပြိုင်တည်းအသုံးပြုနိုင်။ Adaptor နှင့်လည်းကောင်း၊ Charging ဖြင့်လည်းကောင်း အသုံးပြု၍ရရှိနိုင်။ တရုတ်နိုင်ငံက တင်သွင်းပြီး ရောင်းဈေး ကျပ် ၃၂၀၀၀ ဖြစ်။





## ပလတ်စတစ်ရေနွေးအိုး

ပလတ်စတစ်ဖြင့်ပြုလုပ်ထားသော လျှပ်စစ်ရေနွေးခရားအိုးဖြစ်။ လက်ဖက်ခြောက်စစ်သည့် ဆန်ခါခွက် (Filter) ပါရှိပြီး ကော်ဖီပါနှပ်နိုင်ဟုဆို။ အပူပေးကွိုင်နှင့် သီးခြားစီဖြစ်၍ ခရားကို အလွယ်တကူမယူသွားနိုင်။ ရေနွေး ၁.၅ လီတာ ဆံ့ပြီး တန်ဖိုး ၁၃၀၀၀ ကျပ်ဟု သိရ။

www.foreverspace.com.mm







## ASUS M2N32 Motherboard

Workstation နှင့် Server လုပ်ငန်းဆောင်ရွက်မှုများအတွက် ASUS က အသစ်ထုတ်လုပ်လိုက်သော M2N 32 WS Professional Motherboard ဖြစ်။ Nvidian Force 590 SLI MCP Chipset အသုံးပြုထားပြီး Dual-core CPU, SLI Dual-PCI Express Graphics, Dual-Channel DDR2 နှင့် Dual-LAN တို့ Support ပြုလုပ်ထားသဖြင့် စွမ်းဆောင်မှုမြန်ဆန်ဟုဆို။ 64-bit PCI-X Slot နှစ်ခု၊ PCI Slot နှစ်ခု၊ IEEE 1394a Port နှစ်ခု၊ USB 2.0 Port ၁၀ ခုနှင့် SATA II Port ၁၀ ခုပါရှိ၍ သိုလှောင်နိုင်စွမ်းမြင့်မား။ ရောင်းဈေး ကျပ်သုံးသိန်းခန့်ဟု သိရ။



## Compaq nx61200 Notebook

Intel Centrino 1.73 M GHz Processor အမျိုးအစား Notebook ဖြစ်။ Memory 512 DDR RAM ရှိပြီး 6 in 1 Card Reader ပါဝင်။ Harddisk Drive 60 GB ရှိပြီး DVD Writer ပါရှိကာ Integrated Modem, NIC & Wireless LAN Built-in ပါဝင်။ 14.1" TFTXGA LCD Display Screen ပါရှိ။ သယ်စရာ Case တစ်ပါတည်းပါရှိပြီး ရောင်းဈေး ၁,၈၆၀,၀၀၀ ကျပ်ဟုဆို။




## လျှပ်စစ်ခြင်ထောင်းစက်

ဧည့်ခန်း၊ အိပ်ခန်းစသည့်နေရာများတွင် တပ်ဆင်ထားရှိခြင်းဖြင့် ခြင်များမောင်းထုတ်နိုင်သော စက်ဖြစ်။ စက်အတွင်းထည့်သွင်းအသုံးပြုရသော ခြင်ဆေးရည်ပါရှိ။ တရုတ်နိုင်ငံကတင်သွင်းပြီး ရောင်းဈေးကျပ် ၂,၁၀၀ ဖြစ်။


ယခုလ Which & Why ကဏ္ဍတွင် ပါဝင်သောပစ္စည်းများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို စိန်ဂေဟာစူပါစင်တာ၊ ဒေါ်အေးလျှပ်စစ်၊ Ever Fine Store ၊ ယုဇနပလာဇာရှိ Digital Gift Shop နှင့် UML Fancy Mart ၊ KMD Computer Centre နှင့် Golden Power ကုမ္ပဏီတို့မှ ရယူထားပါသည်။

**အယ်ဒီတာ**

www.foreverspace.com.mm

# IDEA

**မြန်မာနိုင်ငံ၌ Digital Inkjet Printing စနစ်ကိုအခြေခံပြီး နိုင်ငံတကာအဆင့်မီ ကြော်ငြာဆိုင်းဘုတ်များနှင့် ကြော်ငြာပစ္စည်းမျိုးစုံကို ထုတ်လုပ်ဖြန့်ဖြူးဝန်ဆောင်မှုပေးနေသော ကုမ္ပဏီဖြစ်သည်။**





- ၂၀၀၀ ပြည့်နှစ် ဧပြီလတွင် ကုမ္ပဏီကို တည်ထောင်ဖွဲ့စည်းခဲ့သည်။
- မန်နေဂျင်းဒါရိုက်တာနှင့် ကုမ္ပဏီအကြီးအကဲမှာ ဦးအောင်ကျော်ဦးဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင်ငါးဦးနှင့် ဝန်ထမ်းအင်အား စုစုပေါင်း ၁၂၅ ဦးရှိသည်။
- လုပ်ငန်းစတင်ခါစက အဆင့်မြင့်နည်းပညာသုံး အရည်အသွေးမြင့် (High-End) ကြော်ငြာပစ္စည်းများကို အဓိကထုတ်လုပ်ဖြန့်ချိခဲ့ပြီး ၂၀၀၂ ခုနှစ်နောက်ပိုင်းတွင် ဈေးနှုန်းသက်သာသည့် အရည်အသွေးနိမ့် (Low-End) ကြော်ငြာပစ္စည်းများနှင့် ဝန်ဆောင်မှုကိုပါ တိုးချဲ့ထုတ်လုပ်ဖြန့်ချိဆောင်ရွက်ခဲ့သည်။
- ရုပ်ရှင်၊ ဗီဒီယို၊ ဒီဗီဒီ တေးစီးရီး တေးဂီတဖျော်ဖြေပွဲနောက်ခံပုံများ၊ စီးပွားရေးလုပ်ငန်းကြော်ငြာပုံများ၊ လမ်းညွှန်ဆိုင်းဘုတ် Billboard များ၊ Light Box များ၊ ကုန်စည်ပြပွဲများ၊ ဘတ်စ်ကားကြော်ငြာပုံများ၊ ပုံကြီးချဲ့လိုသည့်ဓာတ်ပုံများ၊ In-door/Outdoor Banner များ၊ နေကာ (Sun Shade) များ၊ Stand နှင့် ကြော်ငြာပစ္စည်းမျိုးစုံတို့ကို အရည်အသွေးမီ Vinyl အသုံးပြု၍ Digital Inkjet Printing စက်ကြီးများဖြင့် ထုတ် လုပ်တပ်ဆင်ဝန်ဆောင်မှုပေးလျက်ရှိသည်။



- Vinyl အကျယ် ၁၀ ပေနှင့် အလျားအလိုရှိသလောက် အရွယ်အစားအထိ ပုံနှိပ်ထုတ်လုပ်ပေးနိုင်သည်ဟု ဆိုသည်။
- စက်ပစ္စည်းများကို အမေရိကန်နှင့် ဂျပန်နိုင်ငံတို့မှတင်သွင်းပြီး ကုန်ကြမ်းပစ္စည်းများကို အမေရိကန်၊ စင်ကာပူ၊ ထိုင်းနှင့် တရုတ်နိုင်ငံ (ရှန်ဟဲ)တို့မှ မှာယူတင်သွင်းသည်။
- Vinyl ဖြင့် ပြုလုပ်ထားသော ကြော်ငြာနှင့် ကုန်ပစ္စည်းအမှတ်တံဆိပ်ပုံအမျိုးမျိုးကို သက်တမ်းကြာရှည်စွာအသုံးပြုနိုင်ရန် UV Coating စက်ဖြင့် Coating ပြုလုပ်ပေးသည်။

www.foreverspace.com.mm











- Billboard များကို ၁၅'× ၄၅'၊ ၁၆' × ၄၈'၊ ၁၃'× ၃၉'အရွယ်အစားသုံးမျိုး ပြုလုပ်တပ်ဆင်ပေးပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ခွင့်ပြုချက်ရယူသည်မှစ၍ နေရာရွေးချယ်၍ တည်ထောင်ပြီးစီးသည်အထိ ဆောင်ရွက်ပေးလျက်ရှိသည်။
- ရန်ကုန်နှင့် မန္တလေးမြို့ကြီးများအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ Billboard အရေအတွက် ၄၀ ကျော်ပြုလုပ်ပေးခဲ့ပြီး ဈေးကွက်ဝေစု၏ ၃၀ ရာခိုင်နှုန်းကျော် ရယူထားသည်ဟုဆိုသည်။
- ၂၀၀၅ ခုနှစ် အောက်တိုဘာလတွင် မန္တလေးမြို့၌ ကုမ္ပဏီရုံးခွဲကို တိုးချဲ့ဖွင့်လှစ်ခဲ့သည်။
- City FM ရေဒီယိုအစီအစဉ်တွင် ကြော်ငြာများလက်ခံဆောင်ရွက်ပေးခြင်း၊ Digital Sound Recording System ကို အသုံးပြု၍ ကြော်ငြာများအတွက် အသံသွင်းယူခြင်း၊ T-Shirt၊ PP Board၊ Sticker၊ ကြွေပန်းကန်နှင့် ကြွေခွက်များ၊ ဘောလ်ပင်များပေါ်တွင် ကုမ္ပဏီအမှတ်တံဆိပ်နှင့် ဓာတ်ပုံများအား Silk Screen ပုံနှိပ်ပေးခြင်း၊ Discount Card၊ Member Card၊ ဝန်ထမ်းကတ်အမျိုးမျိုးပြုလုပ်ခြင်း စသည့်မီဒီယာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော Art Man Co., Ltd. ၏ ညီနောင်ကုမ္ပဏီဖြစ်သည်။
- နယ်မြို့အသီးသီးမှ ကိုယ်စားလှယ်ရယူဆောင်ရွက်လိုသူများနှင့်ပူးပေါင်း၍ လုပ်ငန်းများတိုးချဲ့ဆောင်ရွက်သွားမည်ဟု ဆိုသည်။
- ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ကုမ္ပဏီလိပ်စာ
ဦးအောင်ကျော်ဦး (မန်နေဂျင်းဒါရိုက်တာ)
IDEA Digital Inkjet Printing,
Professional Sign Works and Accessories
အမှတ်-၂၂၀/၂၂၂၊ ဗိုလ်တထောင်ဘုရားလမ်း (အထက်)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၀၂၂၂၄၊ ၇၀၀၉၉၈၊
၀၉-၅၁၅၀၀၀၃၊ ဖက်စ်-၂၀၁၂၀၇၊ E-mail : idea@mptmail.net.mm

မန္တလေးရုံးခွဲလိပ်စာ - ရတနာပုံဈေး (ဒုတိယထပ်)၊ ၃၃ လမ်းနှင့် ၃၄ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။
ဖုန်း-၀၂-၈၉၆၉၅၊ ၈၉၆၉၄၊ ၀၉-၂၀၀၁၃၅

www.foreverspace.com.mm

ဤကဏ္ဍတွင်......


၁၄၂ ကမ္ဘာ့မိသားစုရုပ်ပုံလွှာ (၁)
၁၄၈ လူ့အပြုအမူ
၁၅၀ လူငယ်နှင့် လက်ဖက်ရည်ဆိုင်ထိုင်ခြင်း
၁၅၂ စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါး စစ်ဗျူဟာကျမ်း (၃၆) ခ
၁၅၄ ကျွန်တော်ပန်းချီကုန်သည် (၄၆)


**ယခုစာစုမှာ ခေတ်ပြိုင်နာမည်ကြီး ဘောဂဗေဒပညာရှင် 'ဂျက်ဖရီ ဆာ့ချ်' (Jeffrey Sachs) ၏ 'ဆင်းရဲမှုနိဂုံး' (The End of Poverty) စာအုပ် အခန်း(၁) A Global Family Portrait ကို ဆီလျော်သလို ဘာသာပြန်ဆိုထားခြင်း ဖြစ်ပါသည်။**

# ကမ္ဘာ့မိသားစုရုပ်ပုံလွှာ(၁)

**ကျော်ဝင်း**

## မာလာဝီ (သို့မဟုတ်) ဟူးဟူးရားရား 'မုန်တိုင်း'

မာလာဝီနိုင်ငံ နသန်ဒါရွာလေးသို့ ကျွန်တော်တို့ရောက်သွားချိန်မှာ နံနက်ခင်းသာရှိပါသေးသည်။ နသန်ဒါသို့ ရောက်ဖို့ လီလောင်ဝေမြို့တော်မှ တစ်နာရီခန့်လျှောက်ရပါသည်။ ဖုန်တသောသော ထနေသော မြေလမ်းပေါ်လျှောက်ရင်း ဖြတ်သွားဖြတ်လာ အဘွားအိုများနှင့် ကလေးငယ်များကို တွေ့ခဲ့ရသည်။ သူတို့အားလုံးတွင် ဖိနပ်မပါ ခြေဗလာနှင့်ဖြစ်သည်။ အချို့က ရေပုန်းတွေဆွဲလျက်၊ အချို့ကထင်းစည်းတွေထမ်းလျက်၊ အချို့ကဝန်စည်စလယ်များကို သယ်ပိုးလျက်။ မွန်းမတည့်သေးသည့်တိုင် နေရှိန်ကြောင့် ကျွန်တော်တို့မှာ ချွေးဒီးဒီးကျနေတော့သည်။

မာလာဝီမှာ အာဖရိကတောင်ပိုင်းမှ ကုန်းတွင်းပိတ်နိုင်ငံငယ်လေးဖြစ်ပါသည်။ ယခုကျွန်တော်တို့ရောက်နေသော ဒေသမှာ ဆင်းရဲမွဲတေမှုနှင့် နပန်းလုံးနေရဆဲ အခြေအနေတွင်သာရှိသည်။ ဒေသခံအများစုမှာ ပြောင်းစိုက်တောင်သူများဟု သိရသည်။ ပိုပိုလျှံလျှံလောက်လောက်ငင ရှိသည်တော့မဟုတ်ပါ။ သူတို့မြေကြီးက သူတို့ကို မဝရေစာလောက်သာပေးသည်။ ယခုနှစ်ဆိုလျှင် ခါတိုင်းထက်ပင် ဒုက္ခရောက်ဦးမည့်ပုံရှိသည်။ ယခုချိန်ထိ မိုးတစ်ပြိုက်မှ မကျသေး။ ကျွန်တော်တို့ ဖြတ်သန်းခဲ့သော လယ်ကွင်းပြင်များထဲတွင် ညှိုးချုံးခြောက်ကပ်နေသော ပြောင်းပင်များကိုသာ တွေ့ခဲ့ရသည်။

ရွာတွင်သန်သန်စွမ်းစွမ်းယောကျ်ားသနာတွေရှိမည်ဆိုလျှင်မူ ခုလောက် ဒုက္ခရောက်ချင်မှရောက်ပါလိမ့်မည်။ မိုးရွာစဉ်မိုးရေခံဖို့ ရေလှောင်ကန်တွေ ကြိုဆောက်ထားနိုင်စရာရှိပါသည်။ သို့နှင့်တိုင် ရွာတွင်သန်သန်စွမ်းစွမ်းလူငယ်လူရွယ်ရှိပုံမတူ။ ကျွန်တော်တို့ကို လာရောက်နှုတ်ဆက်ကြသူများမှာ အဘွားအိုများနှင့် အရွယ်မရောက်တတ်သေးသော ကလေးငယ်တွေသာဖြစ်နေသည်။ "ယာထဲများဆင်းနေကြတာလား..." စုံစမ်းကြည့်တော့ ကျွန်တော်တို့နှင့်အတူပါလာသော ဒေသခံအလုပ်သမားက မျက်နှာညှိုးညှိုးနှင့် ခေါင်းခါပြသည်။ အိတ်ဒ်စ်ရောဂါဆိုးကြီးက ရွာမှ လူငယ်လူရွယ်အားလုံးလောက်ကို သေရွာဆီသို့ ခေါ်သွားခဲ့ပြီဟု သိလိုက်ရပါသည်။

မကြာသေးမီက နသန်ဒါတွင် ရောဂါကပ်ကြီး ဆိုက်ခဲ့သည်။ အိတ်ဒ်စ်ရောဂါဆိုးကြီးက ဝင်မွှေသွားရာ အရွယ်ကောင်းသူအားလုံးလောက် မြေ

www.foreverspace.com.mm



ကြီးထဲရောက်ကုန်တော့သည်။ ယခုလောလောဆယ်ရွာတွင် အသက် ၂၀ မှ ၄၀ ကြားဆို၍ ငါးယောက်သာရှိတော့သည်ဟု ဆိုပါသည်။ သူတို့ငါးယောက်လုံးမှာလည်း အိတ်ဒ်စ်ရောဂါနှင့် ကွယ်လွန်သွားသော မိတ်ဆွေတစ်ယောက်၏ အသုဘကို လိုက်ပို့နေသည်ဖြစ်ရာ ကျွန်တော်တို့နှင့် မဆုံဖြစ်ခဲ့ပါ။ သို့ဖြင့် ကျွန်တော်တို့ ဆုံခွင့်ကြုံခွင့်ရခဲ့သည်မှာ အဘွားများနှင့် သူတို့၏ မိဘမဲ့မြေးတွေသာဖြစ်နေပါတော့သည်။ အဘွားတစ်ယောက်လျှင် မြေး ငါးယောက်မှ ၁၀ ယောက်အထိ (အချို့ဆိုလျှင် ၁၅ ယောက်လောက်မျှထိ) တာဝန်ယူထိန်းကျောင်းနေရတော့သည်။ အဘွားတိုင်းတွင် သူတို့သားသမီးများ မည်သို့မည်ပုံသေဆုံးခဲ့ရသည်ကို ပြောပြစရာ ပုံပြင်တွေကိုယ်စီရှိနေကြပါသည်။ ချမ်းသာကြွယ်ဝသော နိုင်ငံများတွင်ဆိုလျှင်မူ အဘွားတို့တစ်တွေမှာ သားတွေမြေးတွေအလယ် တင့်တင့်တယ်တယ်နားနားနေနေနေခွင့်ရမည့်အရွယ်မျိုးဖြစ်ပါသည်။ ယခု နသန်ဒါအဘွားများမှာတစ်စက်ကလေးမှမနားနိုင်။ လူမမယ်မြေးငယ်များအတွက် ရှိသမျှလက်ကျန်ခွန်အားလေးဖြင့် အသက်ဆက်ရန်းကန်နေကြရရှာသည်။

အိတ်ဒ်စ်ရောဂါကပ်ဘေးကြီးအတွင်း အသက်ရှင်ကျန်ရစ်သည့်အရေအတွက်မှာ မရှိသလောက်ပင်နည်းလှပါသည်။ အချို့အိမ်များတွင်ဆိုလျှင် မိသားစုတစ်စုလုံး တစ်ယောက်မကျန်သေကုန်သည်များပင် ရှိသည်။ ရွှံ့နှင့်ဆောက်ထားသော တဲလေးတစ်လုံးရှေ့တွင် ငူငူငိုင်ငိုင်ထိုင်နေသော အဘွားအိုတစ်ဦးနှင့် စကားပြောကြည့်ရာ သူတို့ဘဝကို တစေ့တစောင်းသိခွင့်ရခဲ့သည်။ အဘွားတွင် မိဘမဲ့မြေး ၁၅ ယောက်ရှိသည်။ သို့နှင့်တိုင် အဘွားပိုင်လယ်လေးမှာဟက်တာဝက်မျှသာရှိသည်။ အကယ်၍ မိုးကောင်းပြီး သီးနှံထွက်ကောင်းလျှင်သော်မှ သူတို့မြေးအဘွား တစ်သိုက်အတွက် လောက်ငနိုင်စရာမရှိ။ မာလာဝီ၏ စိုက်ပျိုးမြေအများစုမှာ မြေဆီသြဇာကုန်ခန်းနေပြီဖြစ်ရာ တစ်ဟက်တာလျှင် ပြောင်းတစ်တန်မျှသာအနိုင်နိုင်ထွက်တော့သည်။ သာမန်သီးထွက်ထက် သုံးပုံတစ်ပုံမျှသာရှိသည်။ အဘွားပိုင် ဟက်တာဝက်မှ ပြောင်းတန်ဝက်ထွက်သည်ထား မြေး ၁၅ ယောက်နှင့် အဘွားအိုအတွက် တစ်နှစ်စာဝမ်းစာမည်သို့မျှ



www.foreverspace.com.mm

ဖူလုံနိုင်ရာမရှိပါ။ ဒီနှစ်မိုးခေါင်ပုံမျိုးနှင့်ဆိုလျှင် အဘွားအတွက် ပြောင်းတစ်ဖူး၊ လှူးဆပ်တစ်နှံပင်ရပါ့မလားမသိ...။

အဘွားအိုက အတွင်းခံအကျီထဲတွင် ကျစ်ကျစ်ပါအောင် ထုပ်ထားသောပြောင်းနှံလေးတစ်နှံကို ဆွဲထုတ်လိုက်သည်။ ပိုးကိုက်ရာဗလပွနှင့် ပြောင်းနှံလေးမှာ အောက်သိုးသိုးအနံ့ပင်ထွက်စပြုနေပါပြီ။ ဘာပဲဖြစ်ဖြစ် ဤပြောင်းနှံလေးကိုပင် ယာဂုကြိုရမည်။ ဤယာဂုသည်ပင် မြေးအဘွားတစ်သိုက်အတွက် မနက်စာဖြစ်သလို ညနေစာလည်း ဖြစ်ရပါလိမ့်မည်။ အဘွားတို့အနေနှင့် ဝိကာလဘောဇနာသိက္ခာပုဒ်ကို မလွှဲမရှောင်သာဆောက်တည်နေခဲ့ရသည်မှာ ကြာတောင့်ကြာရှည်ရှိပါပြီ။ တစ်ခါတရံ၊ တစ်နပ်မှ မစားရဘဲဒုက္ကရစရိယာကျင့်ရသည်မျိုးပင်ရှိသည်။

"အဘွားမြေးတွေကော ကျန်းကျန်းမာမာပဲလား..."

ကျွန်တော်က စိတ်အပြောင်းအလဲဖြစ်ပါစေတော့သဘောနှင့် မေးလိုက်ရာ အဘွားအိုကအသက်လေးနှစ်အရွယ်ကလေးငယ်ကို ဆွဲပွေ့ပြီး ခေါင်းတခါခါ အသံတုန်တုန်နှင့်ပြောရှာသည်။

"မကောင်းဘူး၊ မကောင်းဘူး။ ဒီမြေးလေးဆိုခုမှ နာလန်ထ။ ငှက်ဖျားဖြစ်တာသေကောင်ပေါင်းလဲပဲ"

အဘွားမှာ လူမမာမြေးငယ်ကို ကျောပိုးပြီး ဒေသန္တရဆေးခန်းရှိရာ ခြောက်မိုင်ကျော်ခရီးကို အပြင်းနှင်ရသည်။ ဆေးခန်းရောက်လို့အမောမှ မပြေခင် ကျန်းမာရေးမှူး၏စကားက အဘွားအို၏ရင်ဘတ်ကို ဆောင့်တွန်းလိုက်သလိုရှိသည်။

"ကျိုနိုင်ပြတ်နေတယ် နက်ဖြန်ခါမှ တစ်ခေါက်လာ..."

သည်လိုနှင့် နောက်တစ်နေ့တွင် ခြောက်မိုင်ကျော်ခရီးကို နောက်တစ်ကြိမ်သွားရပြန်သည်။ ကံကောင်းထောက်မစွာပင် ထိုနေ့က ဆေးခန်းတွင် ကျိုနိုင်ရှိနေ၍ ကလေးငယ်၏အသက်ကို ကယ်တင်နိုင်ခဲ့သည်။ အကယ်၍နောက်ထပ်တစ်ရက်ခန့် နောက်ကျမည်ဆိုလျှင် ငှက်ဖျားပိုးဦးနှောက်ထဲရောက်ပြီး လက်လွှတ်လိုက်ရတော့မည်ဖြစ်ပါသည်။ သို့နှင့်တိုင် အာဖရိကမှ ကလေးငယ်ပေါင်း တစ်သန်းကျော် (ပြောရလျှင် သုံးသန်းအထိပင်ရှိနိုင်သည်) မှာ အဘွား၏မြေးလို ကံမကောင်းနိုင်ရှာခဲ့ပါ။ ငှက်ဖျားရောဂါ၏သားကောင်အဖြစ် နှစ်စဉ်ဇီဝိန်ကြွေကြရမြဲဖြစ်ပါသည်။ စင်စစ်ငှက်ဖျားလိုရောဂါမျိုးမှာ အလွယ်တကူကာကွယ်လို့ရသလို အလွယ်တကူကုသနိုင်သည်သာဖြစ်ပါသည်။ ဤလိုရောဂါမျိုးကြောင့် နှစ်စဉ်ကလေးများသန်းချီအသက်ဆုံးနေရသည်မှာ မည်သို့မျှနားလည်ခွင့်လွှတ်နိုင်စရာမရှိဟု ဆိုရပါလိမ့်မည်။

ကျွန်တော်တို့အဖွဲ့ရွာထဲသို့ ရောက်လာသည်နှင့်အမျှ အခြားမြေးအဘွားမိသားစုများနှင့် စကားပြောခွင့်ရလာပါသည်။ သူတို့ဇာတ်လမ်းတွေမှာ အားလုံးထပ်တူမကျသည့်တိုင် သိပ်ကွာလှသည်တော့လည်းမဟုတ်ပါ။ အိတ်ဒ်စ်ရောဂါကြောင့်သားသမီးတွေဆုံးပါးရပြီး မြေးတစ်သိုက်နှင့်ကျန်ရစ်ခဲ့သော မလှမပဇာတ်လမ်းတွေသာဖြစ်ပါသည်။ ရွာတွင် လူချမ်းသာဟူ၍ တစ်ဦးတစ်ယောက်မျှမရှိ။ အားလုံးအတူတူနှင့် အနူနူသာဖြစ်သည်။ ရွာနှင့်မနီးမဝေးတွင် မည်သည့်ဆေးခန်းမျှလည်းမရှိ။ သန့်ရှင်းသော သောက်သုံးရေပင်မရတတ်နိုင်။ အဆိုးတကာ့အဆိုးဆုံးမှာ အကူအညီမဲ့နေရခြင်းဖြစ်ပါသည်။ မစို့မပို့ကူညီလှူဒါန်းငွေလေးနှင့်သာ ရပ်တည်နေရသော ဒေသခံ NGO များမှာဘာတစ်ခုမှဟုတ်ဟုတ်ညားညားမကူညီနိုင်ဖြစ်နေရသည်။ တစ်အိမ်ထောင်အတွက် 'ဆင့်' အနည်းငယ်မျှသာ ကူညီနိုင်သည်ဖြစ်ရာ ဆင့်ပါးစပ်နှမ်းပက်သလောက်သာရှိပါသည်။ ယခုနှစ်အတွက် ဒေသခံ NGO မှ ကူညီနိုင်သည်မှာ တစ်အိမ်

**အဘွားတို့အနေနှင့် ဝိကာလဘောဇနာသိက္ခာပုဒ်ကို မလွှဲမရှောင်သာဆောက်တည်နေခဲ့ရသည်မှာ ကြာတောင့်ကြာရှည် ရှိပါပြီ။ တစ်ခါတရံ၊ တစ်နပ်မှမစားရဘဲ ဒုက္ကရစရိယာကျင့်ရသည်မျိုးပင် ရှိသည်။**



www.foreverspace.com.mm

ထောင်လျှင် မိုးကာ တာပေါ်လင်စ တစ်ထည်စီမျှသာရှိသည်။ မည်သို့ပင်ဆိုစေ ပေါက်ပြဲနေသော သက်ကယ်မိုးများအောက် တာပေါ်လင်စကို ထိုးထည့်ပြီး မြေအဘွားတစ်တွေ မိုးလုံလေလုံ အိပ်စက်နိုင်ခြင်းကပင် ဘာမျှမရှိသည်နှင့်စာလျှင် မဆိုးလှဟု ဖြေရတော့မည်ဖြစ်ပါသည်။

တစ်နေရာအရောက်တွင် မျက်နှာကြည်ကြည်နှင့်ကလေးမလေးတစ်ယောက်ကိုတွေ့၍ စကားစမြည်ပြောကြည့်ဖြစ်သည်။ ကျွန်တော့်အထင် ခုနစ်နှစ်၊ ရှစ်နှစ်ခန့်သာရှိလိမ့်ဦးမည် မှန်းဆမိသော်လည်း အသက်မေးကြည့်တော့မှ ၁၂ နှစ်ဟုသိရသည်။ မွေးကတည်းက (မဟုတ်သေးပါ။ မိခင်ဝမ်းကြာတိုက်ထဲကတည်းက) နှစ်ရှည်လများအာဟာရချို့တဲ့ခဲ့သောကြောင့် ဉာဏ်မျှကြီးလိုသေးကွေးနေခြင်းဖြစ်ပါလိမ့်မည်။

"သမီးကြီးရင် ဘာလုပ်မလဲ..."

"ဆရာမကြီးလုပ်မယ် ဦး..."

ကလေးမလေး၏ အိပ်မက်ကိုကြားရတော့ ကျွန်တော် ရတ်တရက်ပျော်သွားသည်။ ကြာကြာတော့လည်း မပျော်နိုင်ပါ။ သည်မိုး၊ သည်လေ၊ သည်အခြေအနေနှင့် ဆရာမဖြစ်ချင်ရှာသူလေးမှာ ဆရာဖြစ်သင်ကောလိပ်နေနေသာသာ အလယ်တန်းအဆင့်ပင်ရောက်နိုင်မရောက်နိုင်မသေချာသည်ကို စိတ်ထဲမှ အလိုလိုသိနေသည်။ မာလာဝီကလေးငယ်များ၏ ပညာရေးမှာ ကျောင်းနှင့်အိမ် ထွက်လိုက်ဝင်လိုက်နှင့်ပင် အချိန်ကုန်ရသည်က များပါသည်။ ကလေးတွေ၏ ကျောင်းတက်ချိန်ကို ဖဲ့ယူနေသော ဗာဟီရအလုပ်တွေကသူတို့ဘဝတွင် အပုံအပင်။ အဘွားအတွက် ရေခပ်ပေးရသည်။ ထင်းခွေပေးရသည်။ မောင်ငယ်ညီငယ်တွေကို ထိန်းကျောင်းပေးရသေးသည်။ ထို့ထက် ကျောင်းလခ၊ စာအုပ်ဖိုး၊ ကျောင်းဝတ်စုံဖိုး ဆိုတာတွေကရှိသေးသည်။ ပြီး ကျောင်းနှင့်အိမ်ဆိုသည်က ကီလိုမီတာများစွာဝေးကွာလွန်းလှသည်။

ဆရာမဖြစ်ချင်ရှာသူကလေးမလေးကို ကျွန်တော်အားပေးစကားပြောလိုက်ချင်ပါသည်။ သို့နှင့်တိုင် မည်သို့အားပေးရမည်ကို ကျွန်တော်ကိုယ်တိုင်မသိ။ သို့ဖြင့် ကလေးမလေး၏ နီကြင်ကြင်ကြမ်းရှရှ ဆံပင်တွေကိုသာ ပွတ်သပ်ပေးပြီး နှုတ်ဆက်ခွဲခွာခဲ့ရသည်။

ထိုနေ့နေ့လယ်မှာပင် လေကြောင်းခရီးဖြင့် ဒုတိယမြို့တော်ဘလန်တိုင်ယာသို့ ကျွန်တော်တို့အဖွဲ့ရောက်သွားသည်။ မာလာဝီနိုင်ငံ၏ အကြီးဆုံးဆေးရုံကြီး 'အယ်လိဇဘက်ဘုရင်မဗဟိုဆေးရုံကြီး' မှာ ဘလန်တိုင်ယာတွင်ရှိသည်။ ခရီးရောက်မဆိုက်ဆိုသလိုပင် ထိုဆေးရုံသို့ ကျွန်တော်တို့ရောက်သွားခဲ့ရာ ထိုနေ့တစ်နေ့တည်းအတွက် ဒုတိယအကြိမ် သွေးလန့်မှုနှင့် ဒုတ်ဒုတ်ထိ ရင်ဆိုင်ခဲ့ရပါတော့သည်။

အယ်လိဇဘက်ဆေးရုံမှာ မာလာဝီအစိုးရကိုယ်တိုင် စိတ်အားထက်သန်နေသော အိတ်ဒ်စ်ရောဂါတိုက်ဖျက်ရေးစီမံချက်တစ်ရပ်ကို အကောင်အထည်ဖော်နေရာ စစ်မျက်နှာတစ်ခုဖြစ်ပါသည်။ လုံလောက်သောနိုင်ငံတကာအကူအညီမရတတ်သည်နှင့် အိန္ဒိယဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သော 'စစ်ပလာ' နှင့်လက်တွဲပြီး အဆိုပါစီမံချက်ကို လက်တွေ့ဆောင်ရွက်ရသည်။ မာလာဝီအစိုးရကိုယ်တိုင်မှာလည်း ချို့ချို့တဲ့တဲ့ပင်ဖြစ်ရာ အခြေအနေအရ စရိတ်မျှပေးစနစ်ကို ကျင့်သုံးနေရသည်။ ဆေးဖိုးဝါးခအဖြစ် လူနာရှင်ဘက်မှ တစ်နေ့တစ်ဒေါ်လာ ကုန်ကျခံရမည့် အစီအစဉ်ဖြစ်ပါသည်။ ကျွန်တော်တို့ရောက်သောနေ့မှာ ဆေးပေးသည့်နေ့နှင့် တိုက်ဆိုင်နေရာ ကျွန်တော်တို့အားလုံးသွားရောက်လေ့လာခဲ့ကြပါသည်။ ဤဆေးရုံတွင် တက်ရောက်ဆေးကုသခံနေသော အိတ်ဒ်စ်ရောဂါဝေဒနာရှင်ပေါင်း ၉၀၀,၀၀၀ မျှရှိသည်ဟု ကျွန်တော်တို့သိထားသော်လည်း လက်တွေ့ဆေးရနေသည်မှာ လူ ၄၀၀ ခန့်မျှသာရှိရာ ဘာကြောင့်ဘယ်လိုဆိုသည်ကို ဆေးရုံတာဝန်ရှိသူတစ်ယောက်ကို မေးကြည့်မိသည်။ သူက အသံတိမ်တိမ်နှင့် အခြေအနေကို ရှင်းပြရှာသည်။

"တစ်နေ့ တစ်ဒေါ်လာ တတ်နိုင်တာ လူ ၄၀၀ လောက်ပဲရှိတယ်"

"ဒါဖြင့် ကျန်တဲ့သူတွေကော..."

သူ့ဆီက ဘာမဖြေမှ မကြားရတော့ပါ။ သေမည့်ရက်ကို ထိုင်စောင့်နေရုံမှတစ်ပါး အခြားမရှိ ဆိုသည်ကို သူမဖြေသော်လည်း ကျွန်တော်ရိပ်စားမိလိုက်ပါသည်။ ပြင်ပလူနာဌာနနှင့် ဆေးရုံတစ်ခုလုံး တာဝန်ယူကြီးကြပ်နေသော ဆေးရုံအုပ်ကြီးနှင့်လည်း တွေ့ခွင့်ရခဲ့ပါသည်။ ဆေးရုံအုပ်ကြီးကမူ သူ့အလုပ်ကိုသူ အားရကျေနပ်နေဟန်တူသည်။

"တစ်ရာရာခိုင်နှုန်းအောင်မြင်တယ်လို့ ပြောနိုင်ပါတယ်ဗျာ။ ဒီကလူတွေဟာ ဆေးနဲ့ထိတွေ့မှုမရှိသလောက်ဆိုတော့ ဆေးပြီးတာမျိုး ဆေးယဉ်သွားတာမျိုးမရှိဘူး။ ဆေးပေးလိုက်ပြီဆိုတာနဲ့ တန်းအစွမ်းပြတာပဲ။ ပြီးတော့ သူတို့ကိုယ်တိုင်ကလည်း ဆေးသောက်ဖို့ ဆေးထိုးဖို့ လိုလိုချင်ချင်ရှိကြတယ်လေ"

ဆေးရုံအုပ်ကြီးပြောသော တစ်ရာရာခိုင်နှုန်းဆိုသည်မှာ တစ်နေ့တစ်ဒေါ်လာ အကုန်အကျခံပြီး ဆေးကုသခံယူခွင့်ရနေသူများဖြစ်ပါလိမ့်မည်။ ကျွန်တော်တို့သိလိုသည်က လူနာအများစု၏ အခြေအနေမှန်...။

"ဝပ်ဒ်ထဲကို သွားကြည့်လို့ရမလား . . ."

"ဟုတ်ကဲ့။ ရပါတယ်"

ဒီတစ်ခါ ဆေးရုံအုပ်ကြီး၏အသံမှာ စောစောကလောက် အားတက်သရောမရှိလှတော့။ သူ့ရုံးခန်းနှင့် မျက်စောင်းထိုးရှိ လူနာဆောင်သို့ ခေါ်သွားပါသည်။ လူနာဆောင်ဆိုသည့်တိုင် ဆေးရှိသည်

www.foreverspace.com.mm

တော့မယုတ်ပါ။ ခုတင် ၁၅၀ သာ ဆံ့သော ဆေးရုံတွင် လူပေါင်း ၄၅၀ မျှ တက်ရောက်ကုသနေသည်ဟု သိရသည်။ ခုတင်တိုင်းတွင် ခြေဆင်း၊ ခေါင်းဆင်း လဲလျောင်းနေကြသော လူနာနှစ်ဦးစီမျှ တွေ့ရသည်။ ခုတင်အောက်ကြမ်းပြင်ထက်တွင် တစ်ယောက်၊ ခုတင်ဘေးကြမ်းပြင်တွင် နောက်တစ်ယောက်...။ ဤနေရာမှာ ဆေးကုသပေးသော လူနာဆောင်လော...။ ရင်ခွဲရုံမပို့မီ ယာယီထားသောနေရာလော...။ စဉ်ဆက်မပြတ်ဆိုသလို သယ်ထုတ်သွားသော အလောင်းစင်များက ကျွန်တော့်မေးခွန်းကို အဖြေပေးသလိုရှိတော့သည်။

လူနာဆောင်တစ်ခုလုံးမှာ ညည်းသံညူသံနှင့် အတိပြီးသလိုရှိနေသည်။ လူနာများ၏ လေးပုံသုံးပုံမှာ အိတ်ဒ်စ်ရောဂါ နောက်ဆုံးအဆင့်ရောက်နေပြီဟု သိရသည်။ လူ့ဘဝနောက်ဆုံးထွက်သက်ကို ပင်ပန်းကြီးစွာ ငံ့လင့်နေကြရသော လူနာများ၏ အသွင်မှာ လူနှင့်ပင်မတူလှတော့ပါ။ လူနာရှင်အချို့က သူတို့လူနာ၏ ခြောက်သယောင်းနေသော နှုတ်ခမ်းများကို ဂွမ်းစဖြင့် ရေဆွတ်ပေးနေကြသည်။ သူတို့အတွက် ရနိုင်စရာရှိသော တစ်ခုတည်းသော ကုသပြုစုမှုမှာ ဤဂွမ်းစနှင့် ဤရေစက်လေးများသာ ဖြစ်ပါလိမ့်မည်။ သူတို့အဆောင်နှင့် မနီးမဝေးရှိ စရိတ်မျှပေးအဆောင်တွင်မူ ဆေးရုံအုပ်ကြီးကို အားတက်ရွှင်လန်းစေမည့် အိပ်မက်သစ်များ အမှန်ပင်မက်ခွင့်ရှိပါလိမ့်မည်။ သို့နှင့်တိုင် ယခုအဆောင်ထဲမှ လူနာတွေအတွက်မူ မည်သည့်အိပ်မက်မျှ မက်ခွင့်မရှိနိုင်တော့ပါ။ တစ်နေ့တစ်ဒေါ်လာဆိုသော အိပ်မက်မက်ခမှာ သူတို့အတွက် 'မမီတဲ့ပန်း' လိုဖြစ်နေရတော့သည်။

မာလာဝီနိုင်ငံမှ သိန်းနှင့်ချီသော လူများစွာကို နှစ်စဉ် သင်္ချိုင်းကုန်းသို့ပို့နေသည်မှာ အိတ်ဒ်စ်ရောဂါလော...၊ ဆင်းရဲမွဲတေမှုလောဆိုသည်ကို ကျွန်တော်တွေးနေမိသည်။ ဤကိစ္စနှင့် ပတ်သက်ပြီး ဒုတိယသမ္မတ 'ဂျပ်စတင်မူလာဝေစီ' နှင့်ပင် ပြောဖြစ်ဆိုဖြစ်ကြသေးသည်။ မစ္စတာဂျပ်စတင်မှာ ဥပဓိခန့်ညားသလောက် စကားပြောကောင်းသူဖြစ်သည်။ လူထု၏ အသည်းကြားမှ မဲပြားများဖြင့် ယခုအဆင့်နေရာသို့ ရောက်လာသော နိုင်ငံရေးသမားတစ်ဦးလည်း ဖြစ်ပါသည်။ တစ်ဦးချင်းဝင်ငွေ တစ်နေ့ 'ဆင်ငါးဆယ်' တစ်နှစ် ဒေါ်လာ ၁၈၀ မျှသာရှိသော မာလာဝီလိုနိုင်ငံမျိုးအတွက် ပါတီစုံဒီမိုကရေစီမှာ အလွန်မှုန်ပြလှသော အလားအလာမျှသာဖြစ်ပါသည်။ သို့နှင့်တိုင် ဂျပ်စတင်တို့၏ ထက်သန်သော ခေါင်းဆောင်မှုဖြင့် ဤမှုန်ဝါးလှသော ဒီမိုကရေစီကို အရယူနိုင်ခဲ့ပြီးဖြစ်ပါသည်။ ဂျပ်စတင်တို့အတွက် ပို၍အရေးကြီးသော နောက်ထပ်စိန်ခေါ်မှုမှာ ရရှိပြီး ဒီမိုကရေစီကို အဓွန့်ရှည်ကြာအောင် ထိန်းသိမ်းနိုင်ဖို့ဖြစ်ပါသည်။

မစ္စတာဂျပ်စတင်၏ ဆွေမျိုးသားချင်းများထဲမှာပင် အိတ်ဒ်စ်ရောဂါဖြင့် ဘဝကိုကျောခိုင်းသွားခဲ့ရသူတွေ မနည်းမနောရှိသည်။ ယခုလောလောဆယ် 'အိတ်ဒ်စ်ရောဂါတိုက်ဖျက်ရေးအမျိုးသားကော်မရှင်' ကို ဦးဆောင်နေသော ဒုတိယသမ္မတမှာ သူ့အကြောင်းကို ကြေကွဲသံတစ်ဝက်နှင့် ပြန်ပြောပြသည်။ မာလာဝီအတွက် အရေးတကြီးလိုအပ်နေသော နိုင်ငံတကာအကူအညီရရေးအတွက် ဟားဗတ်ဂျွန်ဟော့ပ်ကင်း စသော တက္ကသိုလ်ကျောင်းကြီးများသို့ မမောနိုင်မပန်းနိုင် ဟောပြောခဲ့ပြီးပြီ။ နယူးယော့ခ် လန်ဒန်စသောမြို့ကြီးများသို့ ခြေတိုမတတ်သွားခဲ့ပြီးပြီ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့လို အဖွဲ့အစည်းများသို့လည်း အာပေါက်မတတ်မေတ္တာရပ်ခံခဲ့ဖူးပါပြီ။ သို့နှင့်တိုင် မာလာဝီအတွက် အကူအညီမှာ ယခုထက်တိုင် ရွှေပြည်တော်မျှော်တိုင်းဝေးနေရဆဲ...။

ဂျပ်စတင်တို့ကော်မရှင်က ရောဂါစွဲကပ်နေသူစုစုပေါင်း၏ သုံးပုံတစ်ပုံအတွက် ကူညီကြပါရန် ပန်ကြားသည်။ (လူပေါင်း ၃၀၀,၀၀၀ မျှအတွက်ဖြစ်ပါသည်။) အမေရိကန်ပြည်ထောင်စုအပါအဝင် ဆူပါဓနတိုင်းနိုင်ငံကြီးများက 'များလွန်းသည်၊ သူတို့မတတ်နိုင်၊ လျှော့ပါဦး' ဟု ဈေးဆစ်ကြသည်။ သို့ဖြင့် နောက်ထပ်သုံးပုံတစ်ပုံလျှော့လိုက်ရရာ လူပေါင်း ၁၀၀၀၀၀ အတွက်သာဖြစ်သွားသည်။ ဒါကိုပင်များသေးသည်ဟု ဆိုပြန်သည်။

ဘယ်ဘက်က ကြည့်ကြည့် အောက်ကြေးတွင် ရောက်နေသော မာလာဝီမှာ ဘာမျှမတတ်နိုင်။ ဖဝါးခိုင်နှုန်း လျှော့ပေးလိုက်ရသည်။ နောက်ဆုံးလူပေါင်း ၄၀၀၀၀ အတွက်သာ အကူအညီပေးဖို့ သဘောတူလိုက်ရသည်။

“ဘာတတ်နိုင်မလဲဗျာ။ ဘာမှမရတာထက်စာရင် နည်းနည်းလောက်ရရင်လည်း မဆိုးဘူးလို့ ဖြေရမှာပေါ့...”


ဂျပ်စတင်၏ အားလျော့သံကို ကြားရသောအခါ ကျွန်တော့်မှာ ယူနီဆက်မှ လုပ်ဖော်ကိုင်ဖက် 'ကာရိုးဆီလာမေ' ၏ စကားကို အမှတ်မရဘဲမနေနိုင်။ သူက မာလာဝီ၏ အတိဒုက္ခကို Storm of Human Deprivation ဆိုသော ဝေါဟာရဖြင့် သရုပ်ထင်ပြဖူးသည်။ 'လူ့အတိဒုက္ခ၏မုန်တိုင်း' ဟုဆိုလိုချင်ဟန်တူပါသည်။ ဤသို့သော မုန်တိုင်းထဲတွင် ပိတ်မိနေသော လူသားများအတွက် ကျွန်တော်တို့ နိုင်ငံတကာ မိသားစု၏ ကရုဏာမှာ စကားတန်ဆာလော...၊ တကယ့်မေတ္တာစေတနာလောဆိုသည်ကို ဆန်းစစ်ကြဖို့ အချိန်တန်ပြီထင်ပါသည်။

ဆက်လက်ဖော်ပြပါမည်။

**ကျော်ဝင်း**

**စာညွှန်း–** The End of Poverty (By J. Sachs)

www.foreverspace.com.mm




# လူ့အပြုအမူ

ထိုက်အောင်

**ကျွန်တော်တို့ မြန်မာလူ့အဖွဲ့အစည်းအတွက် ကလီရှေးမေးခွန်းတစ်ခုနှင့်ပင် စရမည်ထင်ပါသည်။ ဤသည်မှာ ဗီဇနှင့်ပတ်ဝန်းကျင်ဟူသော အခြေအနေနှစ်ရပ်အနက် မည်သည်က လူ့အပြုအမူကို ပုံဖော်နေသည်ဟူသော အဆိုပင် ဖြစ်သည်။ ယင်းအတွက် သက်ဆိုင်ရာရှုရပ်အသီးသီးမှ ပတ်ဝန်းကျင်ကြောင့်၊ ဗီဇကြောင့်ဟူ၍ အမျိုးမျိုး ပြောဆိုခဲ့ကြသည်။ ယခုလည်း ဤကဲ့သို့ အပြုအမူများအတွက် အဖြေတစ်ခုထုတ်ရဦးမည်ထင်ပါသည်။**

ကျွန်တော့်တွင် ဤအကြောင်းအရာနှင့်ပတ်သက်ပြီး အခြေအနေတစ်ခုရှိပါသည်။ ယင်းအတွက် ဝိုင်းဝန်းစဉ်းစားကြဖို့ရာဖြစ်သည်။ ပြောလိုသည့်ဥပမာသည် ရိုးစင်းလွန်းသည်ဟု ထင်နိုင်သော်လည်း အဖြေတစ်ခုထွက်မည်ဟု ယုံကြည်မိသည်။ ကနေ့မြန်မာနိုင်ငံသားများ ပြည်ပခရီးသွားသောအလေ့အထတွင် လူတန်းစားအလွှာစုံသည် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး စသဖြင့် နိုင်ငံစုံ သွားလာလျက်ရှိသည်မှာ လူတိုင်းအသိပင်ဖြစ်သည်။ ဤအနေအထားတွင် ကိုယ်တိုင်ကြုံတွေ့ခဲ့ရ၍ ထင်သာမြင်သာရှိသည်မှာ ထိုင်းနိုင်ငံ ဒွန်မောင်းလေဆိပ်ကဲ့သို့ ပြည်ပလေဆိပ်များသို့ ရောက်ရှိသွားသည့် မြန်မာများအနေဖြင့် လေဆိပ်လူဝင်မှုကြီးကြပ်ရေးကောင်တာများတွင် ပြည်ပခရီးသွားများအတွက် သတ်မှတ်ထားသော ကောင်တာများ၌ ၎င်းတို့နိုင်ငံအလိုက် သတ်မှတ်ထားသောစည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရခြင်းဖြစ်သည်။ ယုတ်စွအဆုံး လူဝင်မှုကြီးကြပ်ရေးကောင်တာရှေ့တွင် သတ်မှတ်ထားသော မျဉ်းအပြင်မှ တစ်ဦးချင်း စည်းကမ်းတကျလိုက်နာပြီး အစစ်အဆေးခံတတ်သော အလေ့အကျင့်များကို ခရီးသွား မြန်မာနိုင်ငံသားအားလုံးက တလေးတစား လိုက်နာဆောင်ရွက်တတ်ခြင်းပင်ဖြစ်သည်။

သို့သော် စဉ်းစားဖွယ်ရာကောင်းသည်မှာ ပြည်တော်ပြန်မြန်မာအများစုသည် ရန်ကုန်လေဆိပ်သို့ ဆိုက်ရောက်သည်နှင့် ထုံးစံအတိုင်း လေဆိပ်လုပ်ထုံးလုပ်နည်းဆိုင်ရာများအတိုင်း အစစ်ဆေးခံရန်အလှည့်တွင် သတ်မှတ်ကောင်တာများ၌ အစီအစဉ်တကျမရှိ တိုးဝှေ့၍

www.foreverspace.com.mm

အမ်ပြန်ချိန်စေရန် အားထုတ်ကြခြင်းပင်ဖြစ်သည်။ ထိုင်းနိုင်ငံလေဆိပ်ကောင်တာများ၌ သတ်မှတ်ထားသော စည်းအပြင်မှနေ၍ တစ်ဦးချင်း စည်းကမ်းတကျ အလှည့်ကျအစစ်ဆေးခံတတ်ခဲ့သော လူများသည် ရန်ကုန်လေဆိပ်ရောက်ခါမှ လူဝင်မှုကြီးကြပ်ရေးကောင်တာများရှေ့၊ ကောင်တာတစ်ခုတည်း၌ လူများစုပြုံတိုးဝှေ့နေပုံကိုကြည့်ပြီး လူ့အပြုအမူသည် ဗီဇ သို့မဟုတ် ပတ်ဝန်းကျင်ကြောင့်ဟူသောအဖြေကို စဉ်းစားမိသည်။

သို့သော် တစ်ခုရှိသည်မှာ ထိုင်းနိုင်ငံလေဆိပ် လူဝင်မှုကြီးကြပ်ရေးကောင်တာများဆိုရာတွင် သံတမန်ခရီးသွားများမပါ၊ နိုင်ငံခြားခရီးသွားနှင့် ပြည်တွင်းခရီးသွားများဟူ၍ ယေဘုယျ နှစ်မျိုးနှစ်စား ခွဲခြားထားသော်လည်း မြန်မာလေဆိပ် လူဝင်မှုကြီးကြပ်ရေးကောင်တာများတွင်မူ ပြည်တွင်းခရီးသွားများအတွက်၌ပင် ဥပမာ–ခေတ္တယာယီ (Short Visit)၊ သဘော်သား၊ e-Passport စသဖြင့် အမျိုးမျိုး ကွဲပြားလျက်ရှိသည်။ ကျွန်တော်ကိုယ်တိုင် ခေတ္တယာယီခရီးသွားတစ်ဦးဖြစ်၍ Short Visit ဟူသောကောင်တာတွင်တန်းစီ၍ ဆောင်ရွက်စရာရှိသည်တို့ကို ဆောင်ရွက်မည်ဟု ကြံသော်လည်း တကယ်တမ်းတွင် တခြားကောင်တာတစ်ခုသို့ပြောင်း၍ တန်းစီစေသောကြောင့် နားမလည်ဖြစ်ရသည်။ ထို့အတူ သက်ဆိုင်ရာကောင်တာများအတွက် လိုအပ်သောစာရွက်စာတမ်းပုံစံများကို ကိုင်ထားသော လူအချို့က ဆူဆူညံညံ တိုးဝှေ့နေသည်ကိုလည်း တွေ့ရသဖြင့် ပြည်တော်ပြန်မြန်မာများ၏ ပြည်ပအတွေ့အကြုံက မလုံလောက်နိုင်သလောဟုလည်း တွေးမိသည်။ ထို့အတွက် အထက်တွင်ဖော်ပြခဲ့သလို လူ့အပြုအမူဟူသောအခြေအနေနှင့်ပတ်သက်ပြီး ပတ်ဝန်းကျင်၊ ဗီဇဆိုသည့် အနက် မည်သည့်အရာကအဓိကကျသည်ဟူသောအဖြေကို စဉ်းစားမိသည်။

မည်သို့ပင်ဖြစ်စေ ဤအခြေအနေသည် အသေးအဖွဲဟု ထင်ရပါသည်။ သို့သော် မင်းတုန်းမင်းနှင့် ငါးခြောက်ပြားဇာတ်လမ်းကဲ့သို့ပင် ဆိုချင်ပါသည်။ ဤသည်မှာ ဒီလောက်အသေးအဖွဲကိုမျှ မကျင့်ကြံနိုင်လျှင် နောင်ကြီးကျယ်မြင့်မြတ်သောအမှုဟူသမျှကို ကျွန်တော်တို့ ဘယ်လိုထမ်းဆောင်ရပါအံ့ဟုသာ မေးလိုက်လိုခြင်းပင်ဖြစ်သည်။

**ထိုက်အောင်**

ကြော်ငြာ

www.foreverspace.com.mm



# လူငယ်နှင့် လက်ဖက်ရည်ဆိုင်ထိုင်ခြင်း

ကိုပေါင်

**ကျွန်တော်တို့နိုင်ငံတွင် လူကြီး၊ လူလတ်၊ လူငယ်များ လက်ဖက်ရည်ဆိုင်ထိုင်ကြသည်မှာ ဓလေ့ထုံးစံလို ဖြစ်နေသည်။ လူငယ်များ လက်ဖက်ရည်ဆိုင်ထိုင်ခြင်းကို မကြိုက်သည့်မိဘ၊ လူကြီးများလည်း ရှိပါသည်။ အချို့ဆောင်းပါးများတွင် လူငယ်များ လက်ဖက်ရည်ဆိုင်ထိုင်ခြင်းကြောင့် နိုင်ငံ့လုပ်အားဆုံးရှုံးရသည်၊ အချိန်များဖြုန်းနေကြသည်ဆိုသော အရေးအသားများ မကြာခဏ တွေ့နေဖတ်နေရသည်။ လူကြီးမိဘများဘက်မှလည်း မိမိတို့သားသမီးများ လက်ဖက်ရည်ဆိုင်ထိုင်ခြင်းအပေါ် သက်သက်အချိန်ဖြုန်းသည် အပိုငွေကုန်သည်ဟုယူဆကာ မနှစ်သက်ကြချေ။ ဤသို့သောအမြင်များသည် ယနေ့ကာလတွင် အမြဲတမ်းမမှန်နိုင်တော့ပေ။**



ယနေ့ခေတ်တွင် လက်ဖက်ရည်ဆိုင်ထိုင်၍ စီးပွားရေး၊ လူမှုရေးကိစ္စများ ဖြေရှင်းဆောင်ရွက်နေကြသည့် လူကြီး၊ လူလတ်၊ လူငယ်များ အများအပြား တွေ့နေရသည်။ လက်ဖက်ရည်ဆိုင်များသည် စီးပွားရေး၊ လူမှုရေးကိစ္စများ အဆင်ပြေဆောင်ရွက်နိုင်ရန် ချိန်းဆိုကြသည့်နေရာတစ်ခုအဖြစ် အရေးပါလာသည်။ ကျွန်တော်တို့ကိုယ်တိုင်လည်း လုပ်ငန်းခွင်နှင့် အိမ်များတွင် ဧည့်သည်ရောက်လာတိုင်း လက်ဖက်ရည်ဆိုင်တွင်ခေါ်၍ ဧည့်ခံကာ စီးပွားရေး၊ လူမှုရေးကိစ္စများ ပြောဆိုဆောင်ရွက်ဖြစ်ကြသည်ချည်းပင်။ လက်ဖက်ရည်ဆိုင်များသည် မည်မျှကြာကြာထိုင်ထိုင် ပြဿနာမရှိ အဆင်ပြေလှသည်။ လွတ်လွတ်လပ်လပ် ပြောဆိုဆွေးနွေး၍ရသည်။ ဤသည်မှာ လက်ဖက်ရည်ဆိုင်များ၏ အားသာချက်ဖြစ်သည်။

သို့သော်လည်း အချို့အချို့သော လူငယ်များသည် မိုးလင်းမှ မိုးချုပ် လက်ဖက်ရည်ဆိုင်ထိုင်၍ သီချင်းနားထောင်လိုက်၊ မျက်စိစားပွဲထိုင်လိုက်၊ အော်ဟစ်နောက်ပြောင်လိုက်နှင့် တန်ဖိုးရှိသောအချိန်များကို လေသေနတ်ပစ် ရင်းဖြုန်းတီးနေကြသည်ကို တစ်ခါတစ်ရံ တွေ့မြင်နေရသည်။ ဤမြင်ကွင်းမျိုးက

တော့ ရာခိုင်နှုန်းအားဖြင့် အနည်းအကျဉ်းသာ။

များသောအားဖြင့်တော့ လက်ဖက်ရည်ဆိုင်များတွင်ထိုင်ပြီး အကြောင်းအရာတစ်ခုခုကို ပြောဆိုဆွေးနွေးနေကြသည်ကသာ များသည်။

မျက်မှောက်အခြေအနေအရ ကျွန်တော်တို့ပတ်ဝန်းကျင်၌ ဘီယာဆိုင်များ၊ စားသောက်ဆိုင်များ၊ အများအပြားအစီအရီတည်ရှိနေပါသည်။ ဤသို့သောဆိုင်များတွင် လူငယ်များရှိနေခြင်းသည် လူငယ်များအား မလိုလားအပ်သည့်လမ်းမှားသို့ အလွယ်တကူရောက်ရှိနိုင်ပေသည်။ ဘီယာဆိုင်၊ စားသောက်ဆိုင်တွင် လူငယ်များထိုင်နေခြင်းထက် လက်ဖက်ရည်ဆိုင်များတွင် လူငယ်များရှိနေသောမြင်ကွင်းကမှ တော်ပါဦးမည်။ လူငယ်များအတွက် လက်ဖက်ရည်ဆိုင်ထိုင်ခြင်းသည် အကျိုးသာမရှိရမည်၊ အကျိုးတော့မယုတ်နိုင်ပေ။

လူငယ်များ လက်ဖက်ရည်ဆိုင်ထိုင်ခြင်းကို အပြစ်တင်ပြောဆိုနေမည့်အစား လက်ဖက်ရည်ဆိုင်ထိုင်သည့် ရည်ရွယ်ချက်ကို ဖေးမပြုပြင်လမ်းကြောင်းမှန်အောင် တည့်ပေးခြင်းဖြင့် လူငယ်များကို လက်ဖက်ရည်ဆိုင်အလုပ်စားပွဲများဆီသို့ ခေါ်ဆောင်ကြပါလျှင် ပိုကောင်းမည်ဟု ယူဆပါသည်။ တန်ဆေးလွန်ဘေးဟူသောဆိုရိုးစကား ရှိပါသည်။ မည်သည့်အရာမဆို သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေး ဖြစ်နိုင်သည်ချည်း။ ယနေ့ကာလဆိုလျှင် ရန်ကုန်ရှိ လက်ဖက်ရည်ဆိုင်အချို့တွင် သတင်းစာ၊ မဂ္ဂဇင်းနှင့် ဂျာနယ်များထားပေးသည်။ ကိုယ်ပိုင်ဝယ်မဖတ်နိုင်သူများ လက်ဖက်ရည်တစ်ခွက်သောက်ရင်း အသိပညာဗဟုသုတများစွာ ရနိုင်သည်။ လက်ဖက်ရည်ဆိုင်ထိုင်သည့် အလေ့အထသည် စင်စစ်လူငယ်များသာမက မြန်မာလူမှုနယ်ပယ်အတွင်း နက်နက်ရှိုင်းရှိုင်းစွဲကပ်နေသော အလေ့အထဖြစ်နေပေပြီ။ ယင်းကိုအပြုသဘောဖြင့်မြင်ခြင်း၊ လက်ဖက်ရည်ဆိုင်စားပွဲဝိုင်းများမှသည် လူငယ်အချင်းချင်း ပညာရေးနှင့် အတွေးအခေါ်အယူအဆများ ဆွေးနွေးညှိနှိုင်းရာ၊ အချေအတင်ငြင်းခုံရာ၊ ဦးနှောက်မှန်တိုင်းဆင်ရာ စကားဝိုင်းပုံစံထိုမှတစ်ဆင့် ပြဿနာအခက်အခဲတစ်ခုအတွက် ဝိုင်းဝန်းစဉ်းစားအဖြေရှာခြင်း၊ ဝေဖန်အကြံပြုခြင်း၊ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းတို့ ပြုလာနိုင်ကြစေရန် ကူညီပေးကြရပါမည်။ သို့ဆိုလျှင်ကား လက်ဖက်ရည်ဆိုင်ထိုင်ခြင်းဖြင့် လူငယ်တစ်ဦးချင်းစီ၏ ဘဝမြင့်မားတိုးတက်မှုသာမက ထိုလူငယ်အများစု၏ ကာယဉာဏအားဖြင့် ထုဆစ်ကြမည့် နိုင်ငံ၏ အနာဂတ် ပိုမိုတောက်ပစေရေးကိုပါ အထောက်အကူဖြစ်ရန် ဝိုင်းဝန်းကြိုးစားရမည် မဟုတ်ပါလော။

**ကိုပေါင်**

LIVING COLOR MAGAZINE - 526302 , 504496
Chief Editor - c-editor@myanmarpartners.com.mm
News Room - myanfo@myanmarpartners.com.mm
Marketing - paz@myanmarpartners.com.mm

www.foreverspace.com.mm

(ယခင်လမှအဆက်)

www.foreverspace.com.mm



# စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါး စစ်ဗျူဟာကျမ်း

## ၃၆ (၁)

လူထုစိန်ဝင်း

### Doing Business in a Corrupt Environment ခက်ခဲတဲ့အခြေအနေမှာ စီးပွားရေးလုပ်ကိုင်ခြင်း

တချို့နိုင်ငံတွေမှာ အုပ်ချုပ်ရေးယန္တရားအတွင်း အကျင့်ပျက်မှုအားကြီးတာကြောင့် စီးပွားရေးလုပ်ရတာ မလွယ်ကူပါဘူး။ အကျင့်ပျက်မှု၊ လာဘ်ပေးလာဘ်ယူမှုဆိုတာ ကမ္ဘာအနှံ့နေရာတိုင်းမှာ ရှိနေတာဖြစ်တယ်။ ကြီးတာနဲ့ ငယ်တာပဲကွာတယ်။ ဘယ်နေရာမှ မကင်းပါဘူး။ သိပ်ဆိုးတဲ့အခြေအနေမှာဆိုရင်တော့ လုပ်ရကိုင်ရအင်မတန်ခက်ခဲပြီး အကိုင်အတွယ်မတတ်ရင် ကုမ္ပဏီပါ ပျက်စီးသွားနိုင်ပါတယ်။

အကျင့်ပျက်မှု ကြီးမားများပြားတဲ့ အခြေအနေမှာ ကုမ္ပဏီတစ်ခုဟာ ဘယ်လိုရင်ဆိုင်ရမလဲ။ လာဘ်ပေးခြင်းဆိုတာက မှန်ကန်တဲ့နည်းလမ်းမဟုတ်တာကြောင့် အကြံမပေးသင့်၊ အားမပေးသင့်ဘူး။ ဒါပေမဲ့ ကုမ္ပဏီရပ်တည်ဖို့လည်း လိုအပ်တယ်ဆိုတော့ အခြေအနေတစ်ရပ်လုံးကို သေသေချာချာနားလည်အောင် လုပ်ဖို့လိုအပ်တယ်။ ဘယ်နေရာမဆို "ဆီထိုးမှ" ဖြစ်တဲ့ အခြေအနေမျိုးမှာ အောက်ပါအချက်များ လိုက်နာဖို့အကြံပြုချင်တယ်။ နံပါတ်တစ်က "know the rules of the

www.foreverspace.com.mm

**တချို့နိုင်ငံတွေမှာ အုပ်ချုပ်ရေးယန္တရားအတွင်း အကျင့်ပျက်မှုအားကြီးတာကြောင့် စီးပွားရေးလုပ်ရတာ မလွယ်ကူပါဘူး။ အကျင့်ပျက်မှု၊ လာဘ်ပေးလာဘ်ယူမှုဆိုတာ ကမ္ဘာအနှံ့နေရာတိုင်းမှာ ရှိနေတာဖြစ်တယ်။ ကြီးတာနဲ့ ငယ်တာပဲကွာတယ်။ ဘယ်နေရာမှ မကင်းပါဘူး။**

game" ဘာစားပွဲရဲ့စည်းကမ်းတွေကို နားလည်ပါဆိုတာ ဖြစ်တယ်။ အကျင့်ပျက်မှုအတိုင်းအတာကို သိအောင်လုပ်ပါ။ ဝန်ဆောင်မှုတိုင်းအတွက် "ဝန်ဆောင်ခ" ပေးရတာဟာ လုပ်ရိုးလုပ်စဉ်ထုံးစံပဲလား။ ဂျပန်နိုင်ငံမှာလို "လက်ဆောင်"ပေးတာ ရိုးရာဓလေ့တစ်ခု ဖြစ်နေပြီလား။ လက်ဆောင်ပေးခြင်းနဲ့ လာဘ်ပေးခြင်းရဲ့ကြားက ခြားထားတဲ့မျဉ်းဟာ ဘယ်နေရာမှာလဲ။ ဘယ်လိုဟာကို လက်ဆောင်သတ်မှတ်ပြီး ဘယ်လိုဟာကို လာဘ်ပေးတာလို့ သတ်မှတ်သလဲ။ တရားမဝင်လာဘ်ပေးလာဘ်ယူကိစ္စတွေနဲ့ပတ်သက်ပြီး ပြည့်စုံလုံလောက်တဲ့ ဥပဒေသတ်မှတ်ချက်များ ရှိသလား။ ကုမ္ပဏီတိုင်းဟာ နိုင်ငံတစ်ခုကို မဝင်မီ ဒီအချက်တွေကို ကြိုတင်စဉ်းစားထားသင့်တယ်။

နံပါတ်နှစ်က "investigate and verify" စစ်ဆေးပါ၊ ရှင်းအောင်လုပ်ပါဆိုတာဖြစ်တယ်။ ပိုက်ဆံပေးဖို့ တောင်းဆိုတိုင်း သေသေချာချာလေ့လာစစ်ဆေးမှု ပြုရမယ်။ သံသယဖြစ်ရင် ခေတ္တဆိုင်းငံ့ပြီး တောင်းသူရဲ့နောက်ကြောင်းကို စစ်ဆေးပါ။ သူ့အဆက်အသွယ်တွေကို လေ့လာပါ။ သူဟာ အတု ဒါမှမဟုတ် လူလိမ် ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ နံပါတ်သုံးက "cover your back" နောက်ကျောလုံပါစေဆိုတာ ဖြစ်တယ်။ ကိုယ်လုပ်သမျှဟာ ကိုယ့်လုပ်ပိုင်ခွင့်အတွင်း၊ ဘောင်အတွင်းကချည်း ဖြစ်ပါစေ။ ကိုယ့်လုပ်ပိုင်ခွင့်အာဏာစက်ဝန်းကိုကျော်လွန်တဲ့ကိစ္စမှန်သမျှ ကုမ္ပဏီတွင်းက ကိုယ့်အထက်အရာရှိကို အသိပေးပါ။ အထူးသဖြင့် အထူးအခွင့်အရေးပေးရတဲ့ ကိစ္စမျိုးကို အထက်အရာရှိကို ချက်ချင်းတင်ပြပါ။ ဒီလိုမလုပ်ရင် သင်ဟာ တရားခံဖြစ်သွားနိုင်ပါတယ်။ နံပါတ်လေးက "above board" ပွင့်လင်းပါ။ ဘယ်လိုငွေပေးငွေယူကိစ္စမျိုးပဲလုပ်လုပ် ပွင့်ပွင့်လင်းလင်း ထင်သာမြင်သာလုပ်ပါ။ ဥပဒေနဲ့ညီပါစေ။ ကျင့်ဝတ်နဲ့ညီပါစေ။ အိမ်ရှင်နိုင်ငံရဲ့ ဥပဒေနဲ့ဆန့်ကျင်တဲ့ကိစ္စမျိုးဆိုရင် ဘာမှမလုပ်ပါနဲ့။ ထောင်နန်းစံရနိုင်တယ်။ ဒါမှမဟုတ် အကျပ်ကိုင်ခံရနိုင်တယ်။ နံပါတ်ငါးက "know the purpose" ရည်ရွယ်ချက်ကိုသိပါ။ ပိုက်ဆံအတောင်းခံရတဲ့အခါ တောင်းတဲ့ရည်ရွယ်ချက်ကို သိအောင်လုပ်ပါ။ တောင်းတဲ့သူရဲ့နောက်ကြောင်းနဲ့ အဆက်အသွယ်တွေကိုလည်း သိအောင်လုပ်ပါ။ သေသေချာချာ စုံစမ်းလေ့လာမှ ပေးသင့်မပေးသင့်၊ ပေးခြင်းဟာ ဥပဒေနဲ့ညီမညီဆိုတာ ဆုံးဖြတ်နိုင်ပါတယ်။

နံပါတ်ခြောက်က "explore alternative" တခြားနည်းလမ်းရှာပါ။ ပိုက်ဆံတောင်းခံရတဲ့အခါမှာ ပထမဆုံး လုပ်ရမှာက ပိုက်ဆံမပေးဘဲ တခြားနည်းလမ်းနဲ့ လုပ်လို့ရနိုင်မရနိုင်ဆိုတာ ဖြစ်တယ်။ အလုပ်ဖြစ်အောင် ပိုက်ဆံပေးရမှာပဲဆိုတဲ့ အယူအဆဟာ လုံးဝမမှန်ပါဘူး။ ဥပဒေဘောင်အတွင်းက ကျင့်ဝတ်နဲ့လည်းညီတဲ့ နည်းလမ်းတစ်ခုခု ရှိနိုင်ပါတယ်။ ဥပမာ–ပိုက်ဆံပေးတာထက် သင်တန်းတက်ခွင့်၊ ပညာသင်ခွင့် စကောလားရှစ်ပေးတာမျိုး လုပ်သင့်တယ်။ ပစ္စည်းလက်ဆောင်ပေးတာထက် ကိုယ့်ပစ္စည်းနမူနာအဖြစ် ပို့ပေးသင့်တယ်။ ငွေနဲ့လက်ဆောင်ပေးတာထက် သက်ဆိုင်ရာပုဂ္ဂိုလ်များကို ကိုယ့်ကုမ္ပဏီမှာ သင်တန်းတက်ဖို့၊ လေ့လာဖို့ ဖိတ်ကြားတာမျိုး လုပ်သင့်တယ်။

နံပါတ်ခုနစ်က "dracula effect" ရလေလိုလေ အိုတစ္ဆေမဖြစ်အောင် အထူးသတိထားပါ။ လာဘ်တောင်းတာကို တစ်ခါပေးမိရင် ရတဲ့သူက လောဘ အတောမသတ်နိုင်ဘဲ ထပ်ခါထပ်ခါနဲ့ ဒရက်ကူလာလို သွေးစုပ်ဖုတ်ကောင်ဖြစ်သွားတတ်တယ်။ ဒရက်ကူလာ မမွေးမိအောင် သတိထားပါ။ ပြင်ပအကျင့်ပျက်ခြင်းက အတွင်းအကျင့်ပျက်ခြင်းကို ဖြစ်ပေါ်စေတယ်။ အပြင်ဒရက်ကူလာကြောင့် အတွင်းဒရက်ကူလာတွေ ပေါ်ပေါက်လာတတ်တယ်။

နံပါတ်ရှစ်က "costs of doing business" လုပ်ငန်းကုန်ကျစရိတ်မှန်သမျှဟာ ကုမ္ပဏီစာရင်းမှာ တရားဝင်ပါရှိပါစေ။ စီးပွားရေးလုပ်ငန်းမှာ "ထမင်းကျွေးစရိတ်" "လက်ဖက်ရည်ဖိုးပေး"ဆိုတာမျိုး မရှိပါဘူး။ စကောလားရှစ်ပေးတာပဲဖြစ်ဖြစ်၊ သင်တန်းပေးတာပဲဖြစ်ဖြစ်၊ လေ့လာရေးဖိတ်ကြားတာပဲဖြစ်ဖြစ်၊ လှူဒါန်းတာပဲဖြစ်ဖြစ် စာရင်းမှာ ဥပဒေနဲ့အညီ ပါပါစေ။

နံပါတ်ကိုး နောက်ဆုံးက "walk away" ထွက်ခွာသွားဖို့ အမြဲတမ်း အသင့်ဖြစ်စေရပါမယ်။ လုပ်ကိုင်လို့ဖြစ်နိုင်ခြေမရှိဘူး၊ ရှုံးဖို့သေချာတယ်ဆိုတာမျိုးကို ဆက်ပြီး စွန့်စားမှုမပြုသင့်ဘူး။ နောက်ဆုတ်သင့်ရင် နောက်ဆုတ်ဖို့ပြင်ထားရမယ်။ နောက်ဆုတ်ပြီး အခွင့်ကောင်းစောင့်တာက ဆက်လုပ်ပြီး ပြုတ်သွားတာထက်တော့ ကောင်းပါတယ်။ စီးပွားရေးလုပ်ငန်းလုပ်တာ စစ်တိုက်သလိုပဲ ဗျူဟာကျွမ်းကျင်ဖို့ လိုပါတယ်။

**လူထုစိန်ဝင်း**

၆–၈–၂၀၀၆

■

www.foreverspace.com.mm

(ယခင်လမှအဆက်)



ယနေ့ မိမိပြတိုက်မှ ပန်းချီခင်မောင်ရင်၏ "သားသား"

# ကျွန်တော်ပန်းချီကုန်သည်

( ၄၆ )

ဦးလှဝင်း (လေသူရဲတစ်ဦး)

## ယနေ့ ကျွန်တော်...(၄)

အောင်မြင်သော အနုပညာရှင်တစ်ဦးဖြစ်လာရန်မှာ အလွန်ကြိုးစားရပါသည်။

ပညာရပ်တိုင်းတွင် ပြိုင်ဆိုင်မှုမှာ အလွန်ကြီး၏။ ကျွန်တော်မှာ စာရေးဆရာဖြစ်သဖြင့် အောင်မြင်သော စာရေးဆရာဖြစ်လာရန် အဘယ်မျှခက်သည်၊ အဘယ်မျှကြိုးစားရသည်ကို ကောင်းစွာသိ၏။

မိမိရှေ့မှ လူများနှင့် အမြဲပြိုင်ဆိုင်နေရသကဲ့သို့ မိမိနောက်မှ အမီလိုက်ရန်ကြိုးစားနေသူများကိုလည်း အမြဲပြိုင်ဆိုင်နေရ၏။

မိမိတက်လှမ်းပြီး အဆင့်တစ်ခုတွင် မည်သို့မျှကျေနပ်ပြီး ရပ်နေ၍မရ။ ဆက်တိုက်ကြိုးစားနေရ၏။

မိမိစွမ်းဆောင်နိုင်သော အစွမ်းအစကျသွားသည်နှင့် မိမိရှေ့မှ ပညာသည်များနှင့် ဝေးသထက် ဝေးသွားမည်။ မိမိနောက်မှ ကပ်လိုက်နေသူများကလည်း ကျော်တက်သွားကြလိမ့်မည် ဖြစ်၏။

ပန်းချီအနုပညာလောက၏ ပြိုင်ဆိုင်မှုမှာ ကျွန်တော်တို့ စာပေလောက၏ ပြိုင်ဆိုင်မှုများထက် ပိုကြီးသည်ဟု တစ်ခါတစ်ရံ ကျွန်တော်ထင်မိ၏။

မှန်ပါသည်။

အောင်မြင်နေသော ပန်းချီဆရာတစ်ဦးသည် မိမိ၏ခေတ်ပြိုင်ပန်းချီဆရာများအပေါ်တွင် အထင်ကြီးလေ့ မရှိပါ။ မိမိထက်သာသည်ဟု ဘယ်အခါမှမထင်။ မျှတမှုအရှိဆုံးဝေဖန်ရလျှင် သူတစ်မျိုးကိုယ်တစ်မျိုး ကောင်းသည်ဟုသာ ထင်တတ်၏။ မိမိလုပ်ရပ်အပေါ် မိမိယုံကြည်မှုအပြည့်ရှိတတ်၏။

ပန်းချီရေးရာ၌သုံးသော ခေတ်မီဆေးများ...၊ ကင်းဗတ်များ...၊ စုတ်များ...ဈေးနှုန်းမှာ မြန်မာပန်းချီဆရာအများစု မတတ်နိုင်သောဈေးအဆင့်ထိ မြင့်တက်နေသည်ကို ကျွန်တော်ပန်းချီစီးပွားရေးဈေးကွက်သို့ဝင်စ လွန်ခဲ့သည့် ၁၀ နှစ်ခန့်ကပင် ကျွန်တော်သိ၏။

လေ့ကျင့်မှုမှာ အရေးကြီးသည်။

လေ့ကျင့်မှုစရိတ် မတတ်နိုင်ဘဲ ပန်းချီကားကောင်းများ မထွက်လာနိုင်။

စောင်းဆရာတစ်ဦးသည် သူ၏လက်နှင့် စောင်းကြိုးများ ထိတွေ့မှုရှိနေရန် နေ့စဉ်လိုအပ်သကဲ့သို့ ပန်းချီဆရာတစ်ဦးအတွက်လည်း သူ့လက်နှင့် ပန်းချီရေးသော

www.foreverspace.com.mm

စုတ်ကုံ အမြဲထိတွေ့နေရန် နေ့စဉ်လို၏။

စောင်းဆရာအတွက် လေ့ကျင့်စရိတ် ဘာမှမရှိ။ အလွန်ဆုံး စောင်းကြိုး ရံဖန်ရံခါ လဲတပ်ရသော ကုန်ကျစရိတ် ခန့်သာ ရှိလိမ့်မည်ဖြစ်၏။

ပန်းချီဆရာ၏ လေ့ကျင့်မှုအတွက် ကုန်ကျစရိတ်မှာမူ ယနေ့မြန်မာပန်းချီ ဆရာအများစု မတတ်နိုင်ကြသည့်အဆင့် တွင် ရှိနေ၏။

ထို့ကြောင့်လည်း ကျွန်တော်ပန်းချီ ကုန်သည်ပေါက်စဘဝက ဤသို့ ဆုံးဖြတ် ပြီး လက်တွေ့လည်း ပြုကျင့်ခဲ့ဖူး၏။

ငါ လူငယ်လူတော် ပန်းချီဆရာများ ကို ရှာမည်။

မွေးမည်။

သူတို့ လေ့ကျင့်စရိတ် အကုန်အကျ အားလုံးကို ငါခံမည်။

ပန်းချီဆေးများကို ပြည်ပမှ မှာယူ ပြီး မိမိပန်းချီဆရာကို စိတ်ကြိုက်ရေးနိုင် ...လေ့ကျင့်နိုင်ရန် အခမဲ့ထုတ်ပေးမည်။ (ကင်းဗတ်)ကောင်းကို ရှာပေးမည်။ စုတ် ကောင်းများကို ဝယ်ပေးမည်။

လက်တွေ့တွင် မိမိအရွေးချယ်ခံ လူငယ်ပန်းချီဆရာအားလုံးကို ပန်းချီ ပစ္စည်းအားလုံး အခမဲ့မပေးနိုင်ခဲ့သော် လည်း ချိုသောဈေးနှုန်း...၊ မိမိတင်သွင်းလာ သော ဈေးနှုန်းအတိုင်း အမြတ်လုံးဝမယူဘဲ ပြန်ရောင်းပေးနိုင်ခဲ့၏။

အရစ်ကျ ငွေချေခွင့်ပေးခဲ့၏။

သူတို့ ပန်းချီကားရောင်းရပြီးသည့် အခါမှ ပေးစရာရှိသောငွေကို ပေးချေခွင့် ပေးခဲ့၏။

ကျွန်တော်ရွေးချယ်ခဲ့သော လူငယ် ပန်းချီဆရာများမှာလည်း မများလှပါ။ ဆယ်ဦးခန့်သာ ရှိပါသည်။

မိမိကံ၊ သူတို့ကံဟုသာ ဆိုရပါ မည်။ ကျွန်တော် အရွေးချယ်ခံထားသော ပန်းချီဆရာများမှ ၈၀ ရာခိုင်နှုန်းခန့်မှာ တစ်ရှိန်ထိုး ဆက်တိုက်အောင်မြင်ခဲ့၏။

ကျွန်တော်လည်း ဝမ်းသာ...။




**ယနေ့ မိမိပြတိုက်မှ ပန်းချီကိုညြ၏ "ဆိတ်ကျောင်းသား"**

သူတို့လည်း ဝမ်းသာ...။

သို့သော်...ကျွန်တော် မျှော်မှန်းသလို မဖြစ်လာခဲ့ပါ။

မူလက ကျွန်တော် မျှော်မှန်းထား သည်မှာ မိမိမြေတောင်မြှောက်ပေးသော လူငယ်ပန်းချီဆရာများသည် တစ်နေ့ မြန်မာ့ပန်းချီလောက၌ ထိပ်တန်းပန်းချီ ဆရာများ ဖြစ်ကိုဖြစ်လာစေရမည်။

ယနေ့ သူတို့သည် မိမိအတွက် အမြတ်အစွန်းရရန် ထိရောက်စွာ မကူနိုင် ...မပြုလုပ်ပေးနိုင်ကြသေးသော်လည်း ထိပ်တန်းပန်းချီဆရာများဖြစ်လာချိန်၌ မိမိကို ထိထိရောက်ရောက် အကျိုးပြုနိုင် ရမည်။

သူတို့လည်း အချိန်ကြာလာသည် နှင့်အမျှ ပိုပိုအကျိုးရှိစေရမည်။

မိမိလည်း ပိုပိုအကျိုးရှိစေရမည်။ ရေမြင့်ကြာတင့်ပေါ့ခင်ဗျာ...။ ထိုသို့စိတ် ကူးယဉ်ပြီး မိမိရွေးချယ်ထားသော ပန်းချီ ဆရာများကို သူတို့လိုအပ်သည့် ပန်းချီ ဆေးပစ္စည်းများကိုသာ ထုတ်ပေးခဲ့သည် မဟုတ်။ လစဉ် သူတို့မိသားစု စားဝတ် နေရေးအတွက် လိုအပ်သည့်စရိတ်များကို ပင် တစ်ဦးချင်းတွက်ချက်သတ်မှတ်ပြီး လစဉ်ထုတ်ပေး၏။ တစ်နှစ်ကုန်မှ သူတို့ ပန်းချီကားများ ရောင်းချ၍ ရသည့်ငွေမှ ပြန်နှုတ်၏။

ပထမ တစ်နှစ်၊ နှစ်နှစ်တွင် အများစု မှာ အဆင်မပြေပါ။

ပန်းချီကား တစ်နှစ်ရောင်းရသည့် ငွေမှာ ကျွန်တော့်ထံမှ ကြိုယူထားသည့် ငွေကိုမမီ။ သူတို့ပေးစရာ အကြွေးကျန် နေ၏။

"နောက်တစ်နှစ်ကုန်မှ ကျန်ငွေကို ကိုယ်ပြန်နှုတ်မယ်"

လိုငွေကို ရက်ရောစွာ အတိုးမဲ့ တစ်နှစ်ပြန်ချေးလိုက်ပြန်၏။


ပန်းချီလူမင်းအကြောင်းရေးစဉ်က ကိုလူမင်းပြောပြသွားခဲ့ဖူးပါပြီ။ ကိုလူမင်း ကျွန်တော့်ထံ၌ ငါးနှစ် ပန်းချီရေးသွားသည်။

အဆင်မပြေ။

မအောင်မြင်။

ပန်းချီလူမင်းမှာလည်း ကျွန်တော့် စိတ်ကြိုက်ရွေးချယ်ထားသော...ကျွန်တော် အလားအလာရှိသည်ဟုထင်သော...ပန်းချီ ဆရာတစ်ဦး ဖြစ်၏။ ကျွန်တော်မျှော်လင့်

www.foreverspace.com.mm



**ယနေ့ မိမိပြတိုက်မှ ပန်းချီဖေညွန့်ဝေ၏ "ဗုဒ္ဓ"**

သလို မဖြစ်လာ...။

သူ့ကံက တခြား...။

ကျွန်တော့်ကံက တခြား...။

သို့သော် အချို့က ကျွန်တော့်လက်ထဲတွင် အလွန်အဆင်ပြေသွားပါသည်။

သို့သော်...အောင်မြင်လာချိန်... အသီးအပွင့်များထွက်လာချိန်တွင် မျှော်မှန်းသလို မစားလိုက်ရ...။ သူတို့အလျှိုလျှို ကျွန်တော့်ပြတိုက်မှ ထွက်သွား... ပျောက်သွား...ပြောင်းသွားကြ၏။

သူတို့မပြခြင်းမှာ ကျွန်တော့်အား နည်းချက်များလည်း ရှိကောင်းရှိနိုင်ပါသည်။

ကျွန်တော်ကတော့ ကျွန်တော်တတ်နိုင်သရွေ့ အကောင်းဆုံးမြေတောင်မြှောက်ပေးခဲ့ခြင်းဖြစ်၏။

ထို့ကြောင့်လည်း သူတို့ထွက်သွားစက ကျွန်တော်စိတ်မကောင်း...။

သူတို့ထွက်သွားကြလိမ့်မည်ကိုလည်း ကျွန်တော်လုံးဝမသိ။ မရိပ်မိ။ ကိုယ့်လူတွေအပေါ် ကိုယ်အလွန်ယုံကြည်၏။

အဘယ်မျှ ကျွန်တော် အသည်ဟု ထင်ပါသနည်း။

သူတို့မထွက်သွားကြမီ တစ်လနှစ်လခန့်က ပန်းချီအကြောင်းကို အဓိကထား စာရေးနေသော စာရေးဆရာမတစ်ယောက်က ကျွန်တော့်ကို အင်တာဗျူးလာလုပ်သည်။

သူမက ကျွန်တော့်ကိုမေးသည်။

"ဆရာဦးလှဝင်းပြတိုက်က ပန်းချီဆရာတချို့ ဦးလှဝင်းဆီမှာ ဆက်မလုပ်တော့ဘဲ ပြောင်းရွှေ့ကြတော့မယ်ဆိုတဲ့ သတင်းဟာ မှန်ပါသလား"တဲ့။

ပန်းချီဆရာနာမည်များကိုလည်း သူမက ထုတ်ပြောပြပါသည်။

"ဟာ...မဟုတ်တာဗျာ။ ဘယ်သူမှ မထွက်ပါဘူး"

ကျွန်တော်က အလွန်အံ့သြပြီး ငြင်းခဲ့၏။

သူမက ပြုံးနေသည်။

နောက်ဆုံး သူမမှန်ပြီး ကျွန်တော်မှားပါသည်။

ကျွန်တော်သည် သူများရယ်စရာကောင်းလောက်အောင်ပင် ညံ့ခဲ့၏။ အခဲ့၏။

မိမိလူများအပေါ်တွင် မိမိယုံကြည်ခဲ့မိ၏။

သူတို့ထွက်သွားစက ကျွန်တော်စိတ်မကောင်းပါ။

နောက်တော့လည်း အသေအချာအမျိုးမျိုးတွေးပြီး...သြော်...ငါမွေးထားတဲ့ သားသမီးအရင်းတွေတောင် အတောင်စုံတဲ့အချိန်...အရွယ်ရောက်တဲ့အချိန်ကြတော့ သူတို့အိမ်ထောင်နှင့်သူတို့ ငါ့အိမ်က ခွဲထွက်သွားကြသေးတာပဲ။ စီးပွားရေး ဆက်နွယ်မှုသာရှိကြတဲ့ ဒီပန်းချီဆရာလေးတွေ ခွဲထွက်သွားကြတာ ဘာမှမဆန်းပါဘူး။ ဖြစ်တတ်တဲ့သဘောသဘာဝတစ်ခုပါပဲ။

www.foreverspace.com.mm





ယနေ့ ပန်းချီပြတိုက်မှ ပန်းချီသက်နိုင်စိုး၏ "ပအို့အလှများ(၁)"

သူတို့အားလုံးအပေါ်၌ ကျွန်တော် မေတ္တာစေတနာ လုံးဝမပျက်ခဲ့ပါ။

အားလုံးကိုပင် ခွင့်လွှတ်ပြီး မိမိခေါင်းထဲမှ ထုတ်ပစ်မေ့ပစ်လိုက်ပါသည်။

သို့သော် ပြဿနာမှာ သူတို့ မအောင်မြင်ခင်က သူတို့လက်တည့်စမ်းထားသော ပန်းချီကားအမြောက်အမြား မိမိလက်တွင် ကျန်နေသည်။

ဆက်ထိန်းသိမ်းရန် နေရာမဆံ့အောင်များနေသည်။

ဥပမာ..ထွက်သွားသည့်ပန်းချီဆရာ နှစ်ယောက်၏ ပန်းချီကားပင် ၄၂ ကား ကျွန်တော့်လက်တွင် ကျန်နေ၏။

ဤပန်းချီကားတွေကို ကျွန်တော် ဘာလုပ်ရမည်နည်း။

ယနေ့ ပန်းချီဈေးကွက်တွင် ယနေ့ အောင်မြင်နေသော သူတို့လက်ရာနှင့် လက်သွေးစဉ်က ရေးဆွဲထားသော ကျွန်တော့်လက်ဝယ်ကျန်နေသည့် သူတို့ပန်းချီကားများကို အဘယ်သို့ ကျွန်တော်ယှဉ်ရောင်းစားရမည်နည်း။

ကျွန်တော် အမျိုးမျိုးအဖြေရှာသည်။

ယနေ့အထိ ဘာဆက်လုပ်သင့်သည်ကို မဆုံးဖြတ်နိုင်သေး။

အဆိုးထဲမှအကောင်းဟု ဆိုရပါမည်။

ပန်းချီအနုပညာရှင်တစ်ဦးအပေါ် နောင်တွင် မိမိဘယ်သို့သဘောထားရမည်၊ ဘယ်သို့ဆက်ဆံရမည်ကို မိမိကောင်းစွာ သိသွားခဲ့ပြီ။

သင်ခန်းစာရသွားခဲ့ပြီ။

အနာဂတ်တွင်တော့ မိမိ၏ပန်းချီကုန်သည်အလုပ်မှာ အတိတ်ကထက် ပို၍ အမှားနည်းလာလိမ့်မည်ဟု ထင်ပါသည်။

တကယ်တော့ မိမိဆုံးရှုံးခဲ့သည်မှာ တင်ပြထားခဲ့ပြီးဖြစ်သည့် ပန်းချီပစ္စည်းများအတွက် ကြိုတင်ထုတ်ပေးထားသော စရိတ်၊ သူတို့စားဝတ်နေရေးအတွက် ကြိုထုတ်ပေးထားသောစရိတ်များအပေါ်သာ ဆုံးရှုံးနစ်နာခဲ့သည်မဟုတ်။ ကြော်ငြာစရိတ်၊ စင်တင်စရိတ်များကလည်း မနည်းလှပါ။

လူသစ်တန်း ပန်းချီဆရာတစ်ဦး ပန်းချီကားကို ဈေးကွက်၌ ဝယ်သူစိတ်ဝင်စားအောင်လုပ်ရသည်မှာ ကြော်ငြာတတ်၊ စင်တင်တတ်မှ ဖြစ်၏။

ရောင်စုံကတ်တလောက် ကြော်ငြာများ ရိုက်ရထုတ်ရသည်။

စာနယ်ဇင်းများတွင် ကြော်ငြာထည့်ရသည်။

ပြည်ပနိုင်ငံများအထိ ပန်းချီပြပွဲများ သွားလုပ်ရသည်။

အင်တာနက်ထဲ ငွေအကုန်ခံ ထည့်ရသည်။

မိမိသုံးခဲ့ရသည့် စင်တင်စရိတ်များမှာ မသေးပါ။

ထားပါတော့...။

ဤအကြောင်းများကို ပြန်ရေးနေရသည်မှာလည်း မိမိနစ်နာမှုများကို အများသိစေချင်၍ မဟုတ်ပါ။ မိမိစာဖတ်သူများမှ ပန်းချီကုန်သည်လုပ်ချင်စိတ်ရှိသူများ သင်ခန်းစာယူနိုင်ရန် တင်ပြနေခြင်း ဖြစ်၏။

မှန်ပါသည်။

ယနေ့ မြန်မာ့ပန်းချီဈေးကွက်တွင် မြန်မာလူမျိုးများထဲမှ ပန်းချီကားဝယ်ရန် စိတ်ဝင်စားသူ၊ ပန်းချီကားကောင်းစုချင်သူ၊ ပန်းချီကုန်သည်လုပ်ရန်စိတ်ကူးရှိသူ၊ ပန်းချီဆရာများဘဝကို အားပေးအားမြှောက်ပြုပေးချင်သူဦးရေမှာ လွန်ခဲ့သည့် ၁၀ နှစ်နှင့် ယနေ့လုံးဝမတူတော့။

လူဦးရေ အလွန်များလာပါသည်။

ဤပုဂ္ဂိုလ်များကို ကျွန်တော့်ကိုယ်တွေ့အဖြစ်အပျက်များကို သိသာရန် မျှဝေပေးချင်ပါသည်။

စာရှုသူ...။

မိမိရေးခဲ့ပြီးဖြစ်သော ပန်းချီမင်းဇော်နှင့် ပန်းချီလူမင်းတို့၏အခန်းများကို ပြန်ရှာဖတ်ကြည့်ပါ။

သူတို့နှစ်ဦးလုံးမှာ ကျွန်တော့်ပန်းချီပြခန်းကို ခြေကုပ်ယူ၍ ယနေ့မြန်မာ့အနုအလုပန်းချီလောကသို့ ဝင်ခဲ့ကြသူများ ဖြစ်၏။

ဤအဖြစ်ကိုလည်း ကျွန်တော်မသိပါ။

သူတို့အကြောင်းကို စာရေးရန် သူတို့နှင့် အင်တာဗျူးလုပ်စဉ် သူတို့ ပြန်ပြောမှ ကျွန်တော်ပြည့်ပြည့်စုံစုံ သိခွင့်ရခဲ့ခြင်းဖြစ်၏။

(ဆက်လက်ဖော်ပြပါမည်)

**ဦးလှဝင်း(လေသူရဲတစ်ဦး)**